ဒေါက်တာ ဆီးဂရေ့(ဗ်) ၏

တောင်ပေါ် ဆေးရုံ

မြင့်နောင် မြန်မာပြန်ဆိုသည်

MY HOSPITAL IN THE HILLS

GORDON S. SEAGRAVE, M.D.



မြင့်နောင် မြန်မာပြန်ဆိုသည်

Ebook မှတ်တမ်း

Ocr - Aung Htet Naing

Ebook Creator - Whisper Of Words

https://t.me/TheBookR

ဆွတ်ပျံ့ဖွယ်အိပ်မက်တိမ်တောင်

အောင့်မေ့တသဖွယ်ရာ မှတ်မိသတိရခြင်းတို့သည် တိုက်ဆိုင်မှု ရှိလာသည့်အခါ စိတ်ခံစားမှုတို့ လှုပ်ခတ်စမြဲပင်။ ဆောင်းဦးပေါက်မှစ၍ ပွင့်တတ်သော ရှမ်းပြည်မှ တောင်နေကြာရိုင်းတို့သည် ကျွန်တော့်အဖို့ စိတ်လှိုင်းခတ်သံ၏ သင်္ကေတ ဖြစ်ခဲ့ရသည်။

၁၉၈၂ ခုနှစ်၊ ရှမ်းပြည်ဆောင်းနံနက်ခင်းသည် မြေပြန့်မှလာသော ကျွန်တော့်အဖို့ အင်မတန် အေးစက်စက်နိုင်လှပါသည်။ စိတ်လှုပ်ရှားနေမှုကသာ အအေးဒဏ်ကို ခုခံနေပုံရ၏။ အလင်းအမှုန်ပျပျ နှင်းက သိမ့်သိမ့်သည်း ကျနေ၏။ နမ့်ခမ်းဈေးနေ့ မနက်ခင်းသည်ကာမျှ သဲသဲကွဲကွဲ မရှိ။ ကိုယ့်အချင်းချင်းသာ ပူးကပ်လျှောက်နေရ၏။ ကျွန်တော့်၊ ကိုတင့်ဆွေ(သီဟတင့်ဆွေ) နှင့် နေမျိုးဇော်တို့ သုံးယောက်သားသည် ရန်ကုန်မှနေ၍ ခရီးစဉ်အဆင့်ဆင့်ဖြင့် လွန်ခဲ့သည့်ညက နမ့်ခမ်းသို့ ရောက်နေကြခြင်း ဖြစ်သည်။ ရွှေလီမြစ်တစ်ဖက်ကမ်းရှိ လွတ်မြောက်နယ်မြေသို့ သွားရောက်ကြခြင်း ဖြစ်သည်။ မြန်မာပြည် စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ရေးအတွက် ယုံကြည်ချက်ကြီးစွာဖြင့် ထွက်လာခဲ့ကြသူများ ဖြစ်သည်။

နောက်မှ ကျွန်တော် သိရသည်မှာ ဗမာလူထု ဆင်းရဲနုံချာသည့် ကျန်းမာရေးအခြေအနေမှ လွန်မြောက်ရေးအတွက် နမ့်ခမ်းသို့ ဒုတိယကမ္ဘာစစ် ပြီးစမှာ ရောက်နှင့်နေသည့် ဒေါက်တာဆီးဂရေ့ဗ် ဆိုသည့် မဟာလူသားက ရောက်ရှိနှင့်နေပြီ ဖြစ်သည်။

သည်လိုနှင့် ကျွန်တော်သည် နမ့်ခမ်းတစ်ဝိုက်ရှိ တအောင်း၊ ပလောင်တောင်တန်းများပေါ်တွင် နှစ်ရှည်လများ ကျောင်းဆရာဘဝဖြင့် ကျင်လည်ရပါတော့သည်။

ဒေါက်တာဆီးဂရေ့ဗ် ထူထောင်ခဲ့သည့် ဆေးရုံဝင်းအတွင်းရှိ ကျောင်းဆောင်တွင် ကျောင်းဆရာအဖြစ် ရှမ်း၊ ပလောင်၊ လီဆူး၊ ကချင် စသည့် ကလေးတွေကို စာသင်ပေးခဲ့ဖူးသည်။ အချို့ဆိုလျှင် ယခုလက်ရှိ တိုင်းရင်းသားလူမျိုးစု လွတ်မြောက်ရေး အဖွဲ့အစည်းများတွင် ဦးဆောင်မှုအပိုင်းတွင် ပါဝင်နေသူများ ဖြစ်နေကြပြီး မပြီးဆုံးသေးသော လွတ်မြောက်ရေး စစ်ပွဲများကို ကျွန်တော်တို့ ငယ်စဉ်ကအတိုင်း ယုံကြည်စွာ ဆင်နွှဲနေခြင်း ဖြစ်ပေသည်။

ကျောင်းဆရာဘဝတွင် ကျောင်းဝင်းအတွင်းရှိ ဒေါက်တာဆီးဂရေ့ဗ်

တည်ဆောက်ခဲ့သော သူနာပြုဆောင်၏ ခမ်းနားထည်ဝါမှုကို ငေးကြည့်ဖြစ်သည်။ ရွှေလီမြစ်အတွင်းရှိ ကျောက်တုံးများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ မြစ်အတွင်း ကျောက်တုံးများဖြင့် တည်ဆောက်ထားသော လူနာဆောင်ပေါ်မှလည်း ရွှေလီမြစ်၏ ဆည်းဆာကို ငေးကြည့်ခဲ့ဖူးသည်။ ကျောင်းဆရာဘဝမှာ ငှက်ဖျားဖြစ်သောကြောင့် တအောင်းပလောင်ရွာကြီး ဖြစ်သည့် မာန်အောင်တွဲဖက်ကျောင်း ရှိသည့်ရွာမှ ဆေးရုံလာတက်ရဖူးသည်။ မာန်အောင်ရွာသည် နမ့်ခမ်းမှ ပေတစ်ထောင်နီးပါး ထပ်တက်ရသည့် တအောင်းပလောင် ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ စာသင်ကျောင်းဝင်းအတွင်း ညနေခင်းလမ်းလျှောက်ရင်း ဒေါက်တာဆီးဂရေ့ဗ်၏ အုတ်ဂူကိုလည်း အတန်ကြာ ရပ်ကာ ကြည့်နေခဲ့ဖူးသည်။ မြင့်မြတ်ကြီးမားလှသည့် စိတ်စေတနာကို ကိုယ့်ခံစားမှုဖြင့် ယှဉ်၍ တွက်ချက်ကြည့်ဖူးပါသည်။

ဒေါက်တာဆီးဂရေ့ဗ်၏ မျိုးဆက်သွေး အဖိုး၏ ဘေးသည် ၁၈၃၄ ခုနှစ်ကပင် "ယုစတပ်ဗင်တန်" သည် ဇနီးသည်နှင့်အတူ မော်လမြိုင်သို့ ခရစ်ယာန် သာသနာပြုအဖြစ် ရောက်ရှိခဲ့သူဖြစ်သည်။ ၁၈၅၂ ခုနှစ်တွင် အလုံတွင် ကျွန်းအိမ်ကြီး တစ်အိမ်ဆောက်၍ ကရင်လူမျိုးများနှင့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေပြီ ဖြစ်သည်။

၁၈၈၉ ခုနှစ်တွင် ဒေါက်တာဆီးဂရေ့ဗ်၏ မိဘများသည် ရန်ကုန်သို့ သာသနာပြုရန် အမေရိကားမှ ရောက်ရှိလာခဲ့ကြသည်။ ဖခင်မှာ ကျမ်းစာသင် ကျောင်းဆင်းဖြစ်၍ မိခင်မှာ ဆေးပညာဘွဲ့ရဖြစ်သည်။

မောင်နှမ သုံးယောက်ရှိခဲ့သည်။ အစ်မကြီး ရေချယ်က ပညာရေးဆိုင်ရာ သာသနာပြုလုပ်ငန်းနှင့် ကျောင်းပြီးပြီး တာဝန်ပေးချက်အရ ရန်ကုန်မှာ အခြေစိုက်သည်။ ဂရေ့စ်နှင့် ဆီးဂရေ့ဗ်က ဆေးပညာ သင်ယူပြီး မော်လမြိုင်တွင် တာဝန်ကျသည်။ နောက်ပိုင်းတွင် ဆီးဂရေ့ဗ်၏ အကူအညီတောင်းမှုကြောင့် နမ့်ခမ်းသို့ ရောက်လာသည်။ ဆီးဂရေ့ဗ်မှာ နိုင်ငံရေးမှုဖြင့် ရန်ကုန်ထောင်တွင် ထိန်းသိမ်းထားစဉ် သူမမှာ နမ့်ခမ်းဆေးရုံတွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့သည်။

ဆရာမြသန်းတင့်က လွမ်းမောဖွယ်ကမ္ဘောဇ ခရီးသွားရသ ဆောင်းပါးရှည်ကြီးထဲတွင် နမ့်ခမ်းနှင့် ဒေါက်တာဆီးဂရေ့ဗ် အကြောင်းကို တို့ထိခဲ့ဖူးသည်။

ကျွန်တော့်တွင် ရှိနေခဲ့သည့် ပိုးတဝါး ပုံရိပ်တို့သည် ဤဘာသာပြန်စာအုပ်ဖြင့် သိသာ ထင်ရှားလာခဲ့ရပါသည်။

ခံစားမှုပုံရိပ်တို့သည် နီးလိုက်ဝေးလိုက်နှင့် ...

လေးစားစွာဖြင့်..

မြင့်နောင်

Whisper Of Words

အခန်း (၁)

စစ်ကြီးပြီးနောက်

ဆယ်နှစ်ကျော်ကြာခဲ့ပြီ..........။

ဗိုလ်ချုပ်စတီးဝဲ(လ်)နှင့် သူ၏တပ်မများ မြန်မာပြည်ထဲသို့ ပြန်ဝင်လာပြီး ဂျပန်ခေတ်အတွင်း ရရှိခဲ့သည့် စစ်ဘေးစစ်ဒဏ်များကို ကုစားရင်း တိုင်းပြည်ကို ပြန်လည် တည်ဆောက်နေသည်မှာ ဆယ်နှစ်ကျော် ရှိခဲ့ပြီဖြစ်သည်။

ဗိုလ်ချုပ် စတီးဝဲ(လ်) နှင့်အတူ ကျွန်တော်နှင့် ဆေးရုံဝန်ထမ်းများသည် စစ်အတွင်းကာလ မြန်မာပြည်မှ ဆုတ်ခွာလာခဲ့ကြရသည်။ တောတောင်တို့ကိုဖြတ်၍ အိန္ဒိယအထိ ဆုတ်ခွာ လာခဲ့ကြရသည်။ သမိုင်းတွင်မည့် ဆုတ်ခွာမှုတစ်ခုဖြစ်သည်။ ကျွန်တော်နှင့်အတူ ဆုတ်ခွာလာသည့် ဆေးအဖွဲ့သည် နမ့်ခမ်းဆေးရုံမှ ကျွန်တော် လေ့ကျင့်ပျိုးထောင်ထားသည့် သူနာပြုများဖြစ်ကြသည်။ ဆုတ်ခွာခဲ့ရာ လမ်းကြောင်းအတိုင်းပင် ၁၉၄၄-၄၅ အတွင်းမှာ အောင်မြင်စွာ ပြန်ဝင်လာနိုင်ခဲ့ကြသည်။

မြန်မာပြည်ထဲကို ပြန်ဝင်လာခဲ့သည့် ဆယ်နှစ်တာကာလအတွင်းတွင် များစွာသော အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ကြသည်။ ဗမာပြည်သည်လည်း ထိပ်တန်းသတင်းရပ်ဝန်း ဖြစ်လာခဲ့သည်။ အချို့သော သတင်းများသည် သတင်းမှန်များ မဟုတ်ခဲ့ကြ။

သိပ်မဝေးလှသော အတိတ်ကာလ၏ မြန်မာပြည် ဇာတ်ကြောင်းများကို ကျွန်တော် ပြောပြလိုသည်။

သို့သော် ပြီးပြည့်စုံသော ရုပ်ပုံလွှာတစ်ခုတော့ ဖြစ်လာမည် မဟုတ်ပေ။ ကျွန်တော် မသိမီသော အဖြစ်အပျက်များ ရှိသည်။ ကျွန်တော် နားမလည်သော အဖြစ်အပျက်များ ရှိသည်။ ကျွန်တော် ပုံဖော်သော ဗမာပြည်၏ ရုပ်ပုံလွှာသည် ကျွန်တော့်နိုင်ငံနှင့် ထပ်တူချစ်သော ဗမာပြည်၏ ရုပ်ပုံလွှာဖြစ်ပါသည်။ အမေရိကန် ဆရာဝန်တစ်ယောက်၏ ချစ်သောဗမာပြည်ကို မြင်သောအမြင် ဖြစ်ရသည်။ နေထိုင်ခဲ့ရသောဘဝ၏ လောကဓံအနိမ့်အမြင့် အပြောင်းအလဲတို့သည်လည်း လိုအပ်သလို ပါဝင်ပေလိမ့်မည်။ အလင်းအမှောင်အရိပ် ထိုးကျမှုတို့သည်လည်း ပိုမိုပီပြင်အောင် ပါဝင်ပတ်သက်ပေလိမ့်မည်။

ဗမာပြည် ဇာတ်လမ်းသည် အခက်အခဲနှင့် ကြိုးပမ်းအားထုတ်မှုတို့

ရောပြွမ်းနေခဲ့သည်။ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်နေဆဲ အရာတို့ကို နိုင်ငံခြားသားတစ်ယောက်၏ အကဲဖြတ်ချက် သက်သက် မဟုတ်ပါ။

ဗမာပြည်တစ်ပြည်လုံး၏ ပြီးပြည့်စုံသော ဇာတ်လမ်းတစ်ခုကို ကျွန်တော် ပြောပြနိုင်မည် မဟုတ်ပါ။ မျက်မှောက်ကာလ ဖြစ်ပျက်နေသော မောပြည်၏ အကြောင်းခြင်းရာ အစိတ်ပိုင်း တချို့ကိုတော့ ကျွန်တော်၏ ပြန်ပြောင်း ပြောပြနိုင်ပါသည်။ ဗမာလူထုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် ကြိုးစားဖြတ်သန်းမှုများကို ကျွန်တော်ပြောပြနိုင်သည်။ တိုက်ပွဲတွင်းမှ ပျော်ရွှင်မှုများ၊ အပျက်စီးပုံများကို ပြန်လည် တည်ဆောက်ရခြင်းများကို ဗမာလူထု သိခြင်းမျိုးနှင့်အတူ ကျွန်တော် ပြန်ပြောင်း ပြောပြနိုင်ပါသည်။

၁၉၄၅ နွေဦးမှ ဇာတ်လမ်းစရပေလိမ့်မည်။

ဂျပန်တို့ ဆုတ်ခွာစပြုသည့် ဗမာပြည်မြောက်ပိုင်း စစ်မြေပြင်မှာ အမေရိကန်တို့ အောင်ပွဲရနေချိန် ဖြစ်သည်။ ကျွန်တော်တို့၏ ဆေးတပ်ဖွဲ့ကိုလည်း နောက်ထပ် မလိုအပ်တော့သည့် အချိန်အခါလည်း ဖြစ်သည်။ ကျွန်တော့်အနေနှင့်လည်း ဆေးရုံရှိရာ နမ့်ခမ်းကို ပြန်ချင်စိတ်က ထက်သန်နေ၏။ နမ့်ခမ်းတစ်ဝိုက်ရှိ လူထုကို ဆေးဝါးကုသခြင်းအလုပ်ကို တစ်ဖန် ပြန်လည်လုပ်ကိုင်ပေးလိုသည်။

ဗမာပြည်သည် စစ်ဘေးစစ်ဒဏ်ကို အပြင်းအထန် ခံစားခဲ့ရသည်။ နှစ်ကြိမ်တိုင်တိုင် စစ်ဒဏ်သင့်ခဲ့ရသည်။ ပြန်လည်တည်ဆောက်ရေး ကိစ္စများ အရေးတကြီး လိုအပ်နေသည်။ တိုင်းပြည်ကို ချစ်သည့်၊ တတ်နိုင်သည့်သူတိုင်း ပြန်လည် တည်ဆောက်ရေးမှာ ပါဝင်ကြရမည့် အခြေအနေပင်။ ကျွန်တော်၏ ဆရာဝန်ဘဝသည်လည်း ဗမာပြည်အတွက် လိုအပ်သည်။

ကျွန်တော့်ဘဝ အနာဂတ်လိုအပ်ချက် တောင်းဆိုမှုသည် ဧပြီလတွင် မြို့ပြ ပြည်သူ့ဝန်ထမ်း ဆေးဘက်ဆိုင်ရာ အရာရှိချုပ်အဖြစ် မြောက်ပိုင်းရှမ်းပြည်တွင် တာဝန်ပေးအပ်ခြင်း ခံရသည်။ မိမိကိုယ်တိုင်ကလည်း ဝမ်းမြောက်ဝမ်းသာကြိုဆို လက်ခံလိုက်သည်။ ရှမ်းပြည်မြောက်ပိုင်းက ရင်းနှီးကျွမ်းကျင်ပြီးသား။ ဘာသာစကား အနေနှင့်လည်း အခက်အခဲ မရှိ။ အမေရိကားမှာ ခွင့်အဖြစ် ခံစားနေထိုင်ပြီးနောက် လုပ်ငန်း စတင်လည်ပတ်ရန်သာ ရှိတော့သည်။

တောင်ကြီးမှာ ရုံးချုပ်ရှိမည်ဖြစ်သည်။ ယင်းဒေသကို အခြေခံ၍ ဆေးဝါးကုသမှုကို နယ်လှည့်ရမည်။ ကျွန်တော်၏ မူလဇာတိ ခြေခံရာဖြစ်သည့် နမ့်ခမ်းဆေးရုံလည်း ပါဝင်မည်။

စစ်အတွင်းကာလမှာ ကျွန်တော်ရဲ့ နမ့်ခမ်း ဘာတွေ ဖြစ်ပျက်ခဲ့ပါလိမ့်။

စစ်အတွင်းမှာ ဂျပန်တို့ နမ့်ခမ်းကို သိမ်းခဲ့သည်ကို ပထမဦးဆုံး သိရသည်။ ဆေးရုံကို စစ်စခန်းဖွင့်သည်။ ဆေးရုံအဆောင်ကို စစ်တန်းလျား လုပ်ကြသည်။ ယင်းအတွက်ကြောင့်ပင် ဆေးရုံအဆောက်အဦသည် အမေရိကန် လေတပ်မတော်၏ တိုက်ခိုက်ခြင်းကို ခံရတော့သည်။ ထို့ကြောင့်ပင် နမ့်ခမ်းနှင့် နီးလာသည့်အခါ စစ်သုံးမှန်ပြောင်းဖြင့် ကျွန်တော်ကြည့်သည့်အခါ သုံးလေးမိုင်အဝေးမှပင် ဆေးရုံ အပျက်အစီးကို ထင်းထင်းကြီး မြင်တွေ့နေရသည်။

ကျွန်တော်၏ နေအိမ်ဟောင်းရှိရာမြို့ နမ့်ခမ်းကို စိတ်လှုပ်ရှားစွာဖြင့် ချဉ်းကပ်လာမိ၏။ လမ်းကလည်း စစ်ဘေးစစ်ဒဏ်ကြောင့် အပြိုပြိုအလဲလဲ။ ချုံနွယ်ပိတ်ပေါင်းများက လမ်းပေါ်ထိ ရောက်နေသည်။ ဗုံးဒဏ် ခံရသည့် သစ်ပင်အပိုင်းအပြတ်များက လမ်းပေါ် ပိတ်ဆို့ပြန့်ကျဲနေခဲ့သည်။ မြို့အဝင်ဝမှာ ပေါင်တစ်ထောင်လေးသည့် ဗုံးဒဏ်ကြောင့် ဖြစ်ပေါ်လာရသည့် ကျင်းဝကျယ်ကြီးကို တွေ့ရသည်။ ဗုံးဒဏ်သင့် ကျင်းဝကြီးများကို နေရာအနှံ့မှာ တွေ့ရ၏။ မြင်တွေ့လိုက်ရသည့် ဆေးရုံကမူ တစ်စိတ်တစ်ပိုင်းသာ ပျက်စီးသည်ကိုသာ တွေ့ရသည်။ ခွဲစိတ်ခန်းနှင့် အမျိုးသမီးလူနာဆောင်မှာမူ လုံးဝ ပျက်စီးသွားသည်။ အမျိုးသားလူနာဆောင်မှာ မပျက်မစီး ရှိနေသေးသည်။ ကျွန်တော့်ရုံးခန်းမှာ ကျည်ဆန်ရာများ ရှိသည်ကလွဲ၍ အကောင်းပကတိ။ သွပ်ပြားအမိုးများမှာမူ အကုန်နီးပါး လန်ထွက်လျက်....။ သူနာပြုအဆောင်မှာ သိပ်တော့ မပျက်စီး။ အခြား အဆောက်အဦများ သည်လည်း သုံး၍ ရနိုင်သည့်အခြေအနေမှာ ရှိနေသေးသည်။ နေရာအနှံ့မှာ အုတ်ကျိုးအုတ်ပဲ့စများနှင့် အမှိုက်သရိုက်များဖြင့် ..။

သန့်ရှင်းရေးလုပ်ဖို့ ရောက်ရောက်ချင်း စတင်ရတော့သည်။ ကျွန်တော်တို့မှာ ပါလာသည့် ဝန်ထမ်းလည်း အရန်သင့်။ ဒေသခံများကလည်း လူတိုင်းနီးပါး ကူညီကြသည်။ အမှိုက်သရိုက်များ၊ အဝေးသို့ပစ်ဖို့ရာ ဒေသခံရွာသားတွေဖြစ်တဲ့ ရှမ်း၊ ကချင်လူမျိုးတို့က ငွေကြေးမယူဘဲ ကူညီပေးခဲ့ကြသည်။ အမေရိကန် အင်ဂျင်နီယာတပ်ထဲမှာ ရှိတဲ့ ဘူဒိုဇာနဲ့လည်း ဗုံးကျင်းကျယ်ကြီးတွေကို ဖို့ပစ်ကြရသည်။ စစ်အင်ဂျင်နီယာတွေ ကိုယ်တိုင် ရှင်းလင်းရေးမှာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုးထိုးထောင်ထောင်နှင့် အဆောက်အဦပျက်၏ သံယက်မများကို ဖယ်ရှားရန် အင်ဂျင်နီယာများကို အကူအညီတောင်းသည့်အခါ သူတို့မှာ ကရိန်းမရှိ ဟု ဆိုပြန်သည်။ ဤသို့နှင့် ကျွန်တော်တို့၏ ရှမ်း၊ ကချင်အလုပ်သမားများကို အကူအညီတောင်းရပြန်တော့သည်။

ဂျပန်များ ချန်ထားခဲ့သည့် မော်တော်ယာဉ်သုံး ဂျိုက်နှစ်ခုကို ကံအားလျော်စွာ ပြန်တွေ့ရှိသည်။ တတ်နိုင်သမျှလည်း ရှာပြီး ငှားသည်။ ရောမဝါးပိုးလုံးများကို အသုံးပြုရန် ဖြတ်သည်။ ရှမ်းပန်းရန်ဆရာနှစ်ဦးက အလုပ်သမားများကို ဦးစီး၍

ဆေးရုံနံရံကို အသုံးပြု၍ ရအောင်လုပ်သည်။

ဆေးရုံသွပ်မိုးပြားများမှာ ကျည်ဆန်ရာတို့ဖြင့် ပြည့်နှက်နေ၏။ လက်သမားဆရာက "ဆေးရုံအမိုးကို သက်ကယ်မိုးမလား" ဟု ပြောတော့ "မမိုးဘူး။ ဗုံးဒဏ်ကြောင့် စုတ်ပြတ်သတ်သွားတဲ့ သွပ်ပြားကလွဲလို့ အားလုံးကို ပြန်သုံးမယ်" ဟု ကျွန်တော်က ပြောလိုက်သည်။

"သွပ်ပြားမှာက အပေါက်တွေနဲ့လေ"

"ဟုတ်တယ်လေ။ ဦးနှောက်သုံးရမှာပေါ့။ စဉ်းစားကြည့်လေ"

အလုပ်သမားများက သွပ်ပြားဟောင်းများကို ပြန့်ပြူးသွားအောင် ထုရိုက်နေကြသည်။ လက်သမားဆရာက လျှောက်ပတ်ကြည့်ရင်း ခေါင်းကုတ်စဉ်းစားနေသည်။ ဂျပန်များ ဖွက်ထားခဲ့သည့် လေးထောင့်ခဲတုံး အမြောက်အမြားကို ကျူပင်ကိုင်းတောထဲတွင် သွားတွေ့သည်။ ထိုအရာအားလုံးကို အရည်ကျိုသည်။ ပုံပြန်သွင်းသည်။ ခဲတန်အရွယ် အများအပြား ရရှိသည်။ လက်မဝက်ခန့်အရွယ် ဖြတ်တောက်သည်။ ဖြန့်ကားထားသော သွပ်ပြားများပေါ်ရှိ အပေါက်များကို ရပစ်ရိုက်ထည့်သည်။ မိုးရေ မယိုအောင် ကတ္တရာလောင်းသည်။

ဤနည်းဖြင့် သွပ်ပြားဟောင်းများကို ပြန်သုံးသည့်တိုင် ဆေးရုံမိုးရန် မလုံလောက်။ လက်သမားဆရာက ဗုံးဒဏ်ကြောင့် စုတ်ပြတ်နေသည့် သွပ်ပြားများကို ကောက်ယူဖြန့်သည်။ အပိုင်းစများကို နှစ်ထပ် ထပ်သည်။ သံဖြင့်ရိုက်၍ တပ်သည်။ အမိုးပြုရန် ရရှိလာသော သွပ်ပြားများသည် ယခင်လောက်တော့ မလှပါ။ စစ်မဖြစ်မီက အမိုးစိုဖြင့် လှပခဲ့သော ဗန်းမော်ကားလမ်းမှနေ၍ မိုင်သုံးဆယ်လောက်ကထိ လှလှပပ မြင်တွေ့ရသော အမိုးနီ နမ့်ခမ်းဆေးရုံမျိုးတော့ မဟုတ်တော့ပေ။ ရှမ်းတောင်တန်းများကို နောက်ခံထားသည့် ပတ္တမြားတုံးသဖွယ် တင့်တယ် လင်းလက်ခဲ့သည့် ဆေးရုံဖြစ်ခဲ့ဖူးသည်။ ယခုတော့ အမိုးက စစ်မြေပြင်မှာ ပုံဖျက်ထားသလို အမျိုးမျိုး....။ ယင်းသို့ ဖြစ်ပွားရခြင်းသည်လည်း သင့်လျော်ပါပေသည်ဟု စိတ်ထဲတွင် ထင်မြင်မိသည်။ အကြောင်းမူကား တစ်ဖက်မှ ကွန်မြူနစ် တရုတ်ပြည်သည် ဝေဟင်အားဖြင့် တစ်မိုင်သာ ခြားပေသည်။

သူနာပြုများမှာ နေရာဟောင်းကို ပြန်ရသည့်အတွက် ပျော်ရွှင်နေကြ၏။ စစ်တပ်ဆေးအဖွဲ့မှ ရွှေ့ပြောင်းလာမည့် လူနာများကို ပြုစုကုသပေးရန် ပြင်ဆင်နေကြသည်။ မကြာမီ အချိန်တွင်းမှာပင် ဆေးရုံခုတင်သုံးရာ ပြည့်သွားတော့သည်။

လအနည်းငယ် ကြာပြီးနောက် မြန်မာပြည်မြောက်ပိုင်း စစ်မြေပြင်သည် ပြီးဆုံးသွားသည်။ ကျွန်တော်၏ ရှမ်းပြည်မြောက်ပိုင်း ကျန်းမာရေးအရာရှိချုပ်

တာဝန်သည်လည်း စတင် သက်ဝင်လာတော့၏။ တာဝန်အသစ်ထမ်းဆောင်ရမှုမှာ ကျွန်တော် ပျော်ပါသည်။ စိုးရိမ်ပူပန်မိသည်က တောင်ကြီးရုံးချုပ်မှာ သို့မဟုတ် နယ်လှည့်ဆေးကုသမှု တာဝန်ကို ယူနေချိန်မှာ နမ့်ခမ်း ဆေးရုံတာဝန်ကို လစ်ဟင်းမှာ ဖြစ်သည်။ သို့သော် ဤစိုးရိမ်ပူပန်မှုသည်လည်း မကြာခင်မှာ ပြေလည်သွားခဲ့၏။

ကျွန်တော့်အစ်မ ဆရာဝန်ဂရေ့(စ်) ရှိသည်။ ဂျွန်ဟော့ကင်း ဆေးတက္ကသိုလ်မှ ကျွန်တော့်နောက် နှစ်နှစ်နောက်ကျပြီး ဆရာဝန်ဘွဲ့ရသည်။ မော်လမြိုင်ဆေးရုံမှာ တာဝန် ထမ်းဆောင်နေသည်။ သူမက ကရင်စကားတတ်သည်။ ဗမာစကားလည်း တတ်သည်။ ကျွန်တော်တို့ ကလေးဘဝကတည်းက သင်ကြားခဲ့ရသည်။ လွိုင်ကော်မှာလည်း တာဝန်ထမ်းဆောင်ဖူးသူ ဖြစ်သည်။

ပုလဲဆိပ်ကမ်း တိုက်ခိုက်ခံရစဉ်က ဂရေ့(စ်)မှာ အမေရိကမှာ လုပ်သက်ခံစားခွင့်နှင့် ရောက်ရှိနေချိန် ဖြစ်သည်။ ဂရေ့(စ်)ကိုယ်တိုင်က ဗမာပြည် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းမှာ သူမ ပါဝင်ချင်သည်ဟု တောင်းဆိုထားသည်။ သို့နှင့် အဆင်ပြေသွား၏။ ကျွန်တော်က တောင်ကြီးတွင် ဆေးဘက်ဆိုင်ရာ အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် သူမက နမ့်ခမ်းဆေးရုံကို တာဝန်ယူရမည် ဖြစ်သည်။

အခန်း (၂)

လက်ဆင့်ကမ်းအမွေအနှစ်

ဗမာပြည်ကို အလုပ်ကျွေး ပြုလိုသည့်စိတ်က ကျွန်တော့်သွေးထဲမှာ ပါလာပြီးသား ဖြစ်သည်။ ဗမာပြည်အတွက် ဘဝကို ပေးဆပ်သူများထဲတွင် ကျွန်တော် မျိုးရိုးစဉ်ဆက်အရ ၂၈ ယောက်မြောက် ဖြစ်သည်။ နမ့်ခမ်းဆေးရုံမှာ တာဝန်ထမ်းဆောင်ရန် တောင်းဆိုလိုက်သော အခါတွင် ရှည်လျားသော ကျွန်တော်တို့ မျိုးရိုးအစဉ်အဆက်၏ ဗမာပြည်အပေါ် အလုပ်ကျွေးပြုမှုသည် ပို၍ပင် ရှည်လျား သွားတော့သည်။

ကျွန်တော်တို့၏ မျိုးဆက်သွေးကို ဘိုးဘွားစဉ်ဆက် နှစ်ဖက်လုံးကို ချပြရလိမ့်မည်။ ဗင်တန်မိသားစုနှင့် ဟပ်(စ်)ဝဲလ်မိသားစုတို့၏ ဆွေစဉ်မျိုးဆက်တို့သည် ခရစ်ယာန်ယုံကြည် သက်ဝင်မှုကို အလင်းပြရန် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀ ခန့်က ဗမာပြည်ကို ရောက်လာခဲ့ကြသည်။ ယင်းတို့ထဲမှ ဆီးဂရေ့(ဗ်)မျိုးဆက်သည်လည်း အပါအဝင် ဖြစ်သည်။ ယင်းမိသားစုသုံးဆက်သည် မြန်မာပြည်မှာ မွေးဖွားကြသည်။ ပညာသင်ချိန် ရောက်သောအခါ ကလေးကို အမေရိကသို့ ပို့၏။ ပညာသင်ပြီးဆုံးသော အခါတွင် ရှေးကလမ်းပြခဲ့သော မိသားစုဝင်တို့အတိုင်း လွှဲပြောင်း တာဝန်ယူကြနေသည်။ လိုအပ်မှု ရှိလာခဲ့သည့် အခါမျိုးတွင် ပညာရေး တစ်ဝက်တစ်ပျက်နှင့်ပင် ဗမာပြည်သို့ ပြန်လာကာ စဉ်ဆက်မပြတ် တာဝန်ယူမှုများ ရှိခဲ့သည်။

အတိတ်ကာလကို အနည်းငယ်ပြန်ပြောင်းပြီး မိသားစုရာဇဝင်ကို ကျွန်တော် ပြောပြချင်သည်။ အကြောင်းမူကား ရှေးဘိုးဘွားတို့၏ အတွေ့အကြုံနှင့် ယခု အတွေ့အကြုံလည်း မတူသောကြောင့်ပင် ဖြစ်သည်။

ဗမာပြည်နှင့် ပတ်သက်မှုသည် ကျွန်တော့်အဘိုး၏ အဘိုးဖြစ်သူ "ဂျပ်(စ်) တပ်ဟက်(ချ်)ဗေင်တန် (Justus Hatch Vinton) က စရပေလိမ့်မည်။ သူသည် ကင်နက်တီကတ် ပြည်နယ် ဝယ်လင်တန်မြို့တွင် ၁၈၀၆ ခုနှစ်တွင် မွေးဖွားသည်။ 'ဂျပ်(စ်)တပ်' အရွယ်ရောက်သောအခါ ဘဝကို ခရစ်ယာန် သာသနာပြုထဲတွင် ပုံအပ်လိုက်သည်။ သူသည် ဗမာပြည်၏ ရှေးဦးသာသနာပြုသူ ဂျပ်ဆင် (Adoniram Judson) နှင့် တွေ့သည်။ ဂျပ်ဆင်သည် ၁၈၁၂ ကတည်းကပင် ဗမာပြည်တွင် သာသနာပြုလုပ်ငန်းကို စတင်ပြီး ဖြစ်နေသည်။ နယူးယောက်ရှိ မတ်ဒီဆန်တက္ကသိုလ် (Madison University) မှ ကျောင်းပြီးသည်နှင့် ဗမာပြည်သို့ သာသနာပြုလုပ်ငန်းအတွက် ဂျပ်(စ်)တပ်သည် သုတ်ခြေတင်တော့သည်။

ဤသည်မှစ၍ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် သာသနာပြုလုပ်ငန်းစဉ် ပေါ်ပေါက်လာရပါတော့သည်။

၁၈၃၄ တွင် တစ်ရပ်တည်းသူ 'ဆယ်လစ္စတာ'နှင့် လက်ထပ်သည်။ သူမသည်လည်း ဘာသာရေးနှင့် သာသနာပြုလုပ်ငန်းကို တက်ကြွစွာ ယုံကြည်သူတစ်ဦး ဖြစ်သည်။ အမေရိကန် နှစ်ခြင်းသာသနာပြုအဖွဲ့က ရွေးချယ်စေလွှတ်သည်။ ဤအဖွဲ့သည် မော်လမြိုင်တွင် ဌာနချုပ်ရှိပြီး ကရင်လူမျိုးအတွက် အခြေပြုအဖွဲ့အစည်း ဖြစ်သည်။ ဂျပ်(စ်)တပ်နှင့် ဆယ်လစ္စတာ ဇနီးမောင်နှံသည် လိုအပ်ချက်နှင့်အညီ ကိုက်ညီရန် ကရင်ဘာသာစကားကို လေ့လာသင်ကြား နေသည်မှာ အမေရိကမှာ ရှိစဉ်ကပင် လွတ်လပ်စွာ ပြောဆိုနိုင်နေပြီ......။

၁၈၃၄ ခုနှစ်တွင် ဂျပ်(စ်)တပ်နှင့် ဇနီးသည်ဖြစ်သူ ဆယ်လစ္စတာတို့သည် မော်လမြိုင်သို့ ရောက်ရှိရန် ငါးလခွဲကျော် ခရီးရှည်ကြီး ထွက်ခဲ့ရသည်။ မော်လမြိုင်သည် သံလွင်မြစ်ဝအနီးရှိ မြို့ကြီးတစ်မြို့ ဖြစ်နေပါပြီ။ ကျိုက္ခမီသည်လည်း ဗြိတိသျှတို့၏ အုပ်ချုပ်ရေးရုံးစိုက်ရာ နေရာလည်းဖြစ်သည်။ မန္တလေးနေပြည်တော်တွင် မြန်မာဘုရင် အုပ်ချုပ်နေချိန် ဖြစ်သည်။ ကရင်လူမျိုးတို့သည် ခရစ်ယာန်ကိုးကွယ်မှုကို လိုလားကြပြီး ဘာသာရေးယုံကြည်မှုမှာ အလေးထားလွန်းသည်။ ကရင်ဘာသာစကား ကျွမ်းကျင်သူ ဂျပ်(စ်)တပ် ဇနီးမောင်နှံအတွက် ခရစ်ယာန် သာသနာပြု လုပ်ငန်းမှာ အထူးသင့်လျော်လှပေသည်။

ဂျပ်(စ်)တပ်တို့ ဇနီးမောင်နှံသည် မော်လမြိုင်တွင် အခြေစိုက်သည်။ ရောက်ရောက်ချင်း ခေတ္တခဏမျှသာ နေထိုင်ပြီး ချက်ချင်းဆိုသလိုပင် ဒေသခံကရင်တို့ နေထိုင်ရာ တောတောင်နက်နက် ထဲသို့ စတင်ထွက်ခွာတော့သည်။ ရွာများက တောင်တန်းများပေါ်မှာ ဖြစ်သည်။ ဇနီးမောင်နှံ နှစ်ဦးသည် ဆေးဝါးကျွမ်းကျင်သူများ မဟုတ်ကြ။ သို့သော် နားလည် တတ်သိသလောက် ဆေးဝါးများ သယ်ဆောင်သွားကြသည်။ ဖျားနာသူတွေ့ရှိက မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးစုဖြစ်စေ တတ်နိုင်သလောက် ဆေးဝါးကုသပေးသည်။ ခရစ်ယာန်ဘာသာဝင် ဖြစ်လာစေရန် ပေးကမ်း စွန့်ကြဲခြင်းမျိုးကို ရှောင်ကြဉ်သည်။ ကိုယ်ကျိုးစီးပွား မျှော်ကိုးခြင်းဖြင့် ခရစ်ယာန်ဘာသာဝင် ဖြစ်လာခြင်းမျိုးကို သူတို့နှစ်ဦးလုံး မလိုလားကြပေ။

သူတို့ဇနီးမောင်နှံ၏ စာသင်ကျောင်း ဖွင့်ခြင်းမျိုးကို အချို့သော ဘုရားကျောင်းများက ကန့်ကွက်ကြလေသည်။ သူတို့နှစ်ဦး၏ လုပ်ဆောင်ချက်က မြင့်မားလှသည်။ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးအပြင် ဒီမိုကရေစီရေးပါ မြန်မာပြည်သူများ ရရှိခံစားစေချင်သည်။ နှစ်သက်သော စိတ်ဖြင့် ပျော်ရွှင်စွာ၊

တန်ဖိုးပေးဆပ်ခြင်းအားဖြင့် ကျွန်တော့် မိသားစုဝင်တို့သည် ထိုခေတ်ထိုအခါက ခက်ခဲသော်လည်း ဖွဲဖြင့် ဆောင်ရွက်ခဲ့ကြသည်။

သူ၏ သာသနာပြုလုပ်ငန်းအစတွင် ရန်ကုန်၌ ကရင်လူမျိုးများအတွက် သာသနာပြုအဖွဲ့ကို ဖွင့်လှစ်ထားရှိခဲ့သည်။ မော်လမြိုင်၌ ဌာနခွဲအဖြစ် ထားရှိသည်။ ၁၈၅၂ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးနောက် ရန်ကုန်တွင် ဗြိတိသျှအာဏာစက် စိုးမိုးချိန်ဖြစ်သည်။

ဂျပ်(စ်)တပ် ရန်ကုန်သို့ ပြောင်းလာခဲ့သည်။ လုပ်ငန်းထဲတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်လိုက်သည်။ ရန်ကုန်သို့ ပြောင်းရွှေ့လာခြင်းနှင့် ပတ်သက်၍ သာသနာပြု အာဏာပိုင်တို့၏ ငြိုငြင်ခြင်းကို ခံရသည်။ အထောက်အပံ့များ ရပ်ဆိုင်းခြင်းခံရသည်။

စစ်ဒဏ်ကြောင့် ကရင်များ၊ ဗမာလူမျိုးများ ငတ်ပြတ်ခြင်း ဒဏ်ခံရသည်။ ဂျပ်(စ်)တပ်ထံ လာရောက်တောင်းခံသူများကို ကူညီရန် သူမှာ ခြူးတစ်ပြားမှ မရှိ။ သို့ဖြင့် သူနှင့် ရင်းနှီးခင်မင်သော ဆန်ကုန်သည်တို့ထံ အကူအညီတောင်းခံရသည်။ သူ၏ ရိုးသားမှုနှင့် ဂုဏ်သိက္ခာကို ယုံကြည်သော ကုန်သည်တစ်ဦးက သင်္ဘောပေါ်မှ ဆန်အိတ်များကို ယူဆောင်ခွင့်ပြုသည်။ ပြန်ဆပ်နိုင်သည်ဖြစ်စေ၊ မဆပ်နိုင်သည်ဖြစ်စေ သင်္ဘောပေါ်ရှိ ဆန်များကို ယူဆောင်ခွင့်ပြုသည်။ ဤသို့ဖြင့် အငတ်ဘေး ကျရောက်နေသော ကရင်များ၊ ဗမာများကို သူကိုယ်တိုင် ဝေငှပေးခွင့် ရသွားတော့သည်။ ကျသင့်ငွေကိုလည်း နောက်ပိုင်းကာလများတွင် ကုန်သည်များထံ ပြန်ပေးနိုင်ခဲ့သည်။

ရန်ကုန်တွင် ဂျပ်(စ်)တပ်က သာသနာပြုလုပ်ငန်း ဆောင်ရွက်နေချိန်တွင် ဖြစ်သည်။ လော့ဒ်ဒါလဟိုဇီသည် အိန္ဒိယဘုရင်ခံချုပ် ဖြစ်လာပြီးချိန် ဖြစ်သည်။ ရန်ကုန်မြစ်ကမ်းဘေးရှိ ရွှံ့နွံပြင်ထက် အနောက်ဖက်သို့ မျက်နှာမူနေသော ကျောက်တုံးကျောက်ခဲ များဖြင့် မတ်စောက်မြင့်မားသော အလုံရပ်ကို သာသနာပြုလုပ်ငန်းအတွက် ပေးအပ်ခြင်း ခံရသည်။ အိမ်တစ်လုံး စဆောက်သည်။ ဂျပ်(စ်)တပ် ကျွန်းသစ်ဖြင့် ၁၈၅၂ က တည်ဆောက်ခဲ့သော အိမ်လည်း ယခုထိ ရှိနေသေးပြီး ကျွန်တော်၏ ညီမ "ရေချယ်’ နေထိုင်လျက် ရှိသည်။ (ဤစာအုပ် ထုတ်ဝေသည့် နှစ်ကာလမှာ ၁၉၅၈)။ ရန်ကုန်မှာ ရှေးဟောင်းအိမ်ကြီးအဖြစ် တည်ရှိနေပြီ။ ထို့နောက် ရန်ကုန်ရှိ ကရင်လူမျိုးများ အတွက် သာသနာပြုရိပ်သာ ထပ်ဆောက်သည်။ ကိုယ်ပိုင်ငွေကြေးဖြင့် တည်ဆောက်ခြင်း ဖြစ်သည်။ ယခုချိန်ထိလည်း ဂျပ်(စ်)တပ်မှာ ပုဂ္ဂလိက ပိုင်ဆိုင်မှုအဖြစ် ရပ်တည်လျက်ရှိသည်။ မော်လမြိုင်တွင်လည်း သူ၏ညီမက စာသင်ကျောင်း တည်ထောင်ပြီး ဖြစ်သည်။ ကျောင်းသား ၂၅၀ ရှိသည်။ ခေတ်မီသော ပညာရေးကို ကိုယ်ပိုင်အားဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

ဂျပ်(စ်)တပ်သည် ကျေးလက်ဒေသများသို့ ခြေလျင်ခရီး လှည့်လည်တတ်သည်။ တစ်ခါတရံ မြင်းနှင့်။ တစ်ခါတရံ ဆင်နှင့်။ တောနက်ခရီးကြမ်းကို ဖြတ်သန်းသွားသည့် အခါမျိုးတွင် ဆင်သည် အင်မတန် အသုံးဝင်၏။ ဆင်သွားရာ လမ်းဖြစ်၏။ ကျောပေါ်တွင် ပါရှိသည့် ဆင်စီးသူမှာ တောတိုးရာတွင် သတိထားရသည်။

၁၈၅၅ တွင် "ဗင်တန်"မိသားစု၏ အတိဒုက္ခရောက်သော နှစ်ဖြစ်၏။ ဗင်တန်၏ သားကြီးမှာ ၁၅ နှစ်ပြည့်ပြီဖြစ်သည်။ အမေရိကသို့ပြန်ပြီး ပညာသင်ရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသားအဖြစ် သူ့ကိုယ်သူ ပြင်ဆင်ရဦးမည်။ ဤသည်မှာ မိသားစုစည်းကမ်းချက် ဖြစ်သည်။ ဤပေါ်လစီကို မျိုးဆက်အလိုက် လိုက်နာကျင့်သုံးသည်။ သားဖြစ်သူ 'ဘရိုင်းနာ့(ဒ်)' (Brainerd)နှင့် သမီးငယ် ဖြစ်သူတို့သည် သင်္ဘောဖြင့် အမေရိကသို့ ပြန်ရစဉ်ဖြစ်သည်။ သူတို့ သင်္ဘောပေါ်တက်ချိန်တွင် အဖေကို နောက်တစ်ကြိမ် တွေ့ရမည် မဟုတ်ဆိုသည်ကို သူတို့လေးတွေ သိမသွားရှာ။

သားနှင့်သမီးငယ်တို့ ဗမာပြည်မှ ထွက်ခွာပြီး သုံးနှစ်အကြာတွင် ကိုယ့်ကိုယ် ဂရုမစိုက်သော အလုပ်ပင်ပန်းသည့် ဒဏ်နှင့် ဝမ်းကိုက်ရောဂါတို့ကြောင့် 'ဂျပ်(စ်)တပ်ဗင်တန်'သည် ၁၈၅၈ တွင် ကွယ်လွန်သည်။

ဇနီးသည်ဖြစ်သူ 'ဆယ်လစ္စတာဗင်တန်' (Cellista Vinton) သည် ခင်ပွန်းသည်၏ တာဝန်ကို ဆက်လက် ထမ်းဆောင်သည်။ သို့သော် အထီးကျန်မုဆိုးမ တစ်ယောက်အတွက် ကြီးမားလွန်းလှသော အလုပ်ဖြစ်သည်။ သားတော်မောင်ဖြစ်သူ ဘရိုင်းနာ့(ဒ်)(Brianerd)ကို လိုအပ်လာတော့သည်။ သူသည်လည်း ရဟန်းလောင်း တက္ကသိုလ်ကို ဆက်လက် တက်ရောက်ရန် လက်လျှော့ရတော့သည်။ 'မက်ဒီဆန် တက္ကသိုလ်' (Madison University) တက္ကသိုလ်မှ ဘွဲ့ရလျှင်ရချင်း အသက် ၂၀ နှစ် အရွယ်မှာပင် ဗမာပြည်သို့ ပြန်လာရတော့သည်။ သူနှင့်အတူ သတို့သမီး အသစ်စက်စက် 'ဂျူလီယာ' (Julia Anm Eliza Haswell) သည်လည်း တစ်ပါတည်း ပါလာတော့သည်။

ဂျူလီယာသည်လည်း တကယ်တော့ ဗမာပြည်နှင့် မစိမ်းပေ။ သူမ၏ မိဘနှစ်ပါးသည် ဗမာပြည်ရောက် အမေရိကန်သာသနာပြုများ ဖြစ်ကြပြီး သူမကို ကျိုက္ခမီတွင် မွေးဖွားခဲ့သည်။ ဂျူလီယာ၏ ကလေးဘဝလည်း ကျိုက္ခမီတွင် အစပြုခဲ့သည်။

ဘရိုင်းနာ့(ဒ်)နှင့် ဂျူလီယာတို့ ပြန်လည်ရောက်ရှိပြီး နှစ်အနည်းငယ် အတွင်းမှာ မိခင်ဖြစ်သူ "ဆယ်လစ္စတာ" ကွယ်လွန်သည်။ မိခင်ဖြစ်သူ၏ သာသနာပြုလုပ်ငန်းများကို ဆက်လက်၍ တာဝန်ယူ ဆောင်ရွက်သည်။

သူတို့ဇနီးမောင်နှံတွင် ကလေး ၄ ယောက် မွေးဖွားသည်။ ယောက်ျားလေး ၃ ယောက်နှင့် မိန်းကလေးတစ်ယောက်မှာ ကျွန်တော်၏ မိခင်ဖြစ်သူ အယ်လစ်(Alice)ဖြစ်သည်။

၁၈၈၆ တွင် မြန်မာပြည်၏အခြေအနေသည် အပြင်းအထန် ရှုပ်ထွေးလျက်ရှိသည်။ တိုင်းပြည်၏ ကျေးလက်နှင့် နယ်စပ်ဒေသတို့တွင် သူပုန်သူကန်များ ပေါ်များလှသည်။ ဗြိတိသျှအစိုးရမှာ ဤအခြေအနေကို ထိန်းသိမ်းနိုင်ခြင်း မရှိပါ။

ဗြိတိသျှအစိုးရက ဘရိုင်းနာ့(ဒ်)ကို စစ်မှုထမ်းစေသည်။ တာဝန်ထမ်းဆောင်ရင်းနှင့်ပင် ပြင်းထန်လှသော ဝမ်းကိုက်ရောဂါဖြင့် ကွယ်လွန်သည်။

မျိုးဆက်သစ် လိုအပ်လာပြီ ဖြစ်သည်။ မျိုးဆက်သွေးကလည်း ဆန္ဒရှိစွာဖြင့် အဆင်သင့်ဖြစ်ပြီ။ ကျွန်တော်၏ မိခင်ဖြစ်လာမည့်သူ "အယ်လစ်ဗင်တန်" (AliceVimton) သည် "မက်ဆန်" တက္ကသိုလ်မှာ ရှိစဉ်ကပင် အတန်းဖော်ဖြစ်သူ "အယ်လဘတ်အားနက်(စ်) ဆီးဂရေ့(ဗ်) (Albert Eernest Seagrave)နှင့် သာသနာပြုလုပ်ငန်းကို တွဲ၍လုပ်ကိုင်ခဲ့ဖူးသည်။ ထိုစဉ်ကပင် သူမနှင့် ဗမာပြည်သည် ကမ္ဘာပေါ်မှာ စွဲမက်စရာအကောင်းဆုံး ဖြစ်သည်ဆိုသည့် အမြင်မျိုးဖြစ်အောင် သူ့ကို ဆွဲဆောင်နိုင်ခဲ့သည်။

ဖီလာဒ်ပီးယားရှိ အမျိုးသမီးဆေးတက္ကသိုလ်တွင် ဆေးပညာကို သူမ သင်ကြားနေချိန်တွင် ‘အဲလ်တ်’မှာ ကျမ်းစာကျောင်းတွင် လေ့လာသင်ယူနေသည်။ နှစ်ဦးသား ကျောင်းပြီးသည်နှင့် ဗမာပြည်သို့ ထွက်ခွာလာခဲ့ကြသည်။ ၁၈၉၉ ခုနှစ်တွင် သူတို့ ရန်ကုန်သို့ ရောက်ရှိခဲ့ကြသည်။

ကျွန်တော့်ဖခင်မှာ ကျွန်တော်အပါအဝင် ကလေး ၃ ယောက် ထွန်းကားသည်။ အစ်မကြီး ‘ရေချယ်’ နှင့် ညီမငယ် "ဂရေ့(ဗ်)" တို့ဖြစ်ကြသည်။ ကျွန်တော်တို့ သုံးယောက်လုံး အမေရိကမှာ ပညာသင်ကြားပြီးနောက် ဗမာပြည်ကို အလုပ်ကျွေးပြုရန် ပြန်လာကြသည်ချည်း ဖြစ်သည်။ အစ်မကြီးက ကရင်လူမျိုး သာသနာပြုလုပ်ငန်းမှာ တာဝန်ယူလုပ်ကိုင်သည်။ ဂရေ့(ဗ်)နှင့် ကျွန်တော်က ဗမာပြည်ဟုဆိုပြီး သီးသန့်ကရင်လူမျိုးအတွက် မတောင်းဆိုတော့ဘဲ ဘယ်နေရာဖြစ်ဖြစ် ရွေးချယ်လိုက်သည်။ အစ်မကြီးက မော်လမြိုင်မှာ၊ ကျွန်တော်က ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းဆိုသည့် တောမြို့လေးမှာ။ ဤသည်မှာ ကျွန်တော့်အထက် မျိုးဆက် သုံးဆက်တို့၏ မြန်မာပြည်မှာ ပေါ်ပေါက်လာပုံ ဖြစ်ပါတော့သည်။

အခန်း (၃)

ရှမ်းပြည်သို့

၁၉၄၅ တွင် အမေရိကမှ ကျွန်တော်ပြန်လာသည်။ ကျန်းမာရေးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် တောင်ကြီးသို့ ခရီးထွက်လာခဲ့သည်။ ခရီးမှာ တစ်ကွေ့တစ်ပတ်ကြီး။

မေမြို့၊ မန္တလေး၊ မိတ္ထီလာနှင့် ကလောတို့ကို ဖြတ်ခဲ့ရသည်။ လမ်းတစ်လျှောက် မွစာကြဲနေသည်။ မြို့ပျက်၊ ရွာပျက်၊ တံတားပျက်တွေက ကြေကွဲစရာ ဖြစ်သည်။ မန္တလေးနှင့် မိတ္ထီလာက မြေပြင်ဆိုင်ရာ အမှတ်အသား၊ မိုင်တိုင်များကို ကြည့်၍သာ မှတ်မိရတော့သည်။ သာစည်ကတော့ လုံးဝ မြို့ပျက်ကြီး။ သည်လိုမြင်ကွင်းမျိုးကို မည်သည့် အမေရိကန်လူမျိုးကမှ နှိုင်းယှဉ် ခံစားတတ်မည် မဟုတ်။ အမေရိကန်လူမျိုးများ တိုက်ခဲ့ရသော စစ်ပွဲသည် ပြည်တွင်းမှာ မဟုတ်ခဲ့။ ပြည်ပမှာချည်းသာ ဖြစ်ခဲ့သည်။

ဗမာပြည်က ဂျပန်တို့ ဖျက်ဆီးခဲ့သည်ကို ပထမဦးစွာ ကြုံရသည်။ ပြီးနောက် အမေရိကန်၊ အင်္ဂလိပ်နှင့် တရုတ်တပ်များ။ ဤသို့သောစစ်ပွဲနှင့် အပျက်အစီးမျိုးကို မကြုံမီက ကျွန်တော်သည် နမ့်ခမ်းဝန်းကျင်သာ လုပ်ရှားဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ နမ့်ခမ်းသည် ကျွန်တော်၏ ဆေးဘက်ဆိုင်ရာ တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်ရာမြို့လေး ဖြစ်သည်။ ရွှေလီမြစ်ကမ်းပေါ်မှ ဖွံ့ဖြိုးသော ရွာကြီးတစ်ရွာသာသာမျှသာ ရှိသေးသည်။ မတူညီသောဒေသနှင့် လူမျိုးစုများက ဝိုင်းရံထား၏။ ကချင်၊ ရှမ်းနှင့် ကွန်မြူနစ် တရုတ်နိုင်ငံတို့ ဖြစ်ကြသည်။

ရွှေလီချိုင့်ဝှမ်းသည် ရှမ်းစော်ဘွားတို့၏ အုပ်ချုပ်မှုအာဏာအောက်တွင် ရှိသည်။ ကချင်ပြည်နယ်နှင့်လည်း ဆက်စပ်နေသေးသည်။ ၇၂ မိုင် ကားလမ်းခရီးဖြင့် ဗန်းမော်သို့ ရောက်သည်။ တောင်ဘက်သို့ ကားလမ်းခရီးက ၁၃၂ မိုင်ဖြင့် လားရှိုးရောက်သည်။

လီဒိုလမ်းမကြီးခေါ် စတီးဝဲ(လ်)လမ်းမသည် အာသံမှစတင်ပြီး စစ်အတွင်းမှာ အမေရိကန်စစ်တပ်က ဖောက်လုပ်ခဲ့သည့် လမ်းမကြီးဖြစ်သည်။ ဤလမ်းမကြီးသည် ကျွန်တော်တို့ ဆေးရုံရှေ့မှ ညာဘက်မှ ပတ်ထွက်သွားပြီး ၂၅ မိုင်အကွာရှိ တရုတ်ဗမာလမ်းပေါ်ရှိ မိုင်းယုသို့ ဆက်သွယ်သည်။ မိုင်းယုသည် ကျူကုတ်နှင့် မိုင် ၂၀ ခန့်ဝေးသည်။ ကျူကုတ်သည် တရုတ်ဗမာနယ်ခြား အမှတ်အသားရွာလေး ဖြစ်သည်။

အမှန်တကယ်တော့ နမ့်ခမ်းသည် ကျွန်တော်၏ မူလရည်ရွယ်ရင်း မဟုတ်ပါ။

အကြောင်းပေါင်းသင့်၍သာ ရောက်လာခဲ့ရခြင်း ဖြစ်သည်။ ရောက်စ လအနည်းငယ် ကြာသည်ထိ ကျွန်တော့်မှာ ပျော်ပိုက်ခြင်း မရှိပါ။ ဒေသခံလူများက အနောက်တိုင်းဆေးပညာကို အယုံကြည် မရှိကြ။ ကချင်လူမျိုးများကသာ ခွဲစိတ်မှုကို ခံယူလိုကြသည်။ ဆေးရုံတစ်ခု လွယ်လွယ်ကူကူ ဖွံ့ဖြိုးတိုးတက်လာဖို့ရာ လုံလောက်သည့် ငွေကြေးကလည်း မလုံလောက်။ တစ်နှစ်လောက်ကြာမှ နမ့်ခမ်းမှာ နေသားကျသွား၏။ အလုပ်ကို ရှည်ကြာစွာ လုပ်ကိုင်လာတော့မှ ကျွန်တော့်မှာ ယုံကြည်မှု ပိုရှိလာတော့သည်။ အရာရာတိုင်းအတွက် ကျွန်တော် ပေးဆပ်ရပါလိမ့်ဦးမည်။

အသေအချာ နေကြည့်တော့မှ နမ့်ခမ်းသည် လှမှန်း သိလာပါသည်။ လွင်ပြင်ချိုင့်ဝှမ်း ဒေသသည် စပါးထွက်အကောင်းဆုံး ဒေသဖြစ်သည်။ ကျွဲ၊ နွား တိရစ္ဆာန်များ အတွက်လည်း အင်မတန် ကောင်းမွန်သည့် စားကျက်မြေ ဖြစ်သည်။ ဤဒေသသည် လူထုအတွက် စပါးကျီ ဖြစ်ပေသည်။ ရှမ်းပြည်အရှယ်စားနှင့် နှိုင်းစာလျှင် လူဦးရေ ထူထပ်၏။ မောရှမ်းအမျိုးသမီးပျိုတို့သည် ဗမာပြည်တွင် အလှဆုံးမိန်းမပျိုများ ဖြစ်ကြသည်။

နမ့်ခမ်းဆေးရုံသည် နောင်ခန့်ကုန်းပေါ်တွင် တည်ရှိသည်။ ရှမ်းခရစ်ယာန် အများစု နေထိုင်ရာအရပ် ဖြစ်သည်။ နမ့်ခမ်းဆေးရုံပေါ်မှ မြင်ကွင်းသည် အလွန် လက်ရာမြောက်သည့် ရှုခင်းပန်းချီကားချပ် ဖြစ်သည်။ ကွေ့ဝိုက်နေသည့် တောင်ကြားလွင်ပြင်ကို အပေါ်စီးမှ မြင်ရသည်။ မူဆယ်ဒေသကို ပျပျလုမ်းမြင်ရသည်။ အရှေ့မြောက်ဒေသ "မိုင်းမော" ကို ကွန်မြူနစ် တရုတ်ပြည် နယ်စပ်ကို မြင်ရသည်။ တောင်ဘက်နယ်စပ် ကချင်ပြည်နယ်အစပ် "မာန်ပိန်း" ကိုလည်း မြင်ရသည်။ ရွှေလီမြစ်က ငွေရောင်ဖဲကြိုးသဖွယ် စီးဝင်၏။

ဤမြေပြန့်လွင်ပြင် တောင်ကြားဒေသသည် ရှမ်းလူမျိုးအများစု နေထိုင်ကြသည်။ ရွာများ၊ အိမ်ခြေစုများကို ထင်ထင်ရှားရှား မမြင်တွေ့နိုင်။ အိမ်ဆောက်ရန် ရည်ရွယ်၍ စိုက်ပျိုးထားတတ်သည့် ဝါးတောအုပ်အုပ်လေးများက လုလုပပ လွှမ်းမိုးထားသည်။ မြို့ရွာများကို အမည်ပေးထားသည်က လှသည်။ မြို့ရွာများကလည်း အမည်ပေးစားသလို လှပါသည်။ နမ့်ခမ်း၏ အဓိပ္ပာယ်ကိုက "ရွှေရည်" သို့မဟုတ် ရွှေမြစ်ဟု အဓိပ္ပာယ်ရသည်။

တောတောင်ထဲတွင် ထင်သာမြင်သာ မရှိသည့် ကျေးရွာများစွာ ရှိသေးသည်။ လွင်ပြင်ချိုင့်ဝှမ်းကို ဝန်းပတ်ထားသည့် တောင်တန်းများပေါ်တွင် ကချင်၊ ပလောင်နှင့် လီဆူးလူမျိုးစုများ နေထိုင်ကြသည်။ ဒေသခံ တရုတ်လူမျိုးများလည်း နေထိုင်ကြသည်။ တောင်ခြေနှင့် မြစ်လက်တက်ရှိသည့် ချိုင့်ဝှမ်းဒေသတွင် စပါးကို လှေခါးထစ်စနစ်ဖြင့် စိုက်ပျိုးထားသည်ကို တွေ့နိုင်သည်။ ဤလှေခါးထစ်စိုက်ခင်းများသည် ရွှေလီမြစ်ကမ်းပါးဆီထိ ဖြစ်သည်။ ဤလှေခါးထစ်

စပါးစိုက်ခင်းများသည် မြင်ကွင်းကို လှပဆန်းသစ်သွားစေသည်။ ဆောင်းတွင်းရောက်သည့်အခါ မြက်ခင်းပြင်ကြီး ဖြစ်သွားပါတော့သည်။

နွေဦးရောက်၍ ထွန်ယက်လိုက်သည့်အခါ မြေဆီကြွယ်ဝသည့် မြေညိုရောင်လွင်ပြင်ကြီး ဖြစ်သွားပြန်သည်။ မိုးမစမီလေးဖြစ်သည့် ဖွန်လရောက်သည့်အခါ ရေသွယ်ယူခြင်းဖြင့် ချိုင့်ဝှမ်းလွင်ပြင် တစ်ခုလုံးသည် လေှခါးထစ်၊ ရေကန်ကြီး ဖြစ်သွားတော့သည်။ ပြီးတော့ ထွန်ယက်ကြသည်။ စိုက်ပျိုးရန် အသင့်မြေသြဇာကောင်းသည့် လယ်စိုက်ရန် အသင့်ဖြစ်သွားသည်။ ပျိုးပင်များကို စိုက်ပျိုးလိုက်သည်နှင့် မြေသားကျွန်းကွက်များ နေရာအနှံ့မှာ မြင်တွေ့ရတော့သည်။ ဇူလိုင်လလယ် မတိုင်မီ စိုက်ပျိုးပြီးသွားသည်။ မြသားအစိမ်းကွက်များသည် နေရာအနှံ့မှာ ရှုမဆုံးတော့ပြီ...။ စိမ်းဝါရောင်ပျော့ပျော့မှသည် စိမ်းရင့်နက်မှောင်သော လယ်ကွင်းများ ဖြစ်လာကြသည်။ မိုးရာသီကုန်ဆုံးသည်နှင့် အသွင်ပြောင်းလာ တော့သည်။ စပါးတို့ ဝင်းမှည့်လာပြီ။ လှေခါးထစ် ရွှေရောင်လှိုင်းများ တလိမ့်လိမ့်နှင့်။ ရွှေဝါရောင် ခုတ်သိမ်းချိန်သည် ရွှေအိုရောင် ရိတ်သိမ်းပြီးစ လယ်ကွင်းများအဖြစ်သို့ ပြောင်းသွားတော့သည်။

သည်သို့နှင့် အောက်တိုဘာ ညနေဆည်းဆာများ ရောက်လာတော့သည်။ ကျွန်တော်သည် ဗမာပြည် တနံ့တလျားရှိ ညနေဆည်းဆာနေဝင်ချိန်ကို မြစ်ကြီးနားမှသည် ထားဝယ်အထိ ကြည်နူးခံစားဖူးပါသည်။ ကမ္ဘာ့တိုက်ကြီးလေးတိုက်ရှိ နိုင်ငံများ၏ နေဝင်ဆည်းဆာ ချိန်များကိုလည်း ခံစားဖူးသည်။ ကျွန်တော်ကဲ့သို့ပင် ကမ္ဘာ့နေဝင်ဆည်းဆာများကို ခံစားကြည်နူးဖူးသည့် ဗမာ့ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်က ဗမာ့ဆည်းဆာများကို ရန်ကုန်ထုတ် "နေရှင်း' သတင်းစာတွင် ... စာညွှန့်ရေးဖူးသည်။ နမ့်ခမ်းအရှေ့ခြမ်း တောင်ကုန်းမှနေ၍ ရွှေလီမြစ်၏ ညနေဆည်းဆာ နေဝင်ချိန်ကို ကြည့်ရခြင်းသည် မည်သည့် နေဝင်ချိန်နှင့်မျှ နှိုင်းယှဉ်ခံစား၍ မရပါဟု ရေးဖူးသည်။ ကျွန်တော် သဘောတူပါသည်။ ဗမာလူထုသည် အလှတရားကို သိသည်။ ခံစားလည်း ခံစားတတ်ပါ၏။

တောင်ကြီးကို ရောက်ပြီး သတင်းပို့တော့ ကျွန်တော်က ကြည်းတပ်မိုလ်မှူးချုပ် 'ဘိုးဝါးမန်း' ထံတွင် တာဝန်ထမ်းဆောင်ရသည်။ အမှုဆောင်အရာရှိအဖြစ် ခန့်အပ်သည်။ ကပ္ပတိန် 'ဆီလ်ဂါဒူး'က ဆေးတပ်မိုလ်ကြီး ဖြစ်သည်။ ကက်သလစ်ဘာသာ ကိုးကွယ်သူ အိန္ဒိယလူမျိုးဖြစ်ပြီး ပေါ်တူကီနိုင်ငံ 'ဂိုအာ' မြို့မှ လာသူ ဖြစ်သည်။ ရန်ကုန်ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ ရရှိထားသူ ဖြစ်သည်။ 'ဒေါက်တာဆီလ်ဂါဒူး'သည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကို သူ့အပေါ် ပုံအပ်ထားလိုက်ပြီး နယ်လှည့် ဆေးကုသခြင်းကို လုပ်နေတော့သည်။

ဖျားနာခြင်းက နေရာအနှံ့မှာ တွေ့မြင်နေရသည်။ ဂျပန်ခေတ်တွင် ကူးစက်ရောဂါက ထိန်းချုပ်နိုင်စွမ်း မရှိခဲ့။ ကျောက်ရောဂါက ဖြစ်ပွားခဲ့သည်။ ကာကွယ်ဆေးက ယခုမှ လိုက်လံ ထိုးနှံပေးရဆဲ။ ဝမ်းရောဂါက ရွာလုံးကျွတ် ပျောက်ကွယ်သွားစေတတ်သည်။ ရောဂါကန္တရကပ်က မွေ့လျော်ပုံရ၏။ ပုလိပ်ရောဂါကလည်း ဆက်လက် ဖြစ်ပွားနေဆဲ။ ဤအခြေအနေမျိုးတွင် ဒေါက်တာ 'ဘညဏ်'လို ရှမ်းအမျိုးသားဆရာဝန်က လူထုကျန်းမာရေး တာဝန်ခံအဖြစ် ရှိနေခြင်းက ကျွန်တော့်အတွက် အကောင်းဆုံး အခြေအနေ ဖြစ်သည်။

ကျွန်တော့်လက်အောက်ရှိ ဆရာဝန်များသည် ဖျားနာခြင်းဆိုင်ရာ ရောဂါများတွင် ကုသမှုရေးရာတွင် ပြောစရာမရှိ။ သို့သော် ခွဲစိတ်မှုပိုင်းဆိုင်ရာတွင်မူ အားကိုးအားထား မဖြစ်ခဲ့ပါ။ ခွဲစိတ်ကုသရေး ဆိုသည်မှာ နေ့စဉ်လက်တွေ့ ကြုံတွေ့နေမှသာ ကောင်းမွန်သော ကုသခြင်း မည်ပေသည်။

ရှမ်းပြည်နယ်တွင် ဆေးဝါးကုသမှုနှင့် ခွဲစိတ်ကုသမှုအရေးပေါ် လိုအပ်ချက် အခြေအနေမှာ စစ်မဖြစ်မီ ကာလကပင် ဖြစ်နေခဲ့သည်။ တရုတ်-ဗမာ လမ်းမကြီး စတင်ဖောက်လုပ်စဉ်ကပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ လားရှိုးမှသည် တရုတ်နယ်စပ်ထိ တည်ရှိနေသော ကျေးရွာများ၊ လမ်းတစ်လျှောက် နေထိုင်သည့် လမ်းလုပ်သားခေါ် ကူလီများက ကျန်းမာရေး စောင့်ရှောက်ရန် ကျွန်တော်တို့ဆီ ရောက်လာတတ်သည်။ ဆေးဝါးကုသမှု တောင်းခံလာတတ်ကြသည်။

သူနာပြုများထားရှိပြီး နယ်လှည့်ဆရာဝန်လေးများနှင့် ဆေးခန်းငယ်လေးများ တည်ဆောက် ပေးထားသည်။ နမ့်ခမ်းဆေးရုံ အခြေစိုက် ဖြစ်သည်။ ဆေးရုံဝန်ထမ်းများက အလှည့်ကျ နယ်လှည့် စစ်ဆေးပေးသည်။ အရေးပေါ်ခွဲစိတ်ကုသရန်နှင့် ပြင်းထန်သော ဖျားနာလူနာများကို နမ့်ခမ်းဆေးရုံကြီးဆီ ခေါ်ဆောင်လာသည်။

လူထု၏ အခြေအနေက စစ်အတွင်းမှ ရရှိသည့် ဒဏ်ရာဟောင်းမှာလည်း ခွဲစိတ်ကုသရန် လိုအပ်ဆဲ အခြေအနေမှာ မြင်တွေ့ရသည်။ စစ်အတွင်းမှ ကျန်ရှိနေသေးသည့် လက်ပစ်ဗုံးများ၊ မပေါက်ကွဲသေးသည့် ဗုံးဆံများကလည်း လူထုကို ဒဏ်ရာအသစ်များ ပေးတတ်သေးသည်။

စစ်ဒဏ်ကြောင့် ကြေမွပျက်စီးနေသည့် လဲချားဒေသသို့ ပထမဦးစွာ ဆေးဝါးကုသရေးခရီး လှည့်လည်ဖြစ်သည်။ လူငယ်ယောကျ်ားလေးသုံးယောက် မနက်ခင်း မီးလှုံရင်း ဗုံးအဟောင်းကို မီးပုံထဲ ထည့်မိကြသည်။ ယင်းလူငယ်သုံးယောက်၏ ကိုယ်ထဲမှ ဗုံးစများကို တစ်နေ့လယ်လုံး ခွဲထုတ်ပေးနေရသည်။ ကျွန်တော့်ဆရာဝန်၏ မေ့ဆေးပေးလွန်မှုကြောင့် အောက်ဆီဂျင် ပေးထားရန် ခွဲစိတ်မှုကို ရပ်ထားရပြန်၏။ ကျွန်တော့်မှာ

အကြီးအကျယ် စိတ်ပျက်ရပြန်သည်။ ကျွန်တော့်မှာရှိသည့် ဆရာဝန်နှစ်ဦးမှာ ခွဲစိတ်အတွေ့အကြုံ မရှိ။

ကျွန်တော်၏ ပထမဦးဆုံး ခွဲစိတ်ကုသရေး နယ်လှည့်ခရီးစဉ်ကို သူနာပြုများနှင့် သွားခဲ့သည်။ မုန်းခွန်တွင် အိန္ဒိယလူမျိုး လူငယ်ဆရာဝန်ကို တွေ့သိခဲ့ရသည်။ သူနှင့် ပူးပေါင်းပြီး ပေါင် (၆၀) လောက်ရှိသည့် ကိုယ်တွင်းရေအိပ်ကို လူနာကိုယ်ထဲမှ ခွဲစိတ်ထုတ်ယူသည်။ နှစ်ဦးသားပူးပေါင်းပြီး ခွဲစိတ်ထုတ်ယူနိုင်ခဲ့သည်။

ကျွန်တော်တို့သည် ဆေးရုံဝရန်တာတွင် ခွဲစိတ်ကုသကြသည်။ ဤနေရာမှာသာ အလင်းရောင် ကောင်းကောင်း ရ၍ ဖြစ်သည်။ အမေရိကန်ဆရာဝန်ကြီးက ခွဲစိတ်ကုသမည်ဆိုသည့် သတင်းစကားကလည်း မြို့ကို ပျံ့နှံ့ပြီးဖြစ်သည်။ လူတွေ ဝိုင်းစုလာကြသည်။ အခြားအိမ်များဆီမှ ဝရန်တာများတွင် လူတွေ ပြည့်နှက်နေ၏။ အိမ်များ၏ မျက်နှာစာလက်ရန်းမှာ လူတွေပြည့်နေသည်။ အနီးနားရှိ သစ်ပင်ကိုင်းခက်များ ပေါ်ရှိ မြင်ရသည့် နေရာများတွင်ပင် လူတွေ ရောက်ရှိနေကြသည်။ ကျွန်တော်က ဤသို့ လူများဖြစ်နေသည်ကို သဘောကျသည်။ ခွဲစိတ်ကုသမှုပညာသည် စုန်းကဝေ၊ မှော်အတတ်ပညာ မဟုတ်။ သိပ္ပံနည်းကျ ပညာရပ်ဖြစ်သည်ကို လူတွေ စိတ်ဝင်တစား သိစေချင်သည်။

ခွဲစိတ်မှုပြုပြီးနောက် ဆယ်ရက်ခန့် ကြာသွားပြီ ဖြစ်သည်။ လူထုမြို့ပြဆိုင်ရာ အင်ဂျင်နီယာများက ရှမ်းပြည်တောင်မြောက် ဆက်သွယ်သည့်လမ်းကို ပြင်ပြီးပြီဟု ကြားသိရသည်။ မြောက်ပိုင်းရှိ နမ့်ခမ်းကို ကျွန်တော် သွားကြည့်ချင်သည်။ "မုန်းခွန်" ကို ဝင်ချင်သည်။ ခွဲစိတ်ထားသည့် လူနာ သေသည်၊ ရှင်သည်ကို သဘောကောင်းသည့် အိန္ဒိယလူမျိုး ဆရာဝန်လေးကို မေးကြည့်ချင်သည်။

ဂျစ်ကားလေးနှင့် ဆေးရုံဝင်းထဲ မောင်းဝင်လာလိုက်သည်။ ခွဲစိတ်ခံ အမျိုးသမီးကိုယ်တိုင် ဝရန်တာကို ထွက်ကြိုသည်။ ဆရာဝန်လေး ပြောပြသည်မှာ ခွဲစိတ်ပြီး နောက်နေ့မှာပင် လမ်းထလျှောက်နိုင်သည်ဟု ပြော၏။ ဤခေတ်အရက ခွဲစိတ်လူနာသည် ဤမျှ ကောင်းမွန်တိုးတက်လာသည်ကို ကျွန်တော်ကိုယ်တိုင် အံ့သြမိသည်။ ဝရန်တာမှာ ဖြစ်သလို ခွဲစိတ်ခဲ့ရသည်။ ပတ်ဝန်းကျင် အနံ့အသက်ကလည်း ကောင်းသည်မဟုတ်။ ခွဲစိတ်ပြီး တတ်ကျွမ်းနားလည်မှု မရှိသည့် ဆရာဝန်လေးနှင့် ပစ်ထားခဲ့ရသည်။ ခွဲစိတ်ပြီး နှစ်ပတ်အကြာ ကိုယ့်လူနာက အကောင်းပကတိ ရှိနေသည်။ အံ့ဖွယ်ပ။ ဤခေတ်အခါက ပင်နီစလင်မှာ ရှားပါးဆေးဝါး ဖြစ်သည်။ သုံးစွဲနေရသည့် ပင်နီစလင်က ရေခဲသေတ္တာထဲ ထည့်ထားပြီး သုံးနေရသည် မဟုတ်။ ရက်လွန်ပင်နီစလင် ဖြစ်နေသေးသည်။ ပင်နီစလင် အားလုံးကို ဗြိတိသျှစစ်တပ်က အကုန်ယူသွားပြီး ဖြစ်သည်။

ဤအချိန်အတောအတွင်း ကျိုင်းတုံကားလမ်းမကို ဖွင့်လှစ်နိုင်လိုက်ပြီဟု ကြားသိရသည်။ သံလွင်မြစ်ကို စက်လှေဖြင့် ဖြတ်ကူးနိုင်သည်ဟုလည်း သိရသည်။ မိတ္ထီလာမှ ဗိုလ်မှူးကြီးအမိန့်ဖြင့် မဟာဗေဒင် ဆရာဝန်တစ်ယောက်ကို ခြေလျင်ခရီးဖြင့် ကျိုင်းတုံကို စေလွှတ်လိုက်သည်။ ဗမာဆရာဝန်ကောင်း တစ်ယောက် ရှိနေသည်ကိုလည်း မသိသေးပါ။ ထိုဆရာဝန်သည် ဂျပန်ခေတ် အတွင်းကပင် ရှိနေပြီး ဖြစ်သည်။ ကျိုင်းတုံသည် ကျွန်တော့်စိတ်ကူးထဲက မြို့ဖြစ်နေပါပြီ။ ထိုမြို့သို့ ဘာကြောင့် အဆောတလျင် သွားဖို့ ဆုံးဖြတ်ရသည်မှာလည်း အကြောင်းပြချက် ရှိပါသည်။ ဆေးအဖွဲ့ကို ဦးဆောင်ပြီး ကျွန်တော်သွားခဲ့သည်။

ကျိုင်းတုံခရီးကား ဝေးလံလှ၏။ ဗမာပြည်၏ တဂ္ဂဆက် ဖြစ်သည်၊ သံလွင်မြစ်ကို ဖြတ်ပြီး ခရီးစသည်နှင့် လမ်းတွေက မတ်စောက်သည်။ အတက်အဆင်း၊ အကွေ့အကောက် များသည်။ တောင်တက်လမ်းက မတ်စောက်၏။ သက်ဆိုင်ရာ အာဏာပိုင်တို့က လမ်းပြင်ပြီးပြီသာ ပြော၏။ ပျက်စီးနေသော ဘန်ဂလိုဘိုတဲများကို ပြင်ပြီးကြောင်း ထည့်ပြောသည် မဟုတ်။ ထို့ကြောင့် ကျွန်တော်တို့ ဆေးအဖွဲ့မှာ သက်ငယ်တဲမျှပင် အမိုးအကာမရှိသည့် လမ်းဘေး ဟင်းလင်းပြင်တွင် ညအိပ်ကြရသည်။ ညအိပ်ချိန်တွင် ကျွန်တော့်မှာ မြွေကြောက်သည့်စိတ်က စိုးတထိတ်ထိတ်နှင့်...။

ဆေးကုပေးဖို့ရာ လူနာများက စောင့်ကြိုနေနှင့်ပြီး ဖြစ်သည်။ ခွဲစိတ်လူနာများလည်း ပါ၏။ တစ်ယောက်မှာ ချမ်းသာကြွယ်ဝသည့် တရုတ်-ဗမာကုန်သည် တစ်ဦး။ လူက လည်ပင်း ကြီးနေသည်ကို ခွဲစိတ်မှု ခံယူမည်။ ဆေးဝါးမစုံလင်သည့် ဒုက္ခကလည်း ရှိသေးသည်။

ညနေ နေအတော်စောင်းမှ ခွဲစိတ်မှု ပြီးဆုံးသွား၏။ ခွဲစိတ်ပြီး လည်ပင်းကြီးလူနာသည် အသက်ရှင်ဖို့ဘက် များနေပါသည်။ ညတွင်းချင်းပင် သံလွင်ကမ်းခြေဆီ ဂျစ်ကားကို မောင်းပြန်လာခဲ့သည်။ နာ့(စ်)မလေးများ၏ တေးသံက လမ်းတစ်လျှောက် ပြန့်လွင့်လျက်။

နောက်တစ်ကြိမ် ကျိုင်းတုံသို့ တစ်ခေါက်ပြန်သွားသည်။ ကျွန်တော့်လူနာမှာ ကျန်းမာပကတိ ချမ်းသာရှိလျက်။ ၂၅ မျိုးသော တရုတ်ဟင်းလျာတို့ဖြင့် ကျွန်တော့်ကို ညစာစားပွဲဖြင့် ဂုဏ်ပြုသည်။ ဆေးဝါးကုသခံစရိတ်ကို ကျွန်တော် လက်မခံသည့် အတွက် အပြင်းအထန် ကန့်ကွက်သည်။ ကျွန်တော်က ရှင်းပြသည်။ အမေရိကန် စစ်တပ်မှ လစာပေးထားသည်။ ဗြိတိသျှတို့က စရိတ်လစာ ပေးသည်ကိုပင် ကျွန်တော် လက်မခံပါ။

အခန်း (၄)

စော်ဘွားများ

ဂျပန်များကို တိုက်ထုတ်ပြီးနောက် ကရင်နီပြည်နယ်လောက် လူသူကင်းမဲ့သော ဒေသကို ကျွန်တော် မမြင်ဖူးပါ။ ပထမဦးဆုံးအကြိမ် ခရီးစဉ်တုန်းက ကျွန်တော့်ကားတန်းကို ကျန်ရှိနေဆဲ ဂျပန်စစ်သား အနည်းငယ်က ချောင်းမြောင်းပစ်ခတ် ကြ၏။ ကရင်နီပြည်နယ်သည် မည်သူ၏ အောင်နိုင်ခြင်းကို ခံခဲ့ရဖူးခြင်း မရှိပါ။ မြန်မာဘုရင်များကပင် လက်လွှတ်ခဲ့ရသည့် ဒေသဖြစ်သည်။ ဗြိတိသျှတို့ကလည်း ရက်ရက်စက်စက် နှိမ်နင်းခဲ့ကြသည်။ သို့သော် နီပေါကဲ့သို့ ဗြိတိသျှပိုင် အိန္ဒိယစစ်တပ်အဖြစ် အသွင်မပြောင်းနိုင်ခဲ့ပါ။ ဂျပန်တို့ကလည်း ကရင်နီဒေသကို မအောင်နိုင်ခဲ့ပါ။ ဂျပန်များက တိုက်ခိုက်လျှင် ကရင်နီများက တောထဲ ဝင်ပြေးကြသည်။ ပြီးမှ တစ်ဖန်ပြန်၍ ချုံခို တိုက်ခိုက်ကြသည်။ ဂျပန်များ ဒေါသထွက်၍ မြင်မြင်သမျှ မီးရှို့ဖျက်ဆီးသည်။ လက်လှမ်းမီသမျှ ဖျက်ဆီးသည်။ ကျေးရွာတစ်ရွာမှ မကျန်စေရ။ လအနည်းငယ် ကြာသောအခါ စိုက်ပျိုးမြေ တစ်ကွက်မျှပင် မတွေ့ရတော့.......... ။

ထို့နောက် ကရင်နီပြည်နယ်မှ စော်ဘွားလေး 'စောဗိုလ်' ပေါ်ပေါက်လာသည်။ မြို့တော်အဖြစ် တည်ထောင်ပြ၏။ 'စောဗိုလ်'သည် ကျွန်တော့်နှလုံးသားတွင် စွဲထင်ရစ်သည်။ မြို့တော်သစ်ကြီးကို နေ့ချင်းညချင်း တည်ဆောက်ပြသည်။ စာသင်ကျောင်းတစ်ကျောင်း တည်ဆောက်နေဆဲ အချိန်ဖြစ်သည်။ အမိုးမိုးရန် လိုအပ်သည့်ငွေကို ကိုယ်တိုင် စိုက်ထုတ်သည်။ စာသင်ကျောင်းနှင့် တစ်ပြိုင်နက်ထဲမှာလိုပင် ဆေးရုံတဲတစ်လုံး ဆောက်လုပ်ပြီးစီးသည်။ ကျွန်တော်က ကွန်ပေါင်ဒါတစ်ယောက် ပို့ပေးသည်။ တစ်နှစ်ကြာသည့်အခါ စောဗိုလ်က အမြဲတမ်း ဆေးဝန်ထမ်း ခန့်အပ်ပေးနိုင်ခဲ့သည်။ နောက်ခြောက်လ ကြာသည့်အခါ အခုတ်ကြွပ်မိုးအုတ်တိုက် ဆေးရုံဖြစ်လာခဲ့သည်။

ဤအခြေအနေတို့သည် သူကိုယ်တိုင် သူပုန်ထပုန်ကန်ခြင်းနှင့် မဆက်နွှယ် မပတ်သက်ခင်က ဖြစ်သည်။ သူသည် တိုက်ပွဲတွင်းမှာပင် ကျဆုံးသွားပြီ ဖြစ်ကြောင်းကို ကျွန်တော် သတင်းရရှိသည်။ 'စောင်ရွှေ'လို အရည်ချင်းရှိသည့် လူမျိုးတွေ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးအနစ်နာခံမည့်အစား၊ လူမျိုးစု သူပုန်ထမည့်အစား အစိုးရနှင့် ပူးပေါင်းညှိနှိုင်း လုပ်ဆောင်လျှင်ဆိုသည့် ကျွန်တော့်အတွေးက ဝမ်းနည်းမှုကိုသာ ဖြစ်စေတော့သည်။

အထက်ပါ အကြောင်းခြင်းရာများ ပြီးသွားပြီးနောက် ကျွန်တော်သည် တောင်ကြီးရုံးချုပ်တွင် အလုပ်များနေရပါတော့သည်။ 'ဒေါက်တာဆီလ်ဂါဒူး' က

ကျွန်တော့်ရှေ့မှောက် လာချပေးသည့် စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးပေးလျက်.....။ အခြားလူများ ခေါင်းရှောင်ထားသည့် သားဖွားနှင့် မီးယပ်ဆိုင်ရာ ခွဲစိတ်ကုသမှုမျိုးကို ဆောင်ရွက်ပေးလျက်နှင့်....။

လူအများစုကလည်း မီးယပ်နှင့် သားဖွားဆိုင်ရာ ခွဲစိတ်ကုသမှုမျိုးကို ကျွန်တော်သာလျှင် ကျွမ်းကျင်အောင်မြင်နိုင်သည်ဟု ယုံကြည်ထားကြသည်။ အမှန်မှာ မြန်မာပြည်၏ ထိုအချိန်က အဓိကလိုအပ်ချက် ဖြစ်သည်။ ရာပေါင်းများစွာသော မီးယပ်နှင့် သားဖွားဆိုင်ရာ ဆရာဝန်များ လိုအပ်ချက်ဖြစ်သည်။

တောင်ကြီးဆေးရုံတွင် ကျွန်တော် ရောက်ရှိနေသည်ဟု သတင်းကြားသိသည်နှင့် တောင်ကြီး အင်းလေးတစ်ဝိုက် လူနာများသည် ရောက်ရှိလာပါတော့သည်။ လည်ပင်းကြီး ရောဂါသည်များလည်း ပါဝင်ပါသည်။ သည့်ထက် ခက်ခဲနက်နဲသော လူနာများကိုလည်း ကုသပေးခဲ့ရပါသေးသည်။

အင်္ဂလိပ်လူမျိုးဆရာဝန် "ဂါနေး"သည် ကျွန်တော်နှင့် စစ်အတွင်းမှာ တစ်လျှောက်လုံး လက်တွဲခဲ့သူဖြစ်သည်။ သူက ဗြိတိသျှဆေးတပ် ဗိုလ်မှူးအဖြစ် ကျွန်တော်တို့ဆီ ပြန်ရောက်လာသည်။ ဤသို့ဖြင့် ကျွန်တော်သည် နမ့်ခမ်းသို့ ပို့ထားသည့် ကျွန်တော်၏ တွဲဖက်ဆရာဝန်ကောင်း တစ်ယောက်ဖြစ်သည့် ဒေါက်တာ ‘ဘစော’နှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်လာတော့သည်။ တောင်ကြီးရှိ တာဝန်ဝတ္တရားများကို ဒေါက်တာဂါနေးအား လွှဲအပ်လိုက်ပါတော့သည်။ ဒေါက်တာဂါနေး၏ လက်ချောင်းများက ခွဲစိတ်ဆရာဝန်ကောင်း၏ လှပသပ်ရပ် သွယ်သွယ်ရှည်ရှည် လက်ချောင်းမျိုးတွေ။ ကျွန်တော့်လက်ချောင်းတွေလို ပြားပြားတုတ်တုတ်ကြီး မဟုတ်။ ခွဲစိတ်ရာတွင် လှုပ်ရှားနေသည့် သူ့လက်ချောင်းတွေက လှလှပပ သပ်သပ်ရပ်ရပ်နှင့်။ တစ်ခါတော့ သူလက်လွန်သွားသည့် ခွဲစိတ်မှုတစ်ခုကို ကျွန်တော်နှင့် ပစ်ထားဖူးသည်။ ကျွန်တော့်မှာ သုံးနာရီကြာ တစ်ယောက်တည်း ခွဲစိတ်ကုသရတော့၏။ ခွဲစိတ်ခန်းမှ ထွက်ပြီးနောက် တစ်ပတ်ကြာသည် အထိပင် ကျွန်တော့်မှာ လည်ပင်းဆစ်ရိုး နာလျက်ကျန်နေသည်။

ဒေါက်တာ ‘ဂါနေး’ ရောက်ရှိချိန်နှင့် တောင်ကြီး ရပ်စောက်လမ်းမပေါ်ရှိ တံတားကြီးတစ်ခု ပြင်ပြီးသွားချိန်နှင့် တိုက်ဆိုင်နေသည်။ ရပ်စောက်ကို သွားလည်ရန် ဆုံးဖြတ်လိုက်သည်။ သွားစရာအကြောင်းကလည်း ရှိသည်။ တောင်ကြီးကို ကျွန်တော် ပထမအကြိမ် ရောက်စဉ်က အနွယ်တော်တစ်ပါး ဖြစ်သည့် "လွိုက်စ်"ကို ရပ်စောက်သို့ ပို့ထားသည်။ ယင်းဒေသသည် သူမ၏ ဇာတိပြည်နယ်လည်း ဖြစ်သည်။ ယင်းဒေသတွင် ဆေးပေးခန်းဖွင့်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ခွဲစိတ်ရမည့် လူနာများကို တောင်ကြီးထိ လိုက်ပါပို့ဆောင်ပေးသည်။

ထိုအချိန်က ရပ်စောက်ကို ဆရာဝန်ထားပေးရန် ကျွန်တော်၏ ဆေးတပ်မိုလ်မှူးကြီးက ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် အစိုးရဝန်ထမ်း မလုပ်ချင်သည့် ဆရာဝန်တစ်ယောက်ကို ရှာဖွေပြီး ကျွန်တော်က ပို့ဆောင်ပေးခဲ့ရသည်။

ငှက်ဖျားရောဂါ ဖြစ်ပွားနေသည့် စော်ဘွား၏ သမီးတော်တစ်ပါးကို ဆေးသွားကုပေးရန် ပင့်ခြင်း ခံလိုက်ရ၏။ တိုက်ဖွိုက်ရောဂါနှင့်လည်း သေလုမျောပါး ဖြစ်နေပြီး သွေးလွန်ခြင်း ဝေဒနာလည်း ခံစားနေရသည်။ ကျွန်တော့်မှာ ခရီးစဉ်ကို ဖျက်လိုက်ရ၏။ စော်ဘွား၏ အိမ်တော်ပါ ငယ်ကျွန်များထဲမှ သွေးလှူဖို့ လူကို ရှာဖွေခိုင်းထားပြီး တောင်ကြီးကို ပြန်လှည့်ခဲ့ရသည်။ ဒေါက်တာ'ဂါနေး'သာ ဆက်လက် ထွက်ခွာသွားသည်။ ကုသပြီး နာရီပိုင်း အတွင်းမှာပင် စော်ဘွားသမီးတော်မှာ ကျန်းမာစပြုလာခဲ့သည်။

***

ဗြိတိသျှဆေးအုပ်ချုပ်ရေး တပ်ဖွဲ့တွင် အမှုဆောင်အရာရှိချုပ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ ခုနစ်လခန့် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အခြားသော ပြည်နယ်များတွင် ယင်းကဲ့သို့ လုပ်ဆောင်နိုင်ခြင်း မရှိသေးပါ။ ဒေသခံဆရာဝန်များက ပူးပေါင်း ဆောင်ရွက်လိုစိတ် မရှိခြင်း မရှိသေးပါ။ ဒေသခံဆရာဝန်များက ပူးပေါင်းဆောင်ရွက်လိုစိတ် မရှိခြင်းကြောင့်လည်း ဖြစ်သည်။ အခြားဆရာဝန်များက ဒေသခံဆရာဝန်များ မကုသနိုင်သည့် ရောဂါဝေဒနာတို့ကို ကုသနိုင်ခဲ့သော် ဒေသခံဆရာဝန်များ၏ ဂုဏ်သိက္ခာ ထိခိုက်မည် စိုးသောကြောင့် ဖြစ်၏။ အမှန်မှာ စိတ်ပိုင်းဆိုင်ရာ စိုးရိမ်မှုက ပြောင်းပြန်ဖြစ်နေသည်။ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့မည်ဆိုလျှင် ဒေသခံဆရာဝန်တို့၏ ဂုဏ်သိက္ခာသည် မြင့်တက်လာမည်သာ ဖြစ်ပေသည်။

မိုးနဲစော်ဘွားကိုယ်တိုင် သေကောင်ပေါင်းလဲဖြစ်၍ ကျွန်တော်ကိုယ်တိုင် ကုသပေးပြီး ပျောက်ကင်း သွားမှသာလျှင် ဆရာဝန်များအပေါ် ယုံကြည်သက်ဝင်မှု ရှိလာကြတော့သည်။ ယင်းနောက် စော်ဘွားများ ဖျားနာနေမကောင်းဖြစ်လျှင် သူတို့၏ ဟော်နန်းတွင် သူတို့မကောင်းမချင်း ခေါ်ထားကြပေတော့သည်။

မိုးနဲစော်ဘွားသည် မကြာခဏလည်း ဖျားနာတတ်သည်။ သေရေးရှင်ရေး ဖြစ်လောက်သည့် ဝေဒနာ လေးမျိုးလောက်လည်း ရှိသည်။ ကျွန်တော်ကလည်း ဟော်နန်းထဲက စော်ဘွားဘေးမှာ ထိုင်ပြီး အချိန်မဖြုန်းချင်။ သို့ဖြစ်၍ "လူစီ"ကို ကျွန်တော့်အပါးမှာ ခေါ်ထားလိုက်သည်။ သူမသည် စော်ဘွားအနွယ်တော် ဖြစ်သည့်အတွက် အမည်ရှေ့မှာ 'စဝ်'တပ်ခွင့် ရှိသည်။

ထို့ကြောင့်လည်း စော်ဘွားကြီးက သူမ၏ ကုသစောင့်ရှောက်မှုကို ခွင့်ပြုနိုင်လောက်ပါသည်။

နောက်နှစ်နှစ်ကြာသောအခါ အမေရိကတွင် ကျွန်တော်က ဆေးဝါးကုသခြင်းဆိုင်ရာ ဟောပြော ပို့ချနေချိန်တွင် သူ ကွယ်လွန်သွားခဲ့ပါသည်။ ဆေးရုံအပေါ် ရှမ်းလူထုက ယုံကြည်ကိုးစား လာအောင် များစွာလုပ်ဆောင်ပေးခဲ့ပါသည်။ အင်မတန်တော်သည့် သူနာပြုနှစ်ယောက်ကိုလည်း မွေးထုတ်ပေး နိုင်ခဲ့သည်။ လူစီနှင့် ရှာဘီသော်တို့ ဖြစ်ကြသည်။ ရှာဘီသော်က ယခုအချိန်တွင် ဖီလာဒဲဖီးယားမှာ ရှိနေသည်။

ကျွန်တော် မိုးနဲသို့ ဆေးဝါးကုသမှုသွားတိုင်း လူတန်းရှည်ကြီးက ပြသကုသရန် စောင့်ဆိုင်း နေတတ်သည်။ အရေးကြီးလူနာခွဲစိတ်မှုကိုလည်း ခြောက်ခုမှ ရှစ်ခုထိ လုပ်ဆောင်ပေးရလေ့ ရှိ၏။ တောင်ပိုင်းရှမ်းလူထု၏ ဆေးရုံအပေါ် ယုံကြည်မှုက ဤသို့ဤနှယ် ဖြစ်သော်လည်း သီပေါက မပါဝင်ပါ။ သီပေါ်တွင် ဒေါက်တာ ‘စန်းရီ’ ရှိနေသောကြောင့် ဖြစ်သည်။ ကျောက်မဲတွင်လည်း အင်မတန် လူချစ်လူခင် များသည်။ ရှမ်းအမျိုးသား ဒေါက်တာ‘ခွန်စော’ကလည်း ရှိနေသေးသည်။ ကျွန်တော် လာပြီဆိုလျှင် ကျောက်မဲတွင် ခွဲစိတ်လူနာများကို ပူးပေါင်းဆောင်ရွက် တတ်ကြ တော့သည်။

ခွဲစိတ်မှုများအပြီး ကျောက်မဲမှ သီပေါသို့ အပြန်ညတွင် ဖြစ်သည်။ မီးရထားသံလမ်း ခုံးတံတားအောက်မှ ဖြတ်လာခိုက်ဖြစ်သည်။ ရထားသံလမ်းတံတားပေါ်မှ ကျားကြီးတစ်ကောင်က ငုတ်တုတ်ထိုင်၍ ကျွန်တော်တို့ကို ကြည့်နေသည်။ ကျွန်တော် ဝမ်းသာမိသည်မှာ ထိုအချိန်က ကျားကြီးမှာ ဆာလောင်မွတ်သိပ်ခြင်း မရှိသည်မှာ သေချာသလောက်ဖြစ်သည်။

ဒေါက်တာစန်းရီသည် ခွဲစိတ်ကုသမှုတွင်တော်သော ဆရာဝန်တစ်ယောက် ဖြစ်ပါသည်။ ကျွန်တော် ပါဝင်ကူညီရသည့် ခွဲစိတ်မှုက နည်းပါသည်။ အတွင်းတိမ်အတွက် မျက်စိခွဲစိတ်ကုသမှုကို တာဝန်ယူပြီးမှ ကျွန်တော် ငြင်းဆိုလိုက်ရသည်။ အကြောင်းမူ ကျွန်တော့်မှာ ခွဲစိတ်ဓား ကောင်းကောင်းမရှိပါ။ ရှိသည့် ဂျရပ်ဖီခွဲစိတ်ဓား နှစ်ချောင်းမှာလည်း သုံးမရတော့။ သို့သော် ဒေါက်တာစန်းရီက ဆင်းရဲပြီး သနားစရာကောင်းသည့် သူလူနာများမှာ မျက်စိပြန်မြင်ဖို့ရာ အခြားနည်းလမ်း မရှိဟု အတင်းအကြပ် တောင်းဆိုသည်။ ဘဒိတ်ဓား ကောင်းကောင်းကို အသုံးပြုဖို့ရာ အကြံပေးသည်။ မဆိုးဘူးဟု ထင်သည်။ ညှပ်နှင့် ထိန်းပြီး သုံးကြည့်သည်။ အဆင် မပြေလှ။ ဓားသွားက ပျော့ပြီးညွတ်သည်။ မျက်လုံးအိမ်ကို မဖြတ်နိုင်။ လက်လျှော့ လိုက်ရသည်။ သည်လိုနှင့် ကျွန်တော်၏ တစ်ခုတည်းသော ဂီးလက် မုတ်ဆိတ်ရိတ်ဓားကို ချိုးပြီးသုံးမှ အဆင်ပြေသွား၏။ ဤနည်းအားဖြင့် အမေရိကားမှ နောက်ထပ် ဂျရပ်ဖီခွဲစိတ်ဓားသစ် မရောက်မချင်း သုံးနေရတော့သည်။

ကျွန်တော် ဗမာပြည်လာစဉ် အမေရိကဆေးရုံမှ စွန့်ပစ်ရန် လျာထားသော

တစ်နည်းအားဖြင့် အမှိုက်ခြင်းထဲ ပစ်ထည့်ထားသော ခွဲစိတ်ခန်းသုံးပစ္စည်းများကို ကောင်းနိုးရာ ရွေးချယ်၍ ရှာဖွေယူဆောင် လာခဲ့သည်။ ဤသို့ဖြင့် အမှိုက်ခြင်း ခွဲစိတ်ဆရာဝန် (သို့) ရသည့်ပစ္စည်းမျိုးနှင့် ခွဲစိတ်တတ်သည့် ဆရာဝန်ဟု နာမည်တွင်ခဲ့ပါသည်။ ကျွန်တော့်မှာ ပင်ပန်းနွမ်းနယ်လှပါသည်။ ကျွန်တော်မသေခင် မြင်တွေ့သွားလိုသည့် ဆန္ဒမှာ နမ့်ခမ်းဆေးရုံကို ခေတ်မီခွဲစိတ်ကိရိယာများဖြင့် အမေရိကန် ခွဲစိတ်ပစ္စည်း အသစ်ချပ်ချွတ်များဖြင့် ခေတ်မီဆေးရုံကြီးအဖြစ် မြင်တွေ့သွားလိုသည်။ မျက်စိအတွင်းတိမ် ခွဲစိတ်မှုများ အတော်များများ ... ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ခွဲစိတ်ပြီးမှ အမေရိကမှ ခွဲစိတ်ခန်းသုံး ဂရပ်ဖီဓား ရောက်ရှိလာပါတော့သည်။

ဆေးဘက်ဆိုင်ရာ အရာရှိချုပ်အဖြစ် စစ်ပြီးစ အုပ်ချုပ်ရေးတွင် တာဝန် ထမ်းဆောင်ခဲ့ရ ပါသည်။ ကိုယ့်ကိုယ်ကိုယ် မပြတ်သတိပေးနေရသည်က ဒါဟာ အကောင်းဆုံး လုပ်ဆောင်ချက်သာမက ယင်းအချိန်က ဗမာပြည်အတွက် အကောင်းဆုံး နည်းလမ်းသာ ဖြစ်သည်ဆိုသော အချက်ပင်ဖြစ်သည်။ အစိုးရဝန်ထမ်းဘဝကို မနှစ်ခြိုက်သလို အုပ်ချုပ်ရေး ကြိုးနီစနစ်ကိုလည်း မကြိုက်ပါ။ ဗမာပြည်ကို ချစ်သောစိတ်နှင့်သာ လုပ်ကိုင်ဆောင်ရွက် နေရပါတော့သည်။

ကျန်းမာရေး စောင့်ရှောက်မှုအလုပ်က ရှမ်းပြည်နယ်တစ်ခုလုံးနှင့် ကရင်နီ ပြည်နယ် ပါဝင်သည်။ ကျွန်တော်၏ နမ့်ခမ်းဆေးရုံက ခရီးစဉ်တစ်ခုလုံး၏ နောက်ဆုံး အထိုင်စခန်းဖြစ်သည်။

နမ့်ခမ်းရောက်ခါနီး မိုင်အနည်းငယ်အလိုမှာ ဖြစ်သည်။ ကတ္တရာလမ်း၏ ဘယ်ဘက် အစပ်တွင် တောကြက်တစ်အုပ်ကို တွေ့ရသည်။ ဂျစ်ကားသံကြားသည့်အခါ တောထဲ ဝင်ပြေးရမည့်အစား မောင်းနေသည့်လမ်းအတိုင်း ပျံပြေးကြသည်။ ကျွန်တော်က "ငါဖမ်းပြမယ်" ဟုပြောပြီး ဘယ်လက်နှင့် ဖမ်းသည်။ အကောင်လိုက်တော့ မမီ။ လက်ထဲတွင် ကြက်မြီးများ ကျွတ်ကျန်ခဲ့သည်ကို သူနာပြုဆရာမလေး ‘အင်မလီ’ကို ပြလိုက်၍ စမ်းချောင်းတစ်ခုကို တွေ့တော့ ကားရပ်ပြီး လက်ဆေးလိုက်သည်။

အခန်း (၅)

အစိုးရဝန်ထမ်းဆရာဝန်

စဝ်ရွှေသိုက်က သီတင်းကျွတ်ပွဲတော်လာဖို့ ဖိတ်ကြားသည်။ စစ်ပြီးခေတ် အခြေအနေတွေကို ပြောဆိုဆွေးနွေးရန် အခွင့်လမ်းဖြစ်သွားသည်။ နောက်တော့ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် အောင်ပွဲရသွားသည့်အခါ ပထမဆုံး နိုင်ငံတော်သမ္မတ ဖြစ်သွားသည်။ ပွဲတော်ပထမဆုံးနေ့မှာ ဧည့်သည်တော်များကို အရောက်ဖိတ်ကြားထားသည်။ အင်းလေးကန်ထဲရှိ ရွာများမှ ဘုရားများ ပင့်ချီကြွစေပြီး လှည့်လှည်သည်။ နောက်ဆုံးနေ့တွင် နောက်နှစ်အတွက် မူလနေရာဌာနသို့ ပြန်လည် ပင့်ချီသွားကြသည်။ ကျွန်တော့်မှာ အထူးဧည့်သည်တော် ဖြစ်သည်။ နောင် သမ္မတဖြစ်လာမည့် စော်ဘွားကြီး၊ မဟာဒေဝီနှင့်အတူ ကျွန်တော်က မဟာဖောင်တော်ပေါ်မှာ ရှိနေသည်။ သက်သောင့်သက်သာနှင့် နေရာထိုင်ခင်းရသည်။ မြင်ကွင်းများကို ခံစားနိုင်သည်။ ဖောင်တော်ပေါ် ကျွန်တော်ရောက်တော့ မောင်းနှင်မည့်စက်ကို ရှာကြည့်သည်။ မတွေ့ရ။ ဘေးဝန်းကျင်ကို ကြည့်တော့မှ ရှေးရိုးအစဉ်အလာတိုင်း လှော်ခတ်သည့် လှေတော်သားများကို တွေ့ရတော့သည်။

အင်းသားများသည် ရှမ်းပြည်နယ်တွင် တစ်မူထူးခြားပါသည်။ တနင်္သာရီ ကမ်းရိုးတန်းဘက်မှ ထားဝယ်သားများနှင့် ဘာသာစကား တူကြသည်။ အများ လက်ခံယူဆထားသည်မှာ ရှေးနှစ် ရာပေါင်းများစွာက စစ်နိုင်သော ဗမာဘုရင်က ထားဝယ်ဘက်မှ အတင်းအကျပ် ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ ရှမ်းပြည်နယ် အင်းလေးဒေသတွင် နေရာချထားခြင်း ဖြစ်သည်။ အလွန် အလုပ်ကြိုးစားသော လူမျိုးဖြစ်သည်။ ရွာတိုင်းတွင် အိမ်တွင်းစက်မှု လုပ်ငန်းလေးများ ရှိကြသည်။ မနက်စောစောမှ ညည့်နက်သန်းကောင်အထိ အလုပ်ခွင်မှ ဆူညံသံများ ကြားရတတ်သည်။ ကျွမ်းကျင်နားလည်သော ရောင်းဝယ်ရေးနှင့် ကုန်သည်ကြီးများလည်း ရှိကြသည်။

စစ်အတွင်းမှာ ဂျပန်တို့ အုပ်စိုးမှုသည် ဗမာပြည်တွင် ကုန်စည်များ ရှားပါးလာမည်ကို သတိပြုမိကြသည့် အင်းသားများသည် ရန်ကုန်ကိုဆင်းပြီး ကုန်ပစ္စည်း ဝယ်ကြသည်။ တွေ့သမျှ အကုန်ဝယ်သည်။ အဝတ်ထည်များလည်း ပါသည်။ အင်းထဲကို လှည်းများဖြင့် တင်ပို့သည်။ ဂျပန်ခေတ်ပြီးခါနီးတွင် အင်းထဲသို့ လာပြီး ရှားပါးသွားသည့် ကုန်စည်များကို တစ်ဖန်လာပြီး ဝယ်ကြရတော့သည်။

အင်းသားများနှင့်ပတ်သက်ပြီး အံ့ဖွယ်များထဲမှတစ်ခုက လှေကို ခြေထောက်ဖြင့် လှော်ခြင်းပင်။ အင်းလေးကန်သည် မြင်ရသည်ထက်ပင် ပို၍

ကြီးမားလှသည်။ ကျွန်းမျောများဖြင့် ပြည့်နှက်နေသည်။ မကြာသောနှစ်များ အတွင်းကပင် ယခုထက်ပို၍ မြောက်ဘက်မှာ မိုင်နှစ်ဆယ်ခန့် ရှိခဲ့သည်။ သဲနုန်းတို့ဖြင့် ကောလာသည့်သဘော ရှိသည်။ ဗေဒါ၊ ဒိုက်သရေတို့ကလည်း နှစ်လေးငါးဆယ်အတွင်း လျင်မြန်ကြီးထွားလာသည်။ ကျွန်တော် ငယ်ငယ်က ရေဝတီမြစ်ဝ ကျွန်းပေါ်တစ်လျှောက် ခရီးသွားဖူးသည်။ မျောပါနေသည့် ဗေဒါများကို အမှတ်ရမိသည်။ ရေမျောဗေဒါပွင့်များက အင်မတန် ချစ်စရာ ကောင်းပါ၏။ နောက်တော့လည်း စိတ်အနှောက်ယှက်ဖြစ်စရာ ဖြစ်လာပါ၏။

ဤရေမျောဗေဒါများနှင့် ပတ်သက်၍ စတင်ရောက်ရှိလာပုံကို ဇာတ်လမ်းလေးတစ်ခု ရှိ၏။ နှင်းပန်းမျိုးနွယ်ဝင် ဟိုင်ယာဆင့်ပွင့်များသည် ဖြူနီပြာနှင့် ရေမျောပွင့်များ မျောပါနေသည်ကို စွဲမက်ဖွယ် တွေ့မြင်လိုက်ရသည်က အမေရိကန် ကမ္ဘာလှည့်လေဒီများ ဖြစ်ကြသည်။ သူတို့က တောင်ပင်လယ်ကျွန်းစုများပေါ်ရှိ ဤမျိုးစေ့ကို ယူလာ၍ သူတို့သွားရောက်လည်ပတ်သည့် နိုင်ငံများတွင် စိုက်ပျိုးခဲ့ကြသည်။ ဤပုံပြင်သာ မှန်ခဲ့လျှင် ဗမာ့ရေပြင်ကို အမှိုက်ကြဲခဲ့သူများမှာ သူတို့ပင်ဖြစ်ပါတော့သည်။ ဤအမှိုက်ကို မြေဩဇာဖြစ်အောင် ပြောင်းပေးနိုင်သူပေါ်လာလျှင် ကောင်းလေစွ။

ညောင်ရွှေသည် အင်းလေးကန်နှင့် ယခင်က တစ်ဆက်တည်း တည်ရှိခဲ့သော မြို့ဖြစ်သည်။ ယခုတော့ ဗေဒါဒိုက်တောများကို မိုင်နှင့်ချီဖြတ်ပြီးမှ ရောက်တော့သည်။ ကြာဖြူ၊ ကြာနီတော်များ၊ ကြာပန်းရောင်တောများ၊ ရောင်စုံဗေဒါပွင့်များကို ဖြတ်ပြီးမှ အင်းလေးကန်သို့ ရောက်တော့သည်။ ကျွန်တော်၏ ဆေးကုသရေး နယ်လှည့်ခရီးစဉ်တွင် အင်းထဲတွင် လှေသွားသုံးရသည့်အခါ ခရီးမတွင်ကျယ်ရသည်မှာ ဤဗေဒါ၊ ဒိုက်သရေကြောင့်များလည်း ပါဝင်သည်။

ယခုတစ်ခေါက် စော်ဘွားစဝ်ရွှေသိုက်၏ မဟာဖောင်တော်ကြီးသည် ဗေဒါ၊ ဒိုက်သရေ များကြောင့် ခရီးဖင့်ရခြင်း မရှိပါ။ ကြိုတင် ရှင်းလင်းထားသောကြောင့် ဖြစ်ပါသည်။

လူတိုင်းသည် ပွဲနေပွဲထိုင် ဝတ်စုံများနှင့်။ ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ စော်ဘွားကို အရိုသေဦးခိုက်ပြီးသည်နှင့် စော်ဘွားကပင် စတင်ပြီး ရင်းနှီးချစ်ကြည်စွာ နောက်ပြောင် ကျီစယ်မှုမျိုး စတင် လုပ်ဆောင်ပါတော့သည်။ ရင်းနှီးချစ်ကြည်ပွင့်လင်းသော ဟန်ပန်မျိုး ဖြစ်နေသည်ကို တွေ့မြင်ရသည်။ မြေရှင်ပဒေသရာဇ်စနစ်နှင့် ဒီမိုကရေစီကို မည်သို့ ပေါင်းစပ်ထားပါလိမ့်။ အချိန် အနည်းငယ်အတွင်းမှာ ရဟန်းသံဃာများသာရှိသည့် လှေကို ကျွန်တော်တို့ စော်ဘွားဖောင်တော်က ကျော်ဖြတ်သွား၏။ ဣန္ဒြေသိက္ခာနှင့် အပြည့်ဖူးတွေ့ရသည်။ စော်ဘွားက အရိုသေပေးသည်။

သတ်မှတ်ထားသော နေရာတွင် ပြိုင်ပွဲဝင်လှေများ အသင့်ဖြစ်နေကြ၏။ ပြိုင်ပွဲမဝင်မီ လှပစွာ ချယ်သထားသည့် လောင်းလှေများက ဖောင်တော်ကို အရိုသေပေးမှု ပြုကြ၏။ သုံးမရတော့ ဂျပန်ငွေစက္ကူများ ပလူပျံအောင် ခြယ်သဆင်ယင်ထားကြ၏။ လှေပြိုင်ရာတွင် အားကစားစိတ် အပြည့်ရှိသည်ကို တွေ့ရ၏။

ပြိုင်ပွဲစတင်ပြီ................။

အကွာဝေးမှာ ဂိုက်တစ်ရာရှိသည်။ ဖောင်တော်၏ရှေ့တွင် ပန်းဝင်စည်းကြိုးတန်းထား၏။ လှေတော်သားဦးရေမှာ အမျိုးမျိုးရှိကြ၏။ နှစ်ဆယ်ဦးပါ လှေ။ ငါးဆယ်ဦးပါ လှေ။ တစ်ရာပါ လှေအသီးသီးရှိကြ၏။ ပရိသတ်မှာ ဆူညံအော်ဟစ်နေကြ၏။

နောက်ဆုံးမှ မျှောပါလာသည်မှာ ပန်းလှေဖြစ်၏။ ဘုရားသုံးဆူ ပါ၏။ ကျွန်တော် ခပ်လှမ်းလှမ်းမှ ကြည့်ရသည်မှာ ရှေးဟောင်းဘုရား ဖြစ်ပုံရ၏။ ဗုဒ္ဓမတိုင်မီခေတ်က ဖြစ်ပုံရ၏။ ဘုရားများကျောင်းသို့ ပြန်ကြွသွားသည်နှင့် ပရိသတ်သည်လည်း အိမ်ပြန်ပြီဖြစ်သည်။

ဤခရီးစဉ်တွင် နမ့်ခမ်းရှိ ဆေးဝါးကုသရေးဆိုင်ရာ လုပ်ဆောင်ချက်များကို စဝ်ရွှေသိုက်ကို ပထမဆုံးအကြိမ် ရှင်းပြရခြင်းလည်း ဖြစ်ပါသည်။ ကျွန်တော်တို့ လေ့ကျင့်ပေးထားသည့် ရှမ်း၊ ကချင်အမျိုးသမီးများ အကြောင်းလည်း ပါဝင်သည်။ မြစ်ကြီးနားရှိ ကျောင်းကိုလည်း ပြန်လည် ဖွင့်လှစ်နိုင်ရေးပါသည်။ နမ့်ခမ်းရှိ ကျောင်းပြန်လည် ဖွင့်လှစ်ရေးလည်း ပါသည်။ နမ့်ခမ်းရှိ သူနာပြုများကို သင်တန်းကာလအတွင်း စနေ၊ တနင်္ဂနွေ ရက်ခြားတွင် ဆေးရုံတွင် လက်တွေ့ လေ့ကျင့်ပေးသည်။ အင်္ဂလိပ်စာကိုလည်း သင်ကြားပေးသည်။ ဤသည်တို့မှာ ဗမာပြည်တွင် လုံလောက်သော ဆရာဝန်များ မရှိမီ သူနာပြုသင်တန်းများမှ မည်သို့မည်ပုံ အထောက်ကူ ပြုပေးနေသည်ကို ကျွန်တော်က စော်ဘွားကို ပြည့်စုံစွာ ရှင်းပြဖြစ်သည်။ အင်မတန် စိတ်ဝင်စားပုံရ၏။ သင်တန်းတွင် လက်ခံနိုင်သည့် အမျိုးသမီး အရေတွက်ကို မေးမြန်းပြီး ရှမ်းအမျိုးသမီးများကို လွှတ်ပေးမည်ဖြစ်ကြောင်း စော်ဘွားက အားတက်သရော ပြော၏။

၁၉၄၆ ဇန်နဝါရီလထဲ ရောက်ခဲ့ပြီ ဖြစ်၏။ အရပ်သားအစိုးရ အုပ်ချုပ်ရေးအဖွဲ့သို့ အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးရန် ကြေညာချက် ထုတ်ပြန်ထားပြီးစ ဖြစ်သည်။ ထိုအချိန်က ကျွန်တော့်မှာ စစ်အုပ်ချုပ်ရေးအစိုးရ၏ ဝန်ထမ်းဖြစ်နေသည်။ တာဝန်ဝတ္တရားများ လွှဲပြောင်း ပေးပြီးသည်နှင့် ကျွန်တော့်မှာ နမ့်ခမ်းပြန်ရန် အသင့်ဖြစ်သည်။ ဆေးရုံတည်ဆောက်ရေးပိုင်းက ဦးစီးလုပ်ဆောင်ရဦးမည်။ သူနာပြုများကို သင်တန်းပေးရန်က ရှိသေးသည်။

စာသင်ကျောင်းဖွင့်ပြီး စာသင်ပေးရဦးမည်။ ကျိုင်းတုံ၊ မိုးနဲ၊ ညောင်ရွှေမြို့ဆီမှ လက်ခံထားသည့် ကျောင်းသူများ ရှိသေးသည်။ ယင်းကျောင်းသူများကို ဇန်နဝါရီ နောက်ဆုံးပတ်ထဲတွင် တောင်ကြီးတွင် စုရပ်အဖြစ် စီစဉ်ထားသည်။ နမ့်ခမ်းကိုအပြန် တစ်ပါတည်း ခေါ်သွားရန်ဖြစ်သည်။ တစ်ဖွဲ့လုံး နမ့်ခမ်းကို မထွက်ခွာမီ ကျွန်တော်က ကျိုင်းတုံကို နောက်ထပ်တစ်ခေါက် သွားသည်။

ဤတွင် ရှမ်းမပျိုလေးက ပေါက်ချလာသည်။ သူမ၏ မျက်လုံးနက်နက် တောက်ပပုံက သူမ၏ ဉာဏ်ရည်ကို မေးစရာမလိုအောင် သိသာလွန်းသည်။ သူမပြောပြသည်မှာ သူမကို စော်ဘွားက သူနာပြုသင်တန်းတက်မည့် စာရင်းတွင် ထပ်မံထည့်သွင်းထားပြီ ဖြစ်ကြောင်း၊ သို့သော် သွားလာရေး ခက်ခဲနေသည့်အတွက် တောင်ကြီးအပြန် ကျွန်တော်တို့ကားနှင့် လိုက်ပါမည့် ခရစ်ယာန်ရှမ်းမလေး နှစ်ယောက်နှင့်အတူ လိုက်ပါချင်ကြောင်း ဖြစ်သည်။ ကျွန်တော် သဘောတူလိုက်ပါ၏။ သူမ အဆင်သင့်ဖြစ်လျှင် ညနေဘက်ဆေးရုံမှာ လာစောင့်ရန် ဖြစ်၏။

ညနေခင်းမှာ ခွဲစိတ်ကုသမှုများ ပြီးသွား၏။ ဂျစ်ကားနောက်တွဲတွင် လိုက်ပါမည့်သူတို့၏ လက်ဆွဲအိတ်များတင်သည်။ အပေါ်ဆုံးမှာမှ ခွဲစိတ်ကိရိယာများနှင့် ဆေးရုံသုံးပစ္စည်းများ တင်သည်။ ရှေ့ခန်းမှာက ကျွန်တော်နှင့် သူနာပြုဆရာမနှစ်ယောက်က နေရာယူနှင့်ကြပြီ။ သင်တန်းသူသုံးယောက်ကို မည်သို့နေရာပေးရပ့်။ ဓာတ်ဆီတိုင်ကီ ပေါ်တွင်သာ ကျပ်ကျပ်သိပ်သိပ်နှင့် လိုက်ပါရတော့သည်။ လမ်းတစ်လျှောက် တောင်ကြီးထိ ယိမ်းထိုးပြီး လိုက်ပါရတော့သည်။

မနက်ခင်းရောက်တော့ တောင်းပိုင်းရှမ်းပြည်တစ်ခွင်မှ သုံးဆယ့်ငါးယောက်သော သင်တန်းသူ မိန်းကလေးများ စောင့်ကြိုနေပါတော့သည်။ စစ်သုံးထရပ်ကားနှစ်စီး ရပ်ထားသည်။ အထုပ်အပိုးများကို ပစ်တင်ကြသည်။ သင်တန်းသူအသစ်များကို ရှေ့ကားမှာ တက်စေသည်။ ကျွန်တော်နှင့် သူနာပြုများက ဂျစ်ကားနှင့် နောက်မှ လိုက်သည်။ လူမကျန်ရစ်စေရန် အတွက်လည်း ဖြစ်သည်။ သို့သော် ဖုန်အလိပ်လိုက်ကြားမှာ အသက်ရှူနေရ၏။ သုံးရက်ကြာသောအခါ နမ့်ခမ်းကို ရောက်ပါသည်။ ခဏနားနေပြီးနောက် အစည်းအဝေး ခန်းမကျယ်ကြီးထဲတစ်ခွင် လူစုစေပြီး မိန့်ခွန်းခြွေရပါတော့သည်။

"မိန်းကလေးတို့ရေ.........

ဒါဟာ အချုပ်ထောင်တော့ မဟုတ်ဘူးနော်။ သူနာပြုအဆောင်ဆိုတာ သော့ခတ်ထားတဲ့ သင်တန်းကျောင်း မဟုတ်ပါဘူး။ ဆရာတို့မှာ ဒီလိုထားချင်တဲ့ စိတ်မျိုးလည်း မရှိပါဘူး။ အဝင်အထွက် တံခါးမကြီးကို မင်းတို့ဘာသာ မင်းတို့

ပိတ်နိုင်တယ်။ ဖွင့်နိုင်တယ်။ ဒါပေမယ့် အချိန်နဲ့ ပိတ်ရမယ်။ အချိန်နဲ့ ဖွင့်ရမယ်။ အိမ်မှာ အဖေ၊ အမေနဲ့ နေသလို နေပါ။ ဆရာတို့ကလည်း မင်းတို့ကို သားသမီးလို သဘောထားတယ်။ မင်းတို့ကလည်း မိဘလို သဘောထားပါ"။

"ဒီမှာ ခရစ်ယာန်ဘာသာဝင် မိန်းကလေးတွေ ရှိသလို အများစုက ဗုဒ္ဓဘာသာဝင်တွေ ဖြစ်တယ်။ ခရစ်ယာန်သူနာပြုဆေးရုံဖြစ်လို့ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ထားထားပေးတယ်။ ကိုးကွယ်ယုံကြည်မှုကို အတင်းအကျပ် မပြုပါဘူး။ မြို့ထဲမှာရှိတဲ့ ဗုဒ္ဓဘာသာ ပွဲလမ်းသဘင်တွေကိုလည်း လွတ်လပ်စွာ သွားလာနိုင်ပါတယ်။ ခွင့်ပြုချက်တောင်းစရာ မလိုပါဘူး။ ခရစ်ယာန်ဘုရားကျောင်းကိုလည်း ဗုဒ္ဓဘာသာဝင်တွေ အချိန်မရွေး ဝင်ထွက်ခွင့် ရှိပါတယ်။ ကန့်သတ်ချက် မရှိပါဘူး"

မိန်းကလေးများက ငြိမ်သက်စွာ နားထောင်နေကြသည်။ ကောင်းကောင်း နားလည်ပုံတော့ မရကြ။

နောက်ထပ် နှစ်လခန့်ကြာသောအခါ သင်္ကြန်ပွဲတော်ကြီး ကျပါတော့သည်။ အပူဆုံးကာလဖြစ်သည်။ ရှေးယခင်က ပူလွန်းသောကြောင့် ဘုရားကို ရေသပ္ပာယ်ကြပုံရသည်။ အချင်းချင်းလည်း ရေလောင်းကြပါသည်။ ရှေးယခင်က အမွှေးနံ့သာများဖြင့် ဖျန်းသည်ထင်ပါသည်။ ခေတ်ကာလ ရွေ့လျားပြီး ကိုယ်စိတ်အကျင့်တို့ ဆုတ်ယုတ် ပျက်ယွင်းလာသည်။ ကျွန်တော်တို့ဆီက 'ဟောလိုဝင်း'ပွဲတော် ဖြစ်လာပုံမျိုးကို ပြောရမည် ထင်ပါသည်။ တစ်ဦးကိုတစ်ဦး ကြမ်းတမ်းစွာ ရေပက်ကြပြီး ပုံးလိုက် သွန်းလောင်းကြသည်ကို တွေ့မြင်ရ၏။

သင်္ကြန်အကျနေ့ကို ကျွန်တော် စိုးတထိတ်ထိတ်ဖြင့် ရင်ဆိုင်ရသည်။ ဆေးရုံဂျူတီအပြင် စာသင်စရာ ရှိနေသေးသည်မို့ ကျွန်တော် ရေမစိုချင်ပါ။ ကျွန်တော်သည် တစ်နေ့လုံးနီးပါး သတိထားပြီး နေနေသည်။ အထူးသဖြင့် သူနာပြုများရှိရာ နှစ်ထပ်ဆောင်နှင့် ဝေးဝေးနေ၏။ သင်တန်းသူများကလည်း ဣန္ဒြေသိက္ခာ အပြည့်နှင့် နေနေကြပါ၏။ ညနေပိုင်း ဆေးရုံဂျူတီပြီးချိန် ငါးနာရီထိုးပင် ဖြစ်သည်။

ထမင်းစားခန်းဆီသို့ ကျွန်တော်နှင့် ဂရေ့(ဗ်)တို့ သွားသောအခါ သူတို့ စောင့်နေကြ၏။ လမ်းတစ်ဖက်တစ်ချက်စီမှ တန်းစီပြီး စောင့်နေကြသည်။ လက်ထဲတွင် ကိုင်ထားသော ရေဖလားထဲတွင် နှင်းဆီပွင့်ဖတ်များ ပေါ်လောမျောနေ၏။

ညောင်ရွှေမှပါလာသည့် အင်းသူ သူနာပြုသင်တန်းသူလေးက အနီးရောက်သည့်အခါ လက်ချောင်းလေးများ ခွက်ထဲနှစ်ပြီး ကျွန်တော့်အပေါ်ကို ရေစက်များ ကျစေ၏။

ကျွန်တော် ဘယ်လို ဖြစ်သွားမလဲ ဆိုသည်ကို စောင့်ကြည့်နေကြ၏။ ကျွန်တော် သိလိုက်ပြီ။ သူမလက်ထဲက ရေဇလားကို ဆတ်ခနဲ ဆွဲယူပြီး သူမကို လောင်းချလိုက်၏။ နက်မှောင် ရှည်လျားသည့်ဆံပင် ရွှဲနစ်သွား၏။ ပန်းခြံထဲက ရေပိုက်ခေါင်းဆီကိုလည်း ပြေးသွားလိုက်၏။ နှစ်နာရီကြာမှ ရေကစား ကြတော့သည်။ နားရွက်တွေရော နှာခေါင်းတွေပါ ရေမွန်းသွားတော့သည်။ ကျေနပ်ပျော်ရွှင်စရာအတိ။

သူနာပြုသင်တန်းတက်နေသူ အမျိုးသမီးငယ်လေးများထဲတွင် သုံးယောက်မှာ တောင်ပိုင်း စော်ဘွားပိုင် ပလောင်ဒေသမှ ပလောင်အမျိုးသမီးငယ်များ ဖြစ်ကြသည်။ သင်တန်းကို ပထမဆုံး လာရောက် သင်ကြားသူများလည်း ဖြစ်ကြသည်။

ပထမတော့ ပလောင်လူမျိုးများ ဖြစ်သည့်အတွက် ဝမ်းသာမိ၏။ နောက်တော့ သူနာပြုအတတ်ပညာကို သင်ယူနိုင်စွမ်း ဉာဏ်ရည်နိမ့်နေသည်ကို တွေ့ရတော့ အကြီးအကျယ် စိတ်ပျက်မိတော့သည်။ သားဖွားပညာကို အတတ်နိုင်ဆုံး အစွမ်းကုန် သင်ကြားပေးပါသည်။ နေ့ရောညပါ လေ့ကျင့်ပေး၏။ နောက်ဆုံးတော့ သားဖွားဆရာမကောင်း ဖြစ်လာကြ၏။ ဤသို့ ဖြစ်ရခြင်းအပေါ် သူတို့သုံးယောက်ကို လွှတ်လိုက်သည့် တောင်ပိုင်းစော်ဘွားကိုသာ ပို၍ စိတ်ပျက်ရပါသည်။ နောက်ပိုင်းကျမှသာ စော်ဘွား၏ တမင်သက်သက် လုပ်ရပ်ကို သိရှိရပါတော့သည်။ စော်ဘွားသည် အစွဲသန်လွန်းသော ဗုဒ္ဓဘာသာဝင် ဖြစ်၏။ မည်သို့သော ခရစ်ယာန်အဖွဲ့စည်းကိုမျှ တည်ရှိလာဖို့ လိုလားသူ မဟုတ်။ ထို့ကြောင့် လူတော် လူကောင်းလေးများကို ရွေးချယ်ပေးမလွှတ်ခဲ့။ အင်မတန် ညံ့ဖျင်းနုံချာသူများကို သက်သက် ရွေးချယ် လွှတ်ခဲ့ခြင်းသာ ဖြစ်၏။ ဤသို့သော မိန်းကလေးမျိုးများကို မည်သို့ ဆက်ဆံပြုမူသည်ကို သိလိုသည်။ နေ့စဉ်နှင့်အမျှလည်း ဤမိန်းကလေးများက အစီရင်ခံနေကြရသည်။

သကြ်န်ပွဲတော်ပြီးသည့်အခါ တောင်ပိုင်းစော်ဘွား၏ မြို့တော်'နမ့်ဆမ်'သို့ ရောက်သွားခဲ့၏။ ဤစော်ဘွားကမူ တမူထူးခြားပြီး ဖော်ရွေနေ၏။ သူ့မှာ နှစ်ယောက်ထက်မကသော သူနာပြုအတတ်ပညာကို လေ့လာလိုသည့် မိန်းကလေးများ ရှိပါသည်ဟု ကျွန်တော့်ကို ပြောလာ၏။ ထက်ထက်မြက်မြက် ရှိပုံရသော သင်တန်းတက်မည့်သူ နှစ်ယောက်ကိုလည်း အပြန်မှာ ထည့်ပေးလိုက်သည်။ သင်တန်းတစ်ခုလုံးတွင် ထူးချွန်ထက်မြက်သောသူများ ဖြစ်လာကြ၏။ ဦးဆောင်သူများအဖြစ်ပင် သင်တန်းတွင် ရပ်တည်လာနိုင်ခဲ့၏။

ယခု စာရေးနေချိန်တွင် သူတို့နှစ်ဦး သင်တန်းပြီးသွားကြပြီ။ တစ်ယောက်က လားရှိုးမှာ တာဝန်ကျ၏။ နောက်တစ်ယောက်မှာ ဆရာဝန် လုံးဝမရှိသည့် ဒေသဖြစ်သည့် "ဝ"နယ်ရှိ အရိုင်းဒေသမှာ ဖြစ်သည်။ မည်သည့်ဆေးဝန်ထမ်းမျှ

မသွားချင်သည့် နေရာဖြစ်၏။ ပို့လိုက်သည့် ဆရာဝန်သည်လည်း ခြောက်လပြည့်အောင်ပင် မနေဟု ကြားသိထားသည့် ‘ဝ’ပြည်နယ် အရိုင်းဒေသ ဖြစ်၏။

ပို့လွှတ်သည့်နေရာသို့ ဤဆရာမနှစ်ယောက်လုံး သွားရောက် တာဝန်ထမ်းဆောင်ကြသည်။ သင်တန်းတက်စဉ် အစိုးရနှင့် စာချုပ် ချုပ်ဆိုထားသောကြောင့်သာ စေလိုရာစေ သွားခဲ့ကြရ သော်လည်း အမှန်မှာ တောင်ပိုင်းစော်ဘွားက ပထမဆုံး စေလွှတ်သည့် ထူးချွန်သင်တန်းသူများ ဖြစ်သောကြောင့် တောင်ပိုင်းစော်ဘွား အရပ်ဒေသတွင်း၌သာ အလုပ်ပေးခြင်းက သင့်လျော်လှပါသည်။ ‘ဝ’ဒေသ၏ မြေမျက်နှာသွင်ပြင်က မတ်စောက်သော တောင်တန်းများ ပါဝင်၏။ မတ်စောက် ကျဉ်းမြောင်းသော တောင်ပတ်လမ်းများနှင့် အထီးကျန်ဖြစ်မှုက မည်သည့်ဆေးဝန်ထမ်း အမျိုးသမီးကိုမှ ကြာရှည်မနေနိုင်စေခဲ့။

ပလောင်တောင်ပိုင်း ဒေသသို့ အနီးနားရှိ လွင်ပြင်ဒေသမြို့ဖြစ်သည့် သိန္နီနှင့် သီပေါမြို့များမှ အမျိုးသမီးကျန်းမာရေး ဝန်ထမ်းများက ‘ဝ’အရိုင်းဒေသသို့ သွားရောက်သလိုမျိုး သွားရောက်ခဲ့ကြသည်။ အခြားလူမျိုးများထက် နှိုင်းဆလျှင် ပလောင်ဒေသခံများသည် ခေတ်သစ် ဆေးပညာကို ယုံကြည်မှုနည်းသေး၏။ အခြား ဆရာဝန်များထက်စာလျှင် သူ့လူမျိုး သူနာပြု အမျိုးသမီးများက ခေတ်သစ်ဆေးပညာကို ယုံကြည်လာအောင် ပိုမိုဆောင်ရွက်လာနိုင်မည် ဖြစ်သည်။ အစိုးရနှင့် စာချုပ်သင်တန်း ပြည့်လျှင် ဤပလောင်သူနာပြု နှစ်ယောက်သည် သူ၏ ကိုယ်ပိုင်ဒေသသို့ အလျင်အမြန် ပြန်လာပါလိမ့်မည်။

အရပ်သားအစိုးရထံသို့ ဗြိတိသျှစစ်အုပ်ချုပ်ရေးက ကျန်းမာရေးဆိုင်ရာ ကိစ္စများကို အရပ်သားအစိုးရထံသို့ လွှဲပြောင်းပေးရန် ၁၉၄၆ မတ်လထိ ကြန့်ကြာနေသေး၏။ ထိုကာလတွင် ကျွန်တော်သည် နမ့်ခမ်းတွင် ပြန်နေရန် ဗျာများနေသေး၏။ ဒေါက်တာ‘ဂါနေး’မှာ ပင်လုံရှိသူ၏ ကျမ်းစာသင်ကျောင်းရှိရာ သာသနာပြုအဖွဲ့ထံ ပြန်ရန် စိတ်အားထက်သန်နေ၏။

ပင်လုံတွင် ညီလာခံကြီးတစ်ခုရှိသည်ဟု ကျွန်တော် သတင်းရထား၏။ ရှမ်းပြည်နယ်တွင်းရှိ စော်ဘွားများသာမက အခြားသော ပြည်နယ်နှင့် ပြည်မမှ ခေါင်းဆောင်များပါ ဖိတ်ကြားထားသည်။

ကျွန်တော် ခင်မင်ရင်းနှီးသည့် စော်ဘွားတစ်ဦးမှာ မိုင်းပွန်စော်ဘွား ဖြစ်သည်။ မဖွံ့ဖြိုးသည့် သူ့ဒေသအတွက် ခေတ်မီစိုက်ပျိုးနည်းပညာကို မိတ်ဆက်ပေးသူ ဖြစ်သည်။ လက်ရှိ ကျန်းမာရေး အခြေအနေနှင့် ဆေးကုသမှုလုပ်ငန်းများကို ပင်လုံညီလာခံတွင် ပြောကြားရန် ကျွန်တော့်ကို တောင်းဆိုသည်။

မိန့်ခွန်းပြောသူများမှာ လူမျိုးပေါင်းစုံ ပါဝင်သည်။ သို့သော် အဓိကလူထု

စိတ်ဝင်စားသူနှစ်ဦးမှာ ဦးနုနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဖြစ်ကြသည်။ စစ်မဖြစ်မီက ဗမာပြည်၏ နန်းရင်းဝန် ဖြစ်ခဲ့ဖူးသူ ဦးစောလည်း ပါ၏။ ကျွန်တော့်မှာ ပြောရမည့် မိန့်ခွန်းကို ပြင်ဆင်နေရသည့် အတွက် ဦးနုပြောသည်ကို နောက်ဆုံးခါနီးမှ မီလိုက်ရ၏။

ကျွန်တော်က မိန့်ခွန်းကို ဘာသာသုံးမျိုးဖြင့် ကိုယ်တိုင်ပြောပါသည်။ ဗမာ၊ ရှမ်း၊ အင်္ဂလိပ်လို ဖြစ်သည်။ တောင်သူ ဘာသာစကားဖြင့်လည်း ဘာသာပြန်ပေးပါသည်။ ရှမ်းပြည်နယ်နှင့် နယ်စပ်ဒေသတွင် ရောဂါကြီး (၅) မျိုး ဖြစ်ပွားနေကြောင်း ငှက်ဖျား၊ လည်ပင်းကြီးရောဂါ၊ ဝမ်းကိုက်၊ ဝမ်းလျှောရောဂါ၊ ကာလသားရောဂါတို့ ဖြစ်ကြောင်း...။ ဤရောဂါတို့သည်လည်း တိုးတက်လာသည့် ဆေးဝါးပညာတို့ကြောင့် မကြာမီ ပျောက်ကွယ်သွားနိုင်ကြောင်း...၊ လိုအပ်သည့် ရန်ပုံငွေကိုလည်း အစိုးရက ထောက်ပံ့နိုင်လိမ့်မည် မျှော်လင့်ကြောင်းတို့ ပါရှိသည်။ ထို့ပြင် ဗမာနိုင်ငံတွင်းရှိ လူမျိုးများ ပျင်းရိပုံကိုလည်း ထည့်သွင်း ပြောကြားလိုက်သည်။ တိုင်းပြည်၏ ကျန်းမာရေး ကောင်းမွန်မှုကလည်း တိုင်းပြည်၏ စီးပွားရေးအခြေအနေ တိုးတက်လာစေရန်နှင့် သက်ဆိုင်ကြောင်းလည်း ထည့်သွင်း ပြောကြားသည်။ ဆရာဝန်ကောင်းများ ပေါ်ထွက်လာနိုင်ရန် လူငယ်များကို ပညာရေး အဆင့်မြင့်မားအောင် ဆောင်ရွက်ပေးရန် လိုသည်။ သူနာပြုသင်တန်း ကျောင်းများလည်း လောလောဆယ် လိုအပ်သည်။ ဆရာဝန်မရှိသည့် ဒေသတို့တွင် သင်တန်းဆင်းပြီး သူနာပြုများကို ယခု အသုံးပြုနေရသည်။ နယ်လှည့် ဆရာဝန်အဖွဲ့က ယင်းသူနာပြုရှိသည့် ဆေးခန်းများကို ကြီးကြပ်ပေးနေရသည်။ ဆရာဝန်များထက်ပင် သူနာပြုများက ပိုမိုအသုံးဝင်ပြီး ဒေသခံလူထု၏ ယုံကြည်ကိုးစားမှုကို ခံနေရကြောင်းလည်း ကျွန်တော် ထောက်ပြခဲ့သည်။

လေးနှစ်မျှ စာသင်ကျောင်းများ ပိတ်ထားရသည်။ ထူးချွန်သည့် အမျိုးသမီးငယ်လေးများ စာမသင်ရ။ သူတို့အတွက် သူနာပြုသင်တန်းသည် သင့်တော်လှပါသည်။ လက်ရှိ သူနာပြုသင်တန်းကျောင်းမှ ကချင်၊ ရှမ်းပြည်နယ်မှ တပည့်သင်တန်းသူများကို မည်သို့မည်ပုံ ထိမ်းကျောင်းပေးရသည်ကို တင်ပြခဲ့ပါသေးသည်။ နောက်ဆုံး တင်ပြသည်မှာ အချိန်အခါလိုက် ဆရာဝန်များကို ခွင့်အဖြစ် ခြောက်လမှ နှစ်နှစ်ထိ ဆေးပညာကို ဆက်လက်ပြီး အဆင့်မြင့် လေ့လာနိုင်ရန် ခွဲစိတ်ပညာ သင်ကြားပေးသည်။ ဗမာပြည်တွင်းမှာဖြစ်စေ၊ အိန္ဒိယမှာ ဖြစ်စေ (သို့မဟုတ်) အနောက်နိုင်ငံများထိပင် ပို့ပေးပါသည်။

ကျွန်တော် တင်ပြသည့်မိန့်ခွန်းကို လူတိုင်း စိတ်ဝင်စားကြ၏။ ပြည်နယ် တိုးတက်ရေး အတွက် စော်ဘွားများက ပို၍ စိတ်ဝင်စားကြ၏။

အခန်း(၆)

နယ်လှည့်ခွဲစိတ် ဆရာဝန်

ပင်လုံညီလာခံတွင် မိန့်ခွန်းပြောပြီးနောက် သိပ်မကြာမီ ကျွန်တော်၏ မိတ်ဆွေဖြစ်သူ စော်ဘွားစဝ်ရွှေသိုက်က ချဉ်းကပ်ပြောဆိုလာ၏။ ရှမ်းပြည်နယ်တွင်းရှိ ဆေးရုံများကို ကြီးကြပ်အုပ်ချုပ် ပေးပါရန် စော်ဘွားအားလုံးက တညီတညွတ်တည်း တောင်းဆိုသည်ဟု ပြောပြပါသည်။ တစ်လတစ်ကြိမ် ဆေးရုံများကို လှည့်လှည်စစ်ဆေးပြီး ခွဲစိတ်မှုများကိုလည်း ယခင်ကလို ပြုလုပ်ပေးပါရန် ဖြစ်သည်။ ဆရာဝန်များကိုလည်း လိုအပ်သလို လေ့ကျင့်ပေးပါ။ သူနာပြု သင်တန်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးရန်လည်း ပါ၏။

ဗဟိုဆေးရန်ပုံငွေအဖြစ် ပြည်နယ်တွင်းရှိ အိမ်ထောင်စုများမှ တစ်အိမ်လျှင် တစ်ရူပီး ကောက်ခံပြီး ရန်ပုံငွေ ထားရှိမည်။ နမ့်ခမ်းဆေးရုံ အဆောက်အဦကိုလည်း ထိုရန်ပုံငွေထံမှ ထောက်ပံ့မည် ဖြစ်သည်။ နမ့်ခမ်းရှိ သူနာပြုသင်တန်းကျောင်းကိုလည်း ထောက်ပံ့မည်။ နယ်လှည့်ခွဲစိတ် ကုသမှုကိုလည်း စရိတ်ကျခံမည်။ ကျွန်တော့်အတွက် လစာငွေအဖြစ် ရူပီးငွေသုံးထောင်ကိုလည်း ပေးအပ်မည် ဖြစ်သည်။ လစာငွေပေးမည် ဆိုသည့် အချက်သည် နမ့်ခမ်းဆေးရုံ တိုးတက်ရေးအတွက် ကျွန်တော့်ကို ဖြားယောင်းမြှူဆွယ်ခြင်းပင်။

ကျွန်တော်တို့သည် အထက်ပါကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ဆဲ ကာလမှာပင် ယခင်က နယ်စပ်ဒေသရေးရာ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူသည် ရောက်ရှိလာသည်။ သူနာပြုသင်တန်းကို တိုးချဲ့ဖွင့်လှစ်ရန် တောင်းဆိုသည်။ အနည်းဆုံး သင်တန်းသူ တစ်ရာ့နှစ်ဆယ် ပါဝင်မည့် သင်တန်းအပတ်စဉ်မျိုး ဖြစ်သည်။

ချင်းတောင်တန်း၊ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ သံလွင်တြိဂံ နှင့် ရှမ်းပြည်နယ်တစ်ခုလုံး အပါဝင်မှ သင်တန်းသူများကို စေလွှတ်ပေးမည် ဖြစ်သည်။ နယ်ခြား ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ သင်တန်းသူများကို လစာပေးမည် ဖြစ်သည်။ ရှမ်းပြည်နယ်မှ ငွေကြေး မတတ်နိုင်သူများကိုလည်း လစဉ်ကြေး ထောက်ပံ့မည် ဖြစ်သည်။

ဤလမ်းနှစ်သွယ်မှာ ကျွန်တော့်အဖို့ ရွေးချယ်ရခက်နေ၏။ တစ်ဖက်က အစိုးရဝန်ထမ်း၊ တစ်ဖက်က ကျွန်တော့်အိပ်မက် ဖြည့်ဆည်းပေးခြင်း၊ ကျွန်တော်က လူထု၏ အစေခံ ဖြစ်ချင်၏။ အစိုးရအစေခံ မဖြစ်ချင်။

ဒေါက်တာ ဘစောတစ်လှည့်၊ ဒေါက်တာ'ဂါနေး' တစ်လှည့် ကျွန်တော်နှင့် နယ်လှည့် ခွဲစိတ်ဆရာဝန် အဖြစ် လိုက်ပါရန် အဆိုပြုလိုက်သည်။ ကျွန်တော်သည်လည်း ကြိုးနီစနစ်မှ လွတ်ကင်း၍ နမ့်ခမ်းဆေးရုံတွင် ဆက်လက် ဆောင်ရွက် နေနိုင်တော့သည်။

သိပ်မကြာမီ ကာလအတွင်း တောင်အာဖရိက လူမျိုးတစ်ဦးဖြစ်သူ ဗိုလ်မှူး'လက်ပင်း'ကို နယ်ခြားရေးရာဒေသ ဆေးဖက်ဆိုင်ရာအရာရှိချုပ်အဖြစ် အစိုးရမှ ခန့်အပ်လိုက်သည်။ စဝ်ရွှေသိုက်က ကျွန်တော့်ကို ခေါ်ပြောသည်။ စော်ဘွားများက သူ့ကို မလိုလားကြဘဲ ကျွန်တော့်ကိုသာ နှစ်သက်ကြောင်း ပြော၏။ ဆေးဖက်ဆိုင်ရာ အရာရှိချုပ်ရာထူးကို ကျွန်တော် လက်ခံလိုက်လျှင် ယခုလို အလုပ်မျိုး ကျွန်တော် မလုပ်နိုင်ဘဲ ရုံးထိုင်သည့်အလုပ်သာ လုပ်နိုင်တော့မည် ဖြစ်ကြောင်း ရှင်းပြရသည်။ ရှမ်းပြည်နယ်တွင်းရှိ ဆေးရုံများကို ကျွန်တော်က ဆက်လက် ကြီးကြပ်နိုင်ကြောင်း ရှင်းပြတော့မှ စဝ်ရွှေသိုက်က သဘောကျလက်ခံသွား၏။ "လက်ပင်း"သည်လည်း လုပ်ငန်းကျွမ်းကျင်သည့် လူတော်တစ်ယောက် ဖြစ်ကြောင်း ထည့်ပြောပြလိုက်သည်။

သိပ်မကြာမီ ကာနယ်"လက်ပင်း"သည် ကျွန်တော့်ဆီ ပေါက်ချလာ၏။ ဆေးဖက်ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုအတွက် အသေးစိတ်အစီစဉ်များပါ ပါလာ၏။ ကျွန်တော့်ကိုလည်း ထည့်သွင်း ရေးဆွဲထား၏။ ပြည်တော်သာစီမံကိန်းကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် ရေးဆွဲဖော်ပြထား၏။ စာမျက်နှာတိုင်းတွင် "ပြည်တော်သာရမည်" ဆိုသည့် အကြောင်းကို ရိုက်နှိပ်ထား၏။

ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များ ပိုကောင်းလာအောင်တော့ စမ်းသပ်ကြိုးပမ်း လုပ်ဆောင် သွားရပေလိမ့်မည်။ ကျွန်တော်တို့လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ကြသည်။ လစာစာရင်း ငါးလစာကို ကြိုတင် ရေးဆွဲ တင်သွင်းခဲ့ကြသည်။ အကြောင်းမှာ ရှမ်းပြည်၏ မိုးရာသီခရီး သွားလာရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ဖြစ်တယ်။ အချိန်မီ လစာများကို နယ်စပ်ဒေသများကို အခက်အခဲ မရှိစေရန်ဖြစ်၏။ နယ်ခြားဒေသ အုပ်ချုပ်ရေးအဖွဲ့၏ သူနာပြုများကို သင်တန်းကြေး ပံ့ပိုးပေးမည်ဟူသော ကတိစကားအရ လစဉ်ထောက်ပံ့လျက်ရှိ၏။ ၁၉၄၆ တွင် သင်တန်းသူ (၁၂၀) ရှိခဲ့ပြီး ၁၉၄၇ မတ်လတွင် (၂၆၀) ရှိခဲ့၏။ ဤအရေအတွက်သည် ဗမာတစ်ပြည်လုံးတွင် အကြီးမားဆုံး အရေအတွက် ဖြစ်သည်။

သင်တန်းသူအများစုမှာ သတင်းစကားကြားပြီး ရောက်ရှိလာကြတာ ဖြစ်သည်။ ကြိုတင်အကြောင်းကြားသူက နည်း၏။ ရှစ်ဆယ်ရာနှုန်းလောက်မှာ ဆေးပညာ သင်ကြားရေး အတွက် အဆင့်မီကြပြီး အချို့မှာ အင်မတန်တော်၏။ ဆယ်ရာနှုန်းလောက်သာ သူနာပြု ပညာသင်ကြားရာတွင် အခက်အခဲရှိသည်ကို

တွေ့ရ၏။ အချို့ဆိုလျှင် သားဖွားပညာကိုပင် သင်ယူနိုင်စွမ်းမရှိ။

ကျွန်တော်တို့၏ သင်တန်းကျောင်းအုပ်ကြီး "မစ္စတာစိန်လှသာ"သည် အင်မတန် စိတ်အား ထက်သန်ပြီး နိုင်ငံချစ်စိတ်ရှိသူ ဖြစ်သည်။ သင်တန်းသူ သူနာပြုများအတွက် နွေရာသီအားလပ် အနားယူရက်ကိုပင် စွန့်လွှတ်သူဖြစ်သည်။

ကျန်းမာရေးအရာရှိချုပ် "ကာနယ်လက်ပင်း"သည် ချင်းပြည်နယ်၏ ကျန်းမာရေး လိုအပ်ချက်ကို ကြည့်ပြီး အကြီးအကျယ် စိတ်မကောင်း ဖြစ်နေသူ ဖြစ်သည်။ သူသည် သင်တန်းတက်ရန် အသက်မပြည့်သေးသည့် မိန်းကလေးများကိုပင် အပင်ပန်းခံပြီး ခေါ်လာကာ ကျွန်တော်တို့ဆီတွင် အကြိုအပ်နှံထားသည်။ ကလေးထိန်းကျောင်းနှင့်ပင် တူနေသေးတော့........။ ဤကလေးများကို သူ၏ စကေရှင်ဝက်ဂွန်ကားလေးနှင့် အမိုးအုပ်၍ ခေါ်လာသည်ကို တွေ့ရတော့ ကျွန်တော် အံ့သြမိ၏။ လေဝင်လေထွက် ကောင်းကောင်းရမှန်း သိရ၍ တော်သေး၏။

သင်တန်းတွင် ခက်ခက်ခဲခဲ သင်ယူရသည့် ဆယ်ရာနှုန်းသော အဆင့်နိမ့် ဉာဏ်ရည် အုပ်စုထဲတွင် ပါဝင်သော သူနာပြုသင်တန်းသူများကို ခေါ်ယူလာပုံ သိရသည့်အခါ ကျွန်တော့်မှာ ခေါင်းနပန်း ကြီးသွားရသည်။

ဤသင်တန်းကို လွှတ်ပေးရန် သူတို့၏ မိဘများကို လာဘ်ထိုးခဲ့ရသေး၏။ မိန်းကလေးများကို ဝတ်စုံခြောက်စုံစီ ပေးခဲ့ရ၏။ ထိုခေတ်ထိုအခါက အဝတ်အစား အင်မတန် ရှားပါးနေချိန် ဖြစ်သည်။ သူတို့၏ မိဘများကိုလည်း ရှူပီးငွေ နှစ်ရာစီ ပေးခဲ့ရ၏။ သူခေါ်လာသည့် ချင်းပြည်နယ်မှ ဆယ်ယောက်ထဲမှ နှစ်ယောက်မှာ သင်တန်းတွင် အင်မတန် ထူးချွန်ပါသည်။

ဤသို့ စာသင်ကြားရေး အထူးသဖြင့် သူနာပြုသင်တန်းတွင် သင်ကြားရေး ခက်ခဲသည့် နောက်ဆုံး ဆယ်ရာခိုင်နှုန်းအုပ်စုက ရှိသေး၏။ ထိုအထဲတွင် ဂျပန်ခေတ်က လိင်ကျွန်ဖြစ်ခဲ့ရဖူးသည့် အမျိုးသမီးငယ်အချို့ ပါ၏။ တစ်ယောက်မှာ ဖခင်ကိုယ်တိုင်က တစ်လကို ရှူပီးငွေတစ်ရာနှင့် ရောင်းစားခြင်း ခံခဲ့ရ၏။

အခြားတစ်ယောက် စိတ်ဝေဒနာ လက္ခဏာ တစ်မျိုးဖြစ်သည့် အတိုအထွာလေးမှအစ မခိုးရ မနေနိုင်သူ ဖြစ်၏။ ယင်းတို့က မိဘပတ်ဝန်းကျင်က မလိုလားသည့်အတွက် ဤသင်တန်းသို့ ထည့်ပေးခြင်းခံရသူတို့ ဖြစ်ကြသည်။

ကျွန်တော်တို့၏ သင်တန်းကျောင်းသည် အင်မတန် လွတ်လပ်ပါ၏။ အချိန်မရွေး ဧည့်သည် ဝင်ထွက်ခွင့်ရှိ၏။ အဝင်အထွက် ပေးစာပြန်စာ စသည်တို့ကိုလည်း စစ်ဆေးခြင်း၊ တားမြစ်ခြင်း မရှိပါ။ တောင်ပိုင်းစော်ဘွားက စောင့်ကြည့်ပြီး ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ သတင်းယူနေခြင်းကိုလည်း လိုက်လှဲစွာ

စောင့်ကြည့်ခွင့် ပေးထားပါသည်။ သို့သော် စည်းမျဉ်း စည်းကမ်းများကို ထားရှိပါ၏။ အခဆောင်သူ အချင်းချင်း လူမျိုးခွဲခြား ဆက်ဆံခြင်းမျိုး၊ ဆေးရုံဆောင်စည်းကမ်းများနှင့် စာသင်ခန်း မတက်ခြင်းမျိုး မရှိရန် စည်းကမ်းထုတ်ပြန်ထားရှိပါသည်။

ကရင်၊ ကချင်နှင့် ချင်းလူမျိုးတို့တွင် ဒေသမတူသည့်အခါ စကားမတူသည် များရှိ၏။ ယင်းသို့သော လူမျိုးစုများကို စုပေါင်းကြည့်သည့်အခါ ကျွန်တော်တို့ သင်တန်းတွင် နှစ်ဆယ်ရှစ်မျိုး ရှိပါသည်။

လူမျိုးအချင်းချင်း ပြဿနာများ ရှိမည်ဆိုသည်ကိုလည်း ကြိုတင်သိရှိခဲ့ခြင်းမျိုး ရှိခဲ့သည်။ ထို့ကြောင့်လည်း သင်တန်းတွင် မဲပေးသည့်စနစ်ဖြင့် လူမျိုးစုံသင်တန်းသူများထဲမှ ရွေးချယ်ပြီး ကော်မတီဖွဲ့ပေးထားသည်။ အကြံဉာဏ်ပေးနိုင်ပြီး မလိုလားအပ်သည့် ပြဿနာများကို ရှောင်ရှားရန် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ အတွက်လည်း ဘာသာရေးကော်မတီကို ဖွဲ့ပေးထား၏။

ဤသို့ ကော်မတီနှစ်ရပ် ဖွဲ့ထားသည့်အတွက် ကိုယ်ကျင့်တရား ဆိုင်ရာများကို အောင်မြင်စွာ ထိမ်းထားနိုင်ခဲ့သည်။ သင်တန်းသူတစ်ယောက်သည် သူနာပြုတစ်ယောက်၏ ကိုယ်ကျင့်ဝတ်နှင့် အမူရာတို့နှင့် မကိုက်ညီလျှင် ဝိုင်းဝန်း ထိန်းသိမ်းပေးနိုင်ကြ၏။ စည်းမျဉ်း၊ စည်းကမ်း၊ ကိုယ်ကျင့်သိက္ခာတို့ ဖောက်ပျက်၍ သင်တန်းမှ ထုတ်ပယ်မည်ဆိုလျှင် ဤကော်မတီနှစ်ရပ်၏ ဆုံးဖြတ်ချက်ပါ ပါဝင်စေသည်။ ဤသို့ဖြင့် သူနာပြုသင်တန်းဆင်း နာ့(စ်)မများသည် ဒီမိုကရေစီ အပြုအမူများ ထွန်းကားလာပါတော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း ပုဂ္ဂိုလ်ရေးရာ တစ်ဦးချင်း အကြံဉာဏ်များကို တောင်းယူပြီး ဆုံးဖြတ်ချက်ချကာ မိမိကိုယ်မိမိ တာဝန်ယူမှုများနှင့် လုပ်ကိုင်ဆောင်ရွက်လာပါသည်။ ဤအခြေအနေနှစ်ကာလများသည် ၁၉၄၈ အစောပိုင်းကာလထိ ကောင်းမွန်စွာ ရှင်သန်ခဲ့ပါသည်။

ကျွန်တော်တို့၏ နယ်လှည့်ခွဲစိတ်ကုသရေးအဖွဲ့သည် အစဦးတွင် အောင်မြင်ခဲ့ပါသည်။ စစ်အတွင်းက တာဝန်ထမ်းဆောင်ခဲ့သော အမျိုးသမီး သူနာပြုများကို အဖွဲ့ ခွဲလိုက်သည်။ ပြီးနောက် ဆရာဝန်မရှိသည့် ရှမ်းပြည်နယ်ရှိ ဆေးရုံများတွင် နေရာချထားလိုက်သည်။ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်တို့တွင် ဖြစ်သည်။ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးပေါ်လစီအရ ဖြစ်လာရခြင်းဖြစ်၏။ ပုံမှန်တော့ မဟုတ်ပေ။ မြောက်ပိုင်းသည် ပြည်နယ်ငါးခု ပါဝင်၏။ အဆင်းရဲဆုံးမှာ တောင်ပိုင်း စော်ဘွား ဖြစ်သည်။

စစ်မဖြစ်မီကာလများကပင် စော်ဘွားများသည် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့သည်။ အစိုးရ၏ ဆေးဖက်ဆိုင်ရာ ဝန်ထမ်းများနှင့် ဆရာဝန်များကို ရရှိခဲ့ကြပြီး

ဖြစ်သည်။ ဂျပန်ခေတ်ပြီးစ တွင်လည်း အရပ်သားအစိုးရသည် စစ်မဖြစ်မီ ကာလက ထားရှိခဲ့သည့်မူအတိုင်း ဆရာဝန်များကို နေရာချထားလိုကြ၏။ ဤသို့ဖြင့် မြောက်ပိုင်းပြည်နယ်များသည် ဆရာဝန်များရှိသည့် ဆေးရုံများ ဖြစ်လာကြသည်။

ကျွန်တော်တို့ဆေးအဖွဲ့နှင့် ပတ်သက်၍ ရှမ်းပြည်နယ်မှာ စစ်အတွင်း သူနာပြုများနှင့်ပင် လုံလောက်မှု ရှိပါ၏။ ဥပမာပြရလျှင် ညောင်ရွှေဖြစ်သည်။ စော်ဘွားက မူလဆရာဝန်အစား ပန်ချာပီဆရာဝန်'ဂီး'ကို အစားထိုးသည်။ ဒေါက်တာဂီးသည် ထူးချွန်သော ဆရာဝန်ဖြစ်သည်။ ဗမာပြည်တဝှမ်းတွင် ထူးချွန်စွာ အမှုထမ်းခဲ့သူ ဖြစ်သည်။ ညောင်ရွှေလိုနေရာမျိုးနှင့်လည်း ထိုက်တန်သူ ဖြစ်သည်။ သူ့လက်အောက်တွင် နမ့်ခမ်းသင်တန်းဆင်း သူနာပြုနှစ်ယောက်ရှိသည်။

တောင်ကြီး၊ လွိုင်လင်၊ ကွတ်ခိုင်နှင့် လားရှိုးတို့တွင် အရပ်ဖက်ဆိုင်ရာ (သို့မဟုတ်) စစ်ဖက်ဆိုင်ရာ ဆရာဝန်ရာထူးများရှိသည်။ ထိုဆေးရုံများကို အစိုးရက တိုက်ရိုက်အုပ်ချုပ်လျက် ရှိသည်။ ဤသို့သော ဆေးရုံများကို ကျွန်တော် တာဝန်ယူမည့် စာရင်းတွင် ဖယ်ထုတ်ထားသည်။ ကွတ်ခိုင်နှင့် လားရှိုးသည် ကျွန်တော့်အဖို့ ကိစ္စမရှိ။ အရေးကြီးသည့် ခွဲစိတ်မှုမျိုးဆိုလျှင် ကျွန်တော်ရှိရာ နမ့်ခမ်းသို့ ရောက်လာကြ၏။ လွိုင်လင်ဆိုလျှင်လည်း ပင်လုံမှာ ဒေါက်တာ'ဂါနေး' ရှိသည်။ ကလောဆေးရုံမှ တစ်ခါတစ်ရံ ကျွန်တော်ရှိရာ အောင်ပန်းသို့ လာတတ်၏။ တောင်ကြီးနှင့် အင်းလေးဒေသသည် ညောင်ရွှေဆေးရုံသို့ သွားကြသည်။

ဒေါက်တာ'ဂါနေး'သည် ဆေးရုံပြန်လည် တည်ဆောက်ခြင်းကို အလျင်အမြန် ဆောင်ရွက်သည်။ ပင်လုံရှိ အင်္ဂလိပ်ဘာသာရေး အလုပ်ကိုလည်း လုပ်ပေး၏။ ညောင်ရွှေဆေးရုံကိုလည်း ကျွန်တော်နှင့် တလှည့်စီ လိုက်ပါဆောင်ရွက်သည်။ ပထမဆုံးအကြိမ် ညောင်ရွှေဆေးရုံကို ဆေးကုသွားစဉ် များပြားလှသော ဝေဒနာရှင်များနှင့် ကြုံတွေ့ရသည်။ ထိုလူနာများသည် ဆရာဝန်ကြီးများအဖြစ် ရှိနေသည့် ဒေါက်တာ'ဂေါ့ဘွာမိ'နှင့် 'ဂိုး'တို့ကို ပြသရမည့် လူနာရှင်နှင့် ဆရာဝန်တိုင်ပင်ခြင်း ပြုရမည့်၊ ခန္ဓာဗေဒဆိုင်ရာ အသေအချာ စစ်ဆေးရမည့်လူနာများ ဖြစ်နေကြသည်။ ကျွန်တော် မှတ်မိသမျှဆိုလျှင် နေ့စဉ်အောက်ထစ် မနည်း ခွဲစိတ်ကုသမှု ပြုခဲ့ရသည် ချည်းဖြစ်သည်။ အများစုမှာ ကြီးမားသော ခွဲစိတ်မှုမျိုး များသည်။ နှစ်ကြိမ်သုံးကြိမ်မျှ ဆေးရုံကုသမှုမျိုး လုပ်ပြီးနောက် "ဒေါက်တာဂီး" ဆီ ပို့တော့သည်။

"ဆရာရေ ဒီမှာ အကြိမ်တိုင်း အမြဲလို လူနာတွေ ပုံပြီး များနေရတာလဲ။ ကျွန်တော်တော့ အံ့သြတယ်"

"ဒါက ရှင်းပါတယ်လေ။ ခင်ဗျားလာမယ်ဆိုတာ စော်ဘွားစဝ်ရွှေသိုက်က သိတာနဲ့ တစ်မြို့လုံးကို မောင်းထုတယ်။ ဈေးမှာလည်း ကြော်ငြာတယ်။

အမေရိကန်ဆရာဝန်ကြီး မနက်ဖြန်လာမယ် ဆိုတာကိုလေ။ အဲဒီတော့ ဘယ်မများဘဲ ရှိပါ့မလဲ"

***

ဗြိတိသျှစစ်အုပ်ချုပ်ရေးကာလတွင် ကျွန်တော် တာဝန်ထမ်းဆောင်စဉ် ကာလက ဖြစ်သည်။ ဗမာဆရာဝန် 'ဘဝင်း'နှင့် ပူးတွဲတာဝန် ထမ်းဆောင်ရ၏။ သူသည် စစ်မဖြစ်မီက ရန်ကုန် ဆေးတက္ကသိုလ်တွင် ခန္ဓာဗေဒဆိုင်ရာ ကထိက တစ်ယောက်ဖြစ်၏။ ခုနစ်နှစ်ကြာ စာသင်ပေးခဲ့သူ ဖြစ်၏။ ကျွန်တော်နှင့်တွေ့သည့် အချိန်မှာ သူက ဆေးပညာကိုပင် မေ့တေ့တေ့ ဖြစ်နေပြီ။ အင်းလေးကန်တောင်ဘက်ပိုင်းရှိ နမ့်ပန်ဈေးမြို့လေးကို စစ်ဘေးစစ်ဒဏ်မှ ခိုလှုံလာနေသူဖြစ်၏။ စိတ်စေတနာ ထက်သန်သူ ဖြစ်သည့်အတွက် အရပ်သားအစိုးရ စတင်သည်နှင့် သူက တာဝန် ပြန်လည် ထမ်းဆောင်လိုခြင်း ဖြစ်၏။ သူသည် မေ့လျော့စပြုနေသည့် ခွဲစိတ်ပညာနှင့် ဆေးပညာကို ပြန်လည် လေ့ကျင့်ရန် စော်ဘွားထံ ခွင့်ပန်၏။ ပြီးနောက် နမ့်ခမ်းသို့ လိုက်လာခဲ့သည်။ တစ်နှစ်ကြာမျှ နမ့်ခမ်း ဆေးရုံတွင် ပြန်လည်လေ့လာ သင်ကြားခဲ့သည်။ သူ၏ ထူးချွန်ထက်မြက်သော ခန္ဓာဗေဒ ဆိုင်ရာအသိနှင့် ခွဲစိတ်ပညာကို အမေရိကန်ဆရာဝန်များကဲ့သို့ ကျွမ်းကျင်တတ်မြောက်ခဲ့သည်။

စစ်အတွင်းက ကျွန်တော်တို့ ခွဲစိတ်ဆရာဝန်အဖွဲ့နှင့်အတူ ပါဝင်သော ကချင်ဆရာမလေး "မဘောက်လေး" ကို သူ့မြို့ရှိရာ နမ့်ပန်သို့ ခိုးယူထွက်ပြေးသွားခဲ့သည်။ သွပ်မိုးနှင့် ဆေးရုံလေးသည် သူတို့မြို့ ဈေးနားမှာ ရှင်သန်လျက်ရှိပါသည်။ ကျွန်တော် တစ်ခေါက် ရောက်ခဲ့သေး၏။ ခွဲစိတ်လူနာများနှင့် အလုပ်များနေသည့် ဆေးရုံတစ်ရုံ ဖြစ်နေပါပြီ။

ညောင်ရွှေဆေးရုံသည် အခြားသော ပြည်နယ်ဆေးရုံများထက် ကျွန်တော်တို့၏ ခွဲစိတ် ကုသပေးမှုကို ပိုမိုရရှိခဲ့ပါသည်။ အခြားသော ဆေးရုံများထက်လည်း ပင်ပန်းနွမ်းနယ်ရပါ၏။ ကျိုင်းတုံဆေးရုံတစ်ခုသာ ဝေးလွန်းပြီး လမ်းပန်း ဆက်သွယ်ရေးကြောင့် အရောက်နည်းခဲ့ရ၏။

ညောင်ရွှေဆေးရုံသို့ ရောက်လျှင် အခြားဒေသနေရာများရှိ လူနာများကို အကြောင်း ကြားနိုင်ကြောင်း 'ဒေါက်တာဂီး'ကို ကျွန်တော်က သတင်းပို့လိုက်သည်။ ပြီးလျှင် ဆေးဝါးကိရိယာ အစုံလင်နှင့် စက်လှေနှင့် နမ့်ပန်သို့ ထွက်ခွာလာခဲ့သည်။ နမ့်ပန်ငှက်ပျောသီးသည် မွေးပုံ၍ အရသာ အင်မတန်ရှိ၏။ သူနာပြုဆရာမလေး 'ဘောက်'နှင့် ဒေါက်တာဘဝင်းက ကျွန်တော် ငှက်ပျောသီး ကြိုက်တတ်သည်ကို သိ၏။

နမ့်ပန်ရှိ လူနာများသည် ရှာနီးချုပ်စပ်မှ ဖြစ်ကြပြီး ညောင်ရွှေတွင်

လာကြသည့် လူနာများကဲ့သို့ပင် အချို့မှာ အဝေးမှဖြစ်ကြပြီး မိတ္ထီလာ၊ မြင်းခြံမှပင် လာရောက်ပြသသူများ ရှိကြ၏။ ခွဲစိတ်ရမည့်လူနာများ ဖြစ်တတ်ကြသည်။ နမ့်ပန်ရောက်သည်နှင့် ခွဲစိတ်ရမည့်လူနာက ရှိနေတတ်သည်။ တစ်ခါက်ကဆိုလျှင် ညဆယ်နာရီမှာ ရောက်ရောက်ချင်း ခွဲစိတ်ရတော့၏။ မနက် နှစ်နာရီထိ ရောက်သွား၏။ ခြောက်နာရီထိ အိပ်ပြီး တစ်ဖန် ပြန်လည် ခွဲစိတ်ကုသရပြန်၏။ ခွဲစိတ်စဉ် ခြင်ကလည်း ကိုက်လှ၏။ ခွဲစိတ်ခန်းတွင် ကပ်ထားသည့် စက္ကူဖြူများမှာ ခြင်များ သီးနေသည်ကို တွေ့ရ၏။

ဒေါက်တာဘဝင်းကို ဖနီးမောင်နှံမှာ ခြေတံရှည်ဝါးအိမ် ဖြစ်သည်။ ရေထဲတွင် အိမ်တိုင်များက ငါးပေခန့်ထိ အနက်ရှိ၏။ အိမ်သာ စွန့်ပစ်ပစ္စည်းများကို ငါးများက တာဝန်ယူ ဖြေရှင်းသည်။ ကျွန်တော်က ဇီဇာကြောင်တတ်၏။ ထို့ကြောင့် နမ့်ပန်ရောက်လျှင် ငါးဟင်းလည်း မစားတော့။

ဒေါက်တာဘဝင်းတို့ အိမ်က ကျွန်းမျောပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ငှက်ပျောပင်များ စိုက်ထားသည်။ ကြက်များလည်း မွေးထားသည်။ ဝက်တစ်ကောင်လည်း မွေးထား၏။ ခွေးကလေးများပင် မွေးထားသေး၏။

သူတို့ဆေးကုသထွက်လျှင် လှေဖြင့်ပင် သွားသည်။ သွားလိုသည့်အိမ်ကို တွေ့လျှင် လှေကို ကြိုးချည်ထားလိုက်သည်။ ဆေးဝါးကုသပြီးလျှင် ဤလှေဖြင့်ပင် ပြန်လာပြီး အိမ်တိုင်တွင် ကြိုးချည်ထားလိုက်၏။

ဆေးရုံတိုင်းကို သင်တန်းဆင်းပြီး သူနာပြုများနှင့် သားဖွားဆရာမများကို မထားရှိနိုင်ပေ။ စီနီယာ၊ ဂျူနီယာ သူနာပြုများကို နှစ်လတစ်ကြိမ် တစ်လှည့်စီ ပြောင်းရွှေ့ချထားပေးရ၏။ လစဉ် နယ်လှည့် ခရီးစဉ်ကို သူနာပြုတစ်ဦးတည်း ဖြစ်အောင် အချိန်စာရင်းနှင့် လိုက်ပါမည့် သူ့ဇယားကို ဆွဲကြရသည်။ သို့မှသာ ပြီးခဲ့သည့်လက ကုသပေးသည့်လူနာကို သူနာပြုက ထပ်မံကုသ ညွှန်ကြားနိုင်မည် ဖြစ်၏။ ဤသို့အားဖြင့် ကုသမှုသည် ပြတ်တောက်ခြင်း မရှိတော့ပေ။

သင်တန်းတက်ပုံသည် သူနာပြုများကို လက်တွေ့ကုသမှုတွင် ခေါ်ဆောင်သွားရသည်မှာ မဟာစီမံချက်ကြီးတစ်ခုလို ဖြစ်နေသည်။ နှစ်လတာမျှ လက်တွေ့ ကုသမှုပေးရ၏။ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာသည်။ တာဝန်ဝတ္တရားများကို နားလည်လာသည်။ လူနာနှင့် ဆက်ဆံရေးနှင့် စည်းမျဉ်းစည်းကမ်းတို့ကို ကျွမ်းကျင်လာသည်။ ဒေသန္တရဗဟုသုတနှင့်မတူသော လူမျိုးများ၏ စိတ်ဓာတ်ကို သိရှိလာရသည်။ အများအားဖြင့် ရွေးချယ်သည်မှာ သွားမည့်ဒေသ၏ ဘာသာစကားကို ပြောဆိုနိုင်မှုအပေါ် မူတည်ပြီး ရွေးချယ်၏။

လူမျိုးစုချင်း ဖလှယ်မှုဖြစ်စေရန်လည်း စီစဉ်၏။ ကချင်နှင့် ကရင်လူမျိုးများကို ရှမ်းဒေသဆီ သွားသည့်အခါ ခေါ်သွား၏။ ကရင်နှင့်ရှမ်းကို

ကချင်ဒေသဆီ ခေါ်သွား၏။ အချို့ဆိုလျှင် စာသင်ချိန်ပြီးလျှင် ဘာသာစကားကို သင်ယူနေတတ်သည်။ ဘာသာစကားမျိုးစုံကို သင်ယူရန် နမ့်ခမ်းဒေသသည် အခက်အခဲမရှိပေ။ တိုင်းရင်းသား အများစုပြောသည့် ဘာသာစကားအားလုံးနီးပါး နမ့်ခမ်းတွင် ပြောဆိုနိုင်သည့် လူမျိုးများ ရှိနေတတ်ကြ၏။

လွိုင်ကော်လမ်းပေါ်ရှိ "ဆမ်ခ"တွင် သူနာပြုများကို ကျွန်တော်တို့ နေရာချထားပြီးသည်နှင့် ကိုယ်တိုင်သွားကြည့်ကြသည်။ "နမ့်ပန်'မှ ယူလာသည့် မော်တော်ဘုတ်လေးဖြင့် ဘီလူးချောင်းထဲတွင် လျှောက်သွားကြ၏။ ဘီလူးချောင်းသည် အင်မတန် စိတ်ဝင်စားဖွယ်ရာကောင်း၏။ အင်းလေးကန်မှ မြစ်ဖျားခံသည်။ လွိုင်ကော်မြို့၏ တောင်ဘက်မိုင်အနည်းငယ်ကွာမှ လှပစွာ ဖြတ်သန်းစီးဆင်းသည်။ ထို့နောက် ချောင်းသည် ပျောက်သွား၏။ ဘီလူးချောင်းရွာများကို နှစ်ကြိမ်ကြုံရသည်မှာ ကျွန်တော်တို့ ဖြတ်သွားပြီးနောက် ဓားပြ(ဒါးပြ)တိုက်၏။ မဖြတ်မီလည်း တိုက်၏။ ဤအဖြစ်မျိုးကို ကားဖြင့် ဆေးကုသွားစဉ်ကလည်း ဓားပြတိုက်(ဒမြ) သည်မျိုး ကြုံရ၏။ သို့သော် အခြားလူများကားများကိုသာ တိုက်၏။ ဆေးရုံကားကို ချန်ထားခြင်းမျိုး ကြုံရ၏။

ညောင်ရွှေမှ အင်းလေးကန်အဝင်ကဲ့သို့ ဘီလူးချောင်းအဝင်ဝသည်လည်း ဗေဒါဒိုက်သရော များဖြင့် ပိတ်ကာဆီးလျက်ရှိ၏။ စမ်းချောင်းမှနေ၍ ဘီလူးချောင်းဆီသို့ မော်တော်ဘုတ်မောင်းသူက လမ်းကြောင်းကို အကြိမ်ကြိမ်ရှာရ၏။ လမ်းကြောင်းတစ်လျှောက်တွင် ရိတ်သိမ်းပြီး စပါးများကို တံပိုးလှို့ပြီး အင်းသားများ အခြောက်လှမ်းထားသည်ကို မြင်တွေ့ခဲ့ကြ၏။ သို့သော် စပါးချွေတာ၊ စပါးလှေ့တာမျိုးကို ကိုယ်တိုင်ကိုယ်ကျ မမြင်ဘူးသေးပေ။ ပြန့်ပြန့်ပြူးပြူး စီးဆင်းနေသည့် ဘီလူးချောင်းဘေးမှ မြက်ခင်းပြင်ကြီးသည် အိုဟိုင်းအိုးဒေသရှိ ကျွန်တော့်ဇာတိကို အိမ်လွမ်းစိတ် ဖြစ်ပေါ်စေ၏။ ကမ်းစပ်သစ်ပင်များတွင် စာဗူးတောင်းသိုက်များ တွဲလဲကျနေသည်ကို မြင်တွေ့ရ၏။ ငှက်သိုက်ထဲတွင် မိခင်စာကလေးနှင့် ငှက်ဥများ ရှိနေနိုင်သည်။ ရွာစဉ်တစ်လျှောက် တွေ့မြင်နေရ သည်က ကြီးမားခန့်ညားသည့် ဗုဒ္ဓဘာသာဝင် ဘုန်းကြီးကျောင်းများပင် ဖြစ်သည်။

မြစ်စပ်ကို ကမ်းကပ်သည်နှင့် လူမနီးသည့် မြစ်ကမ်းပါးမှ မိုင်ဝက်ခန့် လမ်းလျှောက်ရ၏။ လမ်းက မှားသေး၏။ လမ်းပြခေါ်ရပြန်သည်။ ပြီး 'ဆမ်ခ' သို့ ရောက်၏။

တစ်ခါကဆိုလျှင် လည်ပင်းကြီးရောဂါ ခွဲစိတ်မှုကို ကြမ်းပြင်ပေါ်မှာပင် ပြုလုပ်ကြရသည်။ စားပွဲမရှိ၊ ခုံများမရှိ။ စော်ဘွား၏ တူမတစ်ယောက် နားဖောက်ရန် လာပါသည်။ စိန်နားကပ်ပန်ရန် ဖြစ်၏။

ခွဲစိတ်ကုသမှုများ ပြီးသည်နှင့် ကျွန်တော်တို့ ပြန်ရန်ပြင်သည်။ စီနီယာ ရှမ်းသူနာပြုမ တစ်ဦးမှာ 'ဆမ်ခ'သည် သူ့အိမ်လိုဖြစ်နေသည်။ မြစ်ကမ်းစပ်ကို ကျွန်တော်တို့ကို လိုက်ပို့သည့် အတွက် ဘာဒုက္ခမှမဖြစ်။

နောက်တစ်ယောက် ကျန်နေရစ်နေသူမှာ ငယ်ရွယ်သေးသော "ပဂ္ဂီ" ဆိုသည့် သူနာပြုမလေး ဖြစ်သည်။ ကျွန်တော်တို့ လက်ပေါ်တွင် ကြီးပြင်းခဲ့သည်။ ယခင်က တစ်ခါမျှ တစိမ်းတရံကြားမှာ မထားခဲ့ဖူးပေ။ ကျန်ရစ်ခဲ့ရပြီဆိုသည့် အတွေးက သူမကို ကြေကွဲစေပါလိမ့်မည်။ မြစ်ဆိပ်ကို ရှေ့ဆုံးမှ သွားနှင့်သည်။ ပစ္စည်းပုံများကြားတွင် ခပ်ဖယ်ဖယ် နေနေလိုက်သည်။ အခြားသော အဖော်သူနာပြုများကို မြင်သည့်အခါ တိုးထွက်လာ၏။ ကျွန်တော့်လက်ကို ဆုပ်ကိုင်သည်။

ပြီးတော့ မတ်တတ်ရပ်ရင်း အားယူပြုံးသည်။ လေ့ကိုလည်း ဆွဲထားလိုက်သေး၏။ အခြား သူနာပြုများက ရယ်မောလှောင်ပြောင်ကြ၏။ ဤမြင်ကွင်းကို ကျွန်တော် ပြန်စဉ်းစား မြင်ယောင်ကြည့်တိုင်း ဆွတ်ပျံ့ဖွယ်အောင် ခံစားရသည်။

ကျွန်တော်တို့ နေရာချထားပေးသည့် အထဲမှ အင်မတန် နှစ်လိုဖွယ်ရာ သဘောကောင်းသည့် ကရင်မလေး 'စတယ်လာ'အကြောင်းလည်း ဤအချိန်တွင် ပြောရပေလိမ့်ဦးမည်။ ဆေးရုံငယ်လေးမှာ သူမကို နေရာချထားသည်။ အစိုးရ ဆေးရုံကြီးနှင့်တော့လည်း သိပ်မဝေးပါ။ သူမသည် သင်တန်း၏ ထူးချွန်သူ ကိုးယောက်ထဲတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ ကရင်အများစုမှာ သင်တန်းတွင် ထူးချွန်၍ ကချင်နှင့် ရှမ်းတစ်ယောက်လည်း ပါဝင်၏။

စတယ်လာသည် အင်မတန် နာမကျန်းဖြစ်နေသော လူနာတစ်ယောက်ကို သွားကြည့်သည်။ ပလိပ်ရောဂါ ဖြစ်နေကြောင်း သိရသည်။ အစိုးရဆရာဝန်ဆီ ခေါ်သွားရန် ချက်ချင်း ပြောဆို၏။ ဆရာဝန်လာကြည့်သည်။ လူနာမှာ မျှော်လင့်ချက် မရှိဟု ပြောပြီး ပြန်ထွက်သွား၏။

မိသားစုက သူနာပြု'စတယ်လာ'ဆီ ပြန်ရောက်လာ၏။ တစ်စုံတစ်ရာ ပြုစုကုသပေးရန် တောင်းပန်ပြောဆိုသည်။ ကုသ၍ သေသွားလည်း ကိစ္စမရှိပါဟု တောင်းဆိုသည်။

သူမသည် ကျွန်တော်၏ သင်ကြားပို့ချချက်များကို ပြန်လည် ကြားယောင်မှတ်မိလာသည်။ ပလိပ်ရောဂါနှင့် ပတ်သက်၍ မည်သို့သော် ကုသပေးမှုမျိုးမဆို တရားဝင်သည်။ အထူးပြုစု ကုသပေးရမည်မှာ ပဋိဇီဝဆေးဝါးဖြစ်သည်။ ဆေးရှိန်ပြင်းသော ဆာ(လ်)ဖာဆေးဝါးများကို အသုံးပြုရမည်။

"စတယ်လာ"သည် သူမ၏ ဆေးဘီရိုကို အနှံ့ရှာဖွေသည့်အခါ "ဆိုဒီယမ်ဆာ(လ်) ပါဒိုင်ယာဇင်း' ပုလင်းကို တွေ့သည်။ ဤပုလင်းကို နမ့်ခမ်းဆေးရုံမှ မသိအောင် ယူလာခဲ့ခြင်း ဖြစ်သည်။ ဤဆေးပုလင်းကို အကြောဆေး သွင်းပေးလိုက်၏။ လူနာသည် အလှည့်အပြောင်း ဖြစ်သွားသည်။ သက်သာကျန်းမာလာတော့၏။

တစ်နှစ်ခန့်အကြာတွင် ဖြစ်သည်။ အလုပ်ပင်ပန်းလွန်းသော ဒဏ်ကြောင့် သူမမှာ ရှိနေသည့် အဆုတ်ရောဂါမှာ ပြန်ပေါ်လာ၏။ သို့နှင့် ဂျစ်ကားနှင့် တောင်ကြီးသို့ ပြန်၏။ သူမ၏ ဂျစ်ကားက အစိုးရကင်းလှည့်သားများနှင့် တိုးမိသည်။ သူမကို သူပုန်နှင့် ဆက်သွယ်သည်ဟု သံသယရှိပြီး ဆယ့်လေးလကြာ အကျဉ်းချထားခြင်း ခံရသည်။

ကျွန်တော် ထောင်က လွတ်လာတော့ သူမကို လားရှိုးမှာ တွေ့ရသည်။ ကူရာမဲ့လျက် .။ အဝတ်စားများမှာ စုတ်ပြတ်လျက်။ သူမကို ရူပီးငွေ နှစ်ရာပေးလိုက်သည်။ သူမမှာ ငိုရှိုက်လျက်...။

သို့သော် ယခု စာရေးနေချိန်တွင် "စတယ်လာ"သည် မော်လမြိုင်ရှိ သာသနာပြုဆေးရုံတွင် သင်တန်းဆင်းပြီးစ ဖြစ်နေလေပြီ။

အခန်း (၇)

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ

၁၉၄၆ ဆောင်းဦးပေါက်စောစောကာလတွင် နမ့်ခမ်း၏ ပြန်လည်တည်ဆောက်ရေးမှာ ပြီးသလောက်နီးနီး ဖြစ်သွားသည်။ ဆေးရုံနှင့် သူနာပြုသင်တန်းသည်လည်း အသားကျနေပြီ။ နယ်လှည့်ခွဲစိတ်ကုသရေး ခရီးစဉ်မှာ စိတ်တိုင်းမကျတာ အနည်းငယ်သာ ကျန်တော့သည်။ ထို့ကြောင့် အမေရိကသို့ ခြောက်လကြာ ပို့ချဆွေးနွေးရေးခရီးစဉ်ကို ကျွန်တော် ထွက်ခွာလာခဲ့တော့သည်။

၁၉၄၅ ခုနှစ်တုန်းက အမေရိကကို ကျွန်တော် တစ်ခေါက် ပြန်လာသေးသည်။ အဲသည်တုန်းက စစ်ဖြစ်နေသည့် တိုင်းပြည်၏ စစ်တပ်အရာရှိတစ်ယောက်။ ယခုအချိန် ပြန်လာသည့်အခါ ခံစားမှုတို့ ခြားနားသွားပြီ။ အိမ်ပြန်လာသည့် အမေရိကန်တစ်ယောက်...။

လေယာဉ်က 'ဘော့စတွန်' လေယာဉ်ကွင်းကို ထိုးဆင်းလိုက်၏။ လေယာဉ်ထဲက ထွက်သည်နှင့် လူအုပ်နှင့် ဝေးရာသွားပြီး ရွှေအိုရောင် အမေရိကန်မြေ တစ်ဆုပ်ကို ကောက်ယူလိုက်ပြီး လက်ကြားမှ ဖြည်းဖြည်းချင်း ယိုကျလိမ့်ဆင်းသွားစေ၏။ နည်းနည်းတော့ ကြောက်သည်။

ကျွန်တော့်ကို ဗမာပြည်မှာ မွေး၏။ သို့ပေမယ့် ပထမကလေးဘဝရှယ် အမှတ်တရသည် အမေရိကဖြစ်၏။ ကျွန်တော် သုံးနှစ်သားအရွယ်ရောက်မှ မိသားစုခွင့်ရ၍ အမေရိကသို့ ကျွန်တော့်ကို ပြန်ခေါ်လာသည်။ သူတို့ ခွင့်ပြန်လာချိန်မှာ အမေရိကန်ဆွေမျိုးများမှာ အနောက်ဘက်ဒေသသို့ ပြောင်းရွှေ့ သွားကြပြီ ဖြစ်သည်။ မိဘများသည်လည်း ဗမာပြည် ပြည်နယ်များတွင် သာသနာပြု လုပ်ငန်းဖြင့် အချိန်ကြာမြင့်စွာ နေထိုင်ခဲ့သောကြောင့် ဖြစ်သည်။

ဤသို့ဖြင့် ခွင့်ရက်ခံစားခြင်းကို နယူးယောက်ကို ရွေးချယ်လိုက်ကြသည်။ ကျောင်းနေဖက်များ ရှိရာဖြစ်သည်။ ဟမီလ်တန်သည် ဆောင်းတွင်းတွင် အင်မတန် အေးခဲ့သည်။ လနှင့်ချီပြီး ရေခဲလွှမ်း၏။ ကျွန်တော့်ကလေးဘဝ အမှတ်ရခြင်းများထဲတွင် နွေဦးနှင်းခဲပျော်ချိန် ဖြစ်သည်။ ပုရစ်ဖူးစသစ်ပင်များနှင့် နွေဦးပန်းများပွင့်သည့် လန်းဆန်းသည့်အလှဖြစ်၏။ ငယ်ဘဝ၏ ကြီးမားသောအမှတ်ရခြင်းပင်။ အမေရိကန်နွေဦးသည် တိုင်းပြည်မှ ကိုယ့်သဘောနှင့်ကိုယ်စွန့်၍ သွားလာသူများအဖို့ မမေ့ရက်စရာ.....။

ကျွန်တော်သည် နိုင်ငံမဲ့သူတစ်ယောက် မဟုတ်ပါ။ နိုင်ငံနှစ်ခုရှိသည်။

နှစ်ခုစလုံးသည် ကျွန်တော့်အိမ်ဖြစ်သည်။ နှစ်နိုင်ငံလုံးအပေါ်မှာလည်း ဂုဏ်ယူစွာဖြင့် သစ္စာစောင့်သိသည်။ အမေရိကတွင် ကျွန်တော်ရှိနေသည့်အခါ ဗမာပြည်အကြောင်း ပြောပြီး ဗမာပြည်တွင် ရှိနေသည့်အခါ အမေရိကအကြောင်း ပြောသူဖြစ်သည်။

ယခုတစ်ခေါက် ကျွန်တော်လာခြင်းသည် အမေရိကမှ ဆေးပညာကို ပြန်လည်မွမ်းမံ သင်ယူလိုသောကြောင့် ဖြစ်၏။ ဆရာဝန်တစ်ယောက်အနေဖြင့် တစ်နှစ်တစ်ကြိမ် ပြန်လာသင့်သည်။ အနည်းဆုံး သုံးနှစ်ကြာလျှင်လည်း သုံးလတော့ ပြန်လာသင့်သည်။ ဆေးပညာဆိုင်ရာ စာအုပ်များ ဖတ်ခြင်းဖြင့်လည်း အဝေးမှာနေ၍ မလုံလောက်ပေ။

၁၉၄၇ ခွေဦးတွင် နမ့်ခမ်းပြန်ရောက်သည်။ ပထမဆုံးခရီးစဉ်ဖြစ်သည့် နယ်လှည့် ခွဲစိတ်ကုသရေး အတွက် ကျိုင်းတုံကို ထွက်လာခဲ့သည်။ အများ မျှော်လင့်ထားသည်ထက် နှစ်ပတ်ကျော်စောနေ၏။ ကျိုင်းတုံတွင် လူနာအဆင်သင့်ဖြစ်ရန် စောင့်ရတော့မည် ထင်သည်။ သို့သော် ကျွန်တော် ကျိုင်းတုံ ရောက်သည့်အခါ တည်းခိုရန် အဆင်သင့်ပြင်ထားပြီး ဖြစ်နေသည်။ ဆရာဝန်၏အိမ်မှာ နှစ်နာရီအတွင်း ညစာအသင့် ဖြစ်နေသည်။

"ခွဲစိတ်လူနာတွေကရော"

"ဆေးရုံမှာ အသင့်စောင့်နေတဲ့ လူခြောက်ယောက် အသင့်ရှိတယ်။ လွန်ခဲ့တဲ့ သုံးရက်က ကျွန်တော် လူနာနှစ်ဦးကို အခေါ်လွှတ်လိုက်တယ်။ ဒီည သူတို့ ရောက်လာလိမ့်မယ်"

"ကျွန်တော် လာနေတာ ဘယ်လိုလုပ်သိလဲ"

"အခုလေးမှ သိတာပါ ဒါပါပဲ..."

ငွေကြေးသုံးစွဲမှုက အခက်အခဲဖြစ်လာနေ၏။ ဗဟိုရန်ပုံငွေကလည်း လစာသက်သက်သာ ပေး၏။ ကျွန်တော့်တစ်ဦးတည်း သုံးစွဲစရိတ်အတွက် ငွေက မလိုအပ်ပါ။ တိုးချဲ့လုပ်ကိုင်လိုသည့် ဆန္ဒအတွက်သာ ငွေလို၏။ အစိုးရဆေးရုံ အတော်များများကို ကျွန်တော်တို့ သင်တန်းကျောင်းမှ သူနာပြုများ ပို့လွှတ်ထားပေးရ၏။ သင်တန်း စရိတ်ကို ကျွန်တော်တို့က ကြိုတင် ကျခံထားရ၏။ ဆေးဝါးသုံးစွဲမှုနှင့် သူနာပြုသင်တန်း ကုန်ကျစရိတ်တို့ ပါဝင်သည်။

သို့သော် သူနာပြုသင်တန်းကျောင်းသည် ကောင်းမွန်စွာ လည်ပတ်လျက် ရှိပါသည်။ ဗမာပြည်တွင် အကြီးဆုံးလည်းဖြစ်၏။ ဒေါက်တာ'ဘစော'နှင့် ဒေါက်တာတူးတို့မှာ ကောင်းစွာ ကျွမ်းကျင်ကြ၏။ မြန်မာပြည် မြောက်ပိုင်းတွင်လည်း ဩဇာအာဏာရှိကြသည်။ ဆေးရုံ ခုတင်၊ အိပ်ရာများကို ကျွန်တော် အမေရိက

သွားနေစဉ်မှာ ဖြည့်ဆည်းထားပြီး ဖြစ်သည်။ ဆေးရုံ အဆောက်အဦမှာလည်း ပြီးစီးသွားပြီ။ အသုံးပင် ပြုနေပြီဖြစ်သည်။ ခက်ခဲသည့် ခွဲစိတ်မှုများက ကျွန်တော့်ကို စောင့်ကြိုနေပြီးဖြစ်သည်။

ခြောက်လကာလသည် အလုပ်နှင့် သင်ကြားပေးမှုတို့အတွက် ကြိုတင် လွှမ်းမိုးလျက်ရှိ၏။ ထို့နောက် တစ်ခါ အမေရိကသို့ ပြန်ထွက်ရဦးမည်။ အမေရိကတွင် နယ်လှည့်ဟောပြော ပို့ချရန် အတွက် သဘောတူထားခဲ့ပြီးသား ဖြစ်နေသည်။

ဘာသာရေးဆိုင်ရာ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းသည် ကျွန်တော်တို့ သင်တန်းကျောင်း အတွက် ကောင်းမွန်သော အကျိုးကို ဖြစ်ထွန်းစေသည်။ ဗုဒ္ဓဘာသာ မိန်းကလေးများကို ခရစ်ယာန်ဘာသာရေး အခမ်းအနားများတွင် စိတ်ဝင်စားပါက ခွင့်ပြုသည်။ ခရစ်ယာန်ဘာသာဝင် သင်တန်းသူများကိုလည်း ဗုဒ္ဓဘာသာ အခမ်းနားများတွင် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးသေးသည်။

မညွန့်တင်သည် အင်းသူမဖြစ်ပြီး ဘာသာရေးကိုင်းရှိုင်းသည့် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်၏။ သူမဘေးတွင် ခရစ်ယာန်အမျိုးသမီးများ ဝိုင်းနေလေ့ရှိ၏။ သူမက ဗုဒ္ဓဘာသာ ယုံကြည်မှုများကို ပြောပြတတ်၏။ သူမ၏ ဖွင့်ဆို ရှင်းပြချက်များသည် နားထောင်ကောင်းကြောင်း ကျွန်တော့်ကို ပြောပြတတ်၏။ သူတို့သည် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုကို တန်ဖိုးထားတတ်လာ၏။ ကျွန်တော် သတိပြုမိသည်မှာ သူတို့ အချင်းချင်း အခင်မင်ဆုံးတွေ ဖြစ်သွားတတ်သည်ကို တွေ့ရ၏။ ဆေးရုံနှင့် စာသင်ခန်းမတို့တွင်လည်း ထူးချွန်ထက်မြက်သူတို့ ဖြစ်ကြောင်း တွေ့ရှိရ၏။

ကျိုင်းတုံမှ ရှမ်းဗုဒ္ဓဖြစ်သူ ‘အဲလစ်ဆန်တစ်’နှင့် မြစ်ကြီးနားမှ ကချင်ခရစ်ယာန် "အတောက်"တို့သည် ဘာသာရေး ငြင်းခုံကြရင်း မိတ်ဆွေဖြစ်သွားသည်။ တစ်ယောက်ဘာသာကို တစ်ယောက် လေးစားသွားသည်ကို ကျွန်တော် မြင်တွေ့ရသည့်အခါ ဝမ်းသာပီတိ ဖြစ်ရပါ၏။ အခြားသော သင်တန်းသူများကလည်း သူတို့ကို ကြည့်ပြီး အဖြေရှာတွေ့သွားပါတော့သည်။

သင်တန်းသူများကို အခါအားလျော်စွာ ပျော်ပွဲရွှင်ပွဲလေးများ ပြုလုပ်ပေးပါသည်။ သင်တန်းသူများ ကိုယ်တိုင် ဖျော်ဖြေစေသည်။ လူမျိုးစုအလိုက် တင်ဆက်စေသည်။ ရိုးရာအကများကို တင်ဆက်သည့်အခါ ရိုးရာဝတ်စုံများကို အများက ချီးမွမ်းကြ၏။ အင်းသူများကလည်း အမျိုးသား ဝတ်စုံကိုဝတ်ပြီး ပြဇာတ်ကသည့်အခါ လူတိုင်းက သဘောကျကြသည်။ မျိုးနွယ်ချင်း မတူသူများက ပို၍အားပေးကြပါသည်။

စဝ်ရွှေသိုက်က သမ္မတအဖြစ် ရွေးချယ်ခံပြီး တိုင်းခန်းလှည့်လှည်စဉ် နမ့်ခမ်းသို့ ရောက်လာပါသည်။ ကျွန်တော်၏အစ်မ "ဂရေ့(စ်)"က တိုင်းရင်းသားတို့၏

ကိုယ်ပိုင် ဝတ်စုံများဖြင့် ညှော့ခံကြိုဆိုဖျော်ဖြေသည်။

သမ္မတကြီးက...

"မင်းတို့ တကယ့်ကို ပြည်ထောင်စုမြန်မာနိုင်ငံပါပဲ" ဟု ပြော၏။

ထိုအချိန်တွင် ကျွန်တော်က အဝေးမှာ ရောက်နေ၏။

ကျွန်တော်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံကို နမ့်ခမ်းတွင် ဆယ့်ငါးနှစ်ကြာ တည်ထောင်ခဲ့ပါသည်။ ဗမာပြည် လွတ်လပ်ရေး မရခင်ကပင် ဖြစ်ပါသည်။

နယ်လှည့် ခွဲစိတ်ကုသရေးခရီးစဉ်သည် အထူးမှတ်မိဖွယ်ရာချည်း ဖြစ်သည်။ တစ်ခုသော ခရီးစဉ်တွင် သူနာပြုနှစ်ဦးသာပါ၏။ ကချင်ခရစ်ယာန်နှင့် ရှမ်းဗုဒ္ဓတို့ဖြစ်ပြီး အလွန်ချစ်ခင်သော သူငယ်ချင်းအတွဲလည်း ဖြစ်၏။

နယ်လှည့်ဆေးကုသမှု ခရီးတိုလေးဖြစ်၏။ ကျွန်တော်တို့စော်ဘွားနှင့် စကားပြောကြသည်။ နေမကောင်းသည့် အမျိုးသမီးတစ်ဦးကို ကြည့်ရှုပေးရန် အိပ်ခန်း တစ်ခုတွင်းသို့ ကျွန်တော့်ကို ခေါ်သည်။

အခန်းထောင့် စားပွဲတစ်ခုပေါ်တွင် စော်ဘွားအရိုက်ရာ ဆက်ခံမည့်သူအတွက် သုံးသည့် ပုခက်တစ်ခုကို တွေ့ရသည်။ ငွေပုခက်ဖြစ်သည်။ လေးပေ၊ နှစ်ပေလောက် ရှိမည်ဖြစ်သည်။ ဗွီပုံသဏ္ဍာန် ကျောက်မျက်စီချယ်ထားသည်။ မိုးကုတ်နီလာအရေတွက် နှစ်ရာမျှ ရှိမည်ထင်သည်။ ဗွီပုံထိပ်တွင် ပတ္တမြားများ စီချယ်ထားသည်။ မြင်တွေ့ရသည့်အတွက် ကျွန်တော့်မှာ အံ့သြတကြီး ဖြစ်သွား၏။ သူနာပြုနှစ်ယောက်မှာ ကျွန်တော့်ကို ခေါ်မပြသည့်အတွက် စိတ်ဆိုးကြ၏။ ပြန်ပြောပြရုံနှင့် မကျေနပ်ကြ...။

ကျွန်တော်က ဂျစ်ကားရပ်ပြီး စော်ဘွားနှင့် ဆေးရုံကိစ္စဆိုင်ရာ ဆွေးနွေးသည်နှင့် သူတို့နှစ်ဦးက မောင်းမဆောင်ဘက် သွားပြီး နောက်ဆုံးသတင်းများကို အတင်းတုတ်တော့သည်။ တစ်ခါတော့ တစ်ခုသော စော်ဘွားအဆောင်တွင်းမှ ထွက်လာပြီး ကျွန်တော့်ကို ပြောပြသည်။ ကျွန်တော် တွေ့ခဲ့ဖူးသည့် နန်းစဉ်သုံး ပုခက်မျိုး တွေ့ခဲ့ပြီဖြစ်ကြောင်း၊ သို့သော် သူတို့တွေ့ခဲ့သည့် ပုခက်မှာ ရွှေပုခက်ဖြစ်ကြောင်းလည်း ပါသေး၏။

ကျွန်တော်တို့ စော်ဘွားပိုင် နောက်ထပ်နယ်မြေတစ်ခုကို ရောက်၏။ သူက သိပ်ပြီး မဖော်ရွေလှ။ သူနာပြုများကို ဂျစ်ကားပေါ်မှာပင် နေစေလိုက်၏။ စော်ဘွားကို ပထမအကြိမ် စတင်တွေ့စဉ်က ဇနီးမယား ဆယ့်ခြောက်ယောက် ရှိသည်။ နောက်ထပ် ခြောက်ပတ်မျှ ကြာသောအခါ စစ်ဖက်ဆိုင်ရာ ကျွန်တော့်မိတ်ဆွေက သွားရောက်လည်ပတ်သည့်အခါ နှစ်ဆယ့်နှစ်ယောက် ဖြစ်နေပြီ။ သောကြာနေ့တိုင်း

ဇနီးအသစ် တစ်ယောက်ကို လက်ထပ်သည့် တူရကီမှ စူလတန်ဘုရင်များကို တုပရန် ကြိုးစားနေဟန်ရှိသည်။

စော်ဘွား၏ ဟော်နန်းမှာ စစ်အတွင်းက ဗုံးဒဏ်ကြောင့် လုံးဝပျက်စီးသွားပြီ ဖြစ်၏။ ယာယီတဲနန်းမှာ စံမြန်းနေရ၏။ ဗဟိုအဆောက်အဦကြီး တစ်ခုရှိပြီး ခိုအိမ်လေးများနှယ် အဆောင်နှစ်ဆယ်မျှ ဝန်းရံထား၏။ ခိုအိမ်ကျဉ်းလေးများမှာ ဆယ့်ခြောက်ပေ ပတ်လည်မျှ ကျယ်ဝန်းသည်။ ကျွန်တော် ရောက်ရှိသွားသည့်အခါ စော်ဘွားနှင့် မဟာဒေဝီကိုသာ တွေ့ရ၏။ စော်ဘွားနှင့် ဧည့်ခန်းဆောင်ဆီ ထွက်လာခဲ့သည်။ နာရီဝက်ကြာမျှ လုပ်ငန်းဆိုင်ရာ ဆွေးနွေး ပြီးနောက် ထွက်လာခဲ့သည်။ ကျွန်တော် ဂျစ်ကားပေါ်တက်တော့ အမျိုးသမီးနှစ်ဦးမှာ သတင်းပြောချင်ပုံဖြင့် အူယားနေပုံရသည်။ မကြားနိုင်လောက်သည့်နေရာကို ရောက်တော့မှ....

"ဆရာရေ၊ အထဲကိုလည်း ဆရာဝင်သွားရော အဲဒီခိုအိမ်လေးတွေထဲက ခေါင်းလုလုလေးတွေ ထွက်ကြည့်ကြတယ်။ ပြန်မထွက်မချင်း ကြည့်နေတာ။ ဆရာ ပြန်ထွက်လာတော့ ပြန်ဝင်သွားကြရော..."

စော်ဘွားနယ်များကို ဆေးကုသွားရာတွင် လမ်းကြောင်းတစ်လျှောက်လုံး ဤသူနာပြု ဆရာမလေး နှစ်ယောက်ကို အတူခေါ်သွားရသည်။ ပင်းတယမှာ တစ်ထောက် နားသည်။ အလှပဆုံးနေရာ ဖြစ်သည်။ ရွှေမြင်ကွင်းမှာ ပြန့်ပြူးနေသည့် ရေကန်ဖြစ်သည်။ နောက်ခံ တောင်တန်း မြင့်မြင့်များနှင့်။ တောင်စဉ်တစ်လျှောက်မှာ ရာပေါင်းများစွာသော ဘုရားဖြူဖြူ၊ စေတီဖြူဖြူများ။ ဂူဝအထိ အဆင့်ဆင့် တည်ဆောက်ထားသည့် စေတီများ ဖြစ်ကြသည်။ ဗုဒ္ဓဘာဝင်တို့အဖို့ မြင့်မြတ်သော ဂူများဖြစ်ကြသည်။ အထဲတွင် ဗုဒ္ဓရုပ်ပွားတော်များ အစီရီရှိသည်။ ဂူနံရံအပြည့် တည်ဆောက်ထား၏။

ကျွန်တော်သည် နောက်သို့ လှည့်ပြီး 'ခမ်းမိုင်'ဆိုသည့် ဗုဒ္ဓဘာသာဝင်ကို လှည့်ပြီး မေးလိုက်သည်။

"ဂူထဲကို သွားမလည်ချင်ဘူးလား။ ဘုရားဖူးရတာပေါ့။ ကုသိုလ်လည်း ရတာပေါ့"

"အိုး အဖေကြီး၊ ဖူးချင်တာပေါ့...."

သည်သို့နှင့် အံ့သြဖွယ် လှေခါးထစ်များတစ်လျှောက် ဂူဝထိ လျှောက်လိုက်ကြသည်။ မြင့်မြတ်သော ဘာသာရေးနယ်မြေ ဖြစ်သောကြောင့် ရှူးဖိနပ်ကို ချွတ်လိုက်၏။ ကျွန်တော်တို့ လျှောက်နေစဉ်တွင် ရှမ်းမလေးမှာ စိတ်နှလုံးချမ်းမြေ့စွာ ရှိခိုးနေလျက် ရှိသည်။

ကျွန်တော်တို့ တောင်ကြီးရောက်သည့်အခါ ကြေးနန်းစာက ရောက်နေ၏။ ရန်ကုန်သို့ ချက်ချင်းလာရန် ဖြစ်၏။

"ကောင်းတယ် မိန်းကလေးတို့ရေ ...၊ ခမ်းမိုင် ... မင်းကတော့ ကုသိုလ်တွေ အများကြီးရတော့မယ်။ ရွှေတိဂုံကို ဖူးရတော့မယ်"

ပဲခူးကို ဖြတ်သည့်အခါ ရုတ်တရက် သတိရလိုက်သည်မို့ အဝေးပြေးလမ်းမကြီးပေါ်မှ ဖယ်ခွာ၍ လမ်းခပ်ဆိုးဆိုးရှိရာ ညာဘက်သို့ ဦးတည်လိုက်သည်။

"အခု ဘယ်ကို သွားနေတာလဲ အဖေကြီး"ဟု ကချင်မလေးက မေး၏။

"ဘာလဲ... ဒါဆိုရင် ဒီ ပဲခူးမှာ လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော် ရှိတာကို မင်းတို့ မသိသေးဘူးပေါ့။ ခမ်းမိုင်ရေ မင်းကတော့ တကယ့်ကို ဖူးချင်မှာပဲ"

ခမ်းမိုင်၏ မျက်လုံးအစုံ တောက်သွား၏။ လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော် ရှေ့ရောက်သည့်အခါ ကားဘီးမှာ ပေါက်သွားပြီ ဖြစ်သည်။

မိန်းကလေးနှစ်ယောက်က ဗုဒ္ဓဆင်းတုတော်ဆီမှာ ဖြစ်သည်။ ကျွန်တော့်မှာ နေပူထဲ ကားဘီးဖာနေရသည်။ တာယာပြောင်းတပ်ရင်း ကျွန်တော်စဉ်းစားနေမိသည်မှာ ကျွန်တော့်ဘဝ တစ်လျှောက်လုံးရှိ ရရှိထားသော ကုသိုလ်ကောင်းမှုတို့သည် ခန္ဓာကိုယ် ချွေးပေါက်တို့မှ ယိုစိမ့်ထွက်လျက်ရှိပြီး သူနာပြုမလေး ခမ်းမိုင်မှာ ကုသိုလ်တွေ တစိမ့်စိမ့် ရရှိနေမည်ဖြစ်သည် ဆိုတာပါ။

***

နောက်တစ်ခေါက် ရန်ကုန် ရောက်ဖြစ်သည်မှာ အမေရိကမှ သူငယ်ချင်းက "ဒီဆိုတု"က ကားတစ်စီးကို လက်ဆောင်အဖြစ် ပို့လိုက်သည်။ ရန်ကုန်မှာ ထုတ်ယူရမည် ဖြစ်သည်။ အခြား လုပ်စရာရှိတာများပါ လုပ်ဖြစ်ရန် ဆုံးဖြတ်လိုက်သည်။ လွိုင်ကော်ကို ခွဲစိတ်ခရီးစဉ်အဖြစ် ဝင်မည်။ ကရင်နီပြည်နယ်ကိုဖြတ်ပြီး မော်ချီးသတ္တုတွင်းကို ဝင်မည်။ မိုင်းတွင် ဆေးကုပြီးမှ တောင်ငူကို ဆင်းမည်။

ဂျစ်ကားမှာ အတော့်ကို စုတ်နေပြီဖြစ်သည်။ မော်ချီးသွားရာလမ်းမှာ သံတိုသံစတွေက ပြည့်နှက်နေသည်။ စစ်အတွင်း ဗုံးဒဏ်ကြောင့် ပြိုပျက်အဆောက်အဦမှ သံတိုသံစတွေက ကားဘီးကို မကြာခဏ ပေါက်စေတတ်သည်။ နှစ်မိုင်လောက်မှာ တစ်ခါလောက်ပေါက်သည်။

မော်ချီးရောက်သည့်အခါ မှောင်နေပြီ။

ဂိတ်တိုင်းတွင် အထောက်အထား စာရွက်စာတမ်းတွေ ထုတ်ပြနေရ၏။ မမှောင်ခင် လမ်းမပျောက်အောင် မြန်မြန်သွားချင်သည်။ မြို့ထဲမှာ အသိမရှိ။ ညမအိပ်ချင်။ မြို့အထွက် သုံးဆယ့်ငါးမိုင်မှာ ရှိသည့်ရွာမှာ အိပ်ချင်သည်။ ဤရွာမှာ အသိမိတ်ဆွေရှိ၏။

မော်ချီးမြို့အထွက်မှာပင် ဂိတ်နှစ်ဂိတ်ကို ရပ်ပြီး စာရွက်စာတမ်း ထုတ်ပြခဲ့ရသေး၏။ တောင်တက်လမ်း ရောက်လာပြီ။ တောက နက်သည်ထက် နက်လာ၏။ တောင်ပေါ်မှ ဆင်းလာသည့် ဘတ်(စ်)ကားမီးကို တစ်မိုင်လောက် အကွာမှာ စမြင်ရသည်။ ကျွန်တော့်ကားက လမ်းမှန်၏။ သို့သော် တစ်လမ်းမောင်း ဖြစ်နေသည့်အတွက် ရပ်စောင့်ပေးလိုက်သည်။ ဆယ်မိနစ်ကျော်မျှ ကြာသွားသည်။ ဘတ်(စ်) ကားက ပေါ်မလာ။ စည်းကမ်းအတိုင်း အတက်ကားကို စောင့်ပေးသည်ထင်သည်။ ကားကို ဆက်မောင်းလိုက်သည်။ ဘတ်(စ်)ကားက လမ်းကွေ့ကျယ်မှာ ရပ်စောင့်ပေးသည်။ ကားကို ဘေးချင်းကပ် ဖြတ်ကျော်စဉ် ဘတ်(စ်)ကားနောက်မှ လူတစ်ယောက်က ထွက်ရပ်ပြီး တား၏။ သူက ယူနီဖောင်း ဝတ်မထားပါ။ ညဘက်မှာ ကားတားခြင်းသည် ဓားပြအန္တရာယ်ကို ဖိတ်ခေါ်ရာ ရောက်သည်။ တောထဲမှာ ဖြစ်သည်။ ညလည်း နက်နေပြီ။ ရပ်မပေးလိုက်ခဲ့ပါ။ မိတ်ဆွေအိမ်ရောက်တော့ သန်းခေါင်ပင် တိုင်ခဲ့ပြီ။ ထမင်းအေးအေး၊ ဟင်းအေးအေးကို စားပစ်လိုက်ကြ၏။

အရုဏ်တက်မှာ ခရီးထွက်ခဲ့ကြ၏။ နာမည်ကျော် စစ်တောင်းတံတားကို ဖြတ်ကျော်စဉ်မှာပင် လက်နက်ကိုင်ရဲသားက တံတားအလယ်တက်ရပ်ပြီး ကားရပ်ရန် အချက်ပြသည်။

"မော်ချီးက ဘယ်အချိန် ဖြတ်ခဲ့တာလဲ"

"မနေ့ညက မှောင်နေပြီ..."

"ဒါဆိုရင် ဒီကြေးနန်းက ခင်ဗျားအတွက်ပဲ ဖြစ်ရမယ်"

ကြေးနန်းစာက တောင်ငူအာဏာပိုင်များကို အကြောင်းကြားထားခြင်း ဖြစ်သည်။

အမျိုးအမည်မသိရသော ဂျစ်ကားတစ်စီးသည် ဘိန်းဟု ယူဆရသော တရားမဝင်ပစ္စည်းကို သယ်ဆောင်လာပြီး မော်ချီးကို ည ခုနစ်နာရီတွင် ဖြတ်သန်းသွားသည်။ ဂိတ်မှာ တားသည်ကို မရပ်ပေးဘဲ မောင်းသွားသည့်အတွက် ဖမ်းဆီးထားပါရန်။

ရဲသားက ကျွန်တော့်နောက်မှနေ၍ ကားထဲသို့ ဝင်ရှာသည်။ ရဲစခန်းကို

မောင်းခိုင်းသည်။ စခန်းတွင် ဝင်ထိုင်လိုက်သည်။ ရဲအရာရှိကို အချိန်အတော်ကြာ စောင့်ဆိုင်းနေရသည်။ အင်္ဂလိပ်-မြန်မာ ကပြားဖြစ်သည်။ သေသေချာချာကြည့်ပြီး နှစ်ခြိုက်ပုံမပြ။

"ဘာဖြစ်လို့ ဂိတ်မှာ ရပ်မပေးတာလဲ ..."

"ဂိတ်တိုင်းမှာ ရပ်ပေးပါတယ်။ ဖြတ်ခွင့်ပေးမှ မောင်းထွက်တာပါ။ ရပ်မပေးတာ တစ်ဂိတ်ပဲ ရှိတယ်။ တားတဲ့လူက အရပ်သား ဖြစ်နေတယ်။ ယူနီဖောင်း ဝတ်မထားဘူး။ ပြီးတော့ ဘတ်(စ်)ကားနောက်က ထွက်လာတာ။ မော်ချီးနဲ့ ဆယ့်ငါးမိုင်လောက်ဝေးတဲ့ တောထဲတစ်နေရာလည်း ဖြစ်တယ်..."

"ခင်ဗျားကားကို ရှာရလိမ့်မယ်။"

"စိတ်ကြိုက်ရှာပါ..."

"စကားမစပ်။ ခင်ဗျားက ဘယ်သူလဲ"

ကျွန်တော်က ပတ်(စ်)ပို့နှင့် ဒရိုင်ဘာ လိုင်စင်ကို ထုတ်ပေးလိုက်၏။

"ခင်ဗျားက နမ့်ခမ်းက ဒေါက်တာ ဆီးဂရေ့လား..."

"မငြင်းပါဘူးခင်ဗျာ"

"ခင်ဗျားသာ ဒေါက်တာဆီးဂရေ့ ဆိုမှတော့ ဘယ်လို တရားမဝင် ကုနိစည်မျိုးမဆို ခင်ဗျား စိတ်ကြိုက် သယ်နိုင်တာ။ ကျွန်တော့်တာဝန်ထား။ စစ်မဖြစ်မီက ခင်ဗျားက ကျွန်တော့်မိန်းမကို ဗိုက်ခွဲပေးခဲ့တယ်လေ..."

ဤသို့သော် ယုံကြည်မှုကို ဖော်ပြပေးသည့်အတွက် ကျေနပ် ဝမ်းမြောက်ရပါသည်။

ရန်ကုန်မြို့ရှိ အိမ်အိုကြီး တစ်လုံးရှေ့တွင် ကျွန်တော်တို့ကားကို ရပ်လိုက်သည်။ ကျွန်တော့် ဂျစ်ကားအိုကြီးသည်လည်း နောက်ဆုံးသက်မကို ချလိုက်တော့သည်။

မော်တော်ကားသစ်ကြီးသည် ခမ်းနားလှပါ၏။ ခွဲစိတ်ကုသရေးခရီးစဉ်ကို တခမ်းတနား သွားရချေတော့မည်။ ဒီဆိုတာ အမျိုးစားကားကြီးသည့် အချို့သော အကွေ့များအတွက်တော့ ကိုယ်ထည်က ရှည်လွန်းနေသည်။ လမ်းကွေ့များတွင် အန္တရာယ်ရှိသည်။

အခန်း(၈)

အရှေ့နှင့် အနောက် သူနာပြုများ ဆုံကြရာဝယ်

ကျွန်တော်သိထားသော ပျော်ရွှင်မှုတစ်ခုမှာ ဘဝမှာ မည်သည့်အရာနှင့်မျှ နှိုင်းဆ၍မရသော ပျော်ရွှင်မှုဖြစ်သည်။ ယင်းပျော်ရွှင်မှုမျိုးမှာ လုပ်စရာအလုပ်တွေ တစ်ပုံတစ်ပင်နှင့် ရှိနေပြီး ယင်းအလုပ်များ နိုင်နိုင်နင်းနင်း လုပ်နိုင်လိုက်ခြင်းသည် အင်မတန် ကျေနပ်အားရစရာ ကောင်းသည့် ပျော်ရွှင်မှုမျိုးဖြစ်သည်ကို ဘဝနှင့်ချီပြီး ခံစားနားလည်ရပါသည်။

မတူညီသော လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီမံချက် ထားရှိရပါမည်။

သူနာပြုသင်တန်းကျောင်းနှင့် ပတ်သက်၍ ကျွန်တော့်လောက် အခြားသူများ လုပ်နိုင်မည် မထင်ပါ။ အစ်မဖြစ်သူ 'ဂရေ့(စ်)'နှင့် ထိပ်ပိုင်းအုပ်ချုပ်သူ သူနာပြုများသည် လေ့ကျင့် သင်ကြားပေးမှုတွင် အင်မတန် တော်ကြပါသည်။ ကျွန်တော် နမ့်ခမ်းဆေးရုံတွင် ရှိသည့် အချိန်များတွင် ဆေးပညာဆိုင်ရာ သင်ခန်းစာသစ်များကို သင်ပေးသည်။ ဖြည်းဖြည်းချင်း ဦးနှောက်ထဲ စိမ့်ဝင်အောင် နေ့စဉ်သင်ကြားပေးသည်။ အချိန်ပိုယူ၍လည်း သင်ပေးသည်။

ကျွန်တော်က ခွဲစိတ်ကုသရေးခရီးစဉ် ထွက်ပြီဆိုလျှင် 'ဂရေ့(စ်)'နှင့် မေထရွှန် သူနာပြု ဆရာမကြီးများသည် ဘာသာရပ်များကို ခွဲဝေယူကြပြီး ပြန်လှန်စစ်ဆေးခြင်းများ ပြုလုပ်သည်။ အသေးစိတ်ကအစ မှန်ကန်နေသည်အထိ လေ့ကျင့်ပေးနိုင်ကြပါသည်။ ကျွန်တော်ပြန်ရောက်လျှင်ပင် ညစာက ကျွန်တော့်အတွက် အဆင်သင့် ဖြစ်နေသည်။

လူနာဆောင်များကို ကျွန်တော်က သီးခြားတာဝန်ယူထားခြင်း မရှိပါ။ ဂရေ့(စ်)က သားဖွားဆောင်နှင့် ကလေးများအဆောင်ကို တာဝန်ယူထားသည်။ သူမက ဤဘာသာရပ်များတွင် ကုသရေးမှာ သူမတူအောင် ထက်မြက်လှ၏။ သူတို့မှာ ထပ်မံ အလုပ်များစရာ ရှိသေးသည်က နမ့်ခမ်းသို့ သင်တန်းလာတက်သည့် ခွဲစိတ်ဆရာဝန်များကြောင့်လည်း ဖြစ်သည်။

နမ့်ခမ်းဆေးရုံနှင့် ရှမ်းပြည်နယ်တစ်ခုလုံးရှိ ဆေးရုံများအတွက်ပါ ကျွန်တော့်မှာ အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်နေသေးသည်။ လူငယ်ဆရာဝန်နှစ်ယောက်ကို တာဝန်ခွဲဝေ ချထားပေးထားသည်။ ဒေါက်တာဘစောကို ခွဲစိတ်ကုသမှုဆောင်နှင့် ဒေါက်တာတူးကို ဆေးဝါးကုသရေးဆိုင်ရာ အဆောင်။ သူတို့နှစ်ဦးသည်

ဆုံးဖြတ်ချက်ချရန် ကုသရေးဆိုင်ရာ မသေချာလျှင် ကျွန်တော်နှင့် လာရောက်တိုင်ပင်သည်။ ကျွန်တော်တို့ အတူတကွ ဆွေးနွေးတိုင်ပင်ပြီး ကုသကြပါသည်။

တနင်္ဂနွေနံနက်ခင်းများတွင် ကျွန်တော်အပါအဝင် ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံကို လှည့်လည် ကြည့်ရှုစစ်ဆေးပါသည်။ ဤအခွင့်အရေးကို လက်ထောက် ဆရာဝန်များက အင်မတန် သဘောကျကြသည်။ မြန်မာဆရာဝန်များသည် ဆေးပညာစာအုပ်များကို စိတ်အားထက်သန်စွာ ဖတ်ရှုကြသည်။ နမ့်ခမ်းဆေးရုံတွင် အမေရိကန်ဆေးစာအုပ်များ သူတို့ရရှိသည်။ အင်္ဂလန်နိုင်ငံထုတ် ဆေးကျောင်းသုံး စာအုပ်များလည်း ရရှိနိုင်သည်။ တွေ့သမျှ အကုန်ဖတ်ကြသည်။ သူတို့ ပစ်မှတ်ထားသမျှကို ဤလိုနေ့မျိုးတွင် မေးမြန်း ဆွေးနွေးပါတော့သည်။ ပျော်ရွှင်ဖွယ်ရာ ဆေးပညာ ဆွေးနွေးပွဲ တစ်မျိုးပင်...။

အရေးပေါ်ခွဲစိတ်စရာ မရှိဘူးဆိုလျှင် ကျွန်တော်သည် ခွဲစိတ်မှုကို စနေနေ့များတွင် ပုံမှန်လုပ်ပါသည်။ အခြားနေ့များတွင် လက်ထောက်ဆရာဝန်များက ခွဲစိတ်ကုသပါသည်။ ဒေါက်တာတူး သို့မဟုတ် ... ဒေါက်တာဘစောက ဝိုင်းဝန်းကူညီသည်။ ပိုမိုခက်ခဲသော ခွဲစိတ်မှုမျိုးကို ကိုယ်တိုင်ပါဝင်ပေးကြသည်။ သည့်ထက် ခက်ခဲသော ခွဲစိတ်မှုမျိုးကို ကျွန်တော့်အတွက် စနေနေ့များတွင် ချန်ထားတတ်သည်။

***

ဤသို့ဖြင့် ၁၉၄၇ အောက်တိုဘာသည် တစ်ပတ်လည်လာပြီ ဖြစ်၏။ ဒုတိယအကြိမ် လှည့်လည်ဟောပြောပွဲ ရှိသည်ဖြစ်၍ အမေရိကသို့ ပြန်ရမည်ဖြစ်သည်။

ရှမ်းပြည်နယ်တွင် အရေးကြီးသည့် ခွဲစိတ်မှုများကို ပြုလုပ်ပြီးနောက် ကျွန်တော်က 'ဒီဆိုတာ'ကားကို မောင်းပြီး ထရပ်ကားကြီးတစ်စီးကို နောက်မှ လိုက်ပါစေလျက် ရန်ကုန်သို့ ဆင်းလာခဲ့သည်။

တပ်ကုန်းသို့ ရောက်သည့်အခါ ရဲစခန်းက အချက်ပြသည့်ဆိုင်းဘုတ် ထောင်ထား၏။

"ကွန်မြူနစ်တွေကြောင့် လမ်းတွေက လုံခြုံစိတ်ချရမှု မရှိဘူး။ ကားတွေက ယာဉ်တန်းနဲ့ပဲ သွားရမှာဖြစ်တယ် ..."

ကျွန်တော်က ရဲစခန်းထဲ မောင်းဝင်လိုက်၏။

"ခင်ဗျားတို့ ယာဉ်တန်းက ဘယ်အချိန်ထွက်မှာလဲ..."

"မနက်ဖြန်မနက် ဆယ်နာရီ ..."

"အခုလို အချက်ပြသတိပေးထားတာက ကျွန်တော် ရပ်ထားမို့လား၊ ကျွန်တော် ဆက်ထွက်ရင်ရော "

"အဲဒါကတော့ ကိုယ့်တာဝန်ကိုယ်ယူပေါ့။ အန္တရာယ်ဖြစ်လာရင်လဲ"

ခရီးတွေ အများကြီးသွားဖူးသည်။ ခရီးသွားရုံလောက်နှင့် ဘာမျှမဖြစ်။ ဆက်မောင်းလာခဲ့သည်။

ပျဉ်းမနားမရောက်ခင် မိုင်ဝက်လောက်ရှိသည့် ဗွက်တောလမ်းကို မောင်းရသည်။ ထရပ်ကားမှာ နွံနစ်တော့၏။ ကားပေါ်ပါလာသည့် ယောက်ျားတွေက မြေကြီးပေါ် ဆင်းအိပ်နေကြသည်။ အမျိုးသမီးတွေက ကားပေါ်မှာပင်။ ကျွန်တော်ကလည်း 'ဒီဆိုတာ' ကားပေါ်မှာ။ မနက်ခင်းရောက်တော့ ဗမာရွာသားတွေ ပေါက်ချလာ၏။ နွံနစ်နေသည်ကို ကူညီပေးချင်ပုံ ရသည်။ သူတို့အားနှင့် ကားကို ဆွဲထုတ်သည်။ ကျွန်တော်တို့ ခရီးဆက်ထွက်ခဲ့သည်။ သူတို့သည် ကွန်မြူနစ်များ ဟုတ်လားမဟုတ်ဘူးလား ဆိုသည်ကို ကျွန်တော် မသိခဲ့ပါ။

***

အမေရိကသို့ ကျွန်တော်ရောက်ပြီး နိုဝင်ဘာ လလယ်လောက်မှာ ဖြစ်သည်။ သူနာပြုဘွဲ့လွန် သင်တန်းအတွက် ဘော့စတွန်မြို့ရှိ သင်္ဘောကျင်းဆေးရုံတွင် နမ့်ခမ်းမှ သူနာပြုလေးယောက် ရောက်လာမည် ဖြစ်သည်။

စိတ်ပူပန်မိသည်။ ဤအမျိုးသမီးများသည် အအေးပိုင်းဒေသကို မလာရောက်ဖူးပါ။ သူတို့မှာ လုံချည်ပါး၊ အင်္ကျီပါးနှင့် အခါအားလျော်စွာ ထုတ်ဝတ်တတ်သည့် ဆွယ်တာ ပါးပါးလေးများသာ ပါမည်ဖြစ်သည်။ ယခုလို ဆောင်းတွင်းသည် ဘော်စတွန်သည် အင်မတန်အေး၏။ နယူးယောက်ရှိ ကျွန်တော့်မိတ်ဆွေကို 'အိုဗာကုတ်' တွေ ရှာခိုင်းသည်အထိ စိတ်ပူမိသည်။ နွေးမည့် အသားခပ်ထူထူနှင့် ဆိုဒ်အသေးဆုံးလေးစုံကို ရှာခိုင်းပြီး တစ်ပါတည်း ယူလာမိသည်။ ဤအနွေးထည်များမှသာ ခံနိုင်ရည်ရှိမည် ဖြစ်သည်။

ဘော်စတွန်သို့ ရထားစီးလာသည်။ အနွေးထည်များလည်း ပါ၏။ သင်္ဘောကျင်းဆီ သွားမည့် သင်္ဘောကို ကျွန်တော်စောင့်ရသည်မှာ သေမတတ် အေးလှ၏။ မိန်းကလေးများ သင်္ဘောကုန်းပေါ်ထိ ပြေးဆင်းလာကြ၏။ ယူလာသည့် အိုဗာကုတ်တွေကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်ကြ၏။ "တွေ့တယ်မှတ်လား။ ငါပြောသားပဲ" ဟု သူတို့နောက်မှ ပါလာသည့် အမျိုးသမီးကြီးက ပြောသည့်အခါ သူတို့ ရှက်သွေးဖြန်းသွားကြ၏။

နေ့လယ်စာကို ခပ်မြန်မြန်စားလိုက်ကြသည်။ ပြီးမှ......

"ကဲကဲ ... လာကြ၊ ပြောပြကြစမ်းပါဦး၊ အမေရိကန်အမျိုးသမီးတွေနဲ့ သဘော်ကျောင်းဆေးရုံ အကြောင်းကို ..."

"အိုး .... အဖေကြီးရေ" ဟု အစချီပြီး အတွေ့အကြုံများကို ဗမာလို အားပါးတရ ပြောပြပါတော့သည်။ တစ်ယောက်ပြောလို့မှ မဆုံးသေး။ တစ်ယောက်က ဝင်ဖောက်သည်။ တစ်ယောက်ပြောမည့် စကားကို တစ်ယောက်က လုပြော၏။ လေးယောက်လုံးမှာ ပြောစရာတွေချည်း။

"သဘော်ပေါ်မှာလေ လူတိုင်းက... တို့အပေါ်မှာ ကောင်းကြပါတယ်။ ဂျီနိုအာမြို့မှာ ၁၃ ရက် နားတယ်။ အရင်က လူဖြူတွေ၊ ဝတ်ပြတ်ဆင်းရဲနေတာ၊ နေရာမဲ့ဖြစ်နေတာ မမြင်ဖူးဘူး၊ ကလေးတွေက သနားစရာ၊ သူတို့တွေ သဘော်ပေါ် တက်လာပြီး ကျွန်မတို့ပစ်ထားတဲ့ အမှိုက်တွေကို ရှာကြတယ်။ ကျွန်မက ပန်းသီးတစ်လုံး ပစ်ပေးလိုက်တယ်။ ကျွန်မကလည်း စုတ်ပြတ်နေတဲ့ မိန်းမကြီးကို လုံချည်တစ်ထည် ပေးလိုက်တယ် ..."

"ပင်လယ်နီရောက်တော့ ငါးဘယ်လို ဖမ်းရတယ်ဆိုတာ သဘော်သားတွေက ကျွန်မတို့ကို သင်ပေးတယ်။ ငါးတွေက အကြီးကြီးပဲ ..."

"သဘော်ကပ္ပတိန်က ညစာလည်း ဖိတ်ကျွေးတယ်။ ကျွန်မတို့ရဲ့ အမေရိကန် သူငယ်ချင်း နှစ်ယောက်က ဗမာလိုဝတ်ပြီး ကျွန်မတို့ကို အမေရိကန်ညနေခင်းဝတ်စုံ ဝတ်ပေးတယ်လေ..."

"အက်စသာ"နဲ့ "မလုစိန်"ကတော့ သီဟိုဠ်သွားတဲ့လမ်းမှာပဲ သဘော်မူးနေတော့တာပဲ..."

"အဲဒါနဲ့ အဖေကြီးက မကြွားတတ်ပါဘူး၊ အတ္တလန်တိတ်ကိုဖြတ်တော့ တအားအေးလား၊ ရေခဲလား"

"ဒါပေ့ါကွာ၊ အေးပေ့ါ၊ မင်းတို့ပြောတဲ့အထဲမှာ သဘော်ကျောင်းဆေးရုံနဲ့ ဘော်စတွန်မြို့ မပါသေးဘူး"

"ဟုတ်တယ်။ ပြောရဦးမယ်။ ကလကတ္တားမှာ သဘော်ပေါ် တက်ကတည်းက ကျွန်မတို့က ဒေါက်တာဆီးဂရေ့ရဲ့ သူနာပြုတွေကို လူတိုင်းကို ပြောထားတယ်လေ။ အဲဒီတော့ အတ္တလန်တိတ် ကမ်းခြေက သိပ်အေးတာလို့ ပြောကြတယ်။ ကျွန်မတို့မှာပါတာက ဆွယ်တာပါးပါးလေးတွေ၊ နမ့်ခမ်းကပါလာတဲ့ ကုတ်အင်္ကျီလေးကလည်း ကောင်းကောင်း မနွေးဘူးလေ။ သူတို့က ဘော့စတွန်ဆိုတာ သိပ်အေးတဲ့ အရပ်လို့ ပြောသေးတယ်"

"အဲဒီတော့ အမေရိကန်အမျိုးသမီးက မင်းတို့ကို ဘာထပ်ပြောလဲ"

လေးယောက်လုံးက ပြိုင်တူပြောကြ၏။

"သူက ပြောတယ်။ သူ လောင်းရဲတယ်တဲ့။ အဖေကြီးက ကုတ်အင်္ကျီအထူကြီးတွေ ပိုက်ပြီး မင်းတို့ကို လာတွေ့မှာတဲ့။ ဟုတ်တယ် ကျွန်မတို့က အဖေကြီးကို အရင်မမြင်ဘူး၊ ကုတ်အင်္ကျီကြီး တွေကို အရင်မြင်တာလေ"

***

သူ့ရဲကောင်းလုပ်လာသည့် ဗမာသူနာပြုဆရာမ လေးယောက်ကို ကျွန်တော် နယူးယောက်ကို လှည့်ပတ်ပြရသေး၏။ ပထမဦးစွာ အကြွေဆင့်ပိုက်ဆံပြားကို သုံးတတ်ရန်၊ ထည့်တတ်ရန် သင်ပေးရသေး၏။ ပြီးမှ ကျွန်တော်တည်းသည့် ဟိုတယ်နှင့် ဘလောက်လေးခုလောက် ခြားသည့် ကုန်တိုက်ကြီးဆီ ခေါ်သွားရ၏။

အကြွေဆင့်များကို သုံးတတ်ပြီးမှ စားစရာများကို ထုတ်ယူရသည့် ပိုက်ဆံထည့်ရသည့် နေရာကို ပြပေးသည်။

မိုးထိမြင့်မားသည့် အဆောက်အဦကြီးကို လှည့်စောင်းပြီး ကြည့်ရသည်မှာလည်း ခဏခဏပင်။

ဈေးဝယ်ရာတွင် မေစီနှင့် ဂျင်းဘဲလ်တို့သည် အမျိုးသမီး ဈေးဝယ်ဖော်အဖြစ် လိုက်ပါပေးပါသည်။ အဝတ်စားဝယ်ရာတွင် အကြံဉာဏ်ပေးသည်။ ဗမာအင်္ကျီနှင့် ဗမာလုံချည် ဝတ်ထားခြင်းကို ရပ်ပြီး ရှူးဖိနပ်၊ ခြေအိတ်နှင့် ကုတ်အင်္ကျီ အနွေးထည်လိုသည် ဆိုသည်ကိုတော့ နားလည် လက်ခံထားကြပါသည်။

ကျွန်တော်တို့ ဈေးဝယ်ပြီးချိန်လောက်တွင် မိုးက တဖွဲဖွဲနှင့်။ ပင်ဆယ်ဗေးနီးယား ဘူတာရုံတွင် ရပ်ပြီး တက္ကဆီရှာမလား စိတ်ကူးနေသေး၏။ အဖော်ပါလာသည့် အမျိုးသမီးကြီး နှစ်ဦးက မြေအောက် ရထားဘူတာရုံဆီ ဆွဲခေါ်သွား၏။ လူအုပ်ထဲမှ လက်တစ်ဖက်က ကျွန်တော့်အင်္ကျီလက်ကို ဆွဲပြီး...

"ဒီအမျိုးသမီးလေးတွေက ဒေါက်တာဆီးဂရေ့ဗ်ရဲ့ ဗမာသူနာပြုမလေးတွေ ပါလား" ဟု နှစ်လိုဖွယ်ကောင်းသော အမျိုးသမီးတစ်ဦးက မေး၏။

"ဟုတ်ပါတယ် အစ်မကြီးခင်ဗျား။ သူတို့လေးတွေဟာ ဒေါက်တာဆီးဂရေ့ရဲ့ ‘ဗမာပြည် ခွဲစိတ်ဆရာဝန်’ ဆိုတဲ့ စာအုပ်ထဲက သူနာပြုမလေးတွေပါပဲ"

ရထားပေါ်မှာ မိတ်ဆွေတစ်ယောက်က နေရာပေး၏။ လက်ဖက်ရည်သောက်ခေါ်သည်။ သူတို့က တွန့်ဆုတ်ဆုတ်နှင့် လိုက်ပါသွား၏။ ပြန်လာသောအခါ မျက်နှာတွေက ပျော်ရွှင်မြူးထူး တောက်ပလျက်.......။

သူတို့ကို NBC ရုပ်မြင်သံကြားအစီအစဉ်က သိရှိသွားပြီး အင်တာဗျူးရန် ဖိတ်ခေါ်တော့သည်။ ရော့(ဘ်)ဖဲလားစင်တာကို သွားကြရသည်။ ရုပ်မြင်သံကြားအစီအစဉ်မှ အင်တာဗျူးကို တိုက်ရိုက် ထုတ်လွှင့်ပါတော့သည်။

အခန်း (၉)

သပိတ်မှောက်ခြင်း

၁၉၄၈ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးပတ်တွင် ကျွန်တော့်ကို ဦးနု(သခင်နု)က ရန်ကုန်သို့ ဖိတ်ကြားသည်။ မြန်မာပြည်၏ အမျိုးသမီးနှင့် ကလေးများ၏ သေဆုံးမှုနှုန်းကို စုံစမ်းစစ်ဆေးမှု ကော်မရှင်ဖွဲ့ရန် ဖြစ်၏။ ဒုတိယကမ္ဘာစစ်ပြီးနောက် ကမ္ဘာတွင် သေဆုံးမှုနှုန်း အမြင့်ဆုံးမှာ ရှိနေသည်။

၁၉၄၆ ခုနှစ်က ဦးနုနှင့် တစ်ကြိမ်တွေ့ဆုံဖူးသော်လည်း ယခုအချိန်တွင်မှ အကဲဖြတ်ခွင့် ကောင်းကောင်းရခဲ့သည်။ မြန်မာများထဲတွင် လူချောလူခန့်တစ်ယောက် ဖြစ်၏။ သူသည် မိတ္တဗလဋီကာကို ဘာသာပြန်ခဲ့သူတစ်ယောက် ဖြစ်၏။ ကျွန်တော့်မှာ ဗမာပြည် ကျေးလက် အစွန်ဖျားရှိ တောထဲတောင်ထဲတွင် ဆေးကုသနေသည့် သာမန်ဆရာဝန် တစ်ယောက် ဖြစ်သော်လည်း ကျွန်တော့်အပေါ် ချစ်ခင်နှစ်သက်ဖွယ်ရာ ပြုမူဆက်ဆံသည်။ အလုပ်များနေသည့် ကြားမှ အချိန်ယူပြီး လေးစားချစ်ခင်ဖွယ်ရာ ပြုမူဆက်ဆံသည်။ စိတ်ရောကိုယ်ပါ လှိုက်လှိုက်လှဲလှဲ ဆက်ဆံတတ်သူ ဖြစ်သည်။

သူ၏ အင်္ဂလိပ် ဘာသာစကား အသုံးအနှုန်းများမှာ အဆင့်အတန်း မြင့်မားကောင်းမွန်လှ၏။ ကျွန်တော့်စိတ်ထင်တော့ ဗမာစကားထက်ပင် သူ့အင်္ဂလိပ်စကားက ပိုကောင်းနေသလားမသိ။

ဦးနုနှင့် ကြည်နူးစရာကောင်းသော တွေ့ဆုံခြင်းပြီးနောက် ဘဝ၏ တည်ငြိမ်အေးချမ်းမှုသည် တိုတောင်းလှ၏။ ဝမ်းနည်းကြေကွဲစရာ အနှောင့်အယှက် များလာပါတော့၏။ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာ ၄ ရက်နေ့တွင် ကျွန်တော်တို့ဆေးရုံမှ သူနာပြုများ၏ သပိတ် ပေါ်ပေါက် လာသောကြောင့် ဖြစ်သည်။

ဖြစ်ပျက်ရသည့် အကြောင်းရင်းနောက်ခံကို နည်းနည်းတော့ ပြောပြရပေလိမ့်မည်။

နယ်စပ်ဒေသ သူနာပြုသင်တန်းကျောင်း စတင်စဉ်က အခြေအနေသည် အင်မတန် ... ဆင်းရဲချို့တဲ့ခဲ့ပါ၏။ ဤသို့ ငွေကြေးအကြပ်အတည်းကြောင့်ပင် သူနာပြုများ၏ တစ်လလိုအပ်ချက် အသုံးစရိတ်ကို အထူးအသုံးစရိတ် စစ်မဖြစ်မီကပင် ကျွန်တော့်ကို ထောက်ပံ့ခဲ့သည်။ အမျိုးသမီး တစ်ယောက်အတွက် သင့်တင့်လျောက်ပတ်သော အနိမ့်ဆုံးစားရိတ်ကို ကျွန်တော် တင်ပြ တောင်းဆိုခဲ့သည်။ သို့သော် အသေးစိတ် စီစဉ်ပြင်ဆင်ထားသော ဓာတ်စာအတွက်

မပါရှိခဲ့ပါ။

ဤအခြေအနေတွင် အဖြစ်အပျက်သုံးရပ် ဖြစ်ပွားခဲ့၏။

ပထမဦးစွာ အစစအရာရာ ဈေးနှုန်းကြီးခြင်းပင်။ စားသောက်စရိတ်အတွက် ဘဏ်တွင် လက်ကျန်ငွေမရှိ ဖြစ်သွား၏။ အစိုးရက သတင်းစာတွင် ကြေညာသည်။ အားလုံးသော တစ်ပြည်လုံးရှိ သူနာပြုသင်တန်းကျောင်းများသည် ခွင့်ပြုထားသော စရိတ်ထက် ပိုမသုံးရ။ အချို့သော သူတို့မှာ သာမန် အသုံးခြင်းထက် ပိုသော ဓာတ်စာစားသုံးခြင်းကို ခွင့်ပြုထားရသောသူများလည်း ရှိသေး၏။ လိုအပ်သော စရိတ်ကို ကျွန်တော်တို့၏ ခွင့်ပြုချက် ရန်ပုံငွေအသုံးစရိတ်မှ စိုက်ထုတ်ခြင်းကိုလည်း လက်မခံပေ။

နောက်ဆုံးတစ်ချက်မှာ သင်တန်းကျောင်းကို အစိုးရဘက်တော်သား ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ပေးသူ လေးဦးကို ထည့်သွင်းလိုက်ခြင်းပင် ဖြစ်၏။

အချို့သော သူနာပြုများသည် စတိုခန်းဆီမှ စားသောက်ဖွယ်ရာ ပစ္စည်းများကို စတင် ခိုးယူတော့သည်။ အချင်းချင်းဆီမှလည်း ခိုးယူသည်။ ဤသို့သော မိန်းကလေးများကို သင်တန်းကျောင်းမှ ထုတ်ပယ်ပစ်မည်ဟု ကန့်သတ်လိုက်၏။

'အင်မလီ'သည် တာဝန်ခံထိန်းသိမ်း စောင့်ရှောက်ရသူ ဖြစ်သည်။ သူမ ယုံကြည်သူမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက ကျွန်တော်၏ အကူရဲဘော် 'ပန်ကျိ' ဖြစ်သည်။ သူ့ကို မီးဖိုဆောင်ရှိ စားစရာထားသည့် အခန်းကို ထိန်းသိမ်းရန် အင်မလီက တာဝန်ပေးထား၏။ သော့ကို အင်မလီနှင့် ပန်ကျိတို့ နှစ်ဦးသား ကိုင်ထားကြ၏။ 'အင်မလီ' မှာ အစားအသောက်ကို ဓာတ်စာနှင့် စားသောက်နေရသူ ဖြစ်၏။

သူနာပြုသင်တန်းသူများ သပိတ်မဖြစ်မီ အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့၏။

နေ့လည် ကျွန်တော်၏ စာသင်ချိန်ပြီးနောက် လေးနာရီလောက်မှာ ဖြစ်သည်။ ဤအတန်းတွင် ဗမာပြည်မြောက်ဖျား ခန္တီးနှင့် မွန်မွန်ရည်ရည်ရှိသူ သင်တန်းသူတစ်ဦး ရှိသည်။ နှင်းပွင့်တောင်တန်း ရှိသည့် အရပ်မှ ဖြစ်သည်။ သူမတို့ စာသင်ခန်းမှ ထွက်ပြီးနောက် နောက်ထပ် ပို့ချချက်တစ်ခု ရှိသေး၏။ ပို့ချချက် ပြီးဆုံးခါနီးတွင် ကျွန်တော် ရှိရာ ပြေးဝင်လာ၏။ ရှိုက်ကြီးတငင ငိုလျက်။ ဗလုံးဗထွေး ပြော၏။ ကျွန်တော် သဘောပေါက်လိုက်ပြီ။ သူနာပြုသင်တန်းသူ ထမင်းစားဆောင်တွင် ဆိုးဆိုးဝါးဝါး တစ်ခုခုတော့ ဖြစ်ပြီဟု...။ ကျောကို နှစ်သိမ့်ပြီး ပုတ်ပေးလိုက်၏။

နည်းနည်းတော့ စိတ်ငြိမ်သွားစေမည်။ ပို့ချချက်ပြီးအောင် ဆယ့်ငါးမိနစ်လောက် စောင့်ခိုင်းထား လိုက်သည်။ ပြီးတော့မှ တတ်နိုင်သလောက်

သူမက အကြောင်းစုံ မေးလိုက်သည်။ သိရသည်က သူမသည် ခရာမမှုတ်မီ စတိုခန်းဆီ ရောက်သွား၍ ပုံမှန်စားနေကျ စားဖွယ်ရာကို ရှာဖွေခြင်းဖြစ်၏။ ဤသည်ကို 'ပန်ကျိ'က ခိုးရန်လာသည်ဟု ထင်လိုက်၏။ ထို့ကြောင့် အပြင်ဘက်မှ သော့ခတ်လိုက်၏။ ယခုတော့ သူမက ပြတင်းပေါက်ကို ဖွင့်ဖျက်ပြီး ပြေးထွက်လာခြင်း ဖြစ်သည်။

'အင်မလီ'ကို ချက်ချင်း သွားခေါ်ခိုင်းလိုက်သည်။ သူမပြောပြမှ ပြည့်စုံသွား၏။ သူမက ဘာမှမပြောဆိုဘဲ စတိုခန်းထဲဝင်သွားသည့်အတွက် ဤသင်တန်းသူသည် စားစရာတစ်ခုခုကို ခိုးယူဖို့လာသည်ဟု 'ပန်ကျိ'က မှတ်ယူလိုက်သည်။ အဝင်တံခါးကို ပိတ်ထားလိုက်ပြီး "အင်မလီ"ကို သွားခေါ်ရန် ထွက်သွား၏။ သူမက သားဖွားဆောင်တွင် အရေးပေါ်ကုသမှုအတွက် အလုပ်များနေ၏။ ထိုအချိန်တွင် သင်တန်းသူမလေးက ပြူတင်းပေါက်မှတဆင့် လွတ်မြောက်လာခဲ့သည်။ ကျွန်တော်ရော 'အင်မလီ'ပါ 'ပန်ကျိ' ကို အပြင်းအထန် ပြစ်တင်ပြောဆိုသည်။ တော်ပါသေး၏ ကိုယ်ထိလက်ရောက် မပြုမိတာ။ သင်တန်းသူမလေးကလည်း ကျေနပ်ပျော်ရွှင်သွားပါ၏။

ပြဿနာရှာလိုသူများက ဤအဖြစ်အပျက် အကြောင်းခြင်းရာကို စားသောက်ဆောင် တစ်ခုလုံး၏ ပြဿနာအဖြစ် ဖန်တီးလိုက်ကြပါတော့သည်။

နောက်တစ်နေ့ ညနေတွင် အဆောင်သုံးခုမှ သူနာပြုများသည် အစာငတ်ခံ ဆန္ဒပြသည်ဟု သိရသည်။ ဤကိစ္စကို သူနာပြုအုပ်ဆရာမကြီးနှစ်ယောက်က သတင်းပို့၏။ သပိတ်ခေါင်းဆောင် နှစ်ယောက်ကိုလည်း တွေ့ရန်ပြောသည်။ ကျွန်တော်သည် ဝန်ထမ်းများရှေ့မှောက်မှာ လက်ခံတွေ့ဆုံပါသည်။ ဗမာလို ဝင်ပြောကြပါသည်။ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပြောပါသည်။ ကျွန်တော်က ဂိုဏ်းဂဏဆန်ဆန် အုပ်စုဖွဲ့ခြင်းကို မပြုရန်ပြောသည်။ ထိုသို့ ပြောဆိုနေချိန်တွင် ကျန်သည့်တစ်ယောက် နံပါတ်နှစ် ခေါင်းဆောင်က ကျွန်တော့်နေအိမ်ကို တိုက်ခိုက်ရန် ဆန္ဒပြအုပ်စုကို လှုံ့ဆော်၏။ ထိုအထဲတွင် အသက်ရွယ် မပြည့်သေးသည့်အတွက် အကြိုသူနာပြုလောင်းသင်တန်းသူ ကလေးများလည်း ပါဝင်၏။

နံပါတ်တစ်ခေါင်းဆောင် ပြောပြသည်များကို ဝန်ထမ်းအားလုံးက အံ့သြတကြီး နားထောင် နေကြသည်။ ကျွန်တော်အပါအဝင် ဖြစ်သည်။ သူသည် သပိတ်တိုက်ပွဲ ဆင်နွှဲခြင်းသင်တန်းကို လွန်ခဲ့သော နှစ်နှစ်ကပင် တက်ရောက်သင်ကြားထားပြီး ဖြစ်သည်။ လားရှိုးတွင်လည်း သပိတ်တိုက်ပွဲတစ်ခုကို ဦးဆောင်လာခဲ့သူ ဖြစ်သည်။

ထို့နောက် သင်တန်းသူမိန်းကလေးများကိုခေါ်ပြီး သူတို့၏

မကျေနပ်ချက်များကို ပြောပြစေသည်။ သူတို့အားလုံး ကျေနပ်သွားကြ၏။ ဤသို့ ဖြစ်ရခြင်းအပေါ် သပိတ် ခေါင်းဆောင် နံပါတ်နှစ်နှင့် သုံးတို့ကို ဒေါသဖြစ်စေ၏။ ဆွေးနွေးပွဲခန်းအတွင်း ဖွတ်ဝင်ရန် ကြိုးစား၏။ အခြား သပိတ်ခေါင်းဆောင်များက ကိုယ့်အိပ်ဆောင်သို့ အသီးသီးပြန်သွားကြ၏။ သင်တန်းသူအများစုက စိတ်တက်ကြွလွန်းသော ခေါင်းဆောင်များကို သဘောမကျတော့ပါ။ မည်သည့်သူနာပြုမျှ၊ မည်သည့်သင်တန်းသူမျှ ဆေးရုံတာဝန် ထမ်းဆောင်ရာတွင် ပျက်ကွက်ခြင်းလည်း မရှိကြပါ။

သပိတ်မှောက်ပြီးနောက် နှစ်ရက်အကြာတွင် ဗုဒ္ဓဘာသာဝင် ရှမ်းစော်ဘွားသမီးဖြစ်သူ "စဝ်ညွန့်ရီ"သည် ကရင်ခရစ်ယာန် ဆရာတစ်ယောက်နှင့် ကျွန်တော့်ကို လာတွေ့သည်။ သူမသည် သင်တန်းသူများထဲတွင် သဘောထားကောင်း၍ ထူးချွန်ထက်မြက်သူ ဖြစ်၏။

တွေ့ဆုံပြောဆိုသည့် အကြောင်းရင်းမှာ သော့ကိုင်စားဖိုဆောင်မှူး "ပန်ကျိ"ကို အလုပ်မှ ဖယ်ရှားပေးလိုက်လျှင် သင်တန်းသူများက ပို၍သဘောကျမည် ဖြစ်ကြောင်း၊ သူသည် မိန်းကလေးများကို အော်ဟစ်ပြောဆိုခြင်းများ၊ စွပ်စွဲခြင်းများ ရှိကြောင်း မိန်းကလေးများမှာ မည်သည့် အပြစ်မှ မရှိကြောင်းတို့ ဖြစ်သည်။ ကျွန်တော်က ဤသို့ လာရောက် ပြောဆိုခြင်းမျိုးကို သဘောတူနှစ်ခြိုက်ခြင်း ရှိပါ၏။ ယခုလို စဝ်ညွန့်ရီနှင့် ဆရာတို့၏ အသုံးပြုသည့် ယဉ်ကျေး သိမ်မွေ့သော လေးစားမှုရှိသော နည်းလမ်းမျိုးကို အသုံးပြုပြီး အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် တင်ပြပါ။ အချိန်မရွေး ဆောင်ရွက်ပေးမည်ဟု သဘောတူလိုက်ပါသည်။

၁၉၄၆ မှ ၁၉၅၀ ထိ ကျွန်တော်တို့ ကြိုးပမ်း တည်ဆောက်ခဲ့သော သူနာပြု သင်တန်းကျောင်းသည် လွတ်လပ်မှု ဆုံးရှုံးခဲ့ပြီ....။

အစိုးရ၏ ထိမ်းချုပ်မှုအောက်မှာ ရောက်သွားသောကြောင့် ဖြစ်၏။ လွတ်လပ်ရေး မရမီနှင့် ရပြီးဆိုသည့် အကြောင်းခြင်းရာနှင့် မသက်ဆိုင်ပါ။ စီမံခန့်ခွဲမှုကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။

သပိတ်တိုက်ပွဲပြီးနောက် ခေါင်းဆောင်လေးယောက်ကို ထုတ်ပစ်သင့်ပါ၏။ နံပါတ်တစ် ခေါင်းဆောင်ကို လားရှိုးကို ပြန်ပို့ပေးလိုက်၏။ နံပါတ်နှစ် ခေါင်းဆောင်ကို တစ်နှစ်စာ ခွင့်ရက်ရှည် ပေးလိုက်၏။ ပြန်ပေါ်မလာတော့။ နံပါတ်သုံးနှင့်လေးသည် နောက်ကွယ်မှာ ဆက်လက် တည်ရှိနေသည်။

နောက်ဆုံးတွင် သူတို့ အောင်မြင်သွားပါသည်။ နိုင်ငံတော် သစ္စာဖောက်မှုဖြင့် ကျွန်တော့်ကို ဖမ်းလိုက်ကြသည်။ သူတို့သည် တရားရုံးတွင် သိသိသာသာပင် လိမ်ညာထွက်ဆိုရက်ကြပါသည်။ ကျွန်တော်သာ ၁၉၄၈ တွင် သူတို့ကို ထုတ်ပယ်နိုင်ခဲ့လျှင် ဤသို့ ဖြစ်ပျက်ခဲ့လိမ့်မည် မဟုတ်ပါ။

၁၉၄၈-၄၉ ကာလအတွင်း သူနာပြု သင်တန်းကျောင်းသည် ပုဂ္ဂလိကပိုင် မဟုတ်တော့ပါ။ အစိုးရ၏ ဘဏ္ဍာငွေကြေး ၈၅% ပုဂ္ဂလိကပိုင် ဖြစ်သည်။ ဤနှစ်ခုလုံးသည် အပြန်အလှန် မှီခိုနေကြရပါသည်။ အစိုးရထံမှ ၄၀% အောက်ကိုသာ ခံရယူမည်ဆိုလျှင် ကျွန်တော်တို့၏ အုပ်ချုပ်မှုသည် အရာရောက်ပေလိမ့်မည်။ ကျွန်တော်သည်လည်း ထောင်ကျ ထိန်းသိမ်းခံရခြင်းမှ ကင်းလွတ်ခြင်း ရှိပေလိမ့်မည်။

အကယ်၍ ဒေါက်တာ "အီလွန်း"ကို ဆေးရုံနှင့် သူနာပြုသင်တန်းကျောင်းကို အုပ်ချုပ်ရေးမှူး အဖြစ် ထိုအချိန်က ခန့်ထားနိုင်ခဲ့လျှင်လည်း ဖြစ်ကြောင်းကုန်စင်ကို ထိပ်ပိုင်းခေါင်းဆောင်များထံ ပြောပြနိုင်လိမ့်မည်။ ဒေါက်တာ'အီလွန်း' သည် ကျွန်တော်တို့ဆေးရုံထွက် ကျွန်တော့်လက်ထောက် ဖြစ်သည်။ သူသည် နိုင်ငံတော် ထိပ်ပိုင်းခေါင်းဆောင်များနှင့် အကျွမ်းတဝင် ရှိလှ၏။

ကျွန်တော့်လို အမေရိကန်တစ်ယောက်က ဤမည်သော စွမ်းဆောင်မှုမျိုး မလုပ်နိုင်ခဲ့ပါ။ ဗမာ့နိုင်ငံရေးမှာ ဝင်ရောက် စွက်ဖက်သည် ဟူသော စွပ်စွဲချက်ကို ကျွန်တော် အတင်ခံရပါတော့သည်။

အခန်း(၁၀)

ဗမာ့နိုင်ငံရေး

စစ်ပြီးစနှစ်များတစ်လျှောက်လုံးတွင် ဆူပွက်စပြုလာနေပြီ ဖြစ်သည်။ ဗမာပြည်ကို လွတ်လပ်ရေး ပေးရမည်ကို အမှန်တကယ် သိသော်လည်း လုံးဝ လက်မလွှတ်ချင်သေး...။ ဥပဒေပြုမှုကို စတင်ရေးဆွဲသည်။

ဗမာပြည်ကို ထောက်ထားညှာတာ စိတ်ဖြင့် လွတ်လပ်ရေးပေးလို၏။ နယ်ခြားဒေသကို ဆက်လက် ထိန်းသိမ်းထားလို၏။ ပြည်မကို ကောင်းစွာ အုပ်ချုပ်နိုင်စွမ်း ရှိပြီဆိုမှ နယ်ခြားနှင့် ... တောင်တန်းဒေသ လူထုကို စည်းရုံးသိမ်းသွင်းပြီး အုပ်ချုပ်စေလို၏။ ဤသို့သော အကြောင်းမျိုးကြောင့် ဗြိတိသျှစစ်အုပ်ချုပ်ရေး ကို လွှဲပြောင်းယူသည်နှင့် တစ်ပြိုင်နက် နယ်ခြားဒေသနှင့် တောင်တန်းဒေသ အုပ်ချုပ်ရေးကို စတင်တည်ထောင်ပြီး ဥပဒေပြုအာဏာ ရေးဆွဲစေသည်။

ဗြိတိသျှအစိုးရသည် ပြည်မနှင့်မတူသော အုပ်ချုပ်ပုံမျိုးဖြင့် နယ်ခြားဒေသကို အုပ်ချုပ်သည်။ ရှမ်းပြည်နယ်၊ ကရင်နီပြည်နယ်၊ စော်ဘွားပိုင်နယ်မြေများကို စုပေါင်းပြီး ဖက်ဒရယ်စနစ် ဖွဲ့စည်းလိုက်၏။

အိန္ဒိယမှ ခွဲထွက်လိုက်ပြီးသော ဗမာပြည်ကို ရန်ကုန်အခြေစိုက် ဗြိတိသျှ အုပ်ချုပ်ရေးစနစ်ကို ဖွဲ့စည်းအုပ်ချုပ်စေသည်။ ထိုအုပ်ချုပ်ရေးအဖွဲ့သည် ဖက်ဒရယ် အုပ်ချုပ်ရေးစနစ် ဖြစ်သည့် ရှမ်း၊ ကရင်နီနှင့် နယ်ခြားဒေသကို ရန်ကုန်ရှိ ကာကွယ်ရေးဌာနက တိုက်ရိုက်အုပ်ချုပ်စီမံသည်။

ဗြိတိသျှစစ်တပ်တွင် ကရင်၊ ကရင်နီနှင့် ကချင်လူမျိုးတို့ကိုသာ စစ်မှုထမ်းစေ၏။ ဗမာနှင့် ရှမ်းတို့ကို ခေတ်မီစစ်ပညာကို မထိတွေ့စေလိုခြင်းလည်း ပါမည် ထင်ရသည်။ ဗြိတိသျှစစ်တပ်တွင် ဤလူမျိုးများကိုသာ ဦးစားပေးသည်ကို တွေ့ရတတ်သည်။ တောင်တန်းနှင့် နယ်ခြားဒေသတို့ကို သီးခြားအုပ်ချုပ်လိုခြင်းလည်း ဖြစ်မည် ထင်ရသည်။ နယ်စပ်ဒေသကို တိုက်ရိုက်ကိုင်တွယ်သည်မှာ တရုတ်ကွန်မြူနစ်နှင့် တရုတ်အမျိုးသားရေးဝါဒီတို့၏ အန္တရာယ်ကို ကြိုတင်ဟန့်တား ပိတ်ပင်ခြင်း မျိုးလည်း ဖြစ်နိုင်ပါသည်။ သတ္တုမိုင်းချားဖြစ်သည့် နမ္မတူနှင့် မော်ချီးဒေသကို လုံးဝစိုးမိုးရေးနှင့် ကျွန်းသစ်ရေယာများကြောင့်လည်း ဖြစ်နိုင်သည်။ ထို့ပြင် ဗြိတိသျှတို့သည် သံလွင်မြစ်ဝဖြစ်သည့် မော်လမြိုင်ဒေသကိုလည်း ထိန်းသိမ်းလိုသေး၏။ ပြည်မနှင့် မပတ်သက်လျှင် ရှမ်းပြည်နယ်၏ တစ်ခုတည်းသော

ထွက်ပေါက် ဖြစ်သောကြောင့် ဖြစ်သည်။

စစ်ပြီးခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့အမျိုးသား ခေါင်းဆောင်ကြီး ဖြစ်ပါသည်။ ဗမာ တစ်မျိုးသားလုံးက သူ့နောက်မှာ ရှိသည်။ ရဲဘော်သုံးကျိပ်နှင့်အတူ ဂျပန်ပြည်မှ စစ်ပညာသင် ပြန်လာခဲ့သည်။ ဘီအိုင်အေ (BIA, Burma Independence Army) ကို တည်ထောင်နိုင်ခဲ့သည်။ တော်လှန်ရေးကို ဦးဆောင်ခဲ့သည်။ ဖဆပလ (AFPFL - Amti-Fascist People's Freedom League) ကိုလည်း ဤတပ်မတော်မှ ဖွဲ့စည်းခဲ့၏။

ကြီးမားသော ပြည်သူ့ညီလာခံကြီးကို ၁၉၄၇ ဖေဖော်ဝါရီလထဲတွင် ကျင်းပခဲ့ကြ၏။ ရှမ်းပြည်နယ်ရှိ ပင်လုံညီလာခံသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ မွေးရာဇာတိ ဖြစ်၏။ ချင်း၊ ကချင်နှင့် ရှမ်းတိုင်းရင်းသားတို့က ဗိုလ်ချုပ်အောင်ဆန်းနှင့် ပူးပေါင်းပြီး လွတ်လပ်ရေးယူရန် စိတ်ပိုင်းဖြတ်ခဲ့ကြသည်။

မကြာမီ ကြေကွဲဖွယ်ဇာတ်လမ်း စလာ၏။ ပါလီမန်ထဲတွင် ခိုးထုတ်ယူထားသော သေနတ်များဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ဝန်ကြီးအဖွဲ့ဝင်များ လုပ်ကြံခံရ၏။ ထိုအထဲတွင် ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်သော မိုင်ပွန်စော်ဘွား ပါသွား၏။ တိုးတက်သော အတွေးအခေါ် သမားကောင်းတစ်ယောက် ဖြစ်၏။ ရှမ်းပြည်နယ်ထဲတွင် အကောင်းမြင်သမား တစ်ယောက်လည်း ဖြစ်၏။ ဤနေ့ရက်သည် ဗမာပြည်၏ ကံဆိုးမိုးမှောင်ကျသော နေ့ဖြစ်၏။ စစ်ကြိုခေတ် နန်းရင်းဝန် ဖြစ်ခဲ့ဖူးသူ ဦးစော၏ စက်ပုန်းခုတ်ကြံစည်မှု ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်း နေရာတွင် သခင်နုက ဆက်လက် တာဝန်ယူ ဆောင်ရွက်ရတော့သည်။

ဤကဲ့သို့သော မုန်တိုင်းထန်သော နှစ်ကာလများတွင် နယ်လှည့်ပို့ချချက်အတွက် အမေရိကသို့ နှစ်ခေါက်သွားရောက်ခဲ့၏။ တစ်ခေါက်လျှင် ခြောက်လကြာတတ်၏။ သို့သော် စဉ်ဆက်မပြတ် သတင်းစကား ကြားနေရ၏။ ကျွန်တော်၏ညီမက နမ့်ခမ်းဆေးရုံအကြောင်းကို အမေရိကရှိ ကျွန်တော့်ဆီ စာရေးနေသောကြောင့် ဖြစ်၏။ အခြေအနေကို ကြားသိရသည်မှာ စိုးရိမ်ဖွယ်ရာဖြစ်၏။

ကွန်မြူနစ်များ ကြီးစိုးလွှမ်းမိုးလာမှုသည် ကြီးမားသော အနှောင့်အယှက် ဖြစ်သလို ဓားပြများ၏ သောင်းကျန်းမှုသည်လည်း အန္တရာယ်ပင်။ စစ်ကြီးစတင်ကတည်းက ဗမာပြည်သည် အစစ်အမှန်ငြိမ်းချမ်းရေး မရရှိခဲ့။

ပထမဦးစွာ စစ်ပြေးများဖြစ်သည့် တရုတ်အမျိုးသားရေးဝါဒီတပ် (ကူမင်တန်)ကြောင့် ဖြစ်သည်။ ကျေးရွာများကို တိုက်ခိုက်လုယက်သည်။ လီဒိုလမ်းမကြီး တစ်လျှောက်နှင့် တရုတ်နယ်စပ်တွင် ဖြစ်၏။ အစိုးရက ကချင်အကူအညီဖြင့် သူတို့ မူလနေရာ တရုတ် ပြည်နယ်စပ်အထိ လိုက်လံ

တိုက်ခိုက်မောင်းထုတ်သည်။

ထို့နောက် ဗမာလူမျိုးဓားပြများ ပေါ်ပေါက်လာ၏။ ဗန်းမော်တပိုက် ဧရာဝတီမြစ်ရိုး တစ်လျှောက် ဖြစ်သည်။ မန္တလေးမြောက်ဘက်နှင့် ရှမ်းပြည်နယ်စပ်မှာလည်း ဓားပြများ သောင်းကျန်းလာကြသည်။

ခေတ်ပျက်ကာလတွင် အိမ်၊ အဆောက်အအုံတို့ကို ဖောက်ထွင်း၍ ပစ္စည်းယူသည်။ ဤသို့သော သူများကလည်း ကွန်မြူနစ် အမည်ခံယူလာတတ်သည်။ သို့သော် ကွန်မြူနစ်ဝါဒကို နကန်းတစ်လုံးမျှ သိသူများ မဟုတ်ကြပေ။ ပြည်မမှ ကွန်မြူနစ်ခေါင်းဆောင်များက လာရောက်၍ သဘောတရား သင်တန်းပေးကြသည်။ အချိန်ယူ၍ပင် ဆောင်ရွက်ကြသည်။ ကျွန်တော် ထောင်ထဲတွင် ရှိစဉ်က ကြားသိခဲ့ရခြင်း ဖြစ်သည်။ ၁၉၄၈ လွတ်လပ်ရေးရသော အခါတွင်လည်း တည်ငြိမ်အေးချမ်းသော ဗမာနိုင်ငံ ဖြစ်မလာခဲ့ပါ။

၁၉၄၈ ဇန်နဝါရီလ (၄) ရက်၊ လွတ်လပ်ရေးနေ့တွင် ကျွန်တော်၏ မိတ်ဆွေကြီးစဝ်ရွှေသိုက် သမ္မတ ဖြစ်လာခဲ့သည်။ ပြင်သစ်နိုင်ငံ၏ သမ္မတအဆင့်မျိုး ဖြစ်သည်။ အစိုးရ၏ အာဏာအရှိဆုံး ပုဂ္ဂိုလ်မှာ ဝန်ကြီးချုပ်ဦးနု ဖြစ်လာသည်။ စစ်ပြီးစ အာရှနိုင်ငံများတွင်လည်း ထင်ရှားသူဖြစ်သည်။ ဤအစိုးရမှ ကြားဖြတ်အစိုးရ ဖြစ်ပြီး ရွေးကောက်ပွဲအရ တက်လာခဲ့သည် မဟုတ်။ နောက် ခြောက်လအကြာ ၁၉၄၈၊ ဇူလိုင်လတွင်မှ အထွေထွေရွေးကောက်ပွဲ ကျင်းပမည် ဖြစ်သည်။

ဗမာပြည်သည် လွတ်လပ်ခဲ့ပြီ။

သို့သော် လွတ်လပ်ရေးနှင့်အတူ မညီညွတ်မှု၊ ဗရမ်းဗတာဖြစ်မှု၊ လက်နက်ကိုင် တော်လှန်ရေးနှင့် ရောင်စုံသူပုန်များ ပေါ်ပေါက်လာခဲ့သည်။

ပထမဦးစွာ ဤအုပ်စုများတွင် အရေးပါသော အင်အားစုမှာ ကွန်မြူနစ်အုပ်စု နှစ်စုဖြစ်၏။

အလံဖြူနှင့် အလံနီဖြစ်သည်။ ဤအုပ်စုနှစ်စုသည် သူတို့အချင်းချင်း အင်အားပြိုင်သကဲ့သို့ ဒီမိုကရေစီဆန်သော ဆိုရှယ်လစ် အုပ်စုနှင့်လည်း ယှဉ်ပြိုင် တိုက်ခိုက်ကြသည်။ ဗမာပြည်၏ ကံကြမ္မာကြောင့်လားမသိ။ ကွန်မြူနစ်တို့ အာဏာမရခဲ့ကြ။ နောက်ပိုင်းတွင် မြေအောက် တော်လှန်ရေးသမားများ အဖြစ် ဗမာအစိုးရကို ပုန်ကန်ကြတော့သည်။

ဗမာ့တပ်မတော်သည် ကွန်မြူနစ်များနှင့် တိုက်ခိုက်ရသလို တရုတ်ကွန်မင်တန်တပ် အကြွင်းအကျန်များ နှင့်လည်း တိုက်ခိုက်ရတော့သည်။ တရုတ်တပ်ကြွင်း တပ်ပြေးများသည် ဓားပြဘာသာနှယ်...။

နောက်ပိုင်းတွင် အဓိက တိုက်ခိုက်ရသည်မှာ ကေအင်ဒီအို (KNDO- Karen National Defense Organization) ဖြစ်လာတော့သည်။

လွတ်လပ်ရေးရပြီးစ ဗမာနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ညီညွတ်ရေးရယူရန် စိတ်ထက်သန်သော်လည်း နိုင်ငံရေးအရ ပြည်တွင်းစစ်ကြောင့် တဲတဲမျှသာ တည်ရှိရတော့သည်။

ဤကဲ့သို့သော မငြိမ်သက်လျက် ဖြစ်ပျက်နေသည့် ကာလတွင် ၁၉၄၈၊ ဧပြီလတွင် ရှမ်းပြည်နယ်သို့ ကျွန်တော် ဒုတိယအကြိမ် ပြန်လည် ရောက်ရှိလာတော့သည်။ ဇနီးသည် သင်္ဘောဖြင့် နောက်မှ လိုက်ပါလာ၏။

နမ့်ခမ်း၏ အခြေအနေသည်လည်း စစ်မဖြစ်မီ အခြေအနေနှင့် တခြားစီ ဖြစ်ခဲ့ပြီ။ အချိန်အတော်ကြာ စောင့်ကြည့်လေ့လာသည့်အခါ အခြေအနေမှာ ပို၍ပင် ဆိုးဝါးလာပါတော့သည်။

ဤသို့ဖြင့် မိခင်နှင့် ကလေးတွေပါ အမေရိကသို့ ပြန်ပို့ရန် ဆုံးဖြတ်ရတော့သည်။ ကလေးနှစ်ယောက် ဖြစ်နေပြီ။ ယောက်ျားလေးများ ဖြစ်ကြသည်။ သူတို့ကို ကျောင်းပညာ သင်ကြားရန် ရှိသေး၏။

ကျွန်တော် ပြန်ရောက်လျှင်ရောက်ချင်း နယ်လှည့် ခွဲစိတ်ကုသရေးကို စတင်ဆောင်ရွက်သည်။ နေရာတိုင်းတွင် ထူးခြားဖြစ်စဉ်များ တွေ့ရ၏။ လွိုင်ကော်မှာ စတင်တွေ့ရ၏။

နမ့်ခမ်းမှ မထွက်ခင်ကတည်းက ကားကြံ့ခိုင်ရေးကို အသေချာစစ်ဆေးပြီး ထွက်လာခဲ့၏။ သို့သော် ရှမ်းနှင့် ကရင်နီနယ်စပ်တံတားအဖြတ်တွင် ကားဘရိတ်က စတင်ဖောက်လာတော့၏။ မှောင်လာပြီ ဖြစ်သဖြင့် လမ်းကြောင်းပြောင်းပြီး မောင်းလာလိုက်သည်။ လမ်းပေါ်တွင် ယခင်ကမှ မရှိခဲ့ဖူးသော ဂိတ်နေရာကို တွေ့ရ၏။ ဖြည်းဖြည်းချင်း မောင်းဝင်လာခဲ့သည်။ လိုအပ်လျှင် ဂိုက်နှစ်ဆယ်အကွာမှပင် စတင်၍ ရပ်တန့်ရန် အချက်ပြရမည် ဖြစ်သည်။ ဂိတ်နှင့် ဆယ်ဂိုက်လောက်ထိ မည်သည့်အချက်ပြမှုမျှ မတွေ့ရ။

ဂိတ်နှင့် ဆယ်ဂိုက်လောက်အကွာတွင်မှ ရပ်ရန် ဗမာလို လှမ်းအော်သည်။ ကြားသည်နှင့် ရပ်ပေးလိုက်၏။ ရိုင်ဖယ်၊ ကာဘိုင်နှင့် စတင်းဂန်းများက ကျွန်တော့်ကို ထိုးချိန်ထားကြသည်။ စစ်ဗိုလ်ပေါက်စက ကျွန်တော့်ကို ထိုးချိန်ထားကြသည်။ စစ်ဗိုလ်ပေါက်စက ကျွန်တော်ကို အော်သည်။ ခေါင်းကို အပြင်ဘက် ထုတ်လိုက်ပြီး ပြန်ပြောရသည်။

"ကျွန်တော် ဘာမှားလဲ..."

ကျွန်တော်မေးလိုက်မှ စစ်ဗိုလ်ပေါက်စမှာ ဒေါသထွက်သွားပုံရ၏။ ကားနားကပ်လာသည့်အခါ အရက်နံ့က ထောင်းကနဲ့ ထွက်လာ၏။ စကားပြောလေသံကလည်း အင်မတန် အော်ကလီဆန်စရာ ကောင်း၏။

ကျွန်တော် ဘယ်သူပါဟု ရှင်းပြရင်း ပါ(စ်)ပို့ကို ထုတ်ပြပေးလိုက်၏။ ဤသို့ ရှင်းပြမှပင် ပိုဆိုးသွားတော့၏။ အနားရှိသစ်ပင်ကို ဆောင့်ကန်၏။ ကျွန်တော်တို့ကို သေနတ်တွေက ချိန်းထားဆဲ..။ ဤသို့ဖြင့် ကျွန်တော်တို့ကိုးယောက် နယ်လှည့် ဆေးကုသရေးအုပ်စုမှာ သူဒေါသပြေအောင် နာရီဝက်လောက် စောင့်နေရတော့၏။

နောက်တစ်ကြိမ် စစ်လက်နက်ပစ္စည်းအပြည့်စုံ တပ်ဆင်လျက် ပြန်လာ၏။ လွိုင်ကော် တပ်စခန်းသို့ လိုက်ခဲ့ရန် ခေါ်သည်။ မလိုက်နာလျှင် ပစ်မိန့်ပေးထားသည် ဟုလည်း ပြော၏။ ပါလာသည့် ရှစ်ဦးသော ရှမ်း၊ ကချင်၊ ကရင် သူနာပြု မိန်းကလေးများသည် ခပ်တည်တည်ပင်...။

လွိုင်ကော် ရောက်သည့်အခါတွင် ထရပ်ကားက ပြည်ထောင်စုစစ်ရဲဝင်းထဲသို့ ဝင်သွား၏။ ကျွန်တော်လည်း လိုက်ဝင်သွား၏။ စစ်ဗိုလ်က မြို့ထဲသို့ သွားသည်မှာ မိနစ်လေးဆယ်ခန့် ဆက်စောင့်နေရ၏။

"တောင်းပန်ပါတယ် ဒေါက်တာခင်ဗျာ" ဟု ယဉ်ကျေးသော အသံက နောက်ဘက်မှ ပေါ်ထွက်လာ၏။ လှည့်ကြည့်တော့ ဗမာ့အရာရှိ နှစ်ယောက်ကို တွေ့ရသည်။ "ဒီမှာက ဥပဒေသစ်တွေ ထုတ်ထားတယ်။ လူတိုင်းက စိုးရိမ်မှုတွေ ရှိနေကြတယ်လေ။ အမိန့်နာခံတာ ကောင်းပါတယ်ဗျာ..."

"ဟုတ်ပါတယ်"

"စိတ်မရှိပါနဲ့နော်..." စစ်ဗိုလ်ကလည်း နည်းနည်းတော့ မူးနေသည်။

"စိတ်မဆိုးပါဘူး၊ ဆေးရုံးကို ဆက်မောင်းသွားလို့ရလား၊ ဆေးရုံမှာ အလုပ်ရှိသေးတယ်လေ"

"ဟုတ်ကဲ့... ရပါတယ်ခင်ဗျာ"

အရာရှိနှစ်ယောက်က အလေးပြုသည်။ ကျွန်တော်က ကားကို နောက်ပြန်ဆုတ်လိုက်၏။ စစ်ဗိုလ်လေးက ခုချိန်ထိ ပေါ်မလာတော့။ နောက်တော့ အခက်ခဲ မရှိတော့ပေမယ့် စိတ်ထဲမှာတော့ အသက်မသာ ဖြစ်ကြရ၏။

"ဒေါက်တာ ဖီးလစ် ကရာစု" သည် လွိုင်ကော်ဆေးရုံမှာပင် ရှိနေသေး၏။ လူတော်တစ်ယောက် ဖြစ်၏။ နှစ်ပေါင်းများစွာတည်းကပင် သူ့ကို သိခဲ့၏။ ခွဲစိတ်လူနာ သိပ်မရှိပါ။

အဖြစ်အပျက်တစ်ခုကို ပြောကြ၏။

ကော(လ်)ခဲမှ စော်ဘွားကြီးသည် အိုမင်းပြီး စိတ်မမှန်တော့ပါ။ သူ့သားကိုလည်း အရိုက်အရာ မလွှဲရသေး။ ထိုအချိန်တွင် ပဒေါင်လူမျိုး နှစ်ခြင်း ခရစ်ယာန်ဦးဘီးသည် သြဇာကြီးမားသူ ဖြစ်နေသည်။ လွိုင်ကော်မှာ အနောက်မြောက်ဘက် အရပ်တွင် ပဒေါင်လူမျိုး ရိုမန်ကက်သလစ် ခရစ်ယာန်က များ၏။

ဤသို့ဖြင့် ပဒေါင်လူမျိုးနှစ်ခြင်းနှင့် ကက်သလစ်တို့ ပြဿနာ ဖြစ်နေဆဲ ဖြစ်၏။ ကက်သလစ်ထဲတွင်လည်း အရိုက်ရာဆက်ဆံရန် သင့်တော်သူ ရှိနေသည် ယခု သတင်းထွက်နေ၏။ ကျွန်တော်တို့ရောက်ချိန်တွင် ကျေးရွာအချင်းချင်း တိုက်ခိုက်မီးရှို့လျက် ရှိသည်။

အပြစ်မဲ့သူတို့ အသတ်ခံရ၏။ ဦးဘီးသည် လွိုင်ကော်လာသည့်အခါ အစိုးရ စစ်အစောင့်ရှောက်နှင့် လာရသည်။

ဤအဖြစ်အပျက်နှင့် ပတ်သတ်၍ နောက်ဆက်တွဲသတင်း ကြားရစဉ်ကတော့ ကောလာဟလဟု ထင်သည်။ နောက်မှ အဖြစ်မှန်ဖြစ်ကြောင်း သိရ၏။

ဦးဘီးကို ပြန်ပေးဆွဲ ခေါ်ဆောင်သွားကြသည်။ အပိုင်းပိုင်း ခုတ်ထစ်ဖြတ်တောက်၏။ ဂုံနီအိပ်ထဲတွင် ထည့်ချုပ်ပြီး ကျောက်ခဲ၊ ကျောက်တုံးများနှင့် တွဲ၍ ဘီးလူးချောင်းထဲ မျှောလိုက်ကြသည်။ ဤသတင်းကို ကျိုင်းထုံနယ်စပ်တွင် တာဝန် ထမ်းဆောင်နေသော ကရင်နှစ်ခြင်း စစ်တပ်က ကြားသိရသည့်အခါ မကျေနပ် ဖြစ်ကြသည်။ သတ်ဖြတ်မှုတွင် တာဝန်ရှိသည့် ကက်သလစ် ပဒေါင်တို့ကို လက်စားချေရန် ဆုံးဖြတ်လိုက်ကြ၏။ စစ်တပ်ရှိ အရာရှိနှစ်ဦးက ငြင်းပယ်သောအခါ ပစ်သတ်လိုက်ကြ၏။ ရေဒီယို အဆက်သွယ် ဖြတ်တောက်လိုက်၏။ လွိုင်ကော်သို့ ချီတက်ပြီး ငွေတိုက်နှင့် အစိုးရရုံးများကို ဝိုင်းလိုက်၏။ ငွေတိုက်မှ ပိုက်ဆံများကို သိမ်းပြီး ကရင်နီနယ်ဆီ ဆင်းသွား၏။ ပဒေါင်များကို နှိမ်နင်းတိုက်ခိုက်သည်။ ပြစ်ဒဏ်ခတ်သည့် အနေဖြင့် တိုက်ခိုက်ပြီးမှ အစိုးရငွေတိုက်မှ ပိုက်ဆံများကို ပြန်လည်ပေးအပ်လိုက်သည်ဟု သိရ၏။

နှစ်ခြင်းခရစ်ယန်နှင့် ကက်သလစ်တို့၏ ပဋိပက္ခများကြောင့် နယ်လှည့်ခွဲစိတ် ဆေးဝါးကုသမှုကို ယာယီ ရွှေ့ဆိုင်းထားလိုက်ရသည်။ လွိုင်ကော်ခရီးစဉ် ဖျက်လိုက်ရသည်။ နောက်ဆုံးတော့ စစ်ဒေသတိုင်းမှူးကို သတင်းပို့ပြီး လွိုင်ကော်ဆေးရုံသို့ သွားဖြစ်ခဲ့သည်။ အခြေအနေက ငြိမ်သက်မှုမရှိ။ တစပြင်နှယ်။ လေထုထဲတွင် စစ်ရိပ်စစ်ငွေ့များ ရနေ၏။

ကျွန်တော်ဆေးကုသပြီး လှိုင်ကော်ဆေးရုံမှ ပြန်ပြီး နှစ်ရက်အကြာ တိုက်ပွဲများ ဖြစ်ပွားသွားပါတော့သည်။

အခန်း (၁၁)

ကရင်သူပုန်

ကရင်သူပုန်ထခြင်းနှင့် ကျွန်တော် ဒုက္ခရောက်ရခြင်းများသည် ဆက်စပ်ပတ်သက်လျက် ရှိပါတော့သည်။

ကရင်-ဗမာ ပဋိပက္ခသည် နှစ်ပေါင်းများစွာကတည်းက ရှိခဲ့သည်။ အမေရိကရှိ လူမျိုးစု ပြဿနာကဲ့သို့ ဖြစ်နေပါသည်။ ကရင်လူဦးရေထက် ဗမာဦးရေက သာလွန်များပြားသည်။ လွန်ခဲ့သော ရာစုနှစ်ကပင် ကရင်တို့အပေါ် ဗမာတို့က အောင်နိုင်ခဲ့ကြသည်။ ဗမာမင်းများ လက်ထက်ကပင် လက်အောက်ခံဒေသအဖြစ် သဘောထားခြင်း ခံရသည်။ ပထမနှင့် ဒုတိယကမ္ဘာစစ်ဖြစ် ကာလများတွင် ဗြိတိသျှတို့က ဖိအားပေး၍ လွတ်မြောက်စေခဲ့သည်။

ဤသို့ ဖြစ်သွားရသည်ကိုလည်း ဗမာတို့က မကျေမချမ်း ဖြစ်ခဲ့သည်။ နီဂရိုးများ လွတ်မြောက်ရခြင်းကို တောင်ပိုင်းအမေရိကန်တို့က မကျေချမ်းပုံမျိုးနှယ်၊ အမေရိကန်နှစ်ခြင်း သာသနာပြုတို့၏ ခရစ်ယာန် ဖြစ်လာခြင်းကလည်း ကရင်တို့ကို နောက်ထပ်တိုးတက်မှု ဖြစ်စေသည်။ ဗြိတိသျှတို့ကလည်း ကရင်လူမျိုးတို့ကို ပုလိပ်ဝန်ထမ်းအဖြစ် စတင်အသုံးပြုသည်။ ရာထူးကြီးကြီး မရရှိခဲ့ကြသော်လည်း ထိပ်ပိုင်းရောက်နိုင်သော အရည်အချင်းပြည့်မီသူများ ဖြစ်ကြသည်။

ဗမာပြည်တွင်းရှိ အခြားသော လူမျိုးစုများနည်းတူ ကရင်တို့သည်လည်း အမျိုးသားရေးဝါဒကို ကြွေးကြော်လာကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့် ပြည်နယ်ကို ရရှိရန် စိတ်ပိုင်းဖြတ်ထား ကြသည်။ ဤသို့အားဖြင့် ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ (Karen National Defense Organization) ကို ဦးတည်သွားစေခဲ့၏။

၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်တွင် ရှမ်း၊ ကချင်နှင့် ချင်းတို့၏ အမျိုးသား ခေါင်းဆောင်များကို နိုင်ငံတော်အဆင့်မြင့်ရာထူးများ ပေးအပ်ခဲ့သည်မှာ ဗြိတိသျှတို့ထက် သာ၏။ ဗိုလ်ချုပ်အောင်ဆန်းက ဗမာလူမျိုးတစ်မျိုးတည်းနှင့် ဗမာပြည် မဖြစ်နိုင်သည်ကို အမှန်တိုင်းသိ၏။

ကရင်အများစုရှိသည့် သံလွင်ခရိုင်သည် အင်မတန် ခေတ်နောက်ကျနေသေး၏။ ဗြိတိသျှ လက်အောက်မှာပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသအဖြစ် မရပ်နိုင်ခဲ့။ ဗြိတိသျှတို့ ဆုတ်ခွာသည့်အခါ ပြည်မ၏

ခရိုင်တစ်ခုအဖြစ်သာ ဖြစ်နေရစ်ခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် ဆွေးနွေးစဉ်ကာလ ဖြစ်သည်။ ကရင်အဖွဲ့သည်လည်း အင်္ဂလိပ်အစိုးရနှင့် လန်ဒန်သို့ သွားရောက်ပြီး တွေ့ဆုံဆွေးနွေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်လည်း တိုက်ရိုက် တွေ့ဆုံခဲ့သည်။ ဆွေးနွေး ညှိနှိုင်းခဲ့သည်။ ဗိုလ်ချုပ်ကလည်း ကချင်နှင့် ရှမ်းတို့နည်းတူ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

ကရင်တို့၏ နယ်မြေသတ်မှတ် တောင်းဆိုမှုက များပြားလွန်းလှသည်။ ဗြိတိသျှတို့ကမူ ကာကွယ်ပြောဆိုပေးပါ၏။

၁၉၄၅-၄၈ ခုနှစ်များတွင် ဗြိတိသျှတို့ လေ့ကျင့်ပေးထားသည့် စစ်တပ်နှင့် စစ်မှုထမ်းကောင်းများ များစွာမှာ ကရင်တို့ ဖြစ်ကြ၏။ စစ်ပြန်စစ်မှုထမ်းဟောင်း များလည်း ရှိ၏။ အရာရှိများစွာလည်း ရှိ၏။ လွတ်လပ်ရေးရသည့် နှစ်မှာပင် စစ်ဦးစီးချုပ်သည် ကရင်လူမျိုး ဗိုလ်ချုပ် စမစ်ဒွန်းဖြစ်၏။ ဗမာလူမျိုးတို့ကလည်း ဤသည်ကို စိုးရိမ်၏။

ဗြိတိသျှတို့သည် ဗမာပြည်၏ ပြည်တွင်းရေး ပြဿနာများကို တစ်ခုမျှ မရှင်းပေးသေးဘဲ ဆုတ်ခွာသွား၏။

ကွန်မြူနစ်ပုန်ကန်မှုသည် စတင်ခဲ့ပြီ ဖြစ်၏။ အပြင်းထန် ကာကွယ်တိုက်ခိုက်သူတို့မှာ ကရင်လူမျိုးစုတပ်ရင်းများ ဖြစ်ကြသည်။ ကရင်တပ်ရင်းက ဗမာကွန်မြူနစ်များကို တိုက်ခိုက် သတ်ဖြတ်၏။ ကွန်မြူနစ်များသည် ကရင်ကိုလည်း မတိုက်၊ ကချင်၊ ချင်း၊ နာဂ၊ လားဟူ 'ဝ'တို့ကိုလည်း မတိုက်ခိုက်ချေ။ သူတို့သည် အာဏာရ ဗမာလူမျိုးတို့ကိုသာ တိုက်ခိုက်လေသည်။ လူမျိုးစုပဋိပက္ခထက် နိုင်ငံရေးပဋိပက္ခကိုသာ ကွန်မြူနစ်တို့က ဦးတည်ပုံရသည်။

ကွန်မြူနစ်သူပုန်တို့၏ ကြီးစိုးလွှမ်းမိုးမှုရှိသော ကာလများတွင် ရန်ကုန်နှင့် နမ့်ခမ်း ဆက်သွယ်ရေးသည် လွန်စွာခက်ခဲ၍ ငွေကုန်ကြေးကျလည်း များလှပါသည်။ ရထားလမ်း ဆက်သွယ်ရေးက ဦးစွာ ပြတ်တောင်းပြတ်တောင်း ဖြစ်လာ၏။ ထောက်ပံ့မှုများ ရောက်လာသေး၏။ ကရင်ပုန်ကန်မှု ဖြစ်သည့်အခါတွင် ကုန်းလမ်း သယ်ယူပို့ဆောင်ရေး ပြတ်တောက်သွားတော့သည်။ ရန်ကုန်မှ လားရှိုး (သို့မဟုတ်) ဗန်းမော်ထိ လေကြောင်းဆက်သွယ်ရေး ရှိနေသေး၏။

ဆတ်ဆီဈေးနှုန်း အဆမတန် မြင့်တက်သွား၏။ နမ့်ခမ်းတွင် တစ်ဒေါ်လာလျှင် တစ်ဂါလံ ရနေသော ဈေးနှုန်းသည် တစ်ဂါလံလျှင် နှစ်ဆယ်ဒေါ်လာထိ မြင့်တက်သွား၏။ (မူရင်းစာရေးသူ ရေးနေသည့် ကာလသည်

၁၉၄၈ နောက်ပိုင်း ဖြစ်သည်။) လျှပ်စစ်သုံးစွဲမှု စွန့်လွှတ်လိုက်ရသည်။ မော်တော်ကားဖြင့် ခရီးသွားခြင်းကိုလည်း စွန့်လွှတ်လိုက်သည်။ အသက်ကယ်ရမည့် ခရီးစဉ်မှတပါး မသွားတော့။ ဗန်းမော်ကို မြစ်ကြောင်းမှတဆင့် သွား၏။ နမ့်ခမ်းသည် ပြင်ပကမ္ဘာနှင့် ပြတ်တောက်သွား၏။

အမေရိကန်လူနာတင်ကားဖြင့် အရဲစွန့်ကာ လားရှိုးသို့ ထွက်လာခဲ့သည်။ သူနာပြုဆရာမ ရှစ်ယောက်ကိုလည်း ခေါ်ဆောင်လာခဲ့သည်။ မီးများ ထိန်ထိန်လင်းလျက်.....။ လူအုပ်ကိုလည်း တွေ့ရ၏။ ဝတ်ပြုဆုတောင်းပွဲတစ်ခု ပြုလုပ်နေပုံရ၏။ လူနာတင်ကားသံကြောင့် အိမ်ပေါ်မှ လူတစ်ယောက်ဆင်းလာ၏။

"ဘာတွေ ဖြစ်နေကြတာလဲ" ဟု ပင်ပန်းတကြီး မေးလိုက်သည်။

"မြိတ်မှာ ကရင်တွေ အစုလိုက်အပြုံလိုက် သတ်ခံရတယ်လေ။ အဲဒါကြောင့် ဆုတောင်းပွဲ လုပ်နေတာ"

ကရင်လူမျိုးတို့သည် ခရစ်ယာန်အယူဝါဒကို လက်ခံယုံကြည်လာကြသည်မှ စ၍ ဆုတောင်းခြင်းအမှုကို ယုံကြည်စွာ ပြုကြ၏။ ကျွန်တော့်အဖိုး လက်ထက်ကပင် ကြုံတွေ့ခဲ့ရဖူး၏။ ဗမာတို့ကြောင့် ရရှိလာသော ဒုက္ခနှင့်ပတ်သက်၍ မျိုးရိုးစဉ်ဆက် ရရှိလာသော ဒုက္ခကို တွေ့တိုင်း ကရင်တို့သည် ဆုတောင်းခြင်းသာ ပြုသည်ကို အများဆုံး တွေ့ရတော့သည်။

ယခုချိန်ထိ သည်ဒါဇင်ပေါင်းများစွာသော ကျွန်တော်၏ မှတ်ချက်များ ဖြစ်တော့သည်။ နောက်ပိုင်းတွင် သူပုန်ခေါင်းဆောင်လည်းဖြစ်၊ လူကြီးလူကောင်းလည်း ဖြစ်သည့် နော်ဆိုင်းသည် ကျွန်တော့်ကို အမှန်တကယ် ဒုက္ခပေးပါတော့သည်။

အခန်း (၁၂)

နော်ဆိုင်း နမ့်ခမ်းကို ရောက်ရှိခြင်း

၁၉၄၉ ခုနှစ်၊ ဖွန်လနှင့် ဇူလိုင်လအတွင်းသည် ကျွန်တော်၏ ဒုက္ခပြွမ်းသော ကာလများ ဖြစ်ပါသည်။ ဆယ့်ရှစ်မိုင်ခန့် ဝေးသော မူဆယ်တွင် ကျွန်တော်တို့သည် ဆေးပေးခန်း ဖွင့်ထားပါသည်။ မြို့၏ စည်ပင်သာယာရေးကော်မတီ၏ အုပ်ချုပ်မှုအောက်တွင် ကျွန်တော်တို့ ပို့လွှတ်သော စီနီယာ၊ ဂျူနီယာ သူနာပြုများ ထားရှိပါသည်။ ဂရေ့(စ်)က သူနာပြုများ စီမံခန့်ခွဲရေးပိုင်းတွင် တာဝန်ယူသည်။

ဖွန်လထဲတွင် ဂရေ့(စ်)က စီနီယာသူနာပြုတစ်ယောက်ကို မူဆယ်သို့ စေလွှတ်၏။ မြို့တွင် တာဝန်ထမ်းဆောင်နေသော မြန်မာအရာရှိငယ်များလည်း ရှိသည်။ သူနာပြုအဆောင်တွင် ထိုမြန်မာအရာရှိ လူငယ်တို့နှင့် မျက်စိရှက်စရာ ပြုမူနေထိုင်သည်ကို မြို့ခံကော်မတီက မနှစ်သက်လှပေ။ ထို့ကြောင့် သူမကို ပြန်ခေါ်လိုက်သည်။ တစ်ခါမှ ဒုက္ခမပေးဘူးသော ကရင်ဆရာမလေးကို အစားထိုးပေးလိုက်သည်။ မူဆယ်ရောက်ခါမှ လူမမာ အရင်တစ်ယောက် ထက်ပင် ဆိုးပေ၏။ သူနာပြုဆရာမကြီးထံ မြို့ခံကော်မတီက မျက်ရည်လည်ရွှဲဖြင့် လာရောက် တိုင်တန်းပြန်၏။

ဤသို့ဖြင့် သူနာပြုဆရာမအုပ်ကြီးက သူမ၏ ညီမအရင်းဖြစ်သူကို အစားထိုးပေးလိုက်၏။ မြို့ခံကော်မတီက ချက်ချင်း ကြေညာကြ၏။

သို့သော် ဗမာအရာရှိငယ်လေးများက မကျေနပ်ပါ။ ဆယ်ခုနှစ်မျက်နှာရှိသော တိုင်ကြားစာကို သူနာပြုဆရာမကြီးထံ ပို့တော့သည်။ စာပါ အကြောင်းအရာထဲတွင် မျိုးချစ်စိတ် ခေါင်းပါးကြောင်းလည်း ပါရှိ၏။ သူတို့သည် ကျွန်တော့်ကိုလည်း တိုက်ရိုက် တိုက်ခိုက်၏။ ကျွန်တော်နှင့် ပတ်သက်၍ ရန်ကုန်အထိပင် စာရေးပြီး တိုင်တန်း ပြောဆိုကြသည်။

စက်တင်ဘာ ၃ရက်၊ တစ်မနက်တွင် ကျွန်တော်တို့၏ ငြိမ်းချမ်းငြိမ်ဆိတ်ခြင်းသည် ကောလာဟလ တစ်ခုကြောင့် ယောက်ယက်ခတ်သွား ရတော့သည်။ လာရှိုးမြို့ထဲတွင် သူပုန်များ ရောက်ရှိနေသည် ဆိုခြင်းပင်။ နမ့်ခမ်းသို့လည်း လာကောင်းလာနိုင်သည်။ တစ်ဖန် ယင်း ကောလာဟလသည် အမှန်ကန်ဟု ဆိုနေသည်။ ကျွန်တော် စိတ်ပူသည်။ ဗမာပြည်၏ ကောလာဟလသည် မှန်တတ်၏။

စက်တင်ဘာ ၄ရက် မနက်ခင်းတွင် တစ်ပြိုင်နက် အဖြစ်ပျက်နှစ်ခု ဖြစ်ခဲ့၏။

သူနာပြုများကို သင်ကြားပို့ ချပေးနေချိန် ဖြစ်သည်။

ကျွန်တော် မှတ်မိသမျှဆိုလျှင်၊ ပထမဦးစွာ အစိုးရအရာရှိတစ်ဦး စတေရှင်ဝက်ဖွန်ကားနှင့် ရောက်လာခြင်းပင်။ အိမ်ဖြူကြီးကို ကျော်လာပြီး ညောင်သုံးပင် ရှိသည့် လူတိုင်းရပ်နေကျ နေရာမှာ ကားရပ်လိုက်သည်။ အခန်းရှေ့ဆုံးခုံမှ သိန္ဒိရှမ်းကလေးများ ဆီမှ စိတ်လှုပ်ရှားစွာနှင့် တိုးတိုးပဲ တိုးထွက်ပေါ်လာ၏။ ပြင်ပမှာရှိသည့် သိန္ဒိသူနာပြုရှမ်းမလေးများ အော်ပြောသံကိုလည်း ကြားလိုက်ရသည်။ ရှမ်းပြည်နယ် ကော်မရှင်နာမင်းကြီး ဖြစ်ရမည်ဟု ကျွန်တော် ထင်လိုက်သည်။ အတန်းကို ပြုတ်လိုက်ပြီး ကြိုဆိုတွေ့ဆုံရန် အခန်းပြင်ထွက်လိုက်သည်။

ထုံးတမ်းစဉ်လာ အတိုင်းပင် ကော်မရှင်နာမင်းကြီးကို ကျွန်တော့်အိမ်ကို ဖိတ်ခေါ်လိုက်သည်။ အစိုးရကို ကိုယ်စားပြုခြင်းသည် ကျွန်တော်၏ အလုပ်ဖြစ်သည်။

ကျွန်တော် ညောင်ပင်နား မရောက်မီတွင် ဂျစ်ကားတစ်စီး ထိုးဆိုက်လာ၏။ ငယ်ငယ် ကတည်းက သိကျွမ်းခဲ့ရသည့် ကချင်အစိုးရအရာရှိ ဖြစ်သူသည် ကားပေါ်မှ ဆင်းလာ၏။ ပြီးမှ မိတ်ဆက်ပေး၏။ ကရင်သူပုန်ခေါင်းဆောင် နှစ်ဦး၊ သုံးဦးနှင့် ကချင်ခေါင်းဆောင် 'နော်ဆိုင်း' ဖြစ်သည်။ မေမြို့နှင့် မန္တလေးကို သိမ်းလာသည့် လူဟု ကြားထားဖူးသည်။

ညနေထမင်းစားပွဲတွင် ဒေါက်တာ ဘစောနှင့်အတူ ကချင်ခေါင်းဆောင် "နော်ဆိုင်း"ကို တွေ့ဆုံရ၏။ ဒေါက်တာဘစောသည် ခွဲစိတ်ပညာလေ့လာရန် ၁၉၃၇ နှစ်က ကျွန်တော်ဆေးရုံကို ရောက်လာခဲ့သည်။ လုံလောက်သည့် ခွဲစိတ်ပညာကို ရယူပြီးလျှင် သူသည် ကရင်လူမျိုးများထံ ပြန်သွားမည်ဟု ပြောပြသည်။ သူ၏ မိဘများသည် သာသနာပြုများ ဖြစ်ကြပြီး ကရင်နှင့် ချင်းတို့ထံ သွားရောက်ပြီး သာသနာပြုသူများ ဖြစ်ကြသည်။ သူသည် ချင်းတောင်တန်းတွင် မွေးဖွားသူဖြစ်သည်။ သူ၏ ညီမသည်လည်း ဆရာဝန်ဖြစ်သည်။ သူသည် ရှမ်းပြည်နယ်နှင့် ကချင်တို့တွင် အလုပ် လုပ်ခဲ့ဘူးသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယသို့ ဆုတ်ခွာစဉ် ကျွန်တော်တို့နှင့်အတူ လိုက်ပါလာခဲ့၏။ ယခုလို နမ့်ခမ်းဆေးရုံတာဝန်ကို ယူပြီး ပြန်လည် တည်ဆောက်ရေးမှာ ပါဝင်နေသူဖြစ်၏။

ကျွန်တော် တိုက်တွန်းသောကြောင့်လည်း အမေရိကားမှာ တစ်နှစ်ကြာ ဆေးပညာ သွားရောက် သင်ကြားပြီး ပြန်လာ၍ အတူ တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

ယခုရက်ပိုင်းအတွင်းတွင် ရောက်ရှိနေသည့် "ဖူး(လ်)အရိုက်" ပညာတော်သင် ဖလှယ်ရေး အစီအစဉ်အရ မစ္စတာဒါရီးတို့ ဇနီးမောင်နှံက ရှိနေသည်။ နမ့်ခမ်းတွင် သူပုန်များ ရှိနေခြင်းက သံရုံးနှင့် ပတ်သက်ပြီး စိတ်ပူစရာဖြစ်စေသည်။

ကော်မရှင်နာမင်းကြီး၏ ခွင့်ပြုချက်အရ 'မုန်းပေါ်' တောင်ကြားလွင်ပြင် ဒေသသို့ ထွက်ခွာသွား၏။ ဗမာပြည်လမ်းမကြီးနှင့် ဝေးရာအရပ် ဖြစ်၏။ သူပုန်များ မထွက်ခွာမချင်း သူတို့၏ လှေလာရေးကိစ္စကို ဘေးကင်းရာ ထိုအရပ်မှာပင် လုပ်နိုင်ပေလိမ့်မည်။

အခန်း (၁၃)

ဒုက္ခမျိုးစေ့များ

ကွန်ဖရင့်လုပ်ရန် ကချင်ပြည်နယ်မှ ရောက်လာမည့်အဖွဲ့ကို စောင့်ဆိုင်းရင်းဖြင့် နေ့ဘက်တွင် ဘောလုံးကစားကြသည်။ ဆေးရုံဝင်းနားရှိ ကျွန်တော်တို့ ဘောလုံးကွင်းတွင် ကစားကြခြင်း ဖြစ်သည်။

ညနေစောင်း၍ သင်ကြားပို့ချက်ပြီးသည်နှင့် ကျောက်ဆစ်အိမ်ဖြူကြီး၏ နောက်ဘက် လှေခါးထစ်တွင် ထိုင်ပြီး ရွှေလီမြစ်နေဝင်ချိန်ကို ငေးကြည့်နေမိ၏။ အော်ဟစ်မြူးထူးသော အသံများ ကြားရသည်။ သူနာပြုမလေးများကို မေးကြည့်သည့်အခါ မြို့ခံလူငယ်များနှင့် သူပုန်တို့ ဘောလုံး ကန်နေကြခြင်း ဖြစ်သည်။

ဤအချိန်က ဤသို့သော ဘောလုံးပွဲသည် ကျွန်တော့်ကို မည်သို့မျှ ထူးထူးခြားခြား မဖြစ်စေခဲ့ပါ။ နောင်သောအခါ နိုင်ငံတော် သစ္စာဖောက်မှုနှင့် တရားစွဲဆိုခံရမှသာ အရေးပါမှန်း သိရပါတော့သည်။ အကြောင်းမှာ ဆေးရုံဝင်းအတွင်းရှိ ဘောလုံးကွင်းတွင် သူပုန်များကို ဘောလုံးပွဲ ကျင်းပခွင့် ပေးခြင်းမှာ သူပုန်နော်ဆိုင်းကို အားပေးအားမြှောက် ပြုရာရောက်သည် ဆိုသော အချက်ပင်ဖြစ်၏။ အမှန်တကယ်က ဘောလုံးပွဲ ကျင်းပလိုက်သည်ကို မသိရိုးအမှန်ပါ။

ဤရက်များတွင် ကော်မရှင်နာမင်းကြီးမှာ ကျွန်တော်၏အိမ်တွင် တည်းခိုပါသည်။ နော်ဆိုင်းနှင့် ကရင်ခေါင်းဆောင်တို့သည် ကျွန်တော်နေနေသည့် ကျောက်တုံးအိမ်လေးဆီ နှစ်ကြိမ် သုံးကြိမ်ခန့် လာရောက်လည်ပတ်ပါသည်။ ယခု ဆွေးနွေးနေသည့် ကွန်ဖရင့်သည် အောင်မြင်သည် ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ သူတို့၏ ကျန်းမာရေးကို ကူညီပေးဖို့ကိုလည်း ထည့်သွင်းပြောဆိုပါသည်။

တစ်ရက်တွင်လည်း မနက်စောစောမှာ ဖြစ်၏။ အမေရိကန်စတိုင်နှင့် ကျွန်တော် ကော်ဖီသောက်နေချိန် ဖြစ်သည်။ အစ်မနှင့် အခြားသူများက သောက်ပြီး သွားနှင့်ကြပြီး ကော်ဖီသောက်ချိန်ကို အလေးအနက်ထား၏။ ညစာစားချိန်ထက်ပင် ပို၍ အချိန်ယူသည်။ ပြဿနာများ၏ အဖြေကို ဤအချိန်တွင် စဉ်းစားသည်။ တစ်နေ့တာ လုပ်ငန်းစဉ်ကိုလည်း ဤအချိန်မှာပင် အစီစဉ်ဆွဲတတ်၏။

သူပုန်များမှာ ရုတ်တရက် ရောက်လာသည်။ ရှိသည့်ခုံများမှာပင် ဝင်ထိုင်ကြ၏။ စားပွဲကို ဝိုင်းပတ်၍ ထိုင်ကြသည်။ ကော်ဖီခွက်များက

ပတ်ပတ်လည်မှာ ဖြစ်သည်။ သို့သော် တိုက်စရာကော်ဇီက မရှိတော့။ ကော်ဇီက တစ်အိုးလုံး ပြောင်ပြီ။ သူတို့ကို ဧည့်ခံရန် လက်ဖက်ရည်ကလည်း မရှိ။ ကျွန်တော်က လက်ဖက်ရည် မကြိုက်။ အိမ်မှာကလည်း သောက်လေ့ သောက်ထ မရှိ၊ ဤအဖြစ်မျိုး ကြုံရသည်မှာ ယဉ်ကျေးဖွယ်ရာ အပြုမျိုးမဟုတ်ပေ။

သို့သော် နောက်ပိုင်းတွင် ကျွန်တော့်ကို စွပ်စွဲသည့် နိုင်ငံတော် သစ္စာဖောက်မှုတွင် ကျွန်တော်က သူပုန်များကို ဖိတ်ပြီး လက်ဖက်ရည်ပါတီ ပေးသည်ဟု ပါရှိ၏။

သူပုန်များ ရောက်လာပြီးနောက် သုံးရက်မြောက်တွင် ရောက်လာပါသည်။ ချင်းအဖွဲ့မှာ ရောက်မလာခဲ့ပါ။ ကချင်အဖွဲ့ဝင်ထဲမှ နှစ်ဦးကို ကောင်းစွာသိ၏။ တစ်ဦးမှာ အဖိုး၏ သူနာပြုဝန်ထမ်း အဖွဲ့ဝင် ဖြစ်ဖူး၏။ ကျွန်တော်သည် သူတို့ဆွေးနွေးပွဲသို့ မသွားခဲ့ပါ။ သူတို့ကလည်း တစ်လုံးတစ်ပါဒမျှ ပြန်လည်ပြောကြားခြင်း မရှိပါ။ ဆွေးနွေးပွဲ ပျက်သွားရခြင်း အကြောင်းရင်းလည်း လပေါင်း အတော်ကြာသည် အထိ စဉ်းစားအဖြေရှာ၍ မရခဲ့ပါ။ ဆွေးနွေးပွဲ ပျက်သွားသည် ကော်မရှင်နာ မင်းကြီး ပြန်သွားပြီဟု ကျွန်တော့်အိမ်ကို တစ်စုံတစ်ယောက်က လာပြောသည့် အခါမှသာ သိရပါတော့သည်။

နောက်ထပ် ကျွန်တော် သိရသည်မှာ အားလုံး ထွက်ခွာသွားကြပြီ ဖြစ်၏။ မြို့ထဲသို့ ဆင်းသွားပြီး ကြည့်သည့်အခါ လူသူကင်းမဲ့လျက်ရှိ၏။ သူတောင်းစားတစ်ယောက်စ၊ နှစ်ယောက်စ တို့သည် စွန့်ခွာသွားသည့် အိမ်များမှ ကျန်ရှိပစ္စည်းအချို့ကို ဖောက်ထွင်း ခိုးယူလိုသည့် ဟန်မျိုးနှင့် လျှောက်သွားနေသည်ကို တွေ့ရပါတော့သည်။

နော်ဆိုင်းနှင့် သူ့တပ်များသည် ပြန်လည် ထွက်ခွာသွားပြီ ဖြစ်၏။ ဒေါက်တာဘစောဆီမှ သိရသည်မှာ သူ၏ အကောင်းဆုံးတပ်စုကို ချန်ထားခဲ့သည်။ ဆေးရုံ၏ အရှေ့မြောက်ဘက်ရွာ ဖြစ်သည့် "မန်ခမ်းရွာ"ရှိ အစိုးရဘန်ဂလိုတွင် ရှိနေသည့် ဗိုလ်မှူးလက်အောက်တွင် ထားရှိခဲ့သည်။

သူတို့ထွက်ခွာသွားသည်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် ကြိုးတံတားဆီမှ မော်တာထုသံ ကြားရ၏။ နေ့လယ်ခင်းတွင် 'အင်မလီ'က အပြေးအလွှားနှင့် ရောက်လာ၏။ သူနာပြုတွေ တုန်လှုပ် ချောက်ချားနေကြပြီ..။ အိပ်ရာလိပ်သူတွေ လိပ်ကုန်ကြပြီ..။ တောထဲတွင် သွားပုန်းဖို့ လုပ်နေကြပြီ။ သူနာပြုများနှင့် ဝန်ထမ်းအားလုံး ခန်းမထဲတွင်စုရန် ကျွန်တော်က တောင်းဆိုလိုက်သည်။

ကျွန်တော်၏ ပြောကြားချက်လိုရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ပထမအချက်မှာ သူပုန်များ ရောက်ရှိနေသည့် ကာလအတွင်း ကျီးလန့်အစား

ဖြစ်ခြင်းမျိုး၊ တစ်စုံတစ်ဦး ဒုက္ခရောက်ခြင်းမျိုး မရှိခဲ့ပါ။ ကျွန်တော်၏ စစ်အတွေ့အကြုံအရ အသက်ဘေးဖြစ်မှသာ လူတို့သည် လွတ်ရာသို့ ပြေးကုန်ကြတော့သည်။ သူပုန်များ ကြီးစိုးနေသည့်ကာလတွင် လူများ ပြေးလွှား ပုန်းအောင်းခြင်းမျိုး မရှိခဲ့ကြ။ ထိခိုက်နာကျင်မှုမျိုးလည်း မရှိခဲ့ကြပါ။ အခု ပြေးလွှားကြမယ် ဆိုတာဟာ အသက်အန္တရာယ်ကို ကြောက်ရွံ့နေကြလို့သာ။

ဒုတိယအချက်မှာ လွန်ခဲ့သည့် အချိန်ကာလ ရက်များအတွင်းကလည်း ကော်မရှင်နာ မင်းကြီး၏ အမိန့်အာဏာ အောက်မှာ နေထိုင်ခဲ့ကြပြီး ဖြစ်သည်။ အခုကို ဒုက္ခကျရောက်တော့မည့် အချိန်ခါမျိုးမှာ အစိုးရအရာရှိများ၊ ပြည်ထောင်စုအဆင့် ရှိသူများ၊ ပြည်နယ် အဆင့်ရှိသူများနှင့် မြို့ပြတွင်း အုပ်ချုပ်သူများသည် ကျွန်တော်တို့ကို ပစ်ထားရက်ခဲ့ကြသည်။ ရန်ကုန်မှာရှိသည့် အစိုးရနှင့်လည်း အခုချိန်တွင် အဆက်အသွယ် မရတော့ပေ။ အကောင်းဆုံးနေထိုင်မှုမှာ ကော်မရှင်နာမင်းကြီး၏ ပြောကြားခဲ့သည့် သဘောဆန္ဒအတိုင်း နေထိုင်ကြရန်ပင်ဖြစ်သည်။

တတိယအချက်မှာ ကချင်စစ်တပ်မှ တစ်ဖန်ပြန်လည် သိမ်းပိုက်ပြီး ကျန်ရှိနေသည့် လူများကို ပစ်သတ်မည်ကို စိုးရိမ်စရာမလိုပါဘူးဟူ၍ ဖြစ်သည်။ ယခု ကျန်ရှိနေသူများထဲ တွင်လည်း ကချင် အများစုရှိနေသည်။ ဆွေမျိုးအချင်းချင်း ဘာမှ ကြောက်စရာ မလိုကြောင်းပင် ဖြစ်သည်။ သူနာပြု ဆရာမများကိုလည်း ပစ်သတ်စရာ လုံလောက်သည့် အကြောင်းတရားလည်း မရှိပါ။ နာကျင် ထိခိုက်အောင်လည်း လုပ်စရာ အကြောင်းမရှိပါ။

စတုတ္ထအချက်မှာ ဗမာပြည်အစိုးရသည် လက်ရှိအာဏာ တည်မြဲလျက်ပင် ရှိသေးသည်။ ဆေးရုံကိုလည်း ပစ်ခတ်ရန် သူတို့စစ်တပ်ကို အမိန့်မပေးပါ။

နောက်ဆုံး ပြောလိုက်သည့်မှာ စစ်အတွင်းက လေယာဉ်ပေါ်မှ ချသည့်သည်ပင် ယခု ဆောက်ထားသည့် အဆောက်အဦကို ဖြိုဖျက်နိုင်စွမ်း မရှိပါ။ ဘေးထုတ် အဆောင်လေးသာလျှင် ဗုံးဒဏ်ခံရသည်။ အခုလိုချိန်မှာ မည်သည့် လေယာဉ်ပျံမှ ဗုံးလာမကြဲပါ။ အဝေးမှ မော်တာ သံလောက်သာ ကြားနေရခြင်း ဖြစ်သည်။ ယခု သူနာပြုဆောင်ကြီး အတွင်းထဲမှာ နေလျှင် မည်သည့်ကျည်ဆန်မှ မကျရောက်နိုင်ပါ။ ပြတင်းပေါက်နှင့် ဝေးဝေးမှာသာ နေရန် ဖြစ်သည်။

ယင်းသို့ ပြောကြားပြီးနောက် အိမ်ပြန်လာခဲ့တော့သည်။ နာရီဝက်လောက် ကြာသောအခါ 'အင်မလီ'က လာပြီးသတင်းပို့သည်။ သူနာပြုဆရာမများသည် ကြီးလန့်စာစား ထိတ်လန့် ကြောက်ရွံ့မှုမျိုး မရှိကြတော့ပေ။ စိတ်ပူပန်ခြင်းများ ငြိမ်သက်သွားကြပြီ...။

သို့သော် ငြိမ်သက်ခြင်းသည် ကြာရှည်မခံလိုက်၊ နောက်တစ်နေ့ မနက်တွင်

ကော်မရှင်နာ မင်းကြီးထံမှ စာတစ်စောင် ရရှိသည်။ ကွတ်ခိုင်သို့အပြန်တွင် သူနေမကောင်း ဖြစ်သည်ဟု စာထဲတွင် ပါရှိသည်။ သူ့ကျန်းမာရေး အတွက် ဒေါက်တာဘစောကို လွှတ်ပေးရန်ဖြစ်သည်။ သူနာပြုဖြစ်သူ၏ ခယ်မဖြစ်သူကိုလည်း တစ်ပါတည်း စေလွှတ်ပေးရန် ဖြစ်သည်။ အမြန်လွှတ်ပေးရန် ဖြစ်သည်။

ထိုနေ့ကျမှပင် ဒေါက်တာဘစောမှာ ညကိုးနာရီထိ ပြန်မလာသေး။ ဒေါက်တာတူး၏ အိမ်သို့ သူ၏လူနာများကို အခြေအနေမေးရန် သွားသည်။ ဒေါက်တာတူး၏ ဖနီးထံမှ သတင်းကြားရသည်မှာ နော်ဆိုင်းက ကော်မရှင်နာမင်းကြီးကို ဖမ်းထားသည်ဟု ဖြစ်သည်။

ဤညခင်းမှာပင် ဒေါက်တာဘစောသည် ပျောက်သွားပါတော့သည်။ နောက်ထပ်လည်း သူ့ကို မတွေ့ရတော့ပေ။ မည်သို့ဖြစ်သည် ဆိုသည်ကို ကျွန်တော် နားမလည်နိုင်တော့။ ကော်မရှင်နာ မင်းကြီး၏ ခွင့်ပြုချက်ဖြင့် တောင်ကြီးသို့ သွားရောက်ရန်ရှိသည်။

သူနှင့် အဆက်သွယ်ပြတ်သွားသည်မှာ ၁၉၅၂ ထိပင်ဖြစ်သည်။ နမ့်ခမ်းကို တရုတ်ကွန်မြူနစ် များ၏ ဝင်ထွက်သွားလာသည်မှ သူ့အကြောင်းကို ကြားရတော့သည်။ တရုတ်မြို့လေး ဖြစ်သည့် ‘ပေါင်ရှန်း’တွင် ကွန်မြူနစ်များနှင့် ကူညီဆောင်ရွက်ပေးနေသည်ဟု၊ ဤကွန်မြူနစ်များသည် တရုတ်ပြည်၏ တရားဝင်အစိုးရ ဖြစ်နေပြီ။ သူတို့ကို ကွန်မြူနစ်များဟု သိသည်နှင့် ကျွန်တော်သည် ဆေးရုံအတွင်းမှ မောင်းထုတ်လိုက်သည်။ ကျွန်တော်သည် မည်သည့် ကွန်မြူနစ်ကိုမျှ မယုံကြည်ပါ။ ကျွန်တော် ဒေါက်တာဘစောကို ဆုံးရှုံးလိုက်ရပြီ . . . ။

တစ်ချိန်တည်းလိုလို ဖြစ်သည်။ ဗမာ့တပ်မတော်က နော်ဆိုင်းကို လိုက်လံချေမှုန်းစဉ် ၁၉၄၉ ကာလဖြစ်သည်။ ဒေါက်တာတူးသည် တုတ်ကွေးဖျား အပြင်းထန်ဖြစ်သည်။ နမိုးနီးယား ဖြစ်သည်။ ၁၉၁၈ က အဆုတ်ရောင် အဖျားထက်ပင် ဆိုးသည်ကို တွေ့ရသည်။ သုံးဆယ့်ခြောက်နာရီကြာ ဖျားပြီးနောက် ကွယ်လွန်သွားပါသည်။ အင်မတန်တော်သော ခွဲစိတ်မှုတွင် ကျွမ်းကျင်သော အားထားရဆုံးသော ဆရာဝန်နှစ်ဦးကို ကျွန်တော် လက်လွှတ်ဆုံးရှုံးရသည်။ ဗမာပြည်အတွက်လည်း ဆုံးရှုံးရခြင်းမည်ပါ၏။

ကြေကွဲရပါသည်။

အခန်း (၁၄)

ပိုလာသော ဒုက္ခ

ဆေးရုံဝင်းအတွင်း တပ်စွဲထားခြင်းများ ခံကတုတ်အဖြစ် နေရာယူထားခြင်းများ၊ တိုက်ပွဲဖြစ်ခြင်း များလည်း ပြီးဆုံးသွားခဲ့ပြီ၊ မုန်တိုင်းထန်သော ဆေးရုံညများ ပြီးခဲ့ပြီ။ ကျွန်တော့်အိပ်ခန်း ပြတင်းအပြင်ဘက်မှာ မော်တာကျည်ကျတာမျိုးလည်း မရှိတော့ပြီ…။

ကချင်သူနာပြုသုံးယောက်သည် စစ်တပ်ထဲတွင် အမျိုးများ ရှိ၏။ သူတို့ကို စေလွှတ်ပြီး စစ်တပ်အရာရှိများ၊ စစ်မြေပြင်တပ်မှူးများ လာလျှင် အသိပေးရန် ပြောထားရ၏။

ဒုတိယစစ်တိုင်းမှူးကို ကျွန်တော်သိပါ၏။ ဗိုလ်မှူးကြီး 'ခွန်နောင်' ဖြစ်သည်။ ကျွန်တော်တို့၏ သူနာပြုဆရာမကို လက်ထပ်ထားသူဖြစ်သည်။ ကချင်ပြည်နယ် အစိုးရ၏ အထွေထွေ အတွင်းရေးမှူးချုပ် ဗိုလ်မှူးရှန်လုမ်း၏ အစ်ကိုကြီး ဖြစ်သည်။ နောက်ထပ် ပါလာသူမှာ ကွတ်ခိုင် ကချင်နှစ်ခြင်း ကျမ်းစာသင်ကျောင်းမှ ဆရာ 'ဇော်ယော်' ဖြစ်သည်။ သူ၏ အဖေကိုလည်း ကျွန်တော် သိပါသည်။

ယခု ရောက်ရှိလာသူများထဲတွင် မည်သူသည် အကြီးအကဲဖြစ်သည်ကို အသေအချာ မသိပါ။ ပါလာသည့် ဗမာ့တပ်မတော်မှ အရာရှိသည်လည်း မေမြို့ကို ပြန်လည် သိမ်းပိုက်ထားသူ စစ်ဦးစီးအရာရှိ ဗိုလ်မှူးချုပ် 'လဇွန်ထန်' ဖြစ်သည်ကိုလည်း အမှန်တကယ် သိမထားပါ။ ရာထူးတံဆိပ် အပြည့်စုံ တပ်လာလျှင်လည်း သူ့ကို ကျွန်တော်က ဗိုလ်ချုပ်ဟု ခေါ်မိမည်လားမသိ။

ပထမဦးစွာ ဆေးရုံဝင်းသည် စစ်မြေပြင်ဖြစ်ရခြင်းကို ကျွန်တော်က ရှင်းပြသည်။ ယခုလက်ရှိ တပ်ဖွဲ့ဝင်များ ဤဆေးရုံဝင်းအတွင်းမှ ဆုတ်ခွာပေးလျှင် အင်မတန် ကျေးဇူးတင်မည် ဖြစ်ကြောင်း ပြောပြသည်။ ဗိုလ်မှူးချုပ်က တုန့်ပြန်ပြောသည်က မည်သည့်အခြေနေမျိုးမှာမှ ထိခိုက်နစ်နာ စေလိုသည့် စိတ်မရှိကြောင်း ပြောကြားသည်။ ယခုရှိနေသည့် ရဲဘော်များ ချက်ပြုတ် စားသောက်ပြီးလျှင် ဆုတ်ခွာသွားတော့မည် ဖြစ်ကြောင်းတို့ ပါရှိသည်။ ကျွန်တော်၏ ပျော်ရွှင်သွားမှုမှာ ဆိုဖွယ်မရှိ။

ဗမာ့တပ်မတော်မှ စစ်ဘက်ဆိုင်ရာ အရာရှိများ ပြန်သွားသော ပုံမှန် ဘုရားဝတ်ပြုချိန် ခေါင်းလောင်းကို ကျွန်တော် တီးလိုက်သည်။ ဤမနက်တွင် မြန်မာလို သမ္မာကျမ်းစာပိုဒ်ကို ကျွန်တော်တို့ ရွတ်ဆိုဆုတောင်းကြသည်။

ကချင်သူနာပြုများက ကချင်လို ဆုတောင်းသည် ပုံမှန်အတိုင်း အဘဘုရားသခင်ထံ ဗမာလို ဆုတောင်းမေတ္တာပို့သည်။ ဤနေ့ဤရက်သည် နှလုံးသားမှလာသော ငြိမ်းချမ်းရေး ဆုတောင်းချက်များ ဆေးရုံဝင်းအတွင်း ပြည့်လျှံသွားတော့သည်။

နောက်ထပ် ဒုက္ခတစ်ခုမှာ နမ့်ခမ်းနှင့် ဆယ့်နှစ်မိုင်ဝေးကွာသည့် "ဆယ်လနို့"ရွာကြီးရှိ ကျေးလက်ဆေးပေးခန်းကိစ္စ ဖြစ်သည်။ သက်ဆိုင်သော မြူနီစပယ်ကော်မတီက သူနာပြုများ၏ နေထိုင်ရေးကိစ္စ သက်သာချောင်ချိရေး ကိစ္စကို ဘယ်သောအခါမှ တာဝန်ယူ ဆောင်ရွက်ပေးခြင်းမျိုး မရှိခဲ့။ ရွာနေလူထုကလည်း သူတို့၏ နေအိမ်တွင် နေထိုင်ရန် ခေါ်ထားပေးခြင်းမျိုး မရှိခဲ့။

သူပုန်များ ဆုတ်သောအခါ ကချင်နှင့် ရှမ်းမဆရာမလေး နှစ်ယောက်ကို ဂျစ်ကားနှင့် အတင်း ခေါ်ဆောင်သွား၏။ တွေ့သမျှ ရနိုင်သမျှ ဘိန်းထုပ်များကိုလည်း ကားပေါ်တင်ယူလာခဲ့သည်။ သစ်ပင်ကြီး တစ်ပင်အောက်တွင် ကားခေတ္တရပ်သည့်အခါ အချိန်ခါစောင့်နေသည့် သတ္တိရှိသည့် ကချင်မလေးက ထွက်ပြေးလွတ်မြောက် လာခဲ့သည်။ မိုင်သုံးဆယ်ခန့် တောင်ပေါ် တောလမ်းကို ဖြတ်ပြီး နမ့်ခမ်းဆေးရုံအရောက် ပြန်လာခဲ့သည်။ ကျန်သည့် ရှမ်းဆရာမလေးမှာ ကွတ်ခိုင်အလွန်တွင် သူပုန်များ ဂျစ်ကားကို ပစ်ထားခဲ့သည့်အချိန်မှ လွတ်မြောက်ခဲ့သည်။ အစိုးရအရာရှိဝန်ထမ်းက ပြန်လည်၍ နမ့်ခမ်းဆေးရုံသို့ ပို့ဆောင်ပေးသည်။

၁၉၄၉ ခုနှစ်၊ ခရစ္စမတ်သည် စိတ်ပျက်စရာ ကောင်းသွားတော့သည်။ ခရစ္စမတ်ပွဲတော်ကို ကျောင်း၏ ဘေ့စ်ဘောကွင်းတွင် ကျင်းပသည်။ ဒေသတွင်း အရာရှိများနှင့် ရဲအရာရှိများမှာ ကျွန်တော်တို့၏ ဧည့်သည်တော်များ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ကျွန်တော့်မှာ အထူးအဆန်းအဖြစ် အံ့သြရပါ၏။ နော်ဆိုင်းသည် အချိန်မရွေး နမ့်ခမ်းသို့ စစ်ချီလာနိုင်သည်ဟု မပြောပါ။ ဗမာ့တပ်မတော်သည် မူဆယ်သို့ ရွှေ့ပြီး မူဆယ်လေယာဉ်ကွင်းကို ခုခံကာကွယ်နေရသည် ဟုလည်း ပြောမပြပါ။

ဤသတင်းမျိုးကိုသာ ကျွန်တော်ရလျှင် ကျွန်တော် ပြင်ဆင်ချိန်ရပါ၏။ နော်ဆိုင်းသည်လည်း ဆေးရုံရှိ ဆေးဝါးပစ္စည်းများကို ယူဆောင်မသွားနိုင်အောင် ကြိုတင် ကာကွယ်ထားနိုင်ပါသည်။ အနည်းဆုံးအဆင့် ဓာတ်ဆီပေပါများ မြေမြှုပ်ထားသလိုမျိုး ထားနိုင်ပါသည်။

မနက်ခင်း သင်ခန်းစာကို ပို့ချသင်ကြားနေချိန်ဖြစ်သည်။ ကားရပ်ပြီး ဆူညံသံများ ကြားရ၏။ ဗမာ့တပ်မတော်မှ စစ်သားများဟု တင်လိုက်မိသည်။ အဝင်ခန်းမ တံခါးဝဆီ လျှောက်သွား လိုက်သည်။ နော်ဆိုင်းဖြစ်နေသည်။ ကားလေးငါးစီးက ညောင်ပင်အောက်မှာ။

သူ၏ သူပုန်တပ်သား နှစ်ဆယ်ခန့်က နေရာယူလျက် ...။

သူ၏ သူပုန်တပ်သားများက စတင်းဂန်း၊ ကာဘိုင်၊ ရိုင်ဖယ်များနှင့် ကျွန်တော့်ကို အရန်သင့် ချိန်ရွယ်ထားလျက်....။ ကျွန်တော်သည် သူရဲကောင်းကြီး စစ်စစ် တစ်ယောက်တော့ မဟုတ်။ ကျွန်တော်ကို အကာအကွယ်မဲ့နေချိန်မျိုးမှာ လူတိုင်း ကြောက်ရွံ့နိုင်ပါသည်။ သို့သော် မတရား မှုအတွက် ဒေါသထွက်လာ၏။ ကျွန်တော့်အသက် လုံခြုံမှုကိုပင် ဂရုမစိုက်တော့။ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကိုသာ စဉ်းစားလုပ်ဆောင်တော့သည်။

"ခင်ဗျားပြောခဲ့တယ်။ ရှွန်းရှွန်းဝေအောင် ပြောခဲ့တယ်။ ကချင်လူမျိုး ကောင်းစားရေးအတွက်၊ အခု ကြည့်စမ်း၊ ခင်ဗျား လုပ်ဆောင်ခဲ့တာတွေ။ နောက်ဆုံးအကြိမ်က ခင်ဗျားတို့ တပ်သားတွေနဲ့ ဆေးရုံဝင်းထဲမှာ စခန်းချခဲ့တယ်။ အစိုးရတပ်က ခင်ဗျားတို့ကို တိုက်ခိုက်တဲ့အခါ ဆေးရုံလည်း တိုက်ခိုက်ခံရတယ်။ သင်တန်းမှာ၊ သူနာပြုတွေထဲမှာ ကချင်လူမျိုးတွေ အများကြီးပဲ။ သူတို့တွေ ဒုက္ခရောက်ခဲ့တယ်။ ခင်ဗျားရဲ့ တပ်သားတွေနဲ့အတူ ဆေးရုံဝင်းထဲက ထွက်သွားပါ" ဟု ကျွန်တော်က တာဝန်ဝတ္တရားနှင့် လုပ်ဆောင်သင့်သည့် လုပ်ဆောင်ချက်များအတိုင်း မကြောက်မရွံ့ ပြောချလိုက်သည်။

"ကျွန်တော်လာတာက ဒေါက်တာဘစောရဲ့ ခွဲစိတ်ကုသရေး ပစ္စည်းတွေနဲ့ ဒီမှာပါတဲ့ ဆေးဝါးစာရင်းအတိုင်း ဆေးဝါးတွေ လိုချင်တယ်" ဟု သူက ပြော၏။

"ဒေါက်တာရဲ့ ဆေးဝါးအသုံးဆောင် ပစ္စည်းတွေလည်း ပေးလိုက်မယ်။ ဆေးရုံမှာ လိုအပ်သလောက် ချန်ထားပြီး ပိုတဲ့ ဆေးဝါးတွေလည်း ပေးလိုက်မယ်။ ခင်ဗျားကတိပေးရမှာက ချက်ချင်း ပြန်ထွက်သွားဖို့ပဲ..."

"ကတိပေးပါတယ်..."

ကျွန်တော့်နောက်ကို သူလိုက်လာမှာကို စိုးရိမ်သည်။ အထူးသဖြင့် ဆေးရုံထဲ ဝင်လာပြီး ဆေးဝါးသိုလှောင်ခန်းနှင့် ဆေးပစ္စည်းများကို ကြည့်မှာစိုးရိမ်မိ၏။ သူ့ကို အပြင်ဘက်မှာ ထားခဲ့ရန် အကြောင်းပြဖို့ စဉ်းစားနေမိ၏။

"ဆယ်လမ့်မြို့စား ခင်ဗျားဆေးရုံမှာ တက်နေလား'ဟု သူက မေးလိုက်၏။ ဆယ်လမ့်မြို့စားနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ရန်ကြွင်းရန်စရှိပုံရ၏။

"သိရသလောက်တော့ ခွဲစိတ်ဆောင်ထဲမှာတော့ သူမရှိဘူး..."

ကျွန်တော် သိပါသည်။ မြို့စားက ဆေးရုံမှာမရှိပါ။ သို့သော် သူ့အဆောင်ထဲ လိုက်မလာရန်သာ အဓိကဖြစ်သည်။ အခြားနေရာကို ထွက်သွားစေလိုသည်။ ဒေါက်တာ'ရိုင်'က ကိုက်နှစ်ဆယ် အကွာလောက်မှာ ရပ်နေသည်ကို

သတိထားလိုက်မိသည်။

ဒေါက်တာ'ရိုင်'ကလည်း ရုတ်တရက် စိတ်ကူးတစ်ခု ရလိုက်ပုံရ၏။ နော်ဆိုင်း အလုပ် များနေအောင် ထိမ်းထားလိုက်နိုင်သည်။ ဆေးဝါး သိုလှောင်ရာဆီသို့ သူလိုက်မပါရန် အရေးကြီးသည်။

ခွဲစိတ်ဆောင်ထဲ အမြန်ဝင်လိုက်သည်။ ဆရာမကြီး နော်မီကို တွေ့ရသည်။ သူ့ကို ဒေါက်တာဘစော၏ ခွဲစိတ်ပစ္စည်းများ သေတ္တာလေး တစ်ခုထဲ ထည့်ရန် အပူတပြင်း တိုက်တွန်းရသည်။ စာရင်းထဲပါသည့် ဆေးဝါးများကိုလည်း မမှားအောင် နောက်ထပ် သေတ္တာလေး တစ်ခုထဲ ထည့်ရန်လည်း မှာရ၏။

ဆေးရုံစောင့်ဝန်ထမ်း 'အိုက်စိုင်း' ကို နော်ဆိုင်းရှိရာ ရုံးခန်းဆီသို့ ပို့ခိုင်းလိုက်သည်။ သူ့ကတိ အတိုင်းပင် သူ့တပ်သားများနှင့်အတူ ကားသုံးလေးစီးပါ ထွက်ခွာသွားတော့သည်။

ခွဲစိတ်ဆောင်ထဲမှ ဓာတ်မှန်ရိုက်သည့် ပစ္စည်းကိရိယာ ပါမသွားနိုင်အောင် ကာကွယ်နိုင် လိုက်သည့် အတွက် စိတ်သက်သာရမိ၏။

သို့သော် ကျွန်တော့်ကို ဖမ်းဆီးပြီး စွဲချက်တင်သည့်အခါ ခွဲစိတ်ပစ္စည်းများနှင့် ဆေးဝါးများ ပေးလိုက်သည်ကို တတိယ အပြင်းထန်ဆုံး စွဲချက် ဖြစ်နေသည်ကို စိတ်မကောင်းစွာ တွေ့ရှိလိုက်ရပါသည်။ ဆေးဝါး သိုလှောင်ခန်းရှိ ဆေးဝါးများ၊ လချီသုံးစွဲရမည့် ဆေးဝါး ထောက်ပံ့ပစ္စည်းများ ပါမသွားနိုင်အောင် ကာကွယ်ထားနိုင်ရသည်ကို စွဲချက်တင်သူများ မသိရှိခဲ့ပါ။

***

ဗိုလ်မှူးချုပ် လဖွန်ထန်သည် နမ့်ခမ်းကို ဒုတိယအကြိမ် ပြန်လည် သိမ်းယူရန် ဆုံးဖြတ်ပြီးသွားပြီ....။ သူ၏ တိုက်ခိုက်ရေးတပ်ခွဲကို အမိန့်ပေးထားသည်။ ဆေးရုံဝင်းအတွင်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခြင်းမျိုး တိုက်ပွဲမျိုးစစ်ဆင်ရန် အမိန့်ပေးထား၏။

အားလုံး သိထားပြီး ဖြစ်သည်။ နမ့်ခမ်းမြို့၏ မိုင်အနည်းငယ်ပတ်လည်တွင် မည်သည့်သူပုန်မျှ မရှိကြောင်း ဖြစ်သည်။ သူနာပြုများကလည်း ဤသို့သော ပွဲမျိုးကြည့်ရန် ကျွန်တော့်ထံ ရောက်ရှိနေကြသည်။ ချီတက်လာကြပုံက ရုပ်ရှင်ကား တစ်ခုနှယ်...။

ဗိုလ်မှူးချုပ်သည်လည်း ဆေးရုံဆီ လမ်းခရီးသည် ဘေးကင်းကြောင်း သတင်းရထားပြီး ဖြစ်ပါ၏။ ဂျစ်ကားထိပ်တွင် နိုင်ငံတော်အလံကို ဆယ်ပေခန့်ရှိသော ဝါးလုံးတွင် လွှင့်ထူထားပြီး မောင်းတက်လာခဲ့ကြပါ၏။ ကျွန်တော်တို့ ဆေးရုံဝန်ထမ်း

ကော်မတီတစ်ဖွဲ့လုံးက ကြိုဆိုရန် တခမ်းတနား ပြင်ဆင်ထားပြီး ဖြစ်သည်။

မိုလ်မှူးချုပ်'လဇွန်ထန်'နှင့် တွေ့လျှင်တွေ့ချင်းပင် ကျွန်တော်က နှုတ်မစောင့်စည်းဘဲ ပြစ်တင် ပြောဆိုလိုက်မိသည်။ ဤသည်ကစ၍ ကျွန်တော်၏ ကံဆိုးမိုးမှောင် ကျခြင်းလည်း ဖြစ်နိုင်ပါသည်။ ရန်သူများကြားထဲတွင် ကျွန်တော်တို့ကို ပစ်ထားခဲ့သည်။ နော်ဆိုင်းက အတင်းအဓမ္မနှင့် ခွဲစိတ်ကိရိယာများနှင့် ဆေးဝါးများကို သည့်အတွက်ကြောင့်ပင် ယူဆောင် သွားနိုင်ခြင်း ဖြစ်သည်ဟု ဖြစ်ပါသည်။ သူနာပြုဆရာ ခုနစ်ယောက်လည်း သူတို့နှင့်အတူ ပါသွားရသည်ဟု ပြောဆိုလိုက်သည်။

မိုလ်မှူးချုပ်နှင့် မြို့ပြအုပ်ချုပ်ရေးအဖွဲ့ အရာရှိများသည် ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်နေ့ထိ ကျွန်တော့်ကို ပစ်ထားခဲ့ကြသည်။ ကျွန်တော်၏ ခွင့်ပြုချက်ရယူခြင်း မရှိဘဲနှင့် သူနာပြုများကို အုပ်စုလိုက် နာရီပေါင်းများစွာ ရပ်နားစေသည်။ ရုံးခန်းတွင် ခေါ်ယူပြီး ကျွန်တော်၏ ပြစ်ချက်များကို မေးမြန်းစုံစမ်း၏။ ယခင်ကတည်းက သပ်လျှိုသွင်းထားသော သူနာပြုများလည်း ရှိပါသည်။

၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် သင်တန်းကျောင်းရှိ သူနာပြုများကို ဆယ့်ရှစ်နာရီအတွင်း ပြင်ဆင်ချိန်ပေး၏။ နောက်တစ်နေ့မနက်တွင် နမ့်ခမ်းမှ ထွက်ခွာ သွားစေပါသည်။ တစ်ယောက်မျှ မကျန်စေရ။

တပည့်ကျောင်းသူ သူနာပြုများကို စရိတ် စိုက်ထုတ်ပေးထားရ၏။ ဂရေ့(စ်)နှင့် ကျွန်တော်သည် ဝန်ထမ်းသူနာပြုများ၏ ဘဏ်စုငွေများမှတဆင့် ချေးငှားရပါသည်။ ဤငွေများကို နောက်ထပ် ခြောက်လကြာမှသာ မြို့ပြအရာရှိများက ပေးဆပ်ပါသည်။

မြို့ပြအရာရှိများ၏ အမိန့်အာဏာဖြင့် သူနာပြုသင်တန်းကျောင်း ပြိုကွဲပြီးနောက် နှစ်ရက်အကြာ ဖြစ်ပါသည်။ ကရင်သင်တန်းသူများက အသနားခံစာတင်ပြီး တောင်းဆိုလာသည်။ ဆက်လက်နေထိုင်ခွင့်၊ အစိုးရကို ခွင့်ပြုမိန့်တောင်းခံသည်။ ကရင်သင်တန်းသူလေးများက သမ္မာကျမ်းစာ ကိုင်ကိုင်ပြီး နိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပါမည်ဟု သစ္စာပြုသည်။ ကျွန်တော်၏ တာဝန်ယူမှုကို အစိုးရက တန်ဖိုးထားပြီး ခွင့်ပြု၏။ ဤကျန်ရှိနေသေးသည့် ကရင်မ သင်တန်းသူလေးများနှင့်ပင် ပုဂ္ဂလိကကျောင်းကို ပုံမှန်အချိန်ဇယားအတိုင်း ကျွန်တော်က ဆက်လက် ဖွင့်လှစ်ပြီး သင်တန်းပို့ချ၏။

ဤသို့ ဆက်လက် ရုန်းကန်ရှင်သန်နေရသည့် သင်တန်းကျောင်းမှ အစိုးရက ပညာတော် သင်ခေါ်ယူသည်။ သူတို့ ဝမ်းမြောက်ဝမ်းသာသွားကြ၏။ ကျွန်တော် သိသလောက် လေးယောက်မှာ ဗမာစစ်တပ်မှ အရာရှိများနှင့် အိမ်ထောင်ကျသွား၏။

နှစ်ဦးမှာ သူပုန်လက်မှ လွတ်မြောက်လာသည်။ သူတို့၏ ကရင်နီဒေသဆီ ပြန်သွားပြီး ကျန်းမာရေးကုသမှုကို ဆက်လက် လုပ်ကိုင်သည်။ တစ်ဦးက ကရင်နီဒေသရှိ သာသနာပြုဆေးရုံမှာပင် တာဝန်ထမ်းဆောင်၏။ သူမ၏မိခင်မှာ သူပုန်များ ကြီးစိုးချိန် ကာလအတွင်းမှာ တိုက်ပွဲဖြစ်နေစဉ် ကာလအတွင်း သေဆုံးသွား၏။ သုံးယောက်မှာ သူတို့၏မိဘများနှင့် အဆက်အသွယ် ပြတ်ပြီး ဆေးရုံမှာ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေ၏။

နောက်ထပ် လအနည်းငယ် အတွင်းမှာ ကောင်းမွန်သောဖြစ်ရပ်ကို ကြည့်မည်ဆိုလျှင် ကျွန်တော်တို့ဆီ အမေရိကန်ပြည်ထောင်စုမှ ပေးလိုက်သည့် ဒေါ်လာငါးထောင် တန်ဖိုးမျှလောက် ရှိသည့် ဆေးဝါးပစ္စည်းများဖြစ်သည်။ ထို့ပြင် လက်ဆောင်အဖြစ် တန်ဖိုးကြီး အရက်ပုလင်းများလည်း ပါသေး၏။

ဂရေ့(ဗ်)က လက်ခံရရှိရန် ခွင့်ပြုချက်ယူရန် ရန်ကုန်သို့ ထွက်ခွာသွား၏။ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရကို သတင်းပို့သည်။ သယ်ယူပို့ဆောင်ရေး အတွက် မူဆယ် လေယာဉ်ကွင်းကို အသုံးပြုခွင့်ပေးရန် ဗမာ့တပ်မတော်ကို အကြောင်းကြား သတင်းပို့သည်။

ဤသို့ စိတ်ပျက်ဖွယ် ကာလမျိုးတွင် မူဆယ်သို့ ဆေးဝါးပစ္စည်းများနှင့် အရက်ပုလင်းများ ယူရန် နှစ်ကြိမ်သွားရသည်။ ဆေးရုံမှာ လူနာမရှိသလောက်ပင် သွားခဲ့ရသည်။ သူနာပြု သင်တန်းကျောင်း ကြီးလည်း ပိတ်လိုက်ပြီဆိုသည်နှင့် လူတွေက ဆေးရုံပါ ပိတ်လိုက်သည်ဟု ထင်သွားပုံရပါသည်။

အခန်း (၁၅)

အဖမ်းခံရပြီ

မြွေတွေအကြောင်းကို အိပ်မက်မက်ပြီဆိုမှဖြင့် တစ်စုံတရာ ဆိုးဆိုးဝါးဝါးဖြစ်ဖို့ကို သေချာသလောက် ဖြစ်တတ်သည်ကို ကျွန်တော် ကြုံရတတ်၏။

၁၉၅၀ ဩဂုတ်လထဲမှာ မြွေတွေကို အိပ်မက်မက်ရုံတင်မက အပြင်မှာပင် တကယ် မြင်လိုက်ရ၏။ ရေချိုးပြီးနောက် မျက်နှာသုတ်ပဝါနှင့် ကိုယ်ရေသုတ်နေချိန် ဖြစ်သည်။ အပြင်ဘက် ရေချိုးခန်း မှန်ပြူတင်းမှာ မြွေကြီးတစ်ကောင်။ ရေချိုးခန်းတံခါးကို ခေါင်းစိုက်ပြီး မီးဖိုချောင်ဖက်မှ လူကို အော်ခေါ်မိသည်။ သူလာရောက်လာသည့်အခါ မြွေမှာ မရှိတော့။ ထမင်းစားပွဲရောက်သည့်အခါ မီးဖိုချောင်မှ ပြေးလာသည့် စားဖိုမှူးက ကျွန်တော့်ကို မယုံသင်္ကာနှင့် ကြည့်သည်။ နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံသည်။ ကျွန်တော်များ အရက်သောက်ထားပြီး မူးပြီး ထင်ယောင်ထင်မှား ဖြစ်သလား ဆိုသည့်ပုံနှင့်။ အိမ်မှာနေစဉ် ကျွန်တော်သည် အရက် တစ်စက်ကလေးမှ မသောက်တတ်သည်ကို သူသိပါ၏။

ထို့နောက် နေ့လယ်ခင်းတွင်လည်း ကြုံရပြန်၏။ နေ့လယ် တစ်မှေးအိပ်နေစဉ် အိပ်ခန်းပြတင်းကို တဘုန်းဘုန်း လာရိုက်ခတ်သည်။ ကျွန်တော် ထင်လိုက်သည်က အရေးပေါ် ခွဲစိတ်ရန် သူနာပြုဆရာမလေးက လာပုတ်သည်ဟု ထင်လိုက်သည်။ မဟုတ်ပါ။ သစ်ကိုင်းများမှ တစ်ဆင့် ပြတင်းပေါက်ထဲ ဝင်ရန် မြွေတစ်ကောင်က ကြိုးစားနေခြင်း ဖြစ်၏။

ဩဂုတ်လ ၇ ရက်နေ့ ဆေးရုံမှ ပြန်လာစဉ် စားဖိုမှူးက ခြောက်ပေလောက်ရှိသည့် မြွေဟောက်တစ်ကောင်ကို ရိုက်သတ်ထားတာ တွေ့ရ၏။

အပြင်းအထန် ကျရောက်လာမည့် ဒုက္ခတို့ကို ကြိုတင် မျှော်မှန်းရင်းဖြင့် ကျွန်တော့်မှာ စိတ်မချမ်းမသာ ဖြစ်နေရပါတော့သည်။

ဆယ့်လေးရက်မြောက်နေ့ တစ်ခုသော ညနေခင်းတွင် ကိုက်တစ်ရာလောက် အဝေးဆီမှ သူနာပြုတစ်ယောက် ပြေးလာနေသည်။ ကျောင်းအုပ်ဆရာကြီး အိမ်ဘေး ကြက်ခြံခေါင်မိုးပေါ်တွင် မြွေဟောက်ကြီး တစ်ကောင် တွေ့ကြောင်း လာပြော၏။ ဤလိုနေရာမျိုးတွင် တုတ်နှင့် ရိုက်၍လည်းမရ။ ဓားနှင့်ခုတ်၍လည်း မရ။ သေနတ်နှင့် ပစ်ပေးနိုင်မလားဟု ပြေးလာပြောခြင်း ဖြစ်သည်။

ကျွန်တော် လိုက်ကြည့်သည့်အခါ အမှန်တကယ်ပင် ကြီးမားသည့်

မြွေပေါက်ကြီး။ ကျွန်တော့် လက်မောင်းပေါက် ရှိသည်။ ပါးပျဉ်းထောင်ပြီး ကြည့်နေသည်။ ကြောက်စရာကြီးပါလား ...။ သေနတ်ယူပြီး ပါးပျဉ်းတည့်တည့်ကို ပစ်ထည့်လိုက်သည်။ အစိတ်စိတ်အမြွာမြွာ ဖြစ်သွားသည်။ ဤသို့သော နိမိတ်ဆိုးများကို ကျွန်တော်လည်း ကြုံတင်နိမိတ် ဖတ်တတ်လျှင် ကောင်းလေစွ....။

နောက်တစ်နေ့မနက်ခင်း ဂရေ့(စ်)နှင့် ကျွန်တော် ကော်ဖီသောက်ပြီးစ အချိန်တွင် ဗမာ့တပ်မတော်မှ ကချင်စစ်သားများ အိမ်ကို ဝိုင်းထားလိုက်ကြသည်။ စားဖိုမှူးက လာပြီးပြော၏။ အရာရှိနှစ်ဦးက တွေ့ဆုံပြီး စကားပြောချင်သည်ဆို၏။ နောက်ဘက် တံခါးမကြီးဆီ သွားလိုက်၏။

"ဟုတ်ကဲ့ပါ လူကြီးမင်းတို့..."

"ခင်ဗျားအိမ်ကို ရှာစရာရှိလို့ပါ"

"ဘာအတွက်လဲ"

"နိုင်ငံတော် သစ္စာဖောက်မှုနဲ့ ပတ်သက်လို့ပါ"

"ခွင့်ပြုမိန့်ဝရမ်းတော့ ပါရမှာပေ့ါ"

သူတို့က တရားသူကြီး လက်မှတ်ထိုးထားသော ခွင့်ပြုမိန့်ကို ကျွန်တော့်ကို ပေးလိုက်သည်။ တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။

"ဝင်ပါခင်ဗျာ။ သဘောရှိသာ ရှာကြပါတော့..."

ပါလာသည့် အရာရှိများအနက် တစ်ဦးမှာ စီအိုင်ဒီမှ ဖြစ်သည်။ စိတ်ကြိုက် ရှာဖွေ၏။ ကျန်တစ်ဦးမှာ စသုံးလုံးမှ ဖြစ်သည်။

စီအိုင်ဒီမှ အင်စပက်တာက ထမင်းစားခန်းမီးဖိုဘေးတွင် ထောင်ထားသော မြွေပစ်လိုက်ပြီး သန့်ရှင်းရေးလုပ်ရန် ခိုင်းထားသောသေနတ်ကို တွေ့သွား၏။ အကြီးအကျယ် စိတ်ဝင်စားသွားသည်။ ကျွန်တော် ရှင်းပြသည်ကို မယုံတော့။ တွင်းတူးမြှုပ်ထားသည့် မြွေသေဖော်ကြည့်ရန် ပြောသည်ကိုပင် အယုံအကြည် မရှိတော့ပေ။

စာရေးစားပွဲရှိ ကိုယ်ရေးကိုယ်တာ ပေးစာပြန်စာများကို အသေးစိတ် ကြည့်ရှုနေသည်။ စစ်အတွင်းက အိပ်ဆောင် မှတ်စုစာအုပ်များကိုလည်း လှန်လှောကြည့်သည်။

အထပ်ခိုးကို တက်ကြည့်သည်။ အမှန်တော့ အထပ်ခိုးမဟုတ်။ ခေါင်မိုးနှင့် မျက်နှာကြက်ကို ခြားထားသော နေရာလေးသာဖြစ်၏။ အပူခံနိုင်ရန် ခြားထားခြင်း

ဖြစ်၏။ တော်ပါသေးရဲ့ သူ လိမ့်မကျတာ။ ဒီဆိုတိုကားကိုလည်း ရှာသေး၏။ အချိန်နှစ်နာရီမျှ ကြာသွား၏။

"ကောင်းပြီ။ သွားကြစို့...

"ဘယ်ကိုလဲ"

"ရန်ကုန်မှာရှိတဲ့ ဗဟိုအကျဉ်းထောင်ကိုပါ"

"ဖမ်းဝရမ်းပါရဲ့လား"

နောက်ထပ် ဝရမ်းတစ်ခုကို ထုတ်ပြ၏။ ပုဒ်မငါးနှင့် ဖမ်းဆီးထိန်းသိမ်းသည့် စာဖြစ်၏။ ၁၉၄၈,၄၉,၅၀ ခုနှစ်များအတွင်းတွင် ဤပုဒ်မငါးသည် လူထုအတွင်း နာမည်ကြီးလှ၏။ ပုဂ္ဂိုလ်ရေးဆိုင်ရာ မကျေနပ်ချက်များမှာလည်း ဤပုဒ်မငါးကို အသုံးပြုသည်။ သံသယရှိသည်ဆိုပြီး ဥပဒေအရ ဤပုဒ်မကို အာဏာပိုင်တို့က အသုံးပြုကြသည်။

"နိုင်ငံတော် အကြည်ညိုပျက်စေဖို့ ကျွန်တော် ဆောင်ရွက်တာ တစ်ခုမှ မပါဘူး။ ကြည့်ပေးစေချင်ပါတယ်"

"အချိန်မရှိဘူး။ ခင်ဗျားကို ပြင်ဆင်ချိန် နာရီဝက်ပေးမယ်။ အိပ်ရာလိပ်ပြင်ပါ။ လိုအပ်တဲ့ ပစ္စည်းထုပ်ပိုးပါ"

"ကောင်းပြီ။ ခင်ဗျားတို့ သဘောအတိုင်းပါပဲ..."

သူတို့သည် အခြားသူများကို နှုတ်ဆက်ချိန်ပင် မပေးတော့ပါ။ ကျွန်တော့်အစ်မ ဂရေ့(စ်)နှင့် ကူညီ ထုပ်ပိုးပေးနေသော သူနာပြုသုံးယောက်သာ သိခွင့်ရလိုက်ကြသည်။ ခွဲစိတ်ထားသော လူနာများအတွက် ဆက်လက်ဆောင်ရွက်စရာများကို ဂရေ့(စ်)ကို ပြသညွှန်ကြားရန် အချိန်ပင် မရ။ ထိုလူနာများနှင့် ပတ်သက်ပြီး သူမမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်ကျန်ခဲ့တော့မည်ကို စိတ်ပူမိသည်။

ကျွန်တော့်ကို ခေါ်သွားတော့မည့် အချိန်လေးမှာ ဂရေ့(စ်)က ခိုင်မာပြတ်သားစွာ ပြောသည်။

"ဂေါ်ဒွန်ရေ... ဘာမှ စိတ်မပူနဲ့။ ဆေးရုံကို ကျွန်မ ဆက်ဖွင့်ထားမယ်။ ဒါကလည်း ဒီမှာရှိတဲ့ လူထုအတွက်ပါ။ ပြစ်ချက်မရှိ ရှင်းလင်းပြီး ပြန်လာတဲ့အထိပေါ့...၊ နမ့်ခမ်းကို ပြန်လာခဲ့ပါ။ ကျွန်မသေတဲ့အထိ တာဝန်ကျေသွားမယ်"

သူမသည် ပြောသည့်အတိုင်း တိကျပါ၏။ နမ့်ခမ်းဆေးရုံကို သေသည်အထိ တာဝန်ယူသွားသည်။

ကားပေါ်တွင် ထိုင်ရင်း အံ့ဩနေမိသည်။ နိုင်ငံတော် သစ္စာဖောက်မှုမျိုးကို လက်ထိတ်မခတ်သည့် အတွက် ဖြစ်သည်။ မူဆယ်သို့ ကားမောင်းလာသည့်အခါ ကျွန်တော့်မှာ ရက်စိတ်ဖြင့် မွန်ထူလျက်ရှိ၏။ ဘာတစ်ခုမှ နိုင်ငံတော်အပေါ် မကောင်းကြံစည်မှု မပြုခဲ့တာ။ ကောင်းမှု လုပ်နေသူသည် မျက်နှာပျက်စရာ မရှိ။ ဤစိတ်ကူးနှင့်သာ ကြိတ်မှိတ်ပြီး လိုက်ပါလာခဲ့ရသည်။

ဆယ့်ရှစ်မိုင်ဝေးသည့် မူဆယ်တွင် နေ့လယ်စာစားရန် ရပ်၏။ လူနာဖြစ်ခဲ့ဖူးသူ အမျိုးသမီးအချို့က မှတ်မိပြီး ပြေးလာ၏။ အင်စပက်တာကို မြင်သောအခါ လှည့်ပြန်ပြေး၏။ မြို့ခံကြီးကြီးမားမားများက ဘာဆက်ဖြစ်မည်ဆိုသည်ကို သိလိုကြ၏။

"ကျွန်တော်က အခု ရန်ကုန်ထောင်ကြီးကို အပို့ခံရမှာ"

"ဘာဖြစ်လို့ပါလဲ"

"နိုင်ငံတော် သစ္စာဖောက်မှုတဲ့"

"ဆရာကြီးက သစ္စာဖောက်မှုတဲ့လား"

"ဟုတ်တယ်။ ကျွန်တော့်ကို စွပ်စွဲတာ"

"တစ်စုံတစ်ရာတော့ မှားတာဖြစ်ပါလိမ့်မယ်"

"ကျွန်တော်တို့နဲ့ လက်ဖက်ရည်သုံးဆောင်ပါ"

မူဆယ်မှ ကွတ်ခိုင်သို့ ဒရေဘောပါး မောင်းနှင်ကြ၏။ နောက်မှ ဂျစ်ကားတစ်စီးပေါ်တွင် စစ်သားများက သေနတ်ကို အရံသင့်ချိန်ရွယ်လျက် ရပ်သည့်နေရာတိုင်းမှာ အသင့်အနေထားနှင့် ...။

ကွတ်ခိုင်ကို ဖြတ်ကျော်လာမှ ကားပေါ်ပါလာသည့် အရာရှိမျက်နှာမှာ သက်သောင့်သက်သာ အမူရာ ဖြစ်ပေါ်လာ၏။ သိန္နီရောက်မှ ဒရိုင်ဘာကို ရပ်နားခွင့်ပေး၏။

"ကွတ်ခိုင် မရောက်မချင်း ခြုံခိုတိုက်မှာကို ကျွန်တော်တို့ စိုးရိမ်နေလိုက်ရတာ။ ခင်ဗျား လုံခြုံရေးအတွက်ပါ။ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လေ" ဟု အင်စပက်တာက ရှင်းပြသည်။

လားရှိုးရောက်သည့်အခါ အရာရှိရိပ်သာကို ခေါ်သွား၏။ လေယာဉ်ကို နှစ်ညစောင့်ရ၏။ ကျွန်တော်သာ ထွက်ပြေးချင်လျှင် အလွယ်လေးဖြစ်၏။

ဂျစ်ကားဒရိုင်ဘာက ဒေါက်တာ 'အီလွန်း'ကို ကျွန်တော်ရောက်နေသည် ဆိုသည်ကို ပြောပြ၏။ ဒေါက်တာ အီလွန်းသည် အထက်တန်း ကျောင်းသားဘဝမှာ ကျွန်တော်က ကျောင်းထားပေးပြီး ဆေးကျောင်းတက်ခိုင်းသူ ဖြစ်၏။ ကျွန်တော် အရာရှိရိပ်သာမှာ ထိန်းသိမ်း ခံထားရမည်ကို သိသွားသော ဒေါက်တာ 'အီလွန်း'သည် တွေ့ဆုံ နှုတ်ဆက်ရန် လာသောအခါ အင်စပက်တာက မရှိပါဟု လိမ်လည် ပြောဆိုလိုက်သည်။

အမှန်မှာ လက်နက်ကိုင်အင်အားစုက လာရောက် ကယ်ထုတ်မည်ကို ကြောက်၍ အင်စပက်တာက လိမ်ပြောကြောင်းကို ဒရိုင်ဘာဒေါက်တာ 'အီလွန်း' ကို ပြန်လည် ဖြေရှင်းရသည်။

အရာရှိရိပ်သာတွင် နှစ်ရက်နေနေခဲ့ရသည့် အတောတွင်းတွင် နားစွန်နားဖျား ကြားသူတို့၏ ကျွန်တော်နှင့် ပတ်သက်၍ မဟုတ်တမ်းတရား ပြောဆိုနေမှုကို ကြားသိရသည်။ သူတို့ကို ကျွန်တော် သနား၏။ ပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်ရသည်။

လေယာဉ်ပေါ်တွင် အင်္ဂလိပ်အမျိုးသမီး၏ဘေးတွင် နေရာချထား၏။ သူမသည် နမ္မတူ သတ္တုမိုင်းမှ သူနာပြု အုပ်ချုပ်ရေးမှူးအလုပ်မှ ထွက်ခဲ့သူဖြစ်၏။ အင်္ဂလန်ပြန်ရန် ဖြစ်သည်။

နမ့်ခမ်း သင်တန်းကျောင်းဆင်းမှာ နမ္မတူမှာ ရှိသည်။ အကျိုးကြောင်း မေးကြည့်သည့်အခါ ဆေးရုံတွင် အင်မတန်တော်ကြောင်း သိရ၏။

ရန်ကုန်ရောက်သည့်အခါ ဘားလမ်းအချုပ်ထောင်မှာ တစ်ညအိပ်ရသည်။ ပြီးတော့မှ နာမည်ကျော် ဗဟို အကျဉ်းထောင်ကို ရောက်သည်။

အဆောင်ထဲမှ အကျဉ်းသားများကို ခေါ်ထုတ်ပြီး ထောင်မှူးက သစ်သားခုတင်တစ်လုံး ချထားပေးသည်။ ကျွန်တော်က ယူလာသည့် ဒီတီပိုးသတ်ဆေးကို မည်သူမျှ မကြည့်မီ ဖျန်းလိုက်သည်။ ယခင်က သေးနံ့ကို လွှမ်းအောင် ဖီနိုရည်များ ဖျန်းတော့၏။ မည်သည့်အနံ့ဖြစ်စေ ကျွန်တော့်အဖို့ မထူးခြားပါ။ မည်သည့်အချိန်မှ ပိတ်၍မရသည့် နှစ်ရာဝပ်မီးသီးက စိတ်ပျက်စရာ ကောင်း၏။ လူအုပ်စုက စောင့်ကြည့်နေသည်။ သူတို့ထဲမှ အများစုက တုန်လှုပ်ချောက်ချားဟန် ဖြစ်နေ၏။ ဆံပင်ဖြူဖြူ အမေရိကန်လူကြီး ဘာများဖြစ်လို့ ထောင်ထဲ ရောက်လာပါလိမ့်ဟုသာ တွေးနေကြပေမည် ထင်သည်။ ဤသို့မြင်ရခြင်းကို ဘယ်သူကမျှ ဝမ်းသာသည့်ပုံ မပြကြပါ။

အခန်း(၁၆)

အကျဉ်းထောင်

ထောင်ရောက်ပြီး နောက်တစ်နေ့မနက်တွင် ဗဟိုအကျဉ်းထောင် ထောင်ပိုင်ကြီးက အေကလပ် အကျဉ်းသားအဖြစ် သတ်မှတ်ကြောင်း ပြောကြားလာပါသည်။ ပိုမိုကျယ်ဝန်းသော အဆောင်တွင် အခြားသူနှစ်ဦးနှင့်အတူ ထားပေးပါ၏။ ဗမာ့တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးများ ဖြစ်ကြသည်။ ဗြိတိသျှတပ်မတော်မှာ အမှုထမ်းခဲ့ဖူးကြသည့် အင်္ဂလိပ်-မြန်မာ ကပြားများ ဖြစ်ကြသည်။ သံသယဖြင့် ဖမ်းဆီးခံထားကြရသူများ ဖြစ်သည်။ ရုံးတင် စစ်ဆေးခြင်း မရှိသည်မှာ တစ်နှစ်ခွဲခန့် ရှိပြီ။

၁၉၄၆ တွင် စစ်မှုထမ်းစဉ်ကာလက "ကာနယ်ဘီဟာဒ်လက်စ်"မှာ မူဆယ်တွင် ရှိသောကြောင့် ကျွန်တော့်ကို မှတ်မိ၏။ ပြီးမှ တအံ့တဩ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်သည်။ "ကာနယ်ဝါလီအန်ဂါ" ကမူ ကျွန်တော့် ပစ္စည်းများ သယ်လာသော တောသားကို မကျေမချမ်းဖြင့် စိုက်ကြည့်နေ၏။

"ကျွန်တော်တို့နဲ့ ဆိုင်းမဆင့်ဗုံမဆင့်ပဲ တွေ့လိုက်ကြရတာပေါ့ဗျာ"

"ကျွန်တော်က နမ့်ခမ်းက ဒေါက်တာဆီးဂရေ့(ဗ်)ပါ .."

"ဘုရားရေ၊ ဒေါက်တာ ဆီးဂရေ့(ဗ်) ဟုတ်လား။ ဘာအတွက် ထောင်ထဲ လာခဲ့ရတာလဲ..."

"နိုင်ငံတော်သစ္စာဖောက်မှုတဲ့"

ကာနယ်ဝါလီ၏ နှုတ်မှ အယုတ္တအနတ္တစကားများ စစ်သားပီသစွာ ထွက်ပေါ်လာသည်။

သူတို့က အကောင်းဆုံးနေရာပေး၍ ရွှေ့ပေးကြ၏။ ကျွန်တော်တို့ တစ်သားတည်း ကျသွားကြပြီ။ ဘီလ်၏ တစ်နေ့တာမှာ ဆီဆေးပန်းချီဆွဲသည်။ ကျွန်တော် ပါလာသော တိုင်း(စ်)မဂ္ဂဇင်းကျောဖုံးမှ ပုံများကို ကူးရေးသည်။ ပြီးတော့ ကက်သလစ်ဒိုင်ဂျက်(စ်)ကို ဖတ်သည်။ ကျွန်တော်တို့ရထားသော အကျဉ်းသားထမင်းချက် နှစ်ယောက်ကို ဝါလီက ကြီးကြပ်သည်။

သိပ်မကြာမီမှာ လေးယောက်မြောက် အဖွဲ့ဝင်အဖြစ် 'မစ္စတာဝတ်ရှိုင်းယား' ဖြစ်လာ၏။ ကသာခရိုင်၏ ဒုတိယကော်မရှင်နာမင်းကြီး ဖြစ်သည်။ ကသာမှ

ကွန်မြူနစ်များကို တိုက်ထုတ်နိုင်ခဲ့သူ ဖြစ်သည်။ ဗမာတစ်ပြည်လုံးမှာ စံပြအဖြစ် သူလိုလူမျိုး လိုအပ်သည်ဟု ဝန်ကြီးချုပ် ကိုယ်တိုင် ချီးကျူးခဲ့သူဖြစ်၏။ ယခုမူ ကသာငွေတိုက်မှ ငွေကျပ်တစ်သန်းခွဲ ပျောက်ဆုံးခဲ့မှုအတွက် အခြားတာဝန်ရှိသူများကိုယ်စား အပြစ်ဖို့ခြင်း ခံရသူဖြစ်သည်။ ကသာခရိုင်နှင့် မြို့ကို ကွန်မြူနစ်များ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်စဉ်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်တို့လေးဦးသားမှာ ဖြတ်သန်းမှုအတွေ့ကြုံ အတွေ့အကြုံက တစ်ထပ်တည်းနီးပါး တူညီနေကြသည်။ ကျွန်တော့် မိတ်ဆွေများကို သူတို့က သိကြ၍ သူတို့မိတ်ဆွေများကို ကျွန်တော်က သိသည်။ လုပ်ငန်း အတွေ့ကြုံများကိုလည်း ပြန်ပြောစရာများကလည်း အများသား...။ တစ်ခါတစ်ရံ ဗမာလိုပြောပြီး ပွဲကျတတ်သေး၏။ ရယ်ရွှန်းပတ်ရွှန်း အကြောင်းများ ပြောစရာ ကုန်လာသောအခါ သူတို့က ကျွန်တော်၏ ဆေးပညာနှင့် အတွေ့အကြုံများကို ပြောပြရန် တောင်းဆိုကြသည်။

ပြောပြသည့်အခါ အဖြစ်မှန်မှုတွေကြောင့် မျက်လုံး အပြူးသားနှင့် နားထောင်နေတတ်ကြ၏။

ကျွန်တော်တို့မှာ အေကလပ်ရသည့် အကျဉ်းသားများ ဖြစ်သောကြောင့် သတင်းစာ ဝယ်ခွင့်ရ၏။ ရန်ကုန်ထုတ် နေရှင်းသတင်းစာယူသည်။ တိုင်းမဂ္ဂဇင်းလည်း ပို့ပေး၏။

နေရှင်းသတင်းစာသည် ပွင့်လင်း၏။ လွတ်လပ်စွာ ပြောဆိုရေးသား၏။ အစိုးရ၏ ပေါ်လစီများကို ဝေဖန်ထောက်ပြသည်။ သို့သော် တစ်ဖက်စွန်းရောက်သည် အထိတော့ မရေးပါ။ အင်္ဂလိပ် ဘာသာစကားဖြင့် သရော်စာ ရေးသားရာတွင် ထက်မြက်လှ၏။ ဗမာပြည်ထဲတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စောင်ရေအများဆုံး သတင်းစာဖြစ်သည်။ ဒီမိုကရေစီအစိုးရသည် ဝေဖန်မှုကို ခွင့်ပြု၏။ ဤသည်မှာ ဒီမိုကရေစီပင် ဖြစ်သည်။

ထောင်ထဲတွင် အချိန်များစွာရသောကြောင့် စဉ်းစားချိန်ရသည်။ အဖမ်းခံရခြင်း အကြောင်းရင်းကို ထင်ထင်ရှားရှား ဖြစ်လာသည်။ ယခုချိန်ထိ စဉ်းစားမိသည်မှာ ခါးသီးသော အမှန်တရားပင် ဖြစ်၏။

၁၉၄၉ ခုနှစ်၊ နွေနှောင်းကာလတွင် တောင်ကြီးမှ မြောက်ပိုင်းရှမ်းပြည်သို့ ကရင်သူပုန်များ ရွေ့လာနေပြီဟူသော သတင်းရသည့်အချိန်မှ ဒုက္ခကာလကို စတင်မှတ်ယူရမည်ဖြစ်သည်။ ဗမာ့တပ်မတော်မှ မဟန့်တားနိုင်ခဲ့ပါ။ လားရှိုးသို့ ရောက်လာခဲ့ကြ၏။ နမ့်ခမ်းသို့ သူပုန်များ ရောက်လာသည့် အခါတွင်လည်း ကျွန်တော် သိကျွမ်းယုံကြည်ရသည့် အစိုးရအရာရှိနှစ်ယောက် ပါလာသည်။

အခြားသော ကျွန်တော်သိသည့် အစိုးရအရာရှိများသည်လည်း ဗန်းမော်မှ တက်လာကြသည်။ သူပုန်များနှင့် အစည်းဝေးထိုင်ရန်၊ တွေ့ဆုံဆွေးနွေးရန် ဖြစ်သည်။

သူတို့၏ တွေ့ဆုံဆွေးနွေးပွဲသည် တရားဝင်ဖြစ်ဟန်ရှိ၏။ ထို့နောက် အကြောင်းမကြားဘဲ အစိုးရအရာရှိများ ရုတ်တရက် ပြန်သွားကြ၏။ ကျွန်တော့်မှာသာ သူပုန်များအလယ်တွင် ကျန်ရစ်ခဲ့၏။ ဤအခြေအနေတွင် ကျွန်တော့်မှာ ရှိနေသေးသည့် အရှိန်အဝါကို သုံး၍ ဗမာအရပ်သား ဝန်ထမ်းများကို ရှေ့မှ မားမားရပ်ပြီး ကာကွယ်ခဲ့ရ၏။ အစိုးရ ဦးဆောင်ဖွင့်လှစ်ထားသော နှစ်ရာမျှလောက်သော သူနာပြုသင်တန်းသူများကို ဝရုန်းသုန်းကား ဖြစ်ခြင်းဘေးမှ စောင့်ရှောက်ခဲ့ရ၏။ ကျွန်တော်သာ ကိုယ်လွတ်ရုန်းထွက်လျှင် သူနာပြု သင်တန်းသူလေးများ အနိုင်ကျင့် ခံရပေတော့မည်။ ဆေးရုံသည်လည်း တစပြင် ဖြစ်ပေတော့မည်။ ယခုလို သံသယဖြင့် ဖမ်းဆီးခံရလိမ့်မည် မဟုတ်။

သို့သော် ကိုယ်လွတ်ရုန်းလိုစိတ် မရှိပါ။ တာဝန်ဝတ္တရားကို သိ၏။ ကျွန်တော့်ဆေးရုံ အလုပ်တာဝန်ကို ဆက်လုပ်သည်။ ကျွန်တော်၏ ဝန်ထမ်းအရပ်သားများနှင့် သူနာပြုများ အဟန့်အတား အနှောင့်အယှက်မရှိ နေကြရသည်မှာ ကျွန်တော် ရှိနေသောကြောင့် ဖြစ်၏။ ဆေးရုံသည်လည်း တစပြင်မဖြစ်ခဲ့။ သို့သော် ကျွန်တော့်မှာမူ ရန်ကုန်ထောင်တွင် ချုပ်နှောင်ခံနေရပြီး သံသယဖြင့် နိုင်ငံတော် သစ္စာဖောက်မှုနှင့် စွပ်စွဲခံနေရပါတော့သည်။

ကျွန်တော်၏ အဆိုးဝါးဆုံး သတိမထားမိသည့် အချက်မှာ ဗမာအစိုးရသည် နိုင်ငံခြားသားများကို သံသယရှိသည်ဆိုသော အချက်ပင် ဖြစ်သည်။ ဗြိတိသျှသားနှစ်ဦးကလည်း နိုင်ငံတော်သစ္စာဖောက်မှု ကျူးလွန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်အရ အပြစ်ရှိကြောင်း တွေ့ရှိထားသည်။

ကျွန်တော်၏ မချိတင်ကဲဝေဒနာမှာ နမ့်ခမ်းဆေးရုံ၏ အနာဂတ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ အချိန်မှစ၍ အနှစ်နှစ်ဆယ်လုံးလုံး ဤဆေးရုံကို တည်ဆောက်ခဲ့ရသည်။ ဤဆေးရုံတွင် ဆေးဝါးကုသခဲ့သည်။ ကျွန်တော့်ဘဝအတွက် လုပ်သင့်လုပ်ထိုက်သော အလုပ်ကို ထိုက်ထိုက်တန်တန် လုပ်ခဲ့သည်ဟု ယုံကြည်သည်။

ဂျပန်စစ်တပ်နှင့် အမေရိကန်လေကြောင်း တိုက်ခိုက်မှုကို ဤဆေးရုံ ခံခဲ့ရ၏။ ဆေးကုသခြင်း ရပ်နားခဲ့ရသည်။ နမ့်ခမ်းကို သူပုန်များ ဝင်မလာခင် ၁၉၄၉ ကြားကာလလေးမှာ ပြန်လည် ထိန်းသိမ်းပြီး နိုးထအောင် ကြိုးစားခဲ့ရ၏။

ယခုလို ကျွန်တော် အဖမ်းခံရသည့်အခါ ဆရာဝန်ဆို၍ အစ်မဖြစ်သူ ဂရေ့(စ်)သာ ရှိတော့၏။ အမှန်မှာ ဂရေ့(စ်)သည် ခွဲစိတ်ဆရာဝန် မဟုတ်ပါ။ တရုတ်နယ်စပ်မှ အကူညီမဲ့ အမျိုးသမီး ဆရာဝန်တစ်ယောက်သာ ရှိတော့သည်။

ကျွန်တော် အဖမ်းခံရချိန်လေးမှာ ကျွန်တော့်ကို ပြောခဲ့သည်။ ဆေးရုံကို ကျွန်တော် လွတ်မလာမချင်း ဆက်လက်ရှင်သန်အောင် ကြိုးစားသွားမည်။ သူသေသွားရင်တော့ မတတ်နိုင်ဘူးပေါ့ဟု ပြောခဲ့သည်။ ဆေးရုံ ရပ်တည်ရှင်သန်ခွင့် မရတော့မည်ကို ကျွန်တော် စိုးရိမ်သည်သာမက ဂရေ့(စ်)သည် ကြိုးစားရုန်းကန်ရင်း အလုပ်ပန်းပြီး ကျန်းမာရေးထိခိုက်မည်၊ အသက်ရှင်ခြင်းကို ထိခိုက်မည်ကိုလည်း စိုးရိမ်မိပါ၏။ သူမအတွက် စိုးရိမ်မှုသည် လွမ်းဆွတ် ကြေကွဲစရာ ဖြစ်တည်လာခဲ့ပါသည်။

အမေရိကန်သံရုံးမှ ကူညီပေးမည်ဟု ကျွန်တော့်ကို မကြာမီ အကြောင်းကြားလာ၏။ ပထမအကြိမ် တွေ့ဆုံပွဲမှာ ရှေ့နေလိုချင်လားဟု မေး၏။ အမှန်တကယ် လိုအပ်သည်ပင်။ ကျွန်တော်က ပထမတန်းစားရှေ့နေကောင်း လိုချင်သည်။ ရှေ့နေဖြစ်ရုံလောက် မလိုချင်။ သို့သော် ကျွန်တော်ပိုင် ငွေကြေးအားလုံးကို နမ့်ခမ်းဆေးရုံတွင် ပုံအောထားပြီး ဖြစ်သည်။ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလကတည်းကပင် လစာငွေမရရှိသေးပါ။ အမေရိကမှာ ဟောပြောပို့ချချက်အတွက် ရရှိသော အခကြေးငွေများသည်လည်း ဆေးရုံထဲရောက်ကုန်သည်။ ကလေးနှင့် မိန်းမအတွက် လုံခြုံရေး ရန်ပုံငွေ စုဆောင်းထားတာတော့ ရှိ၏။ သို့သော် ကျွန်တော် မထိချင်။

ကျွန်တော်နှင့်ပတ်သက်ပြီး သံရုံးမှ လက်ထောက်တစ်ယောက် လွှတ်ထားပေးသည်။ သူက ပြောပြ၏။ ကျွန်တော်၏အမှုနှင့်ပတ်သက်ပြီး ဗမာပြည်ရှိ အကောင်းဆုံး ရှေ့နေများက အခကြေးငွေ မယူဘဲနှင့် (သို့) မဖြစ်စလောက်ယူသည် ဆိုရုံမျှ အခကြေးငွေဖြင့် ကျေနပ်စွာ လိုက်ပါ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ပြောပြ၏။

နောက်တစ်နေ့တွင် သံရုံးမှ ကူညီရန် စေလွှတ်ထားသူ လက်ထောက်သည် ထိပ်တန်း ရှေ့နေကြီးများ စာရင်း လေးယောက်နှင့်အတူ ရောက်ရှိလာပါသည်။ ပထမတန်းစား ရှေ့နေကြီးများထံမှ ဦးကျော်မြင့်အကြောင်းကို လေသံတိုးတိုးဖြင့် ပြောပြသည်။ သူသည် ကျွန်တော်နှင့် ပတ်သက်ပြီး သံရုံးကို လာတွေ့သည်ဆို၏ ကျွန်တော် အရမ်းပျော်သွား၏။

ဦးကျော်မြင့်ကိုယ်တိုင် မကြာမီ ကျွန်တော့်ကို လာတွေ့၏။

"ဟုတ်ကဲ့ပါခင်ဗျာ။ ကျွန်တော့်မှာ ငွေကြေး တစ်ပြားတစ်ချပ်မှ မရှိပါဘူး။ အစ်မတွေဖြစ်တဲ့ 'ရေချယ်'နဲ့ 'ဂရေ့(စ်)'မှာတော့ အသက်အာမခံငွေ စုဆောင်းထားတာ ရှိပါတယ်။ သူတို့ရဲ့ ဘဏ်စာရင်းကို ကျွန်တော့်ကို လွှဲပေးထားပါတယ်။ ဒါတောင်မှ ဒေါ်လာ တစ်ထောင်လောက်ပဲ ရှိပါတယ်။ မိန်းမနဲ့ ကလေးအတွက် ဘဏ်မှာ စုဆောင်းထားတာတော့ ရှိပါတယ်။ ဒါပေမယ့်

ကျွန်တော်က အဲ့ဒါကို ထုတ်မသုံးချင်ဘူးလေ" ဟု ကျွန်တော်က ရှေ့နေကြီးဦးကျော်မြင့်ကို ပြောပြလိုက်သည်။

"ဒေါက်တာ ကျွန်တော်တို့နှစ်ယောက် ပိုက်ဆံအကြောင်း မပြောကြနဲ့။ ဗမာနိုင်ငံသား တစ်ယောက်အနေနဲ့ ဒေါက်တာအပေါ်မှာ ကူညီရမယ့် ဝတ္တရားရှိပါတယ်"

ဦးကျော်မြင့်သည် ဗမာအထက်တန်းစား မိသားစုမှ ဆင်းသက်လာသူ ဖြစ်သည်။ မျိုးရိုးဂုဏ်သိက္ခာကို စောင့်ထိန်းဂုဏ်ယူသူ ဖြစ်သည်။ အစ်ကိုအကြီးဆုံးမှာ ဦးတင်ထွဋ် ဖြစ်သည်။ အင်္ဂလိပ်ခေတ်က အိုင်စီအက် ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးအတွင်းဝန် ဖြစ်ခဲ့ဖူးသည်။

ဦးကျော်မြင့်သည် တရားရုံးချုပ် ရှေ့နေကြီး ဖြစ်ခဲ့သည်။ ထို့နောက် နုတ်ထွက်ခဲ့ပြီး လွတ်လပ်စွာဖြင့် ရှေ့နေအဖြစ် အမှုလိုက်၏။

တတိယအစ်ကိုကြီး ဦးမြင့်သိန်းမှာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ဖြစ်သည်။ အငယ်ဆုံးအစ်ကိုမှာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထင်အောင် ဖြစ်သည်။

ဦးကျော်မြင့်သည် ထောင်ထဲတွင် ပထမဆုံးအကြိမ်အဖြစ် ကျွန်တော့်ကို လာတွေ့သည်။ သန့်ရှင်းသပ်ရပ်သော ဥပဓိရုပ်နှင့် တရားစွဲဆိုခံထားရသူ အားကိုးလောက်၏။ အထူးသဖြင့် သူ၏ အကြည့်ဖြစ်သည်။ မည်သို့သော သက်သေကိုမဆို အမှန်ကို ပြောချင်လာအောင် လေးနက်တည်ကြည်သည့် အကြည့်ဖြစ်သည်။ တစ်ဖက် ပြောနေသူကို ကြည့်နေတတ်သည့် အကြည့်က ရင်ထဲအထိ စိမ့်နေအောင် ထိုးဖောက်မှုရှိသည်။

ကျွန်တော်က ဤနိုင်ငံမှ ထွက်သွားမည်ဆိုလျှင် မည်သို့သော တရားစွဲဆိုမှုမျိုးကိုမှ ဆက်လက်ဆောင်ရွက်မည် မဟုတ်ကြောင်း အမေရိကန်သံရုံးကို အကြောင်းကြားထားပြီး ဖြစ်ကြောင်း ဖြစ်သည်။

ကျွန်တော်က ချက်ချင်း ငြင်းပယ်လိုက်၏။ ကျွန်တော်သည် ပြဿနာကို ရှောင်ထွက်ပြေးလိုသူ မဟုတ်ပါ။ ဤနိုင်ငံနှင့်ပတ်သက်၍ သစ္စာဖောက်မှုမျိုး ဘာတစ်ခုမှ လုပ်ခဲ့ခြင်း မရှိခဲ့ပါ။ ဤနိုင်ငံအတွက် ဆေးကုသခြင်းအလုပ်ကို ကျွန်တော် လက်မလျှော့ချင်ပါ။ ကာကွယ်သွားချင်၏။ ဤနိုင်ငံသည် တရားမျှတမှု ရှိနေသေးသည်ဟု ကျွန်တော် ယုံကြည်သည်။ တရားရုံးတွင်လည်း ဤသို့သော လိုက်လျောမှုမျိုး နောက်တစ်ကြိမ် အဆိုပြုလာသည်ကို ကျွန်တော် ငြင်းပယ်လိုက်ပါ၏။

အခန်း (၁၇)

အကျဉ်းကျခြင်း

နမ့်ခမ်းမှဆင်းလာသည့် လမ်းတစ်လျှောက်လုံးတွင် ရေစိမ်းများချည်းကိုသာ ကျွန်တော် သောက်ခဲ့ရ၏။ သို့ဖြစ်သောကြောင့် ငါးရက်ကြာပြီးနောက် နိုင်ငံတော် ဗဟိုအကျဉ်းထောင်သို့ ရောက်ရှိပြီးသည့်အခါတွင် ဝမ်းကိုက်ရောဂါကို ခံစားနေရပြီ ဖြစ်၏။ ထောင်ဆရာဝန်ကို ကျွန်တော် သတင်းပို့သည်။ သူ၏ ခွင့်ပြုချက်ဖြင့် အရေးပေါ်အဖြစ် ယူဆောင်လာသည့် ဆေးဝါးဖြင့် ကျွန်တော့်ကိုယ် ကျွန်တော် ကုသရတော့သည်။

ဝမ်းကိုက်တာ ပျောက်သွားပြီး သွားရင်း ပြည်တည်နာမှာ ပိုမို ဆိုးဝါးလာ၏။ နမ်းခမ်းဆေးရုံမှာ ကတည်းကပင် ဉီသွားကို အကြောင်းကြောင်းကြောင့် မနုတ်ဖြစ်ခဲ့ရ။ စစ်အတွင်း အချိန်ကာလကတည်းက စတင်ရေတွက်လျှင် တစ်နှစ်ကို တစ်ချောင်းလောက် သွားနုတ်ပစ်ရ၏။

ထောင်ဆရာဝန်ကို ထပ်မံ သတင်းပို့ရပြန်၏။ ညပိုင်း သက်သာစေရန် လေးညှင်းဆီ ညတွင်းချင်း ပို့ပေးလိုက်သည်။ နောက်နေ့မနက်တွင် သံရုံးကို အကူအညီရရန် တောင်းဆိုလိုက်သည်။ ဗမာပြည်မှာ ကျွန်တော် သိထားသည့် အကောင်းဆုံး သွားဆရာဝန်ကို ချက်ချင်း လာကြည့်ပေးရန် စီစဉ်ပေးရန် ဖြစ်သည်။

တစ်ရက်ပြီးတစ်ရက်သာ ကြာသွား၏။ သွားဆရာဝန်မှာ မပေါ်လာ။ တစ်ပတ်ကျော် ကြာလာသည့်အခါ သွားရှစ်ချောင်းပါ ရေစီးကမ်းပြို ဖြစ်လာပြီ။ နှောင့်နှေးရသည့် အကြောင်းကို သိလိုသည်။ ထောင်ဆရာဝန်မှ တစ်ဆင့် အစိုးရဆီသို့ သွားရခြင်းဖြစ်သည်။ ပုံမှန်မှာ နှစ်ပတ် ကြာတတ်သည်။ နည်းစနစ်အတိုင်း လျှောက်ထားချက်တင်သည်။

ဆယ့်နှစ်ရက်မြောက် နေ့တွင်မှ သွားဆရာဝန် ပေါ်လာပါတော့သည်။ ကုသမှု စတင်သည်နှင့် အံသွားသုံးချောင်း နုတ်ပစ်လိုက်၏။ နောက်ထပ် ရှေ့သွားသုံးချောင်း။ ပြီးတော့ ရှေ့အံသွားနှစ်ချောင်း။

ထောင်ထဲတွင် ကျွန်တော့်မှာ တော်တော်လေး စိတ်ဓာတ်ကျနေပြီ။ တရားစွဲဆိုမည့် အကြောင်း ခြင်းရာသည် မည်သည့်လုပ်ရပ်၊ မည်သည့်ဖြစ်ရပ်ပေါ်တွင် မူတည်သည် ဆိုသည့် အချက်ကို မည်သူမျှ အတိအကျ မသိခြင်းပင်ဖြစ်သည်။

နမ့်ခမ်းကို သူပုန်များ သိမ်းထားခဲ့သည့် ကာလသည် တစ်နှစ်ကျော်သွားပြီ

ဖြစ်၏။ များပြားလှသော လုပ်ဆောင်ချက်များ ရှာခဲ့သည်။ ဆေးရုံ တည်ဆောက်ရေးပိုင်းဆိုင်ရာ ခွဲစိတ်ကုသခြင်း ဆိုင်ရာ သူနာသင်တန်း သင်ကြားရေးပိုင်းဆိုင်ရာများ ရှိခဲ့သည်။ စစ်ပြီးစ ဗြိတိသျှစစ်ဘက် အုပ်ချုပ်ရေးဆိုင်ရာ ခွင့်ပြုချက်ဖြင့်သာ အစစအရာရာ ဆောင်ရွက်လုပ်ဆောင်ခဲ့ခြင်း ဖြစ်၏။ ဆိုလိုသည်မှာ ကျွန်တော်၏ လုပ်ဆောင်မှုများအားလုံးကို ဖျစ်ညှစ်ပြီး စဉ်းစားခန်း ဝင်ရပါတော့သည်။ အဖြစ်အပျက်များကို မှန်အောင် စဉ်းစားရင်း ဘုရားသခင်ကို တိုင်တည်ရပါတော့သည်။ စဉ်းစားရသမျှ အဖြစ်မှန်မှုများကို ရနိုင်သလောက် စာဖြင့်ချရေးပြီး ကျွန်တော့်ရှေ့နေထံ ပို့ရပါတော့သည်။

ဒုတိယကမ္ဘာစစ်သည် ကျွန်တော့်ကို များစွာ သင်ကြားပေးခဲ့ပါ၏။ သံတိုင်ကြားမှာ ပျော်ရွှင်စွာ နေထိုင်တတ်အောင်တော့ သင်မပေးခဲ့ပါ။ အကျဉ်းထောင် ပြုပြင်ရေးသည်လည်း ထိုစဉ်က ပြဋ္ဌာန်းခြင်း မရှိသေးပါ။ အကျဉ်းသား အချင်းချင်းကို တုတ်ဖြင့် ရိုက်နှက်ခြင်းဖြင့်သာ ထိန်းကျောင်းလျက် ရှိသည်။ ငွေတိုးသွင်းပြီး ဝါဒါကို လာဘ်ပေးရ၏။ မပေးလျှင် အရိုက်ခံရ၏။ နာရီ အပိုင်းခြားတိုင်းကိုပင် ဝါဒါက လှည့်လည်စစ်ဆေးသည်။ တံခါးမနှင့် ပြတင်းပေါက်ရှိ ဘားတန်းများကို လက်ကိုင်သံတုတ်ဖြင့် လမ်းလျှောက် စစ်ဆေးပြီး ခေါက်သွား၏။ သံဖြတ်လွှ (သို့) လွှဖြင့် ဖြတ်ထားခြင်းရှိမရှိ ကို စစ်ဆေးခြင်းဖြစ်၏။

ညဥ့်နက်နက် တိတ်ဆိတ်ချိန်မှာ နေမကောင်းလည်း ဖြစ်နေတော့ ထိုဘားတန်းများကို ခေါက်ကြည့်သွားသံသည် အခံရဆိုးလှ၏။ အေးဆေးသက်သာ နေမရ။ အိပ်မရနှင့် ...။

နေ့ဘက်တွင် ဂျပန်စစ်ရာဇဝတ်ကောင်များသည် အဆောင်အပြင်ဘက်တွင် ဘော့(စ်)ဘော ကစားတတ်သည်။ ရာဘာကွင်းပစ် ကစားတတ်သည်။ စိတ်တိုင်းကျလျှင်လည်း အော်သည်။ စိတ်တိုင်းမကျလျှင်လည်း အော်ပြန်သည်။ ဤအော်ဟစ်သံတို့ကား ကိုယ်စိတ်နှစ်ပါး ဆင်းရဲပေစွ။

ညဘက်တွင် ဝါဒါများသည် မကြာသေးခင်က ထောင်အဓိကရုဏ်းအတွင်း သေဆုံးသွားသူများကို ကြောက်၍ သီချင်းဆိုသည်။ စိတ်အားတင်း၍ သံသေးသံကြောင်ဖြင့် အော်ဟစ်ပြီး ဆိုသည်။ သို့မဟုတ်လျှင် ကျွန်တော့်အဆောင်နားတွင် သူတို့ချင်း နိုင်ငံရေး ငြင်းခုံ တတ်ပြန်သည်။ အဖော်မရှိလျှင် ကွန်မြူနစ်များနှင့် ငြင်းခုံတတ်ပြန်သည်။ ကျွန်တော့်အပေါ်ထပ်မှာ ကွန်မြူနစ်များရှိသည်။ မည်သို့ပျော်အောင် အိပ်ရပါ့... ။ ဝမ်းကိုက်ရောဂါ ပျောက်စပြုချိန်မှာ တုတ်ကွေး အဖျားက ပြန်ဝင်လာပြန်သည်။

တစ်မနက်မှာ ဆင်ဖြူအိပ်မက်သည်ဟု ပြောလာ၏။ နှစ်ပတ်အတွင်းမှာ မစ္စတာ ဝတ်(လ်)ရှိုင်းယား အာမခံဖြင့် လွတ်၏။

နောက်ထပ် ဆင်ဖြူ အိပ်မက်သည့်အခါ ကျွန်တော်တို့ခိုင်းသည့် အကျဉ်းသားလွတ်၏။

နောက်တစ်ခါ အိပ်မက် မက်သည့်အခါ ဆင်ဖြူအပြင် နွားလှည်းပါ ပါလာ၏။ ကျွန်တော်က အိပ်မက်မိတ္တံကို ဖြေပေးလိုက်သည်။ ဆင်ဖြူက ကျွန်တော့်အတွက် ဖြစ်ပြီး နွားလှည်းမှာ သူ့အတွက်ဖြစ်သည်ဟု ရက်သတ္တပတ် ခြောက်ပတ်ပြည့်သည့်အခါ သူ့အိပ်မက် မှန်တော့သည်။ ကျွန်တော့်မှာ ထောင်ပြောင်းရ၏။ နွားလှည်းအတွက် စဉ်းစားပူပန်ရတော့သည်။ သူက ပြောသည်။ နွားလှည်းတွင် တောင်ပံပါသည်ဟု။ ထိုအကျဉ်းသားအိုကြီး လွတ်သည့်အခါ သူ့မှာ လမ်းစရိတ်ပင် မရှိ။ သူ့ဇာတိမြို့ထားဝယ်တွင် အမှုထမ်းခဲ့ဖူးသည့် ထောင်အရာရှိထံ အကူညီတောင်းရတော့သည်။ အရာရှိက နောက်တစ်နေ့တွင် ထားဝယ်သို့သွားမည့် လေယာဉ်ပေါ် တင်ပေးလိုက်သည်။ အိပ်မက်ထဲမှာပါသည့် တောင်ပံမှာ ယခုမှ အဖြေပေါ်တော့သည်။

ရန်ကုန်ထောင်ထဲရောက်ပြီး ရက်အနည်းငယ်အတွင်းမှာ အစ်မဆီ စာရေးပို့ဖြစ်သည်။ အစ်မက နမ့်ခမ်းဆေးရုံမှာ ကြီးကြပ်အုပ်ချုပ်နေသူ ဖြစ်သည်။ နေကောင်းကြောင်း၊ အေကလပ် ရကြောင်းနှင့် အစိုးရက ကောင်းမွန်စွာ ထားရှိကြောင်းတို့ ဖြစ်၏။ ရေးထားသည့်စာ ပေးပို့ရန်၊ ခွင့်ပြုချက်ရရန် ထောင်ပိုင်ကြီးဆီ တင်ပြရ၏။ သာမန် အကျဉ်းသားအဖို့ ဆိုလျှင် ထောင်ပိုင်ကြီး ခွင့်ပြုချက်နှင့်ပင် လွယ်ကူစွာ ပေးပို့နိုင်၏။ ကျွန်တော်က နိုင်ငံတော် သစ္စာဖောက်မှုဖြင့် စွပ်စွဲခံထားရသည့် အကျဉ်းသားဖြစ်၏။ နိုင်ငံခြားသားလည်း ဖြစ်၏။ ကျွန်တော့်စာကို အစိုးရမင်းများဆီထိ တင်ပြရ၏။ ဤနည်းအားဖြင့် ကျွန်တော့် ကျန်းမာရေးကို ပူပန်နေသော ညီမ ဂရေ့(စ်)ထံ စာရောက်ရန် ကြန့်ကြာရတော့သည်။ ထို့ကြောင့်ပင်လျှင် အမေရိကားရှိ မိသားစုထံသို့ ထောင်ထဲမှာရှိစဉ်က စာမရေးဖြစ်ခဲ့ပါ။ စကားလုံး တစ်လုံးတလေကိုမှ မှားယွင်းစွာ အထအန ကောက်ပြီး နိုင်ငံတော်သစ္စာဖောက်ခြင်းကို သက်သေအထောက်အထား မဖြစ်စေလိုပါ။

အံ့သြရသည်က အမေရိက သတင်းစာမျက်နှာများတွင် ကျွန်တော့်အကြောင်းက ရေပန်းစားနေသည်။ မကြာခင်လေးကမှ မိတ်ဆွေဟောင်း တစ်ဦး၏ ကြေးနန်းစာကို ရရှိသည်။

"ကြံ့ကြံ့ခံ စိတ်တင်းထား၊ အချိန်မရွေး ကူညီမယ်..." ဆိုသည့် ကြေးနန်းစာ။

သို့သော် ကျွန်တော် ပထမဦးဆုံး ရရှိသည့် လေကြောင်းစာမှာ စိတ်အားတက်ကြွဖွယ်ရာ မမြင်။ ပင်ဆယ်ဗေးနီးယား (သို့) အိုဟိုင်းအိုးမှာ ဘာသာရေးအသင်း တစ်ခုခုမှ ဖြစ်ပုံရ၏။ သမ္မာကျမ်းစာကို အကြောင်းပြုပြီး

ဆိုဆုံးမသည့်စာ ဖြစ်၏။ ဤအဖွဲ့သည် ကမ္ဘာပေါ်ရှိ မည်သည့်အရပ်တွင်မဆို အကျဉ်းကျနေတတ်သည့် လူဖျင်း၊ လူအများဆီသို့ ပုံမှန် ရေးပို့လေ့ရှိသည့် စာဖြစ်ပုံရ၏။ "ထောင်ထဲမှာနေစဉ် ဘုရားသခင်ကို ဆုတောင်းပါ၊ ချီးမွမ်းပါ။ ဒုစရိုက်မှု ကျူးလွန်ခဲ့သည်ဆိုသည် နောက်ဆုံးမှာ အမှန်သိမြင်ပါ။ ဒါကြောင့် နောင်တရပါ၊ ဤသို့အားဖြင့် ဘုရားသခင် ကောင်းချီးသည် သင်နှင့် အားလုံးအပေါ် ကျရောက်ပါစေ"

ထောင်ထဲရောက်စ အစောပိုင်းကာလမှသည် နောက်ဆုံးစွဲချက်တင်သည့် ကာလအထိ သောင်းပြောင်းထွေလာ ဘာသာရေး နှစ်သိမ့်စာစောင်များကို ကျွန်တော့်ဆီ ပေးပို့ကြသည်။ ကျွန်တော်က လက်ခံရန် ငြင်းဆန်သောအခါ အချို့က စိတ်ဆိုးကြသည်။

တစ်ယောက်တော့ရှိ၏။ အစ်မလီ၏ ဦးလေး ဖြစ်သည်။ ကျွန်တော် အလိုအပ်ဆုံးဖြစ်သည့် 'သမ္မာကျမ်းစာ'ကို ပို့ပေးသည်။ ကျမ်းစာဖတ်ခြင်းသည် သူတော်ကောင်းယောင် ဆောင်ခြင်းမျိုး မဟုတ်ပါ။

အကျဉ်းထောင်တံခါးကို ချက်ချင်းဖွင့်ပြီး နမ့်ခမ်းကို ပြန်ပို့ပေးလိမ့်မည် ဆိုသည့် ယုံကြည်မှုမျိုး မရှိသည့်အတွက် လူတိုင်းက စိုးရိမ်ပူပန်သည် ဆိုသည်ကို စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ ကျွန်တော်သည် ဘာသာရေးယုံကြည်မှု၏ အခြေခံသဘောတရားများကို သိရှိနားလည် ယုံကြည်သက်ဝင်သူ ဖြစ်ပါသည်။ ဘာသာရေး ယုံကြည်သက်ဝင်မှုသည် တောင်တန်းများကိုပင် ရွှေ့နိုင်ပါသည်။ ဤယုံကြည်မှုမျိုးဖြင့် လက်တွေ့လည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးပါ၏။

နမ့်ခမ်းတွင်နေစဉ် အကြိမ်ထောင်ပေါင်းများစွာသော ခွဲစိတ်မှုမျိုးကို ဘာသာရေး သက်ဝင်ယုံကြည်မှု မျိုးဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ရှမ်းပြည်တစ်ခွင်မှာ ဖြစ်ပါသည်။ ခွဲစိတ်မှုမျိုးစုံကို ဝရန်တာမှာ၊ စျေးထဲရှိ အိမ်ကုတ်ကုတ်ထဲမှာ၊ မြက်ခင်းပြင် တဲကုပ်ထဲမှာ စသည်ဖြင့် မည်သူမျှ စိတ်ကူးထဲမှာပင် မလုပ်ဆောင်နိုင်သည့် ဆောင်ရွက်မှုမျိုး လုပ်ဆောင်ခဲ့ပါသည်။ ဤသို့သော ကိုယ်စိတ်နှလုံး ပင်ပန်းရသော အချိန်ခါမျိုးတွင် ဘုရားသခင်ကိုအကြည့်။ ယုံကြည်ရင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ဘုရားသခင်၏ အလိုတော်အတိုင်း ခွဲစိတ်မှုများ ပြီးမြောက် အောင်မြင်ခဲ့ပါသည်။

ကျွန်တော့်ဆီ ရေးပို့သည့် စာများအနက် စိတ်ထိခိုက်စရာအဖြစ်ဆုံး စာတစ်စောင်မှာ နယူးဇီလန်မှာ အမျိုးသမီးတစ်ယောက်ဆီမှ ဖြစ်၏။ သူမ တရုတ်ပြည်တွင် သာသနာပြုလုပ်ငန်း အမှုတော်တော် ဆောင်ရွက်နေစဉ် ဟောင်ကောင်ထုတ် သတင်းစာထဲမှာ ဖတ်လိုက်ရသည်။ ဗမာပြည် ခွဲစိတ်ဆရာဝန်သည် ထောင်ချခံလိုက်ရသည့်အကြောင်း ဖြစ်၏။ ရက်ပိုင်းအတွင်းမှာပင် သူမလည်း ကွန်မြူနစ်များစွာ ထောင်ကျခြင်းကို

ခံလိုက်ရသည်။ ထောင်တွင်းဒုက္ခကို သိသွားရတော့သည်။ ဗမာပြည် ထောင်ထဲရှိ ကျွန်တော့်ကိုလည်း ကိုယ်ချင်းစာနာမိသည်။ ဤသို့ဖြင့် ထောင်ထဲတွင် ဆုတောင်းခြင်း ပြုတော့သည်။ သူမ လွတ်မြောက်ရေးအတွက် မဟုတ်။ ကျွန်တော့် လွတ်မြောက်ရေး အတွက် ဖြစ်သည်။ လအနည်းငယ် အကြာတွင် သူမ လွတ်မြောက်လာ၏။ ထိုသို့ လွတ်မြောက် လာရခြင်းမှာ ဘုရားသခင်ထံ ကျွန်တော့် လွတ်မြောက်ရေးအတွက် ဆုတောင်းသော အကျိုးကျေးဇူး ဟု သူမ မှတ်ယူသည်ဟု စာထဲတွင် ပါရှိသည်။

ယခုအချိန်တွင် သူမသည် ဟောင်ကောင်တွင် ရှိနေသည်။ ကွန်မြူနစ်များ တရုတ်ပြည်မှာ ပြန်လည်၍ အမှုတော်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ကျွန်တော့်ကို တွန်းလှန်နိုင်မည့် အချိန်ကို စောင့်နေသည်။ သို့မှသာ သူမ ချစ်သည့် သူမကို နားလည်ပါသည်။ သူမသည် ဘုရားသခင်ဝိညာဉ်နှင့် နီးစပ်သူဖြစ်သည်။ ကျွန်တော်နှင့်လည်း ဝိညာဉ်ချင်း နီးစပ်သူဖြစ်၏။

ကျွန်တော်၏အမှုတွဲသည် နိုင်ငံ ဗဟိုတရားရုံး အထူးခုံရုံးအဖွဲ့သို့ တင်ထားသည်။ နိုင်ငံတော် သစ္စာဖောက်မှုသည် ဗမာပြည်တွင် အာမခံရသော အမှုမျိုးမဟုတ်။ သို့သော် ကျန်းမာရေးကြောင့် ဆိုလျှင် ရ၏။ ကျွန်တော် ကျန်းမာရေးစတင် ဆိုးဝါးစဉ်ကပင် ရှေ့နေဦးကျော်မြင့်က အာမခံ လျှောက်ထားသည်။ ထောင်ဆရာဝန်က ထောက်ခံချက်ပေးသည်။

တရားခွင်တွင် ကျွန်တော်၏အမှုအရာက ကျန်းမာရေးဆိုးဝါးခြင်း ထောက်ခံချက်ကို ဖျက်ဆီးတော့သည်။ တရားခွင်မလာမီကပင် ကြာရှည်စွာ နေနိုင်ရန် ဝမ်းသွားခြင်းကို ထိန်းချုပ်ရန် ဆေးဝါးများစွာ သောက်ခဲ့၊ ကြိုတင်ထိုးခဲ့ရသည်။ တရားခွင်တွင် အမေရိကန်စိတ်ဓာတ်ဖြင့် စစ်တပ် ဟန်ပန်အတိုင်း ခေါင်းကိုမော့ ရင်ကိုကော့ထား၏။ ဤသည်ကပင် အာမခံလျှောက်ထားမှုကို ဖျက်ဆီးလိုက်ပါတော့သည်။ တရားခုံရုံးက ထောင်ဆရာဝန်သည် မှားယွင်းစွာ ထောက်ခံချက် ပေးသည်ဟု ဆုံးဖြတ်လိုက်ကြသည်။

နောက်ထပ် အကြောင်းပြချက်တစ်ခုက တရားရုံးဆုံးဖြတ်ချက်ကို တရားသူကြီးက ထောက်ခံသည်။ အကြောင်းရင်းမှာ ကျွန်တော်သည် ဒေသခံလူထုအပေါ် ဩဇာလွှမ်းမိုးနိုင်စွမ်း ရှိသည်။ မမှန်သက်သေ ထွက်ဆိုချက်များကို ရယူနိုင်သည်။ အချုပ်နှင့် ထိန်းသိမ်းထားမှသာ သင့်လျော်သည်ဆိုသည့် အချက်ပင် ဖြစ်သည်။

ဤသို့ ပြောဆိုချက်ကို ကျွန်တော့်အတွက် ရယ်မောဖွယ်ပင်။ လွန်ခဲ့သော တစ်နှစ်က ကျွန်တော့်ကို စွပ်စွဲသည့် စွပ်စွဲချက်များကို အင်စပက်တာက မမှန်သက်သေများ ဖန်တီးပြီး စွပ်စွဲခဲ့သည်။ မမှန်သက်သေ ထွက်ဆိုခိုင်းခြင်းကို ကျွန်တော့်အစ်မထံသို့ ကိုယ်တိုင် ထွက်ဆိုခဲ့ရသူက စာရေး အကြောင်းကြားခြင်း

ဖြစ်သည်။ ယခုတစ်ဖန် သူတို့က ကျွန်တော့်ကို သူတို့နည်းအတိုင်း ပြုလုပ်မည်ကို စိုးရိမ်ပုံရသည့်အတွက် ကျွန်တော့်မှာ ရယ်မောစရာ ဖြစ်ခဲ့ပါ၏။

ဤသို့ဖြင့် ကျွန်တော့်မှာ ထောင်ထဲ ပြန်သွားခဲ့ရ၏။ အာဟာရအတွက် ဓာတ်စာမှာ အရည် သက်သက်ကိုသာ သောက်နိုင်သည့် အခြေအနေဖြစ်သည်။ ကျန်းမာရေးမှာ ပို၍ အားနည်းလာ၏။ ပိုမို ဆိုးဝါးစေသည်က ယာယီ ထောင်အရာရှိ အသစ်ကြောင့် ဖြစ်၏။ လာတွေ့ပြီး ကျန်းမာရေးကို မေးသည်။ ထောင်ဆရာဝန်၏ ခွင့်ပြုချက်ဖြင့် ကျွန်တော့်ဆေးဝါးဖြင့် ကိုယ်တိုင် ထိန်းသိမ်း စောင့်ရှောက် ကုသကြောင်း ပြောပြရသည်။ ဝမ်းကိုက်ရောဂါမှာ သက်သာကြောင်း ပြောပြရ၏။ ဤသည်မှ အစပြု၍ ပိုဆိုးစေသည်မှာ နောက်နေ့တွင် ကျွန်တော့်မှာရှိသည့် ဆေးဝါးများကို လာရောက် သိမ်းသွားခြင်းပင် ဖြစ်သည်။

ထောင်ထဲတွင် ကျွန်တော်သည် စိတ်ကစဉ့်ကလျားရောဂါ ခံစားနေရသည်။ စိတ်ညစ်ဖွယ်ရာများကို မေ့ပစ်တတ်သည့် ကျွန်တော့်စရိုက်သည် မှတ်မိခြင်းများကို ကျော်လွှား ဖုံးလွှမ်းသွားပုံရ၏။ ယခုလို တရားစီရင်ခြင်း ခံနေရခြင်းသည် မည်သည့် အဖြစ်အပျက်၊ အချက်အလက် ပေါ်တွင် အခြေခံထားသည် ဆိုသည်ကို ကျွန်တော် မသိရှိတော့ပါ။ လွန်ခဲ့သောနှစ်က ဆက်စပ်မှုမျိုးကို အခြေခံပြီး စုံစမ်းစစ်ဆေးသည်။ ဤဖြစ်ရပ် ဖြစ်စဉ်တို့သည် နမ့်ခမ်းဆေးရုံရှိ ဗီရိုဖိုင်များထဲတွင် ရှိနေသည်ဆိုသည်လောက်ကိုသာ ကျွန်တော် မှတ်မိတော့သည်။ တိတိကျကျ မည်သည့်အရာကိုမျှ မမှတ်မိတော့။

ကျွန်တော်၏ သက်သေအဖြစ် ခေါ်ဆိုခွင့်ရသူမှာ "ပင်စီပိုး" နှင့် အစ်မဖြစ်သူ "ဂရေ့(စ်)" နှစ်ဦးသာ ခေါ်ခွင့်ရသည်။ ဆေးရုံအုပ်ချုပ်ရေးပိုင်းဆိုင်ရာအတွက် ဖြစ်သည်။ မှတ်တမ်းဖိုင်များနှင့် သူတို့ရောက်ရှိလာရေး အတွက် သံရုံးကို အကူညီတောင်းရသည်။

ကျန်းမာရေးမှာ ထပ်မံ၍ ပိုမိုဆိုးဝါးလာသည့်အတွက် ရှေ့နေဦးကျော်မြင့်မှ အာမခံ ထပ်မံ လျှောက်ထားသည်။ သို့သော် အာမခံမရ။ အစိုးရက စေ့စပ်ညှိနှိုင်းမှု တစ်ခု ခွင့်ပြု၏။

အမေရိကန် သံရုံးပိုင် ဘန်ဂလိုလေးတစ်ခုတွင် နေအိမ်အကျယ်ချုပ် ပုံစံမျိုးဖြင့် အစောင့်ချထားပြီး ခွင့်ပြုသည်။ သံရုံးက နေထိုင်နိုင်ရန် စီစဉ်ပေးသည်။ အိပ်ခန်းကို အဲယားကွန်း တပ်ပေးသည်။

ကျွန်တော့်ကို စောင့်ကြပ်သည့် တာဝန်မှူးက အရိပ်အခြေကြည့်သည်။ လွတ်မြောက်ဖို့ရာ ကြံစည်မှုမျိုး၊ တစ်စုံတစ်ယောက်က လက်နက်ဖြင့် လာရောက် ကယ်တင်ခြင်းမျိုး ရှိမရှိ လေ့လာအကဲခတ်သည်။

လမ်းမကြီးဘေးတွင် ကျောက်တုံးတစ်တုံး ရှိ၏။ (နောက်မှသိရသည်မှာ တက္ကသိုလ် ရိပ်သာလမ်း ဖြစ်၏)။ မနက်ခင်း အေးမြမြတွင် ကျွန်တော် သွားရောက်ထိုင်တတ်သည်။ ကျောက်တုံးထက်မှ နေ၍ ထိုင်ပြီး ငေးကြည့်ရသည်မှာ ကိုယ်တိုင် ကား မောင်းသွားသည့်သူများ၊ ဘတ်(စ်)ကားစီးသူများ၊ စက်ဘီးစီးသွားသူများ၊ ပြီးတော့ လွတ်လပ်စွာ လမ်းလျှောက်သွားနေသူများ...။

အင်မတန် ကြည့်၍ကောင်းသည့် မြင်ကွင်းဖြစ်သည်။ နှစ်သက်ဖွယ်ကြည့်ကောင်းသည့် မြင်ကွင်းများထဲတွင် အင်္ဂလိပ်-ဗမာ ကပြားဖြစ်သူ အငြိမ်းစားခရိုင် ကော်မရှင်နာမင်းကြီးနှင့် သူ၏သမီးဖြစ်သူ ဆယ်နှစ်ရွယ် မိန်းကလေးက ဗမာဝတ်စုံဖြင့် ညနေတိုင်း လေ့ကျင့်ခန်းယူသည့် မြင်ကွင်းလည်း ပါဝင်၏။

ကျောက်တုံးပေါ်တွင် ကျွန်တော် စ,ထိုင်သော ပထမဆုံးနေ့တွင် အစောင့်ရဲတပ်သားများ လက်နက်ကိုယ်စီဖြင့် ထွက်လာကြ၏။ ရဲအုပ်တစ်ယောက်လည်း ပါ၏။ တာဝန်အရ လိုက်ပါစောင့်ကြပ်ပုံရ၏။ တဖြည်းဖြည်းနှင့် စောင့်ကြည့်အင်အား အရေအတွက် လျော့လျော့လာ၏။ လက်နက်များကိုလည်း တစ်ပါတည်း ယူဆောင်မလာတော့ဘဲ အခန်းထဲတွင်ထားခဲ့ပြီး လူချည်း သက်သက်ဖြင့် ကျွန်တော့်ကို စောင့်ကြည့်ခြင်းမျိုး ဖြစ်လာသည်။ ကျွန်တော့်ဘေးမှာ ဖြတ်လိုက်၊ ရှေ့နားမှာ ဖြတ်လိုက်နှင့် သက်သောင့်သက်သာ လမ်းလျှောက်ရင်း စောင့်ကြည့်လာတတ်သည်။ ဇန်နဝါရီလ၏ နောက်ဆုံးပတ်လောက် ရောက်သည့်အခါ မြင်ကွင်းထဲမှာ သူတို့ မရှိကြတော့။ တစ်ယောက်စ နှစ်ယောက်စလောက်က ကျွန်တော့်ကို စကားစမြည် လာပြောတတ်၏။ မည်သူ တစ်ဦးတစ်ယောက်မျှ ဇော်ကားခြင်းမျိုးဖြင့် ကျွန်တော့် အခန်းတွင်းသို့ ဝင်ရောက်တတ်ခြင်းမျိုး မရှိ။ နောက်ပိုင်းတွင်မူ လမ်းသွားလမ်းလာများနှင့် စကားပြောခြင်း မျိုးကိုပင် သူတို့က ခွင့်ပြုလာတော့သည်။

အခန်း (၁၈)

တရားခွင်

ကျွန်တော့်တွင် ထက်သန်သော ယုံကြည်ခြင်းမျိုး ဖြစ်လာသည်။ လူတစ်ယောက်သည် တစ်သက်တွင် တစ်ခါတော့ ထောင်ကျသင့်သည်။ အကျဉ်းကျခံရခြင်းမှာ သက်သေအထောက်အထား ခိုင်လုံသည်ထက် သံသယဖြစ်မှုမျိုး ဖြစ်သင့်သည်။ လေးလခန့် အကျဉ်းကျခံရနေချိန်လောက်တွင် မျှော်လင့်ချက်မဲ့မှုမျိုး ဖြစ်စေချင်သည်။ အကျဉ်းကျခံရချိန် တစ်ဝက်လောက်မှာ ဖျားနာနေလျှင် ပိုကောင်းသည်။ မမှန်သက်သေ အနည်းဆုံးတစ်ယောက် ရှိသင့်သည်။ ထိုအချိန်တွင် အကျဉ်းသား၏ မှတ်ဉာဏ်အတွေ့အကြုံများ ပျောက်ဆုံးလုနီးနီး ဖြစ်နေရမည်။

ဤကဲ့သို့သော အခြေအနေမျိုး ကြုံတွေ့ရသည့် အကျဉ်းသားသည် အမှန်တကယ်ပင် အသိဉာဉ်ပညာ ပြည့်စုံကြွယ်ဝသွားပါတော့သည်။ ဤအခြေအနေကျမှ ရန်သူမိတ်ဆွေ၊ ကွဲပြားသွားပါလိမ့်မည်။ ဤအခါကျမှသာလျှင် အကျဉ်းကျခံရမှုက လွတ်လပ်ခြင်းကို ထိုက်တန်စွာ သင်ကြားပေးပါတော့၏။

ကျွန်တော့်အမှုတွဲကို ဦးကျော်မြင့်က လိုက်ပါဆောင်ရွက်ရန် တာဝန်ယူပြီး နောက်ထပ်တစ်ပတ် အကြာတွင် သူက သတင်းပေးပါသည်။ ကျွန်တော့်ဘက်မှ လိုက်ပါဆောင်ရွက် ချေပလျှောက်လဲရန် ရှေ့နေကြီးသုံးဦးက ဂုဏ်ပြုလိုက်ပါ ဆောင်ရွက်ရန် ကမ်းလှမ်းခြင်းဖြစ်၏။ အခကြေးငွေမယူဘဲ ဂုဏ်ပြုလိုက်ပါ ဆောင်ရွက်မည်ဆိုပါလား ...။

အင်္ဂလိပ်လူမျိုး မစ္စတာ ပီ၊ အမ်၊ ဘီချီနို (Mr. P.M. Beecheno)၊ အိန္ဒိယလူမျိုး မစ္စတာဗန်ကတာရမ် (Mr. Venkataram)၊ တရုတ်-မဗာကပြား မစ္စတာချမ်း (Mr. Chan) တို့ ဖြစ်ကြသည်။ ဗမာ၊ အင်္ဂလိပ်၊ အိန္ဒိယနှင့် တရုတ်-ဗမာကပြားတို့က အမေရိကန်တစ်ယောက်ကို မည်သည့် အကျိုးအမြတ်မှ မရရှိဘဲ ခုခံကာကွယ်လျှောက်ထားမည် ဆိုပါလား။ မစ္စတာဝန်က တာရမ် မအားလပ်လျှင် သူ့ရုံးမှ အိန္ဒိယလူမျိုးဖြစ်သူ မစ္စတာဘာသု(Mr. Basu) က အစားဝင်ရောက် လျှောက်ထားခုခံမည် ဖြစ်သည်။

ကျွန်တော်၏ အကျဉ်းကျခံရကာလသည် ငါးလကျော် ကြာမြင့်ခဲ့ပါသည်။ သက်သေများကို ခေါ်ဆိုရသည့်အခါ လုံခြုံရေးအတွက် လေယာဉ်ဖြင့် ခေါ်ကြရသည်။ မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုးနှင့် တောင်ကြီးတို့မှ ဖြစ်ကြသည်။ အထူးခုံရုံးတွင်

တရားခွင်သုံးခုကို တစ်ပြိုင်နက် စစ်ဆေးကြသည်။ အင်မတန် အချိန်ကုန်ပြီး စောင့်ရပါသည်။ မခံချိမခံသာ ဖြစ်သော်လည်း ညည်းညူစိတ်ပျက်ခွင့် မရှိ၊ အခြားသော တရားခွင် ခုခံလျှောက်ထားသူတို့မှာလည်း အလားတူ ခံစားချက်မျိုး ဖြစ်ပေါ်ပါသည်။

တရားရုံးတွင် လက်ရေးကို လက်နှိပ်စက် မသုံးခြင်းကြောင့် အချိန်အများစုမှာ ကုန်ဆုံးရသည်။ သက်သေအထောက်အထားများ ပြောင်းလဲသွားခြင်းများကြောင့်လည်း မသုံးတာဖြစ်နိုင်သည်။ သက်သေက မေးခွန်းကို ပြန်လည်ဖြေဆိုသည့်အခါ တရားရုံးတရားသူကြီးက အရေးကြီးသည့်အချက်ကို နှုတ်မှတစ်ကြိမ် ထပ်မံချပေးပြီး လက်နှိပ်စက်စာရေးက လိုက်ပြီး ရိုက်ရသည်။ လက်နှိပ်စက်စာရေး အင်္ဂလိပ်လိုတစ်ယောက် ဗမာလိုရိုက်ရန် တစ်ယောက် ထားပေးသည်။ အင်မတန် အချိန်ကုန်ပါသည်။ စိတ်ပျက်စရာ ကောင်းသည်။

ကျွန်တော်သည် တရားခွင် ဝက်ခြံထဲမှ နားထောင်နေရသည်မှာ နှစ်ကြိမ်လောက်မှာ ကျွန်တော့် ထွက်ဆိုချက်နှင့် တစ်ထပ်တည်းမကျပါ။ နောက်ဆုံး ပြန်လည် စစ်ဆေးချက်မျိုးတွင် အခက်အခဲ တွေ့နိုင်ပါသည်။

နိုဝင်ဘာလထဲတွင် ကျွန်တော့်အမှုကို ကြားနာစစ်ဆေးသည်။ လိုပြသက်သေမှာ ဗိုလ်မှူးကြီး 'မော်ဂေါင်' ဖြစ်သည်။ အင်္ဂလိပ်လို ပြောသည်။ မစ္စတာဘီချနို (Mr. Beecheno) က ပြန်လှန် မေးခွန်းထုတ်သည်။ "ဗိုလ်မှူးခွန်နောင်"က ဗမာလို ပြော၏။

ကျွန်တော့်ဘက်မှ အကောင်းဆုံး သက်သေမှာ "အမ်မလီ" ဖြစ်သည်။ သူမက တရားခွင်ကို ဝင်ရောက်လာပုံမှာ အထူးတလည် ဣန္ဒြေရရ ရှိလှ၏။ ဗမာပြည်တွင်း နေထိုင်ခဲ့သည် သုံးဆယ့်တစ်နှစ် ကာလအတွင်း ဗမာအမျိုးသမီးများစွာကို နားလည်သိရှိခဲ့ရဖူးသည်။ လူကြီးသူမရှေ့တွင် အမျိုးကောင်းသမီးတို့သည် အင်မတန် ရှိုးတိုးရှန်းတန်းနှင့် အရှက်အကြောက်ကြီးလှ၏။ လူသူအများရှေ့တွင် စကားပြောရမည်ကိုလည်း စိုးရွံ့တတ်ကြသည်။ ကျွန်တော်၏ သူနာပြုသင်တန်း ခန်းထဲမှာပင်လျှင် နှုတ်ဖြင့်ဖြေရမည့် မေးခွန်းများကိုမေးလျှင် ကြောင်တက်တက် ဖြစ်သွားတတ်၏။

နောက်ပိုင်းတွင် "အမ်မလီ" က ပြန်ပြောပြ၏။ သူ့ နာမည်ကို သက်သေထွက်ရန် မခေါ်ဆိုမီက ဒူးများ တုန်လျက်ရှိသည်။ အားတင်းပြီး မတ်တတ်ရပ်ရသည်။ သက်သေဝင်ရမည့် ဝက်ခြံတွင်း ရောက်သည့်အခါ ကြောက်ရွံ့မှုကို ခါချပစ်နိုင်ခဲ့သည်။ တရားသူကြီးများကို ဦးညွတ်၏၊ ကျမ်းကျိန်၏။ တန်းကိုမှီလိုက်၏၊ လူတိုင်းကို ကြုံးကြည့်လိုက်၏။ ရှေ့နေဦးကျော်မြင့်ကို မေးခွန်းဖြေရန် ကြည့်လိုက်၏။

မေးခွန်းကို ဂရုတစိုက် နားထောင်သည်။ တရားသူကြီးများကို မျက်နှာချင်းဆိုင်သည်။ တိတိကျကျ ဖြေသည်။ ပြီးမှ နောက်မေးခွန်းကို ဆက်ဖြေသည်။

တရားခွင်တွင် လက်ထောက်ရှေ့နေချုပ်က မေး၏။ နမ့်ခမ်းသို့ သူပုန်များ ဝင်ရောက် လာသည့်အခါ ကျွန်တော်၏ကား ဒီဆိုတို (De Soto)သည် ကျွန်တော့်အုပ်ချုပ်မှုအောက်မှာ ရှိလားဆိုတာ သိချင်ပါတယ်ဟု မေး၏။ ကျွန်တော့် ထိန်းသိမ်းအုပ်ချုပ်မှုထဲမှာပါဟု ဖြေလိုက်သည်။

အစိုးရရှေ့နေက ဆက်လက်၍ တရားရုံးကို လျှောက်ထားသည်ကို မတ်တတ်ရပ်၍ ဆက်လက် နားထောင်နေရ၏။ အကယ်၍ ဆီးဂရေ့ (Seagrave) သည် သစ္စာဖောက်တစ်ယောက် မဟုတ်ခဲ့လျှင် သူသည် ဒီဆိုတို (De Soto) ကားကို မောင်းနှင်ပြီး မေမြို့ကို သွားနိုင်သည်။ လားရှိုး၊ ဗန်းမော်၊ မြစ်ကြီးနား စသည့် မြို့တစ်မြို့ကို သွားပြီး နမ့်ခမ်းကို သူပုန်များ စီးထားသည်ဟု အစိုးရကို သတင်းပေးနိုင်ပါသည်ဟု ရုံးတော်ကို လျှောက်ထားသည်။

ဤနေရာတွင် စာဖတ်သူ သတိရပါလိမ့်မည်။ နမ့်ခမ်းကို သူပုန်များ ဝင်စီးစဉ်က ဒီဆိုတိုကားနှင့် ဂျစ်ကားတစ်စီးမှ လွဲ၍ ကျန်ကားအားလုံး၏ ဘီးများနှင့် ဓာတ်ဆီများကို မြေမြှုပ်ထားရန် ကျွန်တော် စီစဉ်ခဲ့သည်။ ယခုအချိန် တရားရုံးတွင်ထွက်ဆိုရန် ကျွန်တော် မေ့လျော့နေသည်။

ဦးကျော်မြင့်က အကြောင်းအရာကို ကာကွယ်ပြောဆိုရန် သတိရလိုက်သည်။ ဒရိုင်ဘာကို သက်သေဆင့်ဆိုပြီး မေးခွန်းထုတ်သည်။

"ဒေါက်တာဆီးဂရေ့ရဲ့ အုပ်ချုပ်မှုအောက်မှာ ကားဘယ်နှစီးရှိလဲ၊ သူပုန်တွေ နမ့်ခမ်းဝင်စီးချိန်မှာ..."

"ထရပ်ကားသုံးစီး၊ ကယ်ရီယာ နှစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ ဂျစ်ကားသုံးစီး၊ ပြီးတော့ ဒီဆိုတို..."

"အဲဒီတော့ ဒေါက်တာဆီးဂရေ့က ကားတစ်စီးကို မောင်းပြီး ဗန်းမော်ထိ ရောက်အောင်သွားပြီး အစိုးရကို သတင်းသွားပေးလို့ မရဘူးလား..."

"မရပါဘူးခင်ဗျား၊ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူပုန်တွေ နမ့်ခမ်းကို ဝင်စီးမယ်ကြားကတည်းက ဒေါက်တာဆီးဂရေ့က အမိန့်ပေးထားတယ်၊ ကားအားလုံးက ဘီးတွေဖြုတ်၊ ဓာတ်ဆီတိုင်ကီတွေကိုလည်း

မြေမြှုပ်ထားဖို့ သူ စီစဉ်ညွှန်ကြားခဲ့တယ်လေ၊ ဒါကြောင့် သူ ဘယ်ကားကိုမှ မောင်းလို့ မရဘူး ..."

အစိုးရရှေ့နေသည်လည်း ခပ်မြန်မြန် ထိုင်ချလိုက်တော့သည်။

တရားခွင်တွင် နောက်ထပ် စိတ်ဝင်စားစရာ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါသည်။

ကျွန်တော်၏ ရှေ့နေများက အသေအလဲ ကာကွယ်လျှောက်ထားရသည့် အချက်တစ်ချက် ရှိခဲ့သည်။ ကျွန်တော်၏ အသက်အန္တရာယ် ဖြစ်လာနိုင်သောကြောင့် 'နော်ဆိုင်း'ကို ဆေးဝါးပစ္စည်း သိုလှောင်ခန်းကို ထိုးပေးလိုက်ရသည်ဟု အခိုင်အမာ မထွက်ဆိုခြင်းကြောင့်ပင်။ ထိုသို့မဟုတ်ဘဲ အနည်းငယ် လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်လျှင်လည်း မည်သူကမျှ လိမ်လည်ထွက်ဆိုသည်ဟု ပြောစရာ အကြောင်း မရှိ။ ကျွန်တော့်ကိုယ်ကျွန်တော် ကယ်တင်ရာ ရောက်တော့ရောက်နိုင်သည်။

ထိုဖြစ်စဉ်အချိန်ခါတုန်းက ကျွန်တော့်အသက်အန္တရာယ်ကို ကျွန်တော် မစိုးရိမ်ခဲ့ပါ။ အခြား ပူပင်စရာများဖြင့် မွန်ထူနေသည်။ သူပုန်များ ဝင်လာသည့်အခါ ပထမဆုံး စိတ်ပူသည်က ဆေးဝါးနှင့် ဆေးပစ္စည်းဆိုင်ရာ ခွဲစိတ်ကိရိယာများ။ ဒုတိယအနေဖြင့် ဆေးရုံအဆောက်အဦနှင့် လုံခြုံရေး၊ တတိယအနေဖြင့် သူနာပြုသင်တန်းကျောင်းတို့သာ ဖြစ်ခဲ့သည်။

ကျွန်တော် နော်ဆိုင်းကို ဆေးဝါးပစ္စည်းအချို့ကို ပေးလိုက်ခြင်းအားဖြင့် အထက်ပါအတိုင်း ကျွန်တော် ပူပန်သော အရာများ ဖျက်ဆီးခြင်းမှ တစ်နည်းတစ်ဖုံ ကင်းဝေးလိမ့်မည်ဟု ထိုအချိန်က ကျွန်တော် ယူသည်။ အစိုးရက အခြေအနေမှန်ကို မသိခြင်းသာ ဖြစ်၏။

ထိုသို့သော လိပ်ခဲတည်းလည်း အခြေအနေမျိုးတွင် အစိုးရရှေ့နေကို ပါးစပ်ပိတ်သွားစေသည်က ဗဟိုတရားရုံး တရားသူကြီးချုပ်ဖြစ်သူ 'ဆာဘဦး'၏ စကားကြောင့် ဖြစ်၏။

"ဂျပန်ခေတ်တုန်းက ဂျပန်တွေ ကျွန်တော့်အိမ်ထဲ ဝင်လာတယ်။ သူတို့ မျက်လုံးနဲ့ တည့်တာတွေ အကုန်ဆွဲယူသွားကြတာပါပဲ။ ကျွန်တော် တတ်နိုင်တာက ခါးလေးညွတ်ပြီး ပြုံးပြီး ပြောလိုက်နိုင်တာ။ စိတ်ကြိုက်တာ သဘောရှိယူကြပါ မာစတာတို့ရေ ..."တဲ့။

တရားခွင်တွင် နောက်ထပ် အခက်အခဲတစ်ခုမှာ ဘာသာစကား ဖြစ်သည်။ ကျွန်တော့်ဘက်မှ လိုက်ပါလျှောက်ထားသည့် ရှေ့နေမင်း ဦးကျော်မြင့်ကိုသာ ယုံကြည်စွာ အားကိုးရပါသည်။ အမှန်တကယ်လည်း ကျွန်တော်

ကြားသိနားလည်သလောက် ယုံကြည်အားကိုးထိုက်ပါသည်။

အထူးခုံရုံးသို့ လွှဲပြောင်းပေးသည့်နေ့တွင် ဖြစ်၏။ တရားရုံးသို့ ကျွန်တော်တို့ တစ်နာရီကြိုပြီး ရောက်နှင့်သည်။ ဗမာတရားရုံးစာရေးသည် သပ်ရပ်ခန့်ညားပါ၏။ သို့သော် တရားခွင် တစ်လျှောက်လုံးနီးပါး ကျွန်တော့်ကို မသက်သာသလို မကြိုက်သလိုမျိုး ကြည့်နေ၏။ အဖျက်အမှောက် လုပ်ငန်းမျိုးကို ဗမာပြည်တွင်းမှာ လာလုပ်သည့် နိုင်ငံခြားသားဆိုသည့် အကြည့်မျိုး ဖြစ်သည်။

တရားခွင် လျှောက်လဲချက်များ ကြားနာပြီး နောက်တစ်နေ့ပြီးတစ်နေ့ သူ၏ အမူအရာသည် ပြေလျော့လာ၏။ နောက်ဆုံး လျှောက်လဲသည့်နေ့တွင် သူကပင် ပြုံးပြလာ၏။

စီရင်ချက်ချမည့်နေ့ ဖြစ်သည်။ ခုံရုံးအဖွဲ့ နောက်ကျ၏။ ရှေ့ပတ်စာရေးလည်း နောက်ကျ၏။ သူ ရောက်လာသည့်အခါ သူသည် ကျွန်တော်မှလွဲ၍ အကုန်လုံးကို ကြည့်၏။ သူ ခံစားနေရပုံရ၏။ ကျွန်တော် သိလိုက်ပြီ။ ကျွန်တော့်ကို ပြစ်ဒဏ်စီရင်တော့မည်။

ခုံရုံးအဖွဲ့ ဝင်လာကြသည်။ တရားသူကြီး ဦးဘိုကြီးသည် ဥက္ကဋ္ဌဖြစ်သည်။ သူသည် အင်မတန် ဖြောင့်မတ်မှန်ကန်သူဖြစ်၏။ ခါတိုင်းဆိုလျှင် ခုံအဖွဲ့ဝင် တရားသူကြီးများကို ပြုံး၍ နှုတ်ဆက်ပြီးမှ ထိုင်၏။ ယနေ့တွင် ထိုသို့ မဟုတ်ချေ။ အပြုံး မရှိ။ ခပ်တည်တည်နှင့်။ သူ၏ ဘယ်ဘက်ရှိ တရားသူကြီးက စီရင်ချက်ကို ဖတ်ပြ၏။ သူ့လက်ထဲမှာ စီရင်ချက် ကော်ပီမှတစ်ပါး အခြားကို မကြည့်။

အထူးခုံရုံးအဖွဲ့က ထောင်ဒဏ်ခြောက်နှစ် ပြစ်ဒဏ်ချမှတ်သည်။ ဤသို့ဖြင့် ဗဟိုအကျဉ်းထောင်သို့ ထောင်ကျ အကျဉ်းသားအဖြစ် ပြန်ခဲ့ရတော့သည်။

ကျွန်တော် တစ်ဆင့်ပြန်ကြားရသည်က ထိုနေ့ နေ့လယ်စာကို တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးဘိုကြီးက လက်ဖျားနှင့်ပင်မတို့။

စိတ်မကောင်းခြင်းအတွက် မစားနိုင်။ ညဘက်မှာပင် အိပ်မပျော်ဟု ဆိုသည်။ စီရင်ချက်ကို ခြုံကြည့်လျှင် ပြည်တွင်းစစ်တရားခံသည် ကျွန်တော် ဖြစ်နေသည်။ ဗမာပြည် ရေနစ်နေချိန်တွင် ဝါးကူထိုးသည်မှာ ကျွန်တော်ဟု ထင်ကြသည်။ ကျွန်တော်သည် ပြည်တွင်းစစ်အတွက် ဤမျှ အင်အားကြီးမားခဲ့ပါသလား...။

အခန်း (၁၉)

ဆိုင်းငံ့ထားသော အယူခံလွှာ

မတ်လ (၉) ရက်နေ့တွင် တရားရုံးချုပ်သို့ အယူခံတင်သွင်းသည်။ ဤအမှုကို သက်ညှာစွာ ပြည်လည်ဆုံးဖြတ်ပါသည်။ သူပုန်ဗိုလ် 'နော်ဆိုင်း' ကို ဆေးဝါးပစ္စည်းများ ပေးလိုက်သည် (သို့) ယူဆောင်ခွင့် ပြုလိုက်သည်ဆိုသော စွဲချက်တစ်ခုသာ ကျန်တော့သည်။ သည့်အတွက် နေအိမ်အကျယ်ချုပ်မှ ကင်းလွတ်ခွင့်ရသည်။ သို့သော် ရန်ကုန်မြို့မှ ထွက်ခွာခွင့်မပြု။

ရှေ့နေကြီး ဦးကျော်မြင့်က ကွင်းလုံးကျွတ် လွတ်ရန် ထပ်မံ ကြိုးစားပြီး အယူခံလွှာ တင်သွင်းသည်။

ဤအတောအတွင်းအတွင်း နေစရာခက်ခဲပြန်၏။ အမေရိကန် သံရုံးပိုင်အိမ်မှာ နေရန်လည်း အခက်အခဲရှိ၏။ အဘိုး ဆောက်ထားခဲ့သည့် အစ်မငယ်လေး 'ရေချယ်' ပိုင်သည့် အိမ်ခြံဝင်းက အလုံမှာရှိသည်။ သို့သော် ကရင်လူမျိုးများ ဒုက္ခသည်အဖြစ် ခိုလှုံရာအရပ် ဖြစ်နေ၏။ ကရင်သူပုန်များနှင့် လည်း အဆက်အသွယ် ရှိကောင်းရှိနိုင်၍ ကျွန်တော့်ကို အစိုးရက သင်္ကာမကင်း ဖြစ်ဖွယ်ရာရှိ၏။

ဦးကျော်မြင့်ဇနီး ပိုင်ဆိုင်သည့်မြို့ထဲက တိုက်ခန်းမှာနေရန် နောက်ဆုံး ဆုံးဖြတ်လိုက် ကြရသည်။ အမေရိကန်သံရုံးနှင့် ဘလောက်နှစ်ခုသာ ခြား၏။ ဦးကျော်မြင့် ရုံးခန်းနှင့်လည်း ဤမျှလောက်ပင် ဝေးပါသည်။

ကျွန်တော်၏ အိမ်နီးနားချင်းများရှေ့တွင် ကျွန်တော်သည် ကိုးရိုးကားရား နိုင်သည်ဟု ခံစားမိသည်။ သို့သော် သူတို့က ဖော်ရွေလှ၏။ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ ဗမာ စသည်ဖြင့် လူမျိုးစုံလှသည်။ သူတို့အချင်းချင်း လေသံဖြင့် ပြောဆိုသံကြောင့် ကျွန်တော့်ကို ဒေါက်တာ ဆီးဂရေ့(ဗ်) မှန်း သိကြောင်း ကျွန်တော် သိရ၏။

ကျွန်တော်၏ အချုပ်အနှောင်မှ လွတ်ရက်များသည် အံ့ဖွယ်ခံစားမှုများဖြင့် ပြည့်နေပါသည်။ မြို့ပတ်ပြီး ဘတ်(စ်)ကားစီးသည်။ ထောင်ထဲမှာ နေခဲ့ရစဉ်က မကြည့်လိုက်ရသည့် အမေရိကန် ရုပ်ရှင်များကို ကြည့်သည် မှတ်မိသည့် ဗမာပြည်သူတို့က ယခုလို လမ်းမှာတွေ့ရတာကို ဝမ်းမြောက်သည့် အနေဖြင့် လက်ဆွဲနှုတ်ဆက်တတ်ကြသည်။ ဗမာလူထုက ကျွန်တော့်အပေါ် မလိုမုန်းထားစိတ် မရှိကြောင်း သိသာလှ၏။

တရားရုံးမှအထွက်တွင်လည်း ကျွန်တော်၏ ခွဲစိတ်မှုကို ခံယူလိုက်ကြသည့် လည်ပင်းကြီး ဝေဒနာရှင်များ စောင့်နေကြ၏။ ကျွန်တော်မှလွဲ၍ အခြား မည်သည့် ဆရာဝန်နှင့်မျှ မခွဲစိတ်လိုဟု ပြောကြသည်။ ရှေ့နေဦးကျော်မြင့်ထံမှ လိပ်စာတောင်းကြသည်။ တစ်ယောက်ကမူ ကျွန်တော်၏ အယူခံလွှာမှာ ကြာနိုင်သည့်အတွက် နယူးယောက်တွင် သွားရောက်ကုသမည်ဟု ပြောသွား၏။

နမ့်ခမ်းသို့ ပြန်ခွင့်ရရန် တစ်ပတ်ပြီးတစ်ပတ် စောင့်ဆိုင်းနေရသည်မှာ လပေါင်းများစွာ ကုန်ဆုံးခဲ့ပြီ။ သောင်းကျန်းသူများသည်လည်း ဆက်လက် ပုန်ကန်နေကြ၏။ ရန်ကုန်မြို့ သောက်သုံးရေစနစ် ပိုက်လိုင်းကို ပေါက်ခွဲ ဖျက်ဆီးပစ်လိုက်ကြ၏။ မြို့နေလူထုမှာ ဘာမျှမတတ်နိုင်။ ရေတွင်းများကိုသာ အားကိုးကြရ တော့သည်။

လူထုအများစုမှာ လမ်းဘေးတွင် သက်ကယ်တဲများဖြင့် စုပြုံနေထိုင်ကြရသည်။ သည်ကြားထဲ သောက်သုံးရေ ပြတ်လတ်၏။ လူတိုင်းအတွက် စိတ်ပျက်စရာ။ အကောင်းမြင်ဘက်ကသာ မကြည့်လျှင် ရန်ကုန်သည် မနေသင့် မနေထိုက်တော့။

နမ့်ခမ်းရှိ အစ်မဖြစ်သူ 'ဂရေ့(စ်)'နှင့် ဝန်ထမ်းများကို မည်သို့မည်ပုံ ရှေ့ဆက်သွားနေသည် ဆိုသည်ကိုလည်း ကျွန်တော့်မှာ ပူပန်ရသေး၏။ သူတို့သည်လည်း ကျွန်တော့်နည်းတူ ဗမာပြည်ကို ကောင်းရာကောင်းကြောင်း ဆောင်ရွက်ခဲ့သူများ ဖြစ်သည်။

လေယာဉ်သံကြားတိုင်း သူတို့ ကျွန်တော့်ကို မျှော်လင့်နေကြသည်။ အစမ်းခန့်ထားပြီး သင်တန်း ပေးထားနေရသည့် သူနာပြုအုပ်စု အသစ်ကလည်း ရှိနေဆဲ ဖြစ်သည်။ ဆယ့်နှစ်ယောက် ရှိသည့် အထဲမှ လေးယောက်မှာ သူနာပြုဖြစ်ရန် အရည်ချင်း မရှိ။ ကျွန်တော်သာ အချိန်မီ ပြန်မရောက်လျှင် အစ်မဖြစ်သူ 'ဂရေ့ဗ်'မှာ ဝန်ပိနေရော့မည်။ ကျွန်တော် ပြန်လာမရ ဖြစ်နေသည်ကို သိထားသော ဝန်ထမ်းအမျိုးသမီး တစ်ယောက်မှာ စိတ်ဂယောက်ဂယက်ပင် ဖြစ်သွား၏။ ကျွန်တော်တို့၏ အထက်တန်းကျောင်းမှ အတော်ဆုံး ဆရာမထွက်သွားသည်မှ အစပြုခြင်း ဖြစ်၏။ အရည်ချင်း မပြည့်မီသည့် လေးယောက်မှာလည်း 'ဂရေ့ဗ်'ကို ချစ်သည့်စိတ်နှင့် ယခုလို အခြေအနေမျိုးမှာ မထွက်ခွာရက်။

ဇွန်လမှာ နှစ်စချိန် ပြန်ဖွင့်ရမည့် စာသင်ကျောင်းမှာလည်း မသေချာလှ။ နယ်အနှံ့မှ တပည့်တပန်းတွေက လာနေကြပြီ ဖြစ်သည်။ ဆရာ၊ ဆရာမတို့၏ လုံခြုံရေးကလည်း ရှိသေး၏။

'ဂရေ့ဗ်'မှာ စာသင်ကျောင်းမှာလည်း စာပြေးသင်ရသည်။ သူနာပြုသင်တန်းမှာလည်း ပို့ချပေးရသေး၏။ ဤကဲ့သို့ မိုးမှောင်ကျကာလများတွင်

အဘွား 'နော်မီ'သည်လည်း ခွဲစိတ်ခန်းမှာ အမြဲလို ရှိနေရသည်။ "နော်မီ"သည် "ဂရေ့ဗ်"နှင့် တွဲ၍ ခွဲစိတ်ခန်းတွင် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ကြောင်းကို လွန်ခဲ့သော တစ်နှစ်ကျော်ကပင် ကျွန်တော် တွေ့ရှိပြီး ဖြစ်သည်။

ဇူလိုင်လ ရောက်သည့်အခါ 'ဂရေ့ဗ်' ကျန်းမာရေးမှာ ချွတ်ခြုံကျလာပြီ။ လားရှိုးမှ ရန်ကုန်လာသည့် လေယာဉ်ပျံ အခေါက်တိုင်းမှာ နမ့်ခမ်းဆေးရုံအကြောင်း စာရှည်ကြီး ပါလာတတ်၏။ ဤသို့ မှန်မှန် အစီရင်ခံစာ ရှည်ကြီးကို ရေးနေရသည့် အတွက်လည်း သူမမှာ တန်ဖိုးကြီးမားလှ၏။ သူမမှာ မျှော်လင့်ချက်အပြည့်ရှိ၏။

ဇူလိုင်လကုန် ရောက်သည့်အခါ ကျန်းမာရေးမှာ သိသာစွာ ဆိုးဝါးလာတော့သည်။ ဂိုက်တစ်ရာလောက်သာ ဝေးသည့် သူမနေအိမ်နှင့် ဆေးရုံကို လမ်းလျှောက်သည့်အခါ ငါးကြိမ်လောက် နားရ၏။ နေမကောင်းလိုက် နာလန်ထလိုက်နှင့် အလုပ်လုပ်နေသော်လည်း သူမ အခြေအနေ မဟန်နိုင်တော့သည်ကို သူနာပြုဝန်ထမ်းများ၏ ပေးစာများအရ ကျွန်တော် သိရ၏။

ဆေးရုံဝင်းအတွင်း သွားလာရေးကို ဂျစ်ကားသုံးရန် လမ်းမလျှောက်ရန် သူနာပြုများက စိုးရိမ်ပူပန်မှုဖြင့် ပြောသော်လည်း လက်မခံခဲ့။

"ကားစီးပြီး ဆေးရုံဝင်းကို ရောင်းလှည့်ရင် ကျွန်မရဲ့ကျန်းမာရေး ချို့တဲ့နေပြီး ဆေးရုံအုပ်ချုပ်ရေးကို မထိန်းသိမ်းနိုင်တော့ပြီလို့ ဆိုပြီး အစိုးရက ဆေးရုံကို မောင်လေးဂေါ်ဒွန် ပြန်မလာခင် သိမ်းရင် ဘယ်နှယ့်လုပ်မလဲ" ဟု 'ဂရေ့ဗ်'က ပြန်ပြောသည်ဆို၏။

ဩဂုတ် ၁၅ သည် သူမ အပင်ပန်းခံရပြီး တစ်နှစ်မြောက်နေ့လည်း ဖြစ်သည်။ ဆေးရုံကို ရောင်းလှည့်စစ်ရန် ကားစီးသွားသည်။ ဆေးရုံကို ရောင်းလှည့်ပြီးနောက် အိမ်ကို ကားစီးပြီး ပြန်လာသည်။ ပြီးနောက် အိပ်ရာပေါ် ခေတ္တလှဲသည်။ ပြီးနောက် လူနာများ၏မှတ်တမ်းကို အသေးစိတ် မှတ်တမ်းတင်ရန် ခါတိုင်းလိုပင် စတင် ရေးသားတော့သည်။ စာမျက်နှာ ၄ ရောက်သောအခါ လက်ရေးစာကြောင်းက အပေါ်တက်အောက်ဆင်း ဖြစ်လာ၏။ ဝါကျပင် မဆုံးလိုက်။ သူမ သတိလစ်သွားတော့သည်။

နှစ်ရက်ကြာပြီးနောက် အတိအကျပြောရရလျှင် ကျွန်တော် ဘားလမ်းအချုပ်ခန်းမှာ အချုပ်ခံရသည့် တစ်နှစ်ပြည့်ပြည့် နေ့လေး မတိုင်မီလေးမှာပင် သူမ ဆုံးပါးသွားခဲ့ပြီ။ သတိမေ့လဲကျရာမှ ပြန်လည်၍ သတိလည်လာခြင်း မရှိတော့ပေ။

ဤသတင်းရသည့်အခါ ကျွန်တော့်ခန္ဓာမှာ ပေါက်ကွဲလွင့်စဉ်မတတ် ဖြစ်သွားခဲ့ရသည်။ သံအမတ်ကြီးနှင့် တွေ့မှ တည်ငြိမ်အောင် ကြိုးစားရသည်။

သံရုံးမှတစ်ဆင့် မြန်မာအစိုးရသို့ လျှောက်ထားရသည်။ သနားသက်ညှာစွာဖြင့် အရေးပေါ်ခွင့်ပြုချက်ဖြင့် ... အစ်မဖြစ်သူ 'ဂရေ့စ်'၏ စျာပနရှိရာ နမ့်ခမ်းသို့ ယာယီသွားခွင့်ရ၏။ ရန်ကုန်သို့ လေယာဉ်ဖြင့် ချက်ချင်း ပြန်လာခဲ့ပါမည် ဟုလည်း နူတ်ကတိ ပြုခဲ့ရ၏။ လေယာဉ်ဖြင့်ပင်လျှင် ကျွန်တော့်မှာ နောက်ကျလွန်းနေပြီ။

နမ့်ခမ်းရောက်တော့ ညဉ့်နက်ပြီ။

ခါတိုင်း ကျွန်တော် ပြန်ရောက်လျှင် ရယ်မောသံ၊ ရွှင်မြူးတက်ကြွစွာ အော်ဟစ်သံတို့ဖြင့် ရှိသော ရုံးခန်းသည် ငြိမ်ဆိတ်လျက်...။

ယခုတော့ 'ဂရေ့စ်' ...၊ အစ်မဖြစ်သူ ဒေါက်တာ'ဂရေ့စ်'၏ စျာပနက ဆီးကြိုနေ၏။

သူမ သတိမေ့သွားပြီးနောက် ဆေးကုသမှုဖြစ်စဉ်ကို မှတ်တမ်းများအရ ရောက်ရောက်ချင်း စစ်ဆေးကြည့်သည်။ ပြုစုစောင့်ရှောက်သူ သူနာပြုများကို လေးစားချစ်ခင်မိသွား၏။ ဤရွေ့ဤမျှ စိတ်မချမ်းမြေ့ဖွယ်ရာများ ကြားတွင် ဆေးကုသဖြစ်စဉ်ကို အသေးစိတ်ကျပြီး အမှားအယွင်း မရှိကြောင်း တွေ့ရသည်။

ကျွန်တော့်ကိုယ်စား 'မစ္စတေလာ'နှင့် ဒေါက်တာ 'အီလွန်'တို့က စီစဉ်ဆောင်ရွက်ပေးနေသည်။

လူထုက ထောင်နှင့်ချီ၍ လာရောက်ကြသည်။ ကားဖြင့်တသွယ် ခြေလျင်တစ်နည်း။ သေသည်အထိ ဒေသကျန်းမာရေးကို ဆောင်ရွက်ပေးသွားသည့် ဆရာဝန်မကြီးကို လာရောက် ဂါရဝပြုကြခြင်း ဖြစ်သည်။ ဆေးရုံကုန်းတစ်ခုလုံး လူတွေ ပြည့်သိပ်သွား၏။ ဘုရားကျောင်းလေးနှင့် မိသားစု သင်္ချိုင်းလေးမှာလည်း ဂါရဝပြုသူတွေ အပြည့်။ သူမ ဆောင်ရွက်ခဲ့သည့် အချိန်ကို ကာလလေးအတွင်းမှာ ဤရွေ့ဤမျှ များပြားလှသော လူထုက ချစ်ခြင်းမေတ္တာဖြင့် လာရောက် ဂါရဝပြုကြသည်ကို 'ဂရေ့ဇ်' ကိုယ်တိုင်လည်း အံ့အား သင့်လောက်သည်ဟု ကျွန်တော် ထင်ပါသည်။

စျာပနအခမ်းအနား ဒုတိယနေ့အဖြစ် နောက်နေ့မနက်တွင် အုတ်ဂူဘေးတွင် ကျင်းပကြသည်။ စစ်တပ်ကိုယ်စားပြု ဗိုလ်ကြီးတစ်ယောက်၊ သုံးဆယ့်ငါးနှစ် မတိုင်မီက 'ဂရေ့စ်' ရန်ကုန်တွင်ရှိစဉ်က စာသင်ပေးခံခဲ့ရဖူးသူ ကျောင်းအုပ်ဆရာမကြီး 'အယ်လာ'၊ သူနာပြု ဝန်ထမ်းများကိုယ်စား 'အီမလီ'၊ ကျောင်းသားများကိုယ်စား 'စောထွန်းအောင်'၊ သူနာပြုသင်တန်းသူ ကိုယ်စား တပည့်များထဲမှ 'ဂျူလီယာ' စသည့် အသီးသီးတို့က အမှတ်တရစကား ပြောဆိုကြသည်။ အားလုံး ပြောကြသည်မှာ စိတ်နှလုံးထိခိုက်ဖွယ်ရာ အမှတ်တရ ဆုံးရှုံးမှုများချည်း ဖြစ်သည်။ ထိုအထဲမှ ကျွန်တော့်နှလုံးသားကို အထိခိုက်ဆုံးမှာ

'ဂျူလီယာ'၏ အောက်မေ့ဖွယ် အမှတ်တရ စကားများဖြစ်သည်။ ကျောင်းသူလေးစကားက တိကျရှင်းလင်းသည်။ စစ်မဖြစ်မီက လွိုင်ကော်တွင် ကျောင်းသူလေးဘဝမှာ သူမကို 'ဂရေ့စ်'က ကြင်နာစွာ စောင့်ရှောက်ပုံကို ပြန်လည် ပြောပြခြင်း ဖြစ်၏။ ဗမာပြည်သူတို့သည် ကျေးဇူးတရားကို သိတတ်ပါကလား ။

အုတ်ဂူဘေးမှသည် ဆေးရုံဝင်းအထိ လာရောက်၍ ဂါရဝပြုသူများ ပြည့်နှက်နေ၏။ ရွှေလီချိုင့်ဝှမ်းမှ လူထုကိုယ်စားပြုသူများ ကျွန်တော့်တံခါးဝမှာ ရှိနေကြ၏။ စီတန်းလှည့်လည် ဆန္ဒပြမှုမျိုး ကျွန်တော်က ခွင့်ပြုလိုက်မှာကို လိုက်ပါလာသည့် သံရုံးအဖွဲ့ဝင်များက စိုးရိမ်သည်။ ယင်းသံရုံးအဖွဲ့ဝင်ထဲတွင်လည်း ကျွန်တော့်ကို အနီးကပ် စောင့်ကြည့်ရန် အက်စပက်တော် တစ်ယောက် ပါသည်။ ကျွန်တော် သူ့အနားမှာ ကပ်နေပါသည်။

ကျွန်တော် ပြောရမည့်အလှည့်တွင် ဗမာလိုသာ ကျွန်တော် ပြောပါသည်။ လိုက်ပါလာသည့် ရဲအရာရှိကိုလည်း နားလည်စေချင်သည်။

"မိတ်ဆွေများခင်ဗျား ကျွန်တော် ဒီနေရာကို ဘယ်လောက် ပြန်လာချင်ပါတယ် ဆိုတာ ခင်ဗျားတို့ သိပါတယ်၊ ခင်ဗျားတို့လည်း ကျွန်တော့်လိုပဲ ခံစားနေရမယ် ဆိုတာ သိပါတယ်၊ ဆန္ဒပြလှည့်လည်မှုမျိုး လုပ်ပြီး ဘယ်လို တောင်းဆိုမှုမျိုးမှ မလုပ်ကြပါနဲ့၊ ခင်ဗျားတို့လူထုကြီးက အခုလို အင်အားပြ ကြိုဆိုတာမျိုးကို ကျွန်တော် ဝမ်းမသာဘူးလို့ မမှတ်ယူစေချင်ပါဘူး၊ ကျွန်တော် တောင်းဆိုချင်တာက ချက်ချင်း လူစုခွဲပြီး ကိုယ့်အိမ်ကို ကိုယ်ပြန်သွားကြဖို့ပါပဲ"

နေကောင်းလားဟု မေးလာသည့် လူများကို ကျွန်တော်က ခေါင်းညိတ်ပြသည်။ ပြီးတော့ သူတို့အိမ် ပြန်သွားကြသည်။

ထိုနေ့တစ်နေ့တာ၏ ကျန်ရှိသောအချိန်တွင် ဆေးရုံကို လှည့်လည်ကြည့်ရှုသည်။ လိုက်ပါလာသည့် သူနာပြုများကို ကုသချက် အကျဉ်းချုပ် (သို့) မှတ်ချက်ပေးသည်။ သူနာပြုသင်တန်းသူ အသစ်များနှင့် တွေ့ဆုံရန် တစ်ရက်သာ အချိန်ရသည်။ 'ဂရေ့စ်' ကြီးကြပ်မှုအောက်မှာ သင်တန်းပြီးဆုံးထားသည့် သူနာပြုများနှင့်လည်း တွေ့ဆုံစကား ပြောရသေးသည်။

ဈာပနအခမ်းနားတွင် တာဝန်ယူပေးနေရသည့် ဒေါက်တာ'အိုက်လွန်း' နှင့် 'အီလု'တို့ သည်လည်း သူတို့အလုပ်တာဝန်ရှိရာ လားရှိုးဆေးရုံသို့ ပြန်သွားကြပြီ။

ကျွန်တော်တို့သည်လည်း အပြန်ခရီးတွင် လားရှိုးမှာ ဝင်တည်းသည်။ ဒေါက်တာ အိုက်လွန်းနှင့် အီလုတို့နှင့်ပတ်သက်ပြီး အတွေးရလာ၏။ နမ့်ခမ်းဆေးရုံသို့ မည်သည့် အချိန်ကာလတွင် ပြန်လာပြီး အလုပ်လာပြန်လုပ်ခွင့် ရမည်ကို မည်သူမျှ မသိနိုင်။ တရားရုံးချုပ်သို့ တင်သွင်းသည့် အယူခံလွှာကလည်း ကြားနာခြင်း မရှိသေး။

အဘွား 'အက်စ်သာ'နှင့် 'အီမလီ'တို့သည် အစွမ်းရှိကြပါသည်။ နမ့်ခမ်းလို အရေးပါသည့် ဆေးရုံမျိုးမှာ သူနာပြုများကို ဆရာဝန် အလုပ် လုပ်ခိုင်းရသည်မှာ မတရားရာကျသည်။

ဒေါက်တာ'အိုက်လွန်း'ကို ကျွန်တော့်ကိုယ်စား ဆေးရုံအုပ် လုပ်ခိုင်းဖို့ရာမှာလည်း ထည့်သွင်း စဉ်းစားရမည့် အချက်များက ရှိသေး၏။ လက်ရှိမှာ အစိုးရဝန်ထမ်း ဖြစ်သည်။ ပင်စင်လစာ ခံစားခွင့်ရှိသည်။ အစိုးရလစာကို စွန့်လွှတ်နိုင်မည်လား။ ဤအကြောင်းကို မစ္စတာ 'ဆွာဒ်'နှင့်လည်း ဆွေးနွေးခဲ့သေး၏။ အမေရိကန်နှစ်ခြင်း သာသနာပြု အသင်းတော်ကလည်း ဝမ်းမြောက်ဝမ်းသာ ကူညီမည်ဖြစ်ကြောင်း သိရ၏။

လားရှိုးတွင် ဒေါက်တာ'အိုက်လွန်း' အိမ်မှာ ဝင်တည်းသည်။ သူရော သူ့အမျိုးသမီးကိုပါ ထည့်သွင်း ဆွေးနွေးသည်။ ကျွန်တော့်အမြင်တွင် သူမသည် အင်မတန်တော်သော သူနာပြုဖြစ်၏။ ကျွန်တော့်ဆေးရုံ အနာဂတ်အတွက် သူမလည်း အရေးပါ၏။

ကျွန်တော့်ဘက်က တာဝန်ယူရမည်မှာ ဒေါက်တာ'အိုက်လွန်း' အစိုးရကို ပြန်လည် ပေးလျော်ရမည့် ငွေကြေးဖြစ်၏။ ပမာဏမှာ ဒေါ်လာတစ်ထောင်ခန့် ရှိ၏။ မျက်နှာချင်းဆိုင် ဆွေးနွေးကြပြီးနောက် လင်ရောမယားပါ ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။ 'အီလု'က သူနာပြုအင်အား ပြန်လည်တောင့်တင်းရန် နမ့်ခမ်းဆေးရုံကို အရင်ဦးစွာ သွားနှင့်မည်။ အစိုးရခွင့်ပြုချက် ရသည့်အခါ ဒေါက်တာ 'အိုက်လွန်း'က နောက်မှ လိုက်လာမည် ဖြစ်သည်။ မစ္စတာဆွာဒ်က ဒေါက်တာ 'အိုက်လွန်း' အစိုးရအလုပ်မှ ထွက်နိုင်ရေးအတွက် ရုံးကိစ္စများကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။

နောက်တစ်နေ့ လားရှိုးမှ ရန်ကုန်သို့ လေယာဉ်ပျံစီးတွင် ကျွန်တော်သည် နမ့်ခမ်းဆေးရုံနှင့် ပတ်သက်၍ အတော်အတန် စိတ်သက်သာရသွားပြီ ဖြစ်၏။

အကယ်၍များ နိုင်ငံတော် အစိုးရက နမ့်ခမ်းသို့ ပြန်လာခွင့်ပြုသည်ကို 'ဂရေ့စ်'သည် သေရာမှသိလျှင် သူမဘဝ စွန့်လွှတ်ရကျိုးနပ်သည်ဟု ကျေနပ်နေမည်လားမသိ။ အဘယ့်ကြောင့် ဆိုသော် သူမချစ်သော ဆေးရုံကို ကျွန်တော်သာမက ဒေါက်တာအိုက်လွန်းတို့ ဇနီးမောင်နှံပါ အားဖြည့်လိုက်သောကြောင့် ဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍လည်း ညီမ၏ စွန့်လွှတ် အနစ်နာခံမှုနှင့် နမ့်ခမ်းလူထုကို ချစ်မြတ်နိုးမှုသည် နည်းနည်းတော့ မနာလိုချင်စရာ။ သူမသည် ကျွန်တော့်ဖခင်ကဲ့သို့ပင် ဗမာပြည်သူလူထုအတွက် အလုပ်ကျွေးပြုရင်း တာဝန်ထမ်းဆောင်ချိန်မှာ ကွယ်လွန်ခဲ့သည်။ သူမသည် ဖခင်ခြေရာနင်း၏။ ဗမာပြည်သူ လူထုအပေါ် ထားရှိသည့် သူမ၏ မေတ္တာတရားကို

မည်သူကမျှ သံသယမဖြစ်နိုင်။ ဤသည်ကို ကျွန်တော် အားကျ၏။

အစိုးရဝန်ထမ်းမှ နုတ်ထွက်ပြီး နမ့်ခမ်းတွင် ဆေးရုံအုပ်အဖြစ် တာဝန်ထမ်းဆောင်ခြင်း ခွင့်ပြုမိန့်ကို ရန်ကုန်မှ အလျင်အမြန် ဆောင်ရွက်ပေးသည်။ အရေးကြီးသော ကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်ပေး၏။

'ဂရေ့စ်'၏ ဈာပနမှ ပြန်လာပြီးနောက်ပိုင်း ကျွန်တော်၏ အမှုအခြေအနေမှာ ပို၍ အခက်အခဲများနှင့် ရင်ဆိုင်ရသည်။ တရားရုံးချုပ် အယူခံလွှာကြားနာခြင်းကို နေ့ရွှေ့ညရွှေ့ ရွှေ့နေကြသည်။ သတင်းစာဆရာများ ကလည်း ကျွန်တော့်အတွက် စိုးရိမ်ပူပန်ကြ၏။ ဤကိစ္စတွင် အရေးပါသည့် မည်သူ့ကိုမဆို ကျွန်တော့်မှာ ရုံးပေါက်စေ့ ဝင်ထွက်နေရတော့သည်။

မမျှော်လင့်ဘဲနှင့် အခွင့်လမ်းတစ်ခု ပွင့်သွား၏။ အဆုတ်ရောဂါကု ဆေးရုံသစ်ကို ဝန်ကြီးချုပ်ဦးနု ဖွင့်ပေးမည်ဖြစ်သည်။ ကျွန်တော် သိရသည့် မနက်မှာပင် ဖိတ်စာကို ရအောင် ဖန်တီးလိုက်သည်။ ကျွန်တော် ရောက်ရှိပြီး မိနစ်အနည်းငယ်မှာ အရေးပေါ်အစည်းအဝေး ရှိသည့်အတွက် ဝန်ကြီးချုပ် နောက်ကျမည်ဖြစ်ကြောင်း ကြေညာချက် ထွက်လာသည်။ လူတွေက ကားလမ်းဆီ ပြန့်ကျဲသွားကြ၏။

ဝန်ကြီးချုပ်ကား ရုတ်တရက် ရောက်လာသည့်အခါတွင် ကျွန်တော်က ကြိုဆိုရေးလိုင်းတွင် နေရာယူမိသလို ဖြစ်သွား၏။ သူသည် ထိပ်မှနေပြီး တစ်ဦးစီ နှုတ်ဆက်လာသည်။ "နေကောင်းလား" ဟုမေးပြီး လက်ဆွဲနှုတ်ဆက်၏။ ကျွန်တော့် အလှည့်ရောက်သောအခါ လက်ကိုဆန့်ထားပြီး နှစ်ခြိုက်သည့် မျက်နှာထားနှင့် ပြုံးပြီး နေလိုက်သည်။ လက်ဆွဲနှုတ်ဆက်ပြီး ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်သည်။ ကျွန်တော်၏ အသက်ပါသော လက်ဆွဲနှုတ်ဆက်မှုကို သူ ခံစားလိုက်ရမှန်း သိသာ၏။ သူ့မျက်လုံး လက်သွား၏။ သူကလည်း လှိုက်လှိုက်လှဲလှဲ ပြုံးပြသည်။ လက်ဆွဲ နှုတ်ဆက်ပြီးသည်နှင့် နာမည် ခေါ်၍ နှုတ်ဆက်၏။

"နေကောင်းရဲ့လား ဒေါက်တာဆီးဂရေ့ဗ်"

နောက်ဆုံးကျတော့လည်း ကျွန်တော့်ရဲ့ အယူခံလွှာကို တရားရုံးချုပ်မှာ ကြားနာရတော့သည်။ နိုင်ငံတော် သစ္စာဖောက်မှုမှ ကွင်းလုံးကျွတ် လွတ်သွားခဲ့ရပြီ။ သို့သော် နမ့်ခမ်းသို့ ပြန်သွားခွင့် မရ။ အကြောင်းပြချက် များစွာဖြင့် သံရုံးသို့ အကြောင်းကြားထား၏။

တရုတ်ပြည်မှ ဆုတ်ခွာလာသော ကူမင်တန်တပ်များသည် နမ့်ခမ်းနှင့် မိုင်အနည်းငယ် အကွာမှာ တပ်စွဲနေကြသည်။ ဗိုလ်ချုပ် 'စတီးဝဲလ်' လက်အောက်တွင် ဤတရုတ် ကူမင်တန် တပ်များနှင့် ကျွန်တော်၏

ဆေးကုသရေးအဖွဲ့သည် တာဝန် ထမ်းဆောင်ခဲ့သည်။ ကောက်ချက်ဆွဲရလျှင် ဤတရုတ်တပ်များနှင့် ကျွန်တော်သည် ရင်းနှီးကျွမ်းဝင်မှုရှိ၏။ ဒုတိယ အဓိက အကြောင်းပြချက်မှာ နမ့်ခမ်းဆေးရုံကို အမေရိကန် ဆေးဝါးကုသရေးဌာနဟု ခေါ်ဆိုခြင်းဖြစ်၏။ တရုတ်ပြည်ထဲသို့ဝင်ရာ ဗမာလမ်းမကြီးပေါ်ရှိ နယ်စပ်မြို့ 'ကြျူကုတ်'ရှိ ဆေးရုံတွင် အမေရိကန် ဆေးဝါးကုသရေးဌာနဟု ဆိုင်းဘုတ် တင်ထားခြင်းကြောင့် ဖြစ်သည်။ ဤဆိုင်းဘုတ်က ကွန်မြူနစ် တရုတ်ပြည်ကို စိန်ခေါ်သကဲ့သို့ ဖြစ်နေ၏။

"ဂရေ့စ်" ဈာပန ပြီးလျှင်ပြီးခြင်း ရဲ၊ လူဝင်မှုကြီးကြပ်ရေး၊ အခြား အာဏာပိုင်များနှင့် နမ့်ခမ်းတွင် တစ်ထိုင်တည်း တွေ့ဆုံဖြစ်သည်။ ထိုအခါ ကျွန်တော်က တောင်းဆိုမှုတစ်ခု ပြု၏။ အကယ်၍ ယခုလက်ရှိ ကြွရောက်လာကြသော အာဏာပိုင်များက ခွင့်ပြုလျှင် နမ့်ခမ်း ဆေးရုံဝန်ထမ်းများ အတွက် လိုက်နာရန် စည်းကမ်းချက် ထုတ်ချင်သည်။ တရုတ်ပိုင် နယ်မြေထဲမှာ ရှိနေသည့် မည်သူမဆို နိုင်ငံခြားသားဖြစ်စေ ရှမ်းဖြစ်စေ၊ ကချင်ဖြစ်စေ နမ့်ခမ်းဆေးရုံလာတတ်လျှင် အာဏာပိုင်တို့၏ ခွင့်ပြုချက်ယူရမည်။ အရေးပေါ် လူနာဖြစ်စေ ခွင့်ပြုချက်ရယူပြီးမှသာ ကုသမှုပေးရမည်ဟု အမိန့်စာထုတ်ချင်ကြောင်း ကျွန်တော်က တင်ပြသည်။ အဆိုပြုချက် တင်းကြပ်လွန်းသည်ဆိုပြီး ပြင်ခိုင်း၏။ အရေးပေါ် အခြေအနေဖြစ်လျှင် ကုသပေးနေစဉ်အတွင်းတွင် အာဏာပိုင်များကို အသိပေးပြီး ကုသနိုင်သည်ဟု သဘောတူကြ၏။

ကျွန်တော် ရန်ကုန် ပြန်ရောက်သည့်အခါ အထက်အမိန့် စည်းကမ်းကို ဒေါက်တာ 'အိုက်လွန်း' ကို အတည်ပြုလိုက်နာစေသည်။

ဆေးရုံအမည်ခေါ်တွင်ပြီး ဆိုင်းဘုတ် တင်ထားခြင်းနှင့် ပတ်သက်၍လည်း ကျွန်တော့်မှာ ပြဿနာမရှိ။ လူထုက မည်သည့် အမည်တပ်ခေါ်ခေါ် ရပါသည်။ သို့သော် 'ဒေါက်တာဆီးဂရေ့ဗ် ဆေးရုံ' ဟု မခေါ်ရန်သာ အရေးကြီးသည်။ ဗမာပြည်တစ်ဝှမ်းက "နမ့်ခမ်းဆေးရုံ"ဟု ခေါ်ကြသည်။ ကျွန်တော် ကြိုက်ပါသည်။ ကြျူကုတ်ရှိ ကျွန်တော်တို့၏ ဆေးဝါးကုသရေး ဌာနကိုလည်း 'နမ့်ခမ်းဆေးရုံ' ဌာနခွဲအဖြစ် ဆိုင်းဘုတ်တင်စေလိုက်ပါသည်။

ဒေါက်တာ'အိုက်လွန်း' ဆေးရုံအုပ်အဖြစ် တာဝန်ယူရသည့်အခါ လိုအပ်ချက်များစွာကို သူ မြင်တွေ့ရသည့် ပြင်ဆင်စရာများစွာ ရှိလာပါသည်။ အဆောက်အဦနှင့်ဖြစ်စေ၊ ဆေးရုံသုံး ပစ္စည်းများနှင့်ဖြစ်စေ ငွေကြေးသုံးစွဲရန် လိုအပ်လာပါသည်။ ဘဏ္ဍာရေး ကန့်သတ်ချက်အရ ငွေကြေးကို လိုအပ်တာအားလုံး သုံးစွဲရန် မဖြစ်နိုင်။ ယခင် ရှိခဲ့ဖူးသော သူနာပြုဆရာမ အဟောင်းများနှင့် ပုံမှန်အစည်းဝေးထိုင်ရန် အကြံပြုစာ ရေးပေးနေရ၏။ တတ်နိုင်တာရှိ၏။ မတတ်နိုင်တာရှိ၏။ ဒေါက်တာ'အိုင်လွန်း' မှာ ဆေးရုံတစ်ခုလုံး စီမံအုပ်ချုပ်ရန်မှာ

ယခင်က အတွေ့အကြုံ မရှိ။ သူနာပြုဆရာမအိုကြီး များမှာ အတွေ့အကြုံရှိ၏။ ငွေကြေးဆိုင်ရာ သုံးစွဲမှုကို အများသဘောတူပြီးသား ကိစ္စရပ်များကို ကျွန်တော်က ပြန်ပြင်ခြင်း မရှိပါ။

ကျွန်တော် စဉ်းစားရသမျှ လုပ်ဆောင်ဖွယ်ရာ ကိစ္စရပ်များကိုလည်း အရှည်ကြီးရေးပြီး စာရင်း ပြုစုပေးနေရသည်။ ပထမအရေးကြီးဆုံးက ကုသပေးနေသည့် လူနာများ ကုန်ကျစရိတ်နည်းရန်နှင့် အချိန်တိုအတွင်း ပျောက်ကင်းရေးဖြစ်၏။

ဒုတိယအချက်မှာ ဆေးရုံဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဖြစ်သည်။ ဝန်ထမ်းသည် နေကောင်းကျန်းမာ ပျော်ရွှင်နေမှသာ လူနာကို ပြုစုစောင့်ရှောက် ကုသနိုင်မည် ဖြစ်သည်။ သက်ကြီးရွယ်အိုဝန်ထမ်းများ အစားထိုးနိုင်ရေး ဖြစ်၏။ သင်တန်းကျောင်းမှ ငယ်ရွယ်သူများကို လေ့ကျင့်ပြုစု ပျိုးထောင်ရေးသည် တတိယအရေးကြီး၏။ စတုတ္ထအနေဖြင့် အဆောက်အဦ ပြင်ဆင်မွမ်းမံရေးနှင့် ဆေးရုံသုံးပစ္စည်းများ ခေတ်မီရေးဖြစ်၏။ ပဉ္စမအချက်အနေဖြင့် ဆေးဝါးများ ကောင်းမွန်ခေတ်မီရေး ဖြစ်၏။ နောက်ဆုံးအချက်မှာ နေထိုင်မှုစတိုင် အဆင့်မြင့်မားရေး ဖြစ်သည်။

ဆေးရုံလူမှုဖူလုံရေးအဖွဲ့တွင် ဆေးရုံဝန်ထမ်းများသာမက စိတ်ပါဝင်စားသူ ရပ်မိရပ်ဖများ ပါဝင်နိုင်အောင် ဖွဲ့စည်းရန် ဒေါက်တာ 'အိုင်လွန်း' ကို တောင်းဆိုရသေးသည်။

ရန်ကုန်မှနေ၍ ဆေးရုံအုပ်ဖြစ်သူ ဒေါက်တာ 'အိုက်လွန်း'ကို စာရေးပြီး ကူညီနေရသည်မှာ တကယ်တော့ မလွယ်လှ။ အထူးသဖြင့် ခွဲစိတ်ကုသရေး ဆိုင်ရာတွင် အခက်ခဲတွေ့ရ၏။ သို့သော် ဤသို့ ပြုလုပ်ပေးနေရခြင်းသည်ပင် ကျွန်တော့်အဖို့ စိတ်ဓာတ်ကျနေခြင်းမှ လွတ်မြောက်စေပါသည်။

အခန်း (၂၀)

နမ့်ခမ်းသို့အပြန်

ဒီဇင်ဘာလလယ်လောက် ရောက်သည့်အခါ ပြည်ထောင်စု ဗမာနိုင်ငံ၏ တရားရေးဌာနအပေါ် ယုံကြည်ကိုးစားမှုမှာ ကျဆင်းလျက်ရှိနေပြီ ...။

တစ်ခုသော နေ့တစ်နေ့တွင် ဖွင့်ထားသော တံခါးဝမှ လူရိပ်တစ်ခု ထိုးကျလာ၏။ မော့ကြည့်လိုက်သည့်အခါ ဦးဖိုးယုန် ဖြစ်နေသည်။ နမ့်ခမ်းမှ မိတ်ဆွေဖြစ်သည်။ ဝမ်းသာအားရ ဖက်နမ်းမိမတတ် ဖြစ်သွား၏။ ဗမာစကားကို မိရိုးဖလာ ရှမ်းစကားထက်ပင် တတ်သေး၏။ လူတိုင်းက သူ့ကိုသိသည်။ နမ့်ခမ်းမှ ခင်မင်ရဆုံးသော မိတ်ဆွေဖြစ်သည်။ သူ့အမျိုးမှာ ကျွန်တော်တို့ စာသင်ကျောင်းထွက် ဖြစ်သည်။ ခင်မင်နှစ်လိုဖွယ်ရာ ကောင်း၏။

သူသည် ထိုင်ချလိုက်ပြီး နမ့်ခမ်းဆေးရုံအကြောင်းကို တစ်ဝကြီး ပြောပါတော့သည်။ နမ့်ခမ်းဆေးရုံ ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်လည်း ဖြစ်၏။ နမ့်ခမ်းလူထုကလည်း ကျွန်တော့်ကို မည်မျှ လွမ်းဆွတ်ကြောင်းကို အသေးစိတ် ပြောပြပါတော့သည်။

ကျွန်တော်က စကားဖြတ်၍ ...

"ဒီမှာက မြင်တဲ့အတိုင်းပဲလေ၊ ကျွန်တော် တတ်နိုင်သလောက် လုပ်ကိုင်ခဲ့ပြီးပြီး အခြေအနေက တစ်ခုခုကို ဖောက်ထွက်ရမယ့် အခြေအနေပဲ၊ မင်းယောက်ျား ဟုတ်လား... မဟုတ်လား ဆိုတဲ့ မေးခွန်းမျိုးပဲ၊ ဒါနဲ့ ခင်ဗျားက ကျွန်တော့်ကို အမှန်တကယ် နမ့်ခမ်းကို ပြန်လာစေချင်တာလား ..."

"ကျွန်တော်တို့က တကယ့်ကို ပြန်လာစေချင်တာပေါ့"

"ခင်ဗျားတို့ နယ်က ကျွန်တော့်ကို အမှန်တကယ် ပြန်လာစေချင်တယ် ဆိုရင် သဘောထားကို အများသိအောင် တင်ပြပေးပါလား၊ သတင်းစာကွန်ဖရင့်တစ်ခု ကျွန်တော် စီစဉ်ပေးမယ်လေ"

"ဆရာသာ စီစဉ်ထားလိုက်၊ ကျွန်တော် ပြောမယ်၊ မနက်ဖြန် နေ့လယ်ဆယ့်တစ်နာရီ ဒီကို ပြန်လာမယ်"

ကျွန်တော် သိသည်က နေရှင်းသတင်းစာမှ အယ်ဒီတာ ဦးလောရုံ တစ်ဦးကိုသာ သိသည်။ ကျွန်တော့်ညွှေ့သည် ပြန်သွားသည်နှင့် သူနှင့်တွေ့ရန်

ထွက်ခဲ့သည်။ တွေ့တော့ ဦးဖိုးယုန် အကြောင်းနှင့် ပတ်သက်ပြီး ပြောပြလိုက်သည်။ မနက်ဖြန် တွေ့ရန် သဘောတူ၏။

ဦးဖိုးယုန်မှာ ယခင်က သတင်းစာသမားကို တွေ့ကြုံပြောဆိုဖူးခြင်း မရှိပါ။ တွေ့ဆုံ မေးမြန်းခန်းတွင် အသံတွေ တုန်နေ၏။

အယ်ဒီတာက သူသိချင်သည်များအား ဖြည်းဖြည်းချင်းမေး၏။ ဦးဖိုးယုန်သည် ဤကိစ္စနှင့် ပတ်သက်၍ အခြားသော အစိုးရအရာရှိများနှင့်လည်း သူ့သဘောထား အမှန်ကို ဆက်သွယ်ပြောဆိုသေး၏။

နောက်တစ်နေ့ ဦးလောရုံ၏ နေရှင်းသတင်းစာတွင် မျက်နှာဖုံး သတင်းအဖြစ် ပါလာ၏။ အယ်ဒီတာ့ အာဘော်တွင်လည်း "ဆီးဂရေ့ဗ်ကို အိမ်ပြန်ပို့" ဆိုသည့် ခေါင်းကြီးပိုင်း ပါလာ၏။ သံရုံးမှ ပုဂ္ဂိုလ်များက မျက်လုံးပြူးကုန်၏။ နောက်ထပ် ကျွန်တော်၏ ချိုးဖောက်မှု တစ်ခုကြောင့်လားဟု တင်ပြကြ၏။ အယ်ဒီတာ့အာဘော်ကို အစအဆုံး ဖတ်ပြီးမှ စိတ်သက်သာရသွား၏။ "အိမ်"ဆိုသည်မှာ ဦးလောရုံ ရည်ညွှန်းသည်က မူလနေရာ နမ့်ခမ်းဖြစ်၏။

နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော အမိန့်အာဏာကို လိုက်နာမှု ရှိလျှင် နမ့်ခမ်းသို့ ဒေါက်တာ ဆီးဂရေ့(ဗ်) ပြန်နိုင်သည်ဟု ယာယီသံရုံးတာဝန်ခံကို သတင်းစာထွက်ပြီး နာရီ အနည်းငယ်အကြာတွင် အကြောင်းကြားသည်။

ကျွန်တော့်အပေါ်တွင် မြောက်ပိုင်းရှမ်းလူထုက ချစ်ခင်နှစ်သက်မှု အလွန်အမင်း ပြနေသည်ကိုပင် အစိုးရက အစိုးရိမ်ကြီးနေသည်ဟု မြင်မိသည်။

ထိုညက ကျွန်တော် အိပ်မပျော်ပါ။

နောက်နေ့တွင် ကျွန်တော်သည် လားရှိုးလေဆိပ်ရောက်ပြီ ဖြစ်၏။ ဒေါက်တာ 'အိုင်လွန်း'သည် ကြေးနန်းရထားသည်။ နာမည်ကြီး ကျွန်တော့်ကား ဒီဆိုတိုကို ဒရိုင်ဘာ နှစ်ယောက်နှင့် လေဆိပ်တွင် စောင့်နေစေ၏။ နမ့်ခမ်းမှ ကြိုဆိုရေးကော်မတီလည်း ပါ၏။ မြောက်ပိုင်းပြည်နယ် အစိုးရအဖွဲ့ဝင်ဖြစ်သူနှင့် သူ၏ဇနီးသည် ကျွန်တော်၏ သင်တန်းသူ ဖြစ်ခဲ့ဖူးသူ သိန္ဒီမှ သူနာပြုသည်လည်း ဂျစ်ကားနှင့် လာကြိုနေသည်။

အခြားသော အစိုးရအရာရှိများကို လိုက်ပါပို့ဆောင်သူများလည်း ရှိနေသေး၏။ သူတို့ကလည်း ကျွန်တော်မှန်းသိသည့်အခါ ပူးပေါင်းပါဝင် ကြိုဆိုကြ၏။ ကျွန်တော့်မှာ အဖမ်းခံရစဉ်က ဝမ်းနည်းရမှုမျိုးနှင့် မတူသည့် ခံစားမှုမျိုးဖြင့် မျက်ရည်လည်မိ၏။

'နမ့်ဖက်ကာ' ရောက်သည့်အခါ မောင်စပျိုးပြီး သာသနာပြုအဖွဲ့ရှိသည်။

လမ်းမကြီးနှင့် မိုင်ဝက်သာ ဝေး၏။ ကားဒရိုင်ဘာက ဆင်းပြီးသွားပြော၏။ 'မစ္စတေလာ' ထွက်ကာ လာတွေ့သည်။ အဖွဲ့သားများလည်း ပါလာ၏။ နမ့်ခမ်းရောက်စအချိန်က ကျွန်တော် သိထားသည့် ကချင်ဗမ္ဗဆရာ တစ်ဦးလည်း ပါ၏။

နမ့်ခမ်းရောက်တော့ မိုးစုပ်စုပ်ချုပ်ပြီ။ ဒေါက်တာအိုက်လွန်းနှင့် ဇနီးသည်မှာ ကျောင်းသားများ၏ ခရစ္စမတ်ပါတီတွင် ရှိနေသည်။ ကျောင်းသားကျောင်းသူများ ခရစ္စမတ်ရက်တွင် အိမ်ပြန်နိုင်ရန် စောပြီး ကျင်းပပေးခြင်းဖြစ်၏။ ကျွန်တော့်အား ကြိုဆိုမှုကို ခပ်အုပ်အုပ်လေး လုပ်ထား၏။

မီးတထိန်ထိန်နှင့် ဤနေရာလေးတွင် အရေးပါသော အာဏာပိုင်များ တက်ရောက်နေသည်ကို တွေ့ရသည်။ ကျွန်တော်လည်း တစ်ဆက်တည်းဆိုသလိုပင် ရောက်ရှိကြောင်း သတင်းပို့ဖြစ်သည်။ နောက်ရက်တွင် တရားဝင် အကြောင်းကြားပါမည်ဟုလည်း ပြောပြထားလိုက်သည်။

မည်သို့ပင်ဖြစ်စေ ၁၉၅၁ နမ့်ခမ်းခရစ္စမတ်ကို ကျွန်တော် ပျော်ပါသည်။

အခန်း (၂၁)

လူနာများ

ကျွန်တော် ထောင်ကျသွားပြီးနောက် လူနာများ မနိုင်မနင်း ဖြစ်လာသည်။ များလည်း များပြားလာ၏။ ကာလသားရောဂါ ကုသရေးအဆောင်ကို ပိတ်ပစ်လိုက်ရသည်။ ဒေါက်တာ'ဟားပါး' အထိမ်းအမှတ်ဆောင်ဖြစ်သည့် ခွဲစိတ်ကုသ လူနာဆောင်နှင့် သားဖွားလူနာများကို ပေါင်းထား လိုက်ရသည်။ ကျွန်တော် ပြန်ရောက်ချိန်တွင် လူနာသုံးဆယ်သာ ရှိတော့သည်။ အခြား အဆောင်များကို ပိတ်ထားရသည်။ ငွေကြေး သုံးစွဲရမှုကလည်း မလုံလောက်ပါ။ ဗုံးဒဏ်၊ စစ်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အဦများကို မပြင်နိုင်။ တံခါးပေါက်များ ပျက်နေပြီ။ လူဆိုးများက ဆေးရုံသုံးစောင်များကို ခိုးသွားကြသည်။ မွေ့ရာများလည်း ခိုး၏။ ခုတင်များကိုပင် မ,ယူသွားကြသည်။ ကျွန်တော် ပြန်ရောက်ချိန်တွင် ဆေးရုံမှာရှိနေသည်က သုံး၍ရနေသော ဆေးရုံသုံး စောင်မှာ နှစ်ဆယ့်ငါးထည်မျှသာ။

အခက်အခဲကို ပြန်စဉ်းစားကြည့်မိ၏။ ၁၉၂၂ တွင် အတွင်းလူနာ တစ်ယောက်နှင့် ဤဆေးရုံကို လွှဲပြောင်းယူခဲ့သည်။ အနှစ်နှစ်ဆယ်လုံးလုံး ငြိမ်းအေးစွာဖြင့် ဆေးရုံကို ပြုစုပျိုးထောင်လာခဲ့သည်။ ဂျွန်ဟော့ကင်း(စ်) ဆေးတက္ကသိုလ်က ထွက်လာစကပင် အခက်အခဲများ ရင်ဆိုင်ရမည်ကို မျှော်လင့်ထားခဲ့သည်။

၁၉၄၅ တွင် တစ်ဖန် ဗုံးဒဏ်၊ စစ်ဒဏ်များနှင့် ဆေးရုံကို ပြန်တွေ့ရသည်။ ခုတင်နှစ်ရာ့နှစ်ဆယ်ခန့် ဆေးရုံကို ပြန်လည်ထူထောင်နိုင်ခဲ့သည်။ အမေရိကန် စစ်တပ်မှလည်း အကူအညီ မရခဲ့ပါ။ လူကုံထံ ဗမာလူကြီးများထံမှလည်း အကူအညီ မရခဲ့ပါ။ အဖိုးမဖြတ်နိုင်သော ကျွန်တော်၏ နှစ်ဆယ့်သုံးနှစ်တာကာလ အတွေ့အကြုံကိုသာ အားကိုးအားထား ပြုခဲ့ရသည်။

ယခုအခြေအနေကို ကြည့်မည်ဆိုလျှင် ဆေးရုံက ကျွန်တော် ထွက်ခွာခဲ့စဉ်ကအတိုင်း ပကတိ ရှိသေးသည်။ ဆေးကုသခံယူမည့် လူနာများက စောင့်နေသည်။ အသက်ရှယ်ကမူ ရန်ကုန်မှာ ခံစားခဲ့ရသည့် ဝေဒနာဒုက္ခများကြောင့် ခန္ဓာမှာ ဟိုတုန်းကလို ခံနိုင်ရည်မရှိတော့ပါ။ တရား ရင်ဆိုင်ခဲ့ရမှုများ၊ လွတ်လပ်ခွင့် ဆုံးရှုံးခဲ့ရမှုများ အစရှိသည်တို့သည် ဒုက္ခယောင်ဆောင်လာသော ကောင်းချီးမင်္ဂလာဟု ကျွန်တော် ယူဆသည်။ မျှော်လင့်ချက် ရှိသေးသည်။

ဆရာဝန်ဆိုသည်မှာ ကြော်ငြာမလိုပါ။ သူ့လူနာများက သက်သေထူပါသည်။ တစ်ခါတော့ ကုသ၍ ပျောက်ကင်းသွားသော လူနာက ထိုင်ရှိခိုးသည်။ ဤလူနာမှာ ရန်ကုန်မှလာ၍ လည်ပင်ကြီးရောဂါကို ခွဲစိတ်ကုသခြင်း ဖြစ်သည်။ ငယ်ရွယ်လှပသော မိန်းမပျိုလေးဖြစ်သည်။ သူမ၏ဖခင်လည်း ပါ၏။ ဖခင်မှာ အငြိမ်းစားအရာရှိဖြစ်သည်။ မနက်ခင်း ဘုရားကျောင်းဆင်းအပြီး သူနာပြု အိပ်ဆောင်ရှေ့မှာ ဖြစ်သည်။ မြေကြီးပေါ်တွင် ဒူးထောက်၍ ရှိခိုးခြင်းဖြစ်သည်။ ကျွန်တော်က တားမြစ်သည်။ သူမ၏ ဖခင်က ရှိခိုးခွင့်ပြုပါရန် တောင်းဆိုသည်။ အသက်သခင်ကျေးဇူးရှင်ကို ကန်တော့ခြင်းသည် ဗမာ့ယဉ်ကျေးမှု ဓလေ့ထုံးစံဟုလည်း ဆို၏။

ကျွန်တော် ရောက်ပြီး မကြာမီ သတင်းပြန့်နှံ့ပြီး ကချင်ပြည်နယ်မှ ပထမဆုံး အမျိုးသမီးလူနာ ရောက်လာ၏။ ထို့နောက် ကွတ်ခိုင်၊ သိန္နီ၊ လားရှိုးမှ လူနာများ။

ကျွန်တော် နမ့်ခမ်းပြန်ရောက်ကတည်းက မြင်တွေ့နေကျဖြစ်သည့် ဒုက္ခအထုပ်အပိုးကို မဖြေရှင်းနိုင်သေးဘဲ မြင်တွေ့နေရသည်။ ဆေးရုံလာတက်သူတို့၏ နေရေးထိုင်ရေးကိစ္စ ဖြစ်၏။ နမ့်ခမ်းတွင် တည်းခိုခန်းမရှိ။ ဗုဒ္ဓဘာသာဝင်တို့၏ ဇရပ်တော့ ရှိသည်။ အခကြေးငွေမပေးဘဲ တည်းခိုနိုင်သည်၊ ချက်ပြုတ်စားသောက်နိုင်သည်။ ကိုယ်ပိုင်အိပ်ရာ ယူဆောင်လာရသည်။ အမြဲလို ခရီးသွား ဧည့်သည်များနှင့် ပြည့်နှက်နေတတ်သည်။ တစ်ခါတစ်ရံတွင်လည်း တစ်ယောက်မှမရှိ ဖြစ်နေတတ်သည်။

သူပုန်များ၊ တရုတ်အမျိုးသားရေးဝါဒီတို့ ကျူးကျော်တပ်စွဲထားသည့် ဝန်းကျင်လိုနေရာမျိုးတွင် ဟင်းလင်းပြင်ဇရပ်တွင် တစ်ဦးတစ်ယောက်ထဲ မည်သူ အိပ်ချင်ပါမည်နည်း။ ပါလာသည့် ကလေးများကိုလည်း ထိန်းပေးမည့်သူ မရှိ။ ကလေးများမှာ လူနာရှင်နှင့် တစ်မျိုးတစ်ဖုံ ပတ်သက်နေပြီး လူနာ ဆေးရုံလာသည့် အခါမျိုးမှာ ပါလာတတ်ကြသည်။

မိုင်ပေါင်းရာချီ ဝေးသည့်အရပ်မှ လာခဲ့ရသည့် လူနာများမှာ တစ်ဦးတစ်ယောက်တည်း လာလေ့မရှိကြ။ လာလည်းမလာချင်ကြ။ တစ်ရပ်တစ်ကျေးမှာ မျက်စိသူငယ် နားသူငယ် မဖြစ်ချင်ကြ။

သည့်အတွက်များကြောင့် လူနာသည် အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမ တစ်ဦးမဟုတ်တစ်ဦး သို့မဟုတ် အားလုံးလိုလို ကလေးပါမကျန် ခေါ်လာတတ်ကြပါသည်။ လူနာသာလျှင် ခုတင်ရ၍ ကျန်လိုက်ပါလာသူများမှာ အခန်းလွတ်များတွင် ကြမ်းပြင်ပေါ်မှာ အိပ်ကြရပါတော့သည်။

အတူပါလာသည့်သူများ ချက်ပြုတ် စားသောက်ရန် အတွက် မီးဖိုဆောင်လုပ်ပေးရသည်။ ချက်ပြုတ်သူများ ပြည့်ကျပ်နေတတ်သည့် အခါမျိုးတွင်

ကျွန်တော်၏ စာမေးပွဲအခန်းနီးတွင် လာရောက် ချက်ပြုတ်တတ်သည်။ ထိုအခါမျိုးတွင် သူတို့စကားသံများက ကျွန်တော့်ဆီ တိုက်ရိုက်ရောက်တော့သည်။ ကျွန်တော့်မှာလည်း ဘာသာစကား ခြောက်မျိုးဖြင့် ကမ္ဘာပေါ်ရှိ အကောင်းဆုံး အတင်းအဖျင်းများကို ကြားနာရပါတော့သည်။

ကျွန်တော်တို့ဆေးရုံသည် အိမ်နှင့်ဝေးရာမှ အိမ်အဖြစ် ဖန်တီးတာဝန်ယူထားသည်။ အမှန်လည်း ဖော်ရွေပါသည်။ ဗြိတိသျှဆေးအရာရှိချုပ် အဖြစ် နောက်ဆုံး တာဝန်ယူခဲ့သူ "ဗိုလ်မှူးကြီးလက်ပင်း" က ကျွန်တော်တို့ဆေးရုံကို "ပျော်ရွှင်ဖွယ်ဆေးရုံ" ဟု ခေါ်တတ်သည်။ အမှန်မှာ ဆေးရုံလည်း ပျော်စရာမဟုတ် အနိဋ္ဌာရုံသာ ဖြစ်၏။

ကျွန်တော်တို့ဆေးရုံသည် မိသားစုသဖွယ် နေတတ်ကြသည်။ ဖခင်နေရာမှာ ကျွန်တော်။ 'နော်မိ'မှာ အဘွားသဖွယ်ဖြစ်ပြီး 'အီမလီ'မှာ အဒေါ်တစ်ယောက်သဖွယ် ဖြစ်သည်။ 'အိုက်လွန်း'မှာ အစ်ကိုကြီး ဒေါက်တာ ဖြစ်သည်။ သင်တန်းသူများနှင့် အစ်မကြီး ညီမငယ်များ ဖြစ်နေကြတော့သည်။

သူနာပြုများ၏ စိတ်ဓာတ်မှာ အံ့သြဖွယ်ရာ။ သူနာပြုများနှင့် ဆရာဝန်များ စိတ်တူကိုယ်တူ ဖြစ်ပြီး တာဝန်ချိန်တွင် သီချင်းဆိုလိုက်၊ လေချွန်လိုက်နှင့် ဖြစ်နေသည့် ဆေးရုံမှာ ကမ္ဘာပေါ်တွင် မရှိသလောက် ဖြစ်ပါသည်။

၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာတွင် ဆေးဝါးကုသရေးဆောင်ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၅၂ ဇွန်လတွင် ကာလသား ကုသရေးဌာနကို ပြန်လည် အသုံးပြုနိုင်ပြီး ကူးစက်ရောဂါ ကုသရေးဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။ သူနာပြုနေအိမ်ဘက်တွင် ဆေးရုံအတွက် ဓာတ်စာချက်ပြုတ်ဆောင်ကို အသစ်ထားရှိနိုင်ခဲ့သည်။ ခွဲစိတ် လူနာဆောင်မှ မဆန့်တော့သော လူနာများကို ယခင်က ကျောက်တုံးဖြင့် ဆောက်လုပ်ထားခဲ့သော ထမင်းစားခန်းကို တိုးချဲ့အဆောင်အဖြစ် ထားရှိပြီး ခွဲစိတ်ဆောင်ဘက်အပေါ်စီးမှ လှမ်း၍ ကြီးကြပ်နိုင်သည်။ ကျွန်တော့်ဆီမှာ ခွဲစိတ်လူနာများမှာ သာမန်ဆေးရုံထက် များ၏။ ရပ်ဝေးမှ ခွဲစိတ်လူနာများကို စိတ်ချရသည်အထိ ဆေးဝါးကုသဆောင်တွင် ထားထားပေးသည်။

ဆေးရုံအတွက် အမေရိကန်မှ ဆေးဝါးနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ တင်သွင်းခွင့်ကို လိုင်စင်လျှောက်ထားရသည်။ ဒေါက်တာ'အိုက်လွန်း' နှင့် ကော်မတီအဖွဲ့ဝင် ဦးဖိုးယုန်တို့သည် ဤကိစ္စအတွက် လားရှိုး၊ တောင်ကြီး သွားသည်။ ရန်ကုန်ထိ ဆက်သွားသည်။ ဒေါက်တာ 'အိုက်လွန်း'၏ အစိုးရအရာရှိပိုင်းမှ မိတ်ဆွေများကလည်း ကူညီကြသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးဝါးပစ္စည်းများ တင်သွင်းကို မြန်ဆန်လွယ်ကူစွာ ရရှိခဲ့ပါသည်။

၁၉၅၃ နှစ်ကုန်လောက်တွင် ဆေးရုံစီမံခန့်ခွဲမှုမှာ စိတ်တိုင်းကျဖြစ်လောက်နီးနီး ဖြစ်သွားပြီ။ ဆေးရုံကော်မတီကလည်း ဦးဆောင်အခန်းကဏ္ဍမှာ ရှိသည်။ ကော်မတီက သီးသန့်ငွေကြေး တတ်နိုင်သူတို့အတွက် ကုန်ကျစရိတ်ပေးဆောင်စေသည်။ အများအားဖြင့် ကိုးဆယ်ရာခိုင်နှုန်းများ အလှူငွေဖြင့် ဆေးဝါးကုသခြင်း ဖြစ်ပြီး လူနာက ကုန်ကျစရိတ်ကျခံရန် မလိုပါ။ ကိုးဆယ်ရာခိုင်နှုန်းသော လူနာများမှာလည်း ငွေကြေးမတတ်နိုင်သော စရိတ်မကျခံနိုင်သောသူများ ဖြစ်ကြသည်။

အခန်း (၂၂)

ဗမာသူနာပြုများ

နမ့်ခမ်းသို့ ကျွန်တော် လွတ်လပ်စွာ ပြန်လာခွင့်ရသည်။ ဤကျေးဖူးတရားကို ထောက်ရှု၍ မိမိကိုယ်မိမိ ဆေးရုံအကျယ်ချုပ် ... ထားရှိလိုက်သည်။ ဘယ်မှ မထွက်တော့။

မွေးရာပါ ခရီးသွားညာဉ်ရှိသည်မို့ ခရီးသွားခြင်းကို ထပ်မံ စိတ်မကူးရဲ။ ကျွန်တော် ရောက်ခဲ့ဖူးသည့်၊ ခွဲစိတ်ခဲ့ဖူးသည့် နေရာမျိုးကို တမ်းတခဲ့ဖူး၏။ မိတ်ဟောင်းဆွေဟောင်းများနှင့် တွေ့ချင်သည်။ ကလေးတွေ ဘယ်နှစ်ယောက်များ ပွားစည်နေကြပါလိမ့်။ ဆေးရုံ အလှမ်းဝေးသည့် နေရာများမှ ခွဲစိတ်ကုသခံယူသင့်သော လူနာများကို သွားရောက်ခွဲစိတ် ကုသပေးချင်စိတ် ဖြစ်ပေါ်မိ၏။

ဤသို့သော စိတ်ကူးခံစားမှုမျိုး ဖြစ်ပေါ်လာတိုင်း ကျွန်တော့်မှာ အကောင်းဆုံး ရရှိနေပြီ။ ဤနမ့်ခမ်းဆေးရုံပင်ဖြစ်၏။ ဘယ်ကိုမှ ကျွန်တော် မသွားတော့မှ လူနာတွေ ကျွန်တော့်ဆီ လာကြတော့၏။ မိုင်ငါးရာကျော်ဝေးသည့် အင်းလေးမှ ဂျစ်ကားဖြင့် ရောက်ရှိလာ၏။ ခက်ခဲနက်နဲ ကြီးမားသော ခွဲစိတ်ကုသမှုမျိုးဖြစ်၏။ ဟုမ္မလင်းမှ လေဖြတ် ကိုယ်တစ်ခြမ်းသေ ရဟန်းလည်း ကြွလာပြီး ကုသမှုခံယူ၏။ ၁၉၄၂ တွင် ဗိုလ်ချုပ်စတီးဝဲနှင့် ချင်းတွင်းဒေသကို ဖြတ်စဉ်က ကျွန်တော်တို့ကို ဤရဟန်းက ကူညီခဲ့ဖူးသည်။ ပြန်တွေ့သည့်အခါ မျက်ရည်လည်မိ၏။ ဤဆေးရုံနေ၍လည်း မိတ်ဆွေများနှင့် ပြန်လည်ဆုံတွေ့နိုင်သည်မို့ ဤနမ့်ခမ်းဆေးရုံမှာ ကျွန်တော် ပျော်ပါသည်။

နှစ်နှစ်ခွဲကာလအတောအတွင်းတွင် ဆေးရုံမှ နှစ်မိုင်ကျော်ထက် ပိုဝေးသည့်နေရာသို့ သွားရောက်ဖူးသည်မှာ သုံးကြိမ်သာ ရှိခဲ့ပါသည်။ မိုင်ခြောက်ဆယ်ကျော် ဝေးသည့် ကချင်လူနာအတွက် အရေးပေါ် ခွဲစိတ်ကုသရန် ဖြစ်သည်။

ဒေါက်တာ 'အိုက်လွန်း' မတတ်နိုင်သောကြောင့် ဖြစ်၏။ ဒေသအာဏာပိုင်ထံမှ ခွင့်ပြုမိန့်ကို ဒေါက်တာ'အိုက်လွန်း'ကို တောင်းခိုင်းသည်။ စစ်ဖက်ဆိုင်ရာ နယ်မြေတာဝန်ခံက နှစ်ယောက် ထည့်ပေးလိုက်သည်။ ကျွန်တော့်ကို စုံစမ်းရန် မဟုတ်။ ကျွန်တော့်ကို ကာကွယ်ပေးရန်ဟု ပြော၏။

ပုဂ္ဂလိကဆေးရုံများသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စည်းကမ်း

တစ်ပြေးညီ လိုက်နာကြရသည်။ နမ့်ခမ်းဆေးရုံသည်လည်း ထိုနည်းနှင်နှင်။ ဆရာဝန်များကို နေထိုင်စရိတ် ပေးထားသည်။ အချိန်ပြည့်ဝန်ထမ်း ဖြစ်သည်။ လူနာထံမှ ကောက်ခံရရှိငွေများ၊ ဆေးရုံတက်ရောက် ကုသစရိတ်များ၊ ဆရာဝန်က အိမ်ကို သွားရောက် ကြည့်ရှု၍ရသော အခကြေးငွေများသည် ဆေးရုံပိုင်ဖြစ်သည်။

ဤသည်တို့ကို ကျွန်တော်က အတိအကျ လိုက်နာသည့်အခါ လူနာနှင့် ပတ်သက်ပြီး မျက်နှာပူစရာ ဖြစ်ရသည်။ ငွေကို တိုက်ရိုက် လက်မခံမှန်းသိသောအခါ လက်ဆောင်ပစ္စည်း ပေးကြသည်။ လက်ဆောင်ပစ္စည်းလည်း လက်မခံပါ။

ဒုတိယကမ္ဘာစစ် မတိုင်မီကပင် ဆေးကုသခြင်းဖြင့် ငွေကို တိုက်ရိုက်လက်မခံခဲ့ပါ။ တချို့က သူနာပြုမှတစ်ဆင့် ပေးခိုင်းတတ်သည်။ ကျွန်တော် သိသည့်အခါ အလှူခံငွေ သေတ္တာပုံးထဲသို့ သွားရောက် ထည့်စေခဲ့သည်။ ထိုမှတစ်ဆင့် တာဝန်ရှိသူ သူနာပြုဝန်ထမ်းက ပုံမှန် လုပ်ဆောင်ချက်အတိုင်း ဘဏ္ဍာထိန်းဆီ အပ်နှံမည်ဖြစ်သည်။

အမေရိကမှာရှိစဉ် နယ်လှည့်ဟောပြောပွဲများတွင် ကျွန်တော့်ကို မကြာခဏ မေးတတ်ကြသည်။ သင်တန်းကျောင်းတွင် သူနာပြုများသာ ဖြစ်နေ၏။ ဆရာဝန်များလည်း မပါဘူးလား…။ အဖြေက ရိုးရှင်းပါ၏။ ၁၉၄၈ အချိန်ထိ ဗမာပြည်မှာ ဆရာဝန် ဦးရေ နှစ်ရာမကျော်ပါ။ ဤအရေအတွက်ကို ၁၉၄၀ အချိန်က အင်္ဂလိပ်တို့သည် လုံလောက်သည်ဟု ထင်မှတ်ထားခဲ့ကြသည်။ စစ်မဖြစ်မီ အချိန်ထိ ဆရာဝန်အများစုမှာ အိန္ဒိယသားများ ဖြစ်ကြသည်။ ဤဆရာဝန်များမှာ ဗမာစကားကို ပြောဆိုတတ်ကြသည်။ အချို့ဆိုလျှင် ရှမ်း၊ ကချင် စကားများပင် ပြောဆို တတ်ကြသည်။ သို့သော် ဗမာအများစုက ဗမာဆရာဝန်ကိုသာ အားထားကြသည်။

၁၉၂၂ တွင် ကျွန်တော် နမ့်ခမ်းကို စတင် ရောက်ရှိသည်။ ဆေးရုံမှာ ခုတင်နှစ်ဆယ်ခန့် ဆေးရုံလေးအဖြစ်သာ ရှိနေခဲ့သည်။ မနှစ်က တစ်နှစ်ပတ်လုံး ဆေးရုံတက် လူနာနှစ်ဆယ့်ရှစ်ဦးသာ တက်ရောက်ကုသခဲ့သည်။ အတွင်းလူနာ အရေအတွက်ကို ဆိုလိုပါသည်။ နေ့စဉ် ဆေးရုံတက် လူနာမှာ တစ်ဦးနှစ်ဦးသာ ရှိသည်။ ဆေးရုံသုံးပစ္စည်း ကိရိယာများမှာ စွန့်ပစ်ရမည့်အဆင့်ရှိသည်။ ပေါင်းအိုးတစ်လုံး ရှိသည်။ ကျွန်တော်ရောက်စ ဆေးရုံနှင့် ဆေးရုံသုံးပစ္စည်းအခြေအနေ ဖြစ်သည်။

ကရင်လူမျိုး ဆရာဝန်တစ်ယောက် ရှိသည်။ အသက်က ခြောက်ဆယ်ကျော်ပြီ။ ခွဲစိတ်ကုသမှုနှင့်ပတ်သက်၍ အတွေ့အကြုံ မရှိ။ သင်ယူနိုင်လောက်သည့် အခြေအနေလည်း မရှိတော့။ အကြီးစား ခွဲစိတ်မှုမျိုး ဆောင်ရွက်မည်ဟု ပြောသောအခါ သူက ကျွန်တော့်ကို စိတ်ကူးယဉ်ရူးသွပ်သူဟု ထင်မြင်ပုံရသည်။ သူ့ကို ခွဲစိတ်မှုတွင် အကူအညီရမည့် သူဟု ထည့်တွက်၍

မရတော့။ နောက်ထပ် ဆယ့်ငါးနှစ်ခန့်ကြာသည့် အခါကျမှသာ ငယ်ရွယ်ထက်မြက်သော ကိုယ်တိုင်လည်း စိတ်ထက်သန်သော လူငယ်ဆရာဝန်လေးကို ရှာဖွေတွေ့ရှိပါတော့သည်။ ခွဲစိတ်ပညာကို ကျွန်တော်နှင့် ပူးတွဲသင်ယူပါတော့သည်။

ကျွန်တော် နမ့်ခမ်းဆေးရုံသို့ ရောက်စ အခြေအနေများသည် ကိုယ်ပိုင်သူနာပြု သင်တန်းကျောင်း ဖွင့်ရန် ဆုံးဖြတ်ချက်ချရတော့သည်။ ထို့ပြင် ရန်ကုန်၊ မော်လမြိုင်၊ မန္တလေးရှိ သူနာပြုကျောင်းတွင် ဤဒေသခံ သူနာပြုများ မရှိ။ မော်လမြိုင်ကျောင်းဆင်း ဗမာပြည်ထဲမှ မြေပြန့်သူနှစ်ဦးကို နမ့်ခမ်းဆေးရုံသို့ ပို့ပေးဖူးသည်။ တစ်နှစ်ပင်မကြာ။ နမ့်ခမ်းမှ ပြန်ပြေး၏။ နယ်စပ်ဒေသရှိ နမ့်ခမ်းလို ဆေးရုံမျိုးမှာ သူတို့မလုပ်ချင်။ လူမှုရေး၊ စီးပွားရေး အတော်အတန် ပြည့်စုံသည့် ခရိုင်မြို့ကြီးများ ဖြစ်သည့် လားရှိုးနှင့် တောင်ကြီးဆေးရုံများတွင်ပင် မြေပြန့်လူတို့ မနေချင်၊ မနေနိုင်။ ဗမာမြေပြန့်သူ သူနာပြုလေးများသည် ပြည်မမြေပြန့်မှာသာ သူတို့ အလုပ်လုပ်ချင်ကြသည်။

ဆေးရုံတည်ရှိရာ နမ့်ခမ်းသည် ကောင်းမွန်သော အချက်များ ရှိသည်။ ပထမအချက်မှာ ရာသီဥတုမှာ ကျန်းမာရေးနှင့် ညီညွတ်သည်။ မပူလွန်းမအေးလွန်းနှင့်...။ အမြင့်ပေ နှစ်ထောင့်ငါးရာကျော်မှာ ရှိသည်။

တစ်နှစ်ပတ်လုံးနီးပါး အေးမြမြနှင့် ... ။ ချွေးရွှဲသော အချိန်မျိုးမရှိ။ သို့သော် ငှက်ဖျားရှိသည်။ ဝမ်းကိုက်ရောဂါရှိသည်။

၁၉၄၅-၄၆ ကာလအတွင်း ရှမ်းပြည်နယ်နှင့် မြောက်ပိုင်း ကရင်နီပြည်နယ်ကို ကျန်းမာရေး အရာရှိချုပ်အဖြစ် တာဝန်ယူခဲ့စဉ်က ဖြစ်သည်။ ကရင်နီဒေသရှိ ဘောလခဲတွင် ဆေးရုံဖွင့်ချင်၏။ ရာသီဥတုက ဆိုးဝါးလွန်းသည့်အတွက် ဆေးရုံမဖွင့်ဖြစ်။ ယခု နမ့်ခမ်းက ရာသီဥတုမျှတသည်။

ဒုတိယအချက်မှာ နမ့်ခမ်းသည် စည်ကားလွန်းသော မြို့ကြီးပြကြီးမဟုတ်။ ခေတ်မီ ဆန်းပြားသော မြို့မဟုတ်သည့်အတွက်လည်း သင်တန်းသူများအတွက် အဆင်ပြေသည်။ သူနာပြုသင်တန်းဆင်းပြီးလျှင် သည့်ထက် နိမ့်ကျသည့် တောကြိုအုံကြားကို သွားရောက်၍ ဆေးဝါးကုသမည့်သူများ မဟုတ်ပါလား။

ကျွန်တော်၏ ပထမဆုံး သူနာပြုသင်တန်းတွင် သင်တန်းသူ ခြောက်ယောက် ရှိသည်။ ဒုတိယပတ် သင်တန်းကာလအတွင်း "ဟားပါးအောက်မေ့ဖွယ် အမှတ်တရဆေးရုံ" ကို ကျောက်တုံးများဖြင့် တည်ဆောက်သည်။ ယခုအချိန်တွင် ခွဲစိတ်ဆောင်အဖြစ် အသုံးပြုရနေပြီ ဖြစ်သည်။ ဒေါက်တာ 'ဟားပါး'လည်း ကျွန်တော့်အရင် ရောက်နှင့်ပြီး သာသနာပြုနေသော အမေရိကန်ဆရာဝန်ကြီး ဖြစ်သည်။

သူနာပြုသင်တန်းရှိ သူနာပြုသုံးလေးဦးမှာ အင်္ဂလိပ်စကားကို နားလည်၏။ ဒေါက်တာ 'အိုက်လွန်း'၏ ဇနီးသည်ဖြစ်လာသည့် 'အီလု'သည်လည်း ဒုတိယ အသုတ်ထဲတွင် ပါဝင်၏။ ကျွန်တော်တို့သည် ရှမ်းလေးတစ်ယောက်ကို ဆေးပညာသင်ရန် မှျော်လင့်ချက်ဖြင့် မွေးစားလိုက်သည်။

အထက်တန်းကျောင်းသား ဘဝမှာပင် ကောင်းစွာ ပြုစုပျိုးထောင်ပေးခဲ့သည်။ ဆေးကောလိပ် တက်စေသည်။ ကျွန်တော် ကွယ်လွန်ပြီးနောက် တာဝန်ကို ဆက်လက် ထမ်းဆောင်ရန် မျှော်လင့်ထားသည်။

နမ့်ခမ်းဆေးရုံ သင်တန်းဆင်း သူနာပြုများသည် လူနာရာဇဝင်ကို မှတ်တမ်းယူရာတွင် ဆရာဝန်များထက်ပင် တော်ကြပါသည်။ အကြောင်းရင်း ရှိပါသည်။

ဤဆေးရုံတွင် ကျွန်တော် တာဝန်ထမ်းဆောင်စဉ် အစောဆုံးနှစ်ကာလများတွင် ကိုယ်တိုင် လူနာရာဇဝင်မှတ်တမ်း ယူပါသည်။ ထိုအခါ သူနာပြုများကို စကားပြန်အဖြစ် သုံးရပါသည်။ အကောင်းဆုံး သင်ကြားခြင်းပင်။ တောကြိုအုံကြားမှလာသော လူနာများသည် သူနာပြုဆရာမကို သူတို့၏ ဘာသာစကားဖြင့် မခွင်းမချန် ပြောကြားတတ်ပြန်သေးသည်။

ဤသို့အားဖြင့် ဆရာဝန်မှာလည်း အချိန်ကုန်သက်သာပြီး ဆရာမ ယူလာသော လူနာမှတ်တမ်းကို ကြည့်ပြီး ထိရောက်စွာ ကုသနိုင်တော့သည်။

ပြုပြင်ထိန်းကျောင်းမှုဖြင့် သူနာပြုများကို လမ်းဖွင့်ထားသည်။ အမျိုးသမီးများဖြစ်သည့် အလျောက် သင်လွယ်တတ်လွယ်ကြသည်။ ဆရာဝန်အတွက် အကျိုးပြုမှု အသုံးဝင်မည့် ကူညီဆောင်ရွက်မှုများကို လုပ်ဆောင်တတ်ကြသည်။ အချို့ကိစ္စရပ်များတွင် ကျွန်တော်ကိုယ်တိုင် လုပ်သည်ထက်ပင် ထိရောက်သေး၏။

သူနာပြုချုပ်ဖြစ်သူ "အဘွားနော်မီ" ထံမှလည်း အကြံဉာဏ် မကြာခဏ ရယူရသေးသည်။ သူမသည် မှားသည့်အကြံဉာဏ်ကို တစ်ခါမှ မပေးဖူးပေ။ စီနီယာသူနာပြုများထံမှ သာမက ဂျူနီယာသူနာပြုများထံမှလည်း အကြံဉာဏ် ရယူပါသေးသည်။

သူနာပြုသင်တန်းကျောင်းအတွက် တောင်းဆိုမှုတွေက များပြားလာ၏။ ကချင်အစပ်နှင့် မြောက်ပိုင်း သိန္နီဒေသခံကြားတွင် ကျွန်တော်၏ အနောက်တိုင်းဆေးပညာကို လူထုက သိမြင်တောင်းတလာ၏။ နမ့်ခမ်းနှင့် မိုင်လေးဆယ်လောက်ဝေးသည့် မုန်းပေါ်ဒေသကလည်း ဆေးဝါးကုသမှုကို တောင်းခံလာ၏။ မုန်းပေါ်မှ ဒေသခံသင်တန်းသူတစ်ဦး ရှိ၏။ သူမကို နယ်မြေခံက

ပြန်လာပြီး ဆေးခန်းဖွင့်စေချင်၏။ အရေးပေါ်ဆေးဝါးကုသမှုနှင့် သာမန်ရောဂါများအတွက် အားကိုးချင်ကြ၏။ အလားတူဆန္ဒမျိုးဖြင့် အခြားဒေသများကလည်း ကျေးလက်ကျန်းမာရေးဌာနမျိုး ဖွင့်စေချင်ကြ၏။ အင်္ဂလိပ်မင်းတို့၏ ဆေးဝါးကုသမှု စစ်တမ်းကောက်ယူချက်အရ ရှမ်းပြည်နယ်ရှိ သန္နီမြောက်ပိုင်းဒေသသည် အနောက်တိုင်းပညာကို ယုံကြည်သက်ဝင်ပြီး ကုသမှုခံယူရာတွင် အမြင့်မားဆုံးဖြစ်ကြောင်း ၁၉၄၁ စာရင်းဇယားများအရ သိရှိရသည်။

နောက်ထပ် ကြိုးပမ်းဆောင်ရွက်မှုမှာ ဒေါက်တာဘစောကို အမေရိကရှိ "လွစ္စဗီး" အထွေထွေရောဂါကု ဆေးရုံကြီးသို့ ကျွန်တော် စေလွှတ်ထားခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ဒေါက်တာ'တူး'နှင့် ဒေါက်တာစန်းရီတို့ကို အိန္ဒိယသို့ စေလွှတ်ပြီး ဆေးပညာ နောက်ထပ် သင်ယူစေသည်။

ရှမ်းပြည်နယ်ရှိ စော်ဘွားများအနက် သူနာပြုကိစ္စနှင့်ပတ်သက်၍ အတက်ကြွဆုံး အကူအညီပေးသူမှာ စော်ဘွားကြီး စဝ်ရွှေသိုက်ဖြစ်၏။ နောင်တွင် ဗမာနိုင်ငံ၏ ပထမဆုံး သမ္မတဖြစ်လာသူ ဖြစ်၏။ နမ့်ခမ်းသင်တန်းကျောင်းသို့ ရှမ်းအမျိုးလေးများကို စစ်မဖြစ်မီကပင် ပို့ပေးခဲ့သည်။

ကျွန်တော်ရှိနေသည့် ယခုအချိန်တွင် သင်တန်းကျောင်းမှာ ကြားရမည့် စကားသံများမှာ ဗမာ၊ ကချင်၊ ရှမ်းနှင့် အိန္ဒိယတို့ ဖြစ်နေကြသည်။

လက်ရှိအစိုးရကလည်း လူမျိုးစုံချစ်ကြည်ရေးအတွက် ကျွန်တော်တို့ ဆေးရုံကို လိုလားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိသည်။

နမ့်ခမ်းဆေးရုံဝင်းအတွင်းမှာပင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော အစ်မဖြစ်သူ ဒေါက်တာဂရေ့စ်သည် သူမဘဝကို နမ့်ခမ်းဆေးရုံအတွက် ပေးဆပ်ခဲ့သည်။ ထို့ပြင် အထက်တန်း ကျောင်းကိုလည်း ဖွင့်လှစ်တည်ထောင်ခဲ့သေးသည်။

ကျွန်တော် အဖမ်းမခံရမီက ဝန်ထမ်းသူနာပြုတစ်ဦး ရှိခဲ့ဖူး၏။ သူမကို မွေးဖွားစဉ်က ကျွန်တော်ကိုယ်တိုင် မွေးဖွားပေးခဲ့ရသည်။ ယခုလက်ရှိ စီနီယာအတန်းတွင်လည်း ကျွန်တော်ကိုယ်တိုင် ခွဲစိတ်ပြီး သူမ၏မိခင်ကို သန္ဓေတည်စေခဲ့သည်။ သူမကို လူ့လောကထဲ ခေါ်ဆောင်ရာတွင် နောက်ပိုင်း ညီမတစ်ယောက်နှင့် မောင်လေးတစ်ယောက်ကို သူ့မိခင်က ထပ်မံ မွေးဖွားနိုင်ခဲ့သည်။ သူ့မိသားစုနှင့် အင်မတန် ရင်းနှီးသူဖြစ်ခဲ့ရပါ၏။ သူ့အဖေကလည်း အကြောင်းကိစ္စ ကြီးငယ်ရှိလျှင် တောင်ထိပ်ရွာမှ ဆင်းလာပြီး တိုင်ပင်လေ့ရှိပါသည်။ ကလေးလူနာဆောင်မှ မိဘမဲ့ဖြစ်သွားသည့် ကလေးငယ်ကိုလည်း ဆေးဝါးကုသပေးပြီး ချမ်းသာသည့် ကလေးမရှိသည့် ဇနီးမောင်နှံကို မွေးဖွားစေခဲ့သည်။ ဤကလေးမလေး သူနာပြုသင်တန်း

ဆင်းသွားသည်မှာ အနှစ် နှစ်ဆယ်ပင် ရှိပြီ။

သူနာပြုသင်တန်းတွင် ကရင်မလေးတစ်ယောက် ရှိသည်။ သူမအဖေက ကချင်ပြည်နယ်တွင် သာသနာပြုတာဝန် ထမ်းဆောင်၏။ သူမ မမွေးမီကပင် ဖြစ်သည်။ သူမသည် ဘာသာစကားသုံးမျိုးကို ဌာနေတိုင်းရင်းသား လေသံအတိုင်း ပီအောင်ပြောနိုင်သည်။ ကချင်စကားကို ကချင်သံစစ်စစ်နှင့် ပြောနိုင်၏။ ဗမာစကားပြောရာတွင်လည်း ဝဲခြင်းမရှိ။ သူနာပြုသင်တန်း ဒုတိယရှစ်တန်းတွင် အင်္ဂလိပ်လို ကောင်းကောင်းနားလည်သူ နှစ်ယောက်ထဲတွင် ကရင်မလေးပါ၏။ ကျွန်တော်သည် လိုအပ်လာလျှင် ဗမာလိုလည်း ပို့ချပေးတတ်သည်။ ထိုအခါတွင် ဗမာလို ပို့ချချက်ကို အပီအပြင် ဗမာလို လိုက်ရေးနိုင်စွမ်း ရှိသည်။ သူ့မိဘများကပင် အံ့ဩယူရ၏။

နှစ်စဉ် အတန်းသစ်ဖွင့်ဖို့ရန် ဆေးရုံမှ အလုပ်သင် သူနာပြုများ လုပ်ငန်းခွင် မထွက်ခွာမီ သင်တန်းသူအသစ်များ အချိန်မီ ရောက်လာတတ်ကြသည်။ သင်တန်းပြီးဆုံးသူတို့ ခြေကုန်လက်ပန်း ကျခြင်းမျိုး ပြီးဆုံးချိန်မှာ သင်တန်းသူ အသစ်လေးများ ရောက်လာကြပြီ ဖြစ်သည်။ သင်တန်းသူအသစ်လေးများမှာ သင်ကြားမှု ဝန်ထုပ်ဝန်ပိုးကို စတင် ထမ်းရွက်ရပြီဖြစ်၏။ သို့သော် ဆေးရုံရှိ ဆရာဝန်များ၊ အဘွားနှင့်တကွ "အင်မလီ"၊ "အက်စသာ"၊ "ပင်စီ"တို့ပါမကျန် ကူညီကြရပါတော့သည်။ စီနီယာက ဂျူနီယာကို ကူညီသည်။ ဒုတိယနှစ် သင်တန်းသူက ရောက်စ သင်တန်းသူများကို ဆင့်ကဲ ကူညီကြပါသည်။

ဆေးရုံစည်းကမ်း တင်းကြပ်မှုတွင် အနည်းငယ် အခက်အခဲရှိသည်။ 'ဒေါက်တာအိုက်လွန်း'က စည်းကမ်းကြီးသည်။ သို့သော် အတွင်းသဘောထားက ပျော့ပျောင်း၏။ ကျွန်တော်က ထိုသို့မဟုတ်။ မိမိ တတ်နိုင်တာကို လုပ်ပြသည်။ စည်းကမ်းသတ်မှတ်သည်။ မျိုးချစ်စိတ်ကို အလေးထား ပြောဆိုသည်။ အမှန်တကယ်လည်း မျိုးချစ်စိတ်ရှိသည်ကို တွေ့ရပါသည်။

အခန်း (၂၃)

မိတ်ဆွေ သူငယ်ချင်းများ

ပြောသင့်ပြောထိုက်သည့် ဇာတ်လမ်းတစ်ပုဒ်တော့ ရှိ၏။ သူနာပြုတစ်ယောက် အကြောင်းတော့ မဟုတ်။ သူနာပြုများ၊ ဆရာမများ၊ ဆရာဝန်များထက်ပင် မရှိမဖြစ် အရေးပါသောသူ ဖြစ်၏။ သူ့အမည်က "အိုက်စိုင်း"။

လွန်ခဲ့သော နှစ်ဆယ့်နှစ်နှစ်ကတည်းက သူ့ကို ကျွန်တော် တွေ့ခဲ့သည်။ တွေ့စမှာ သူ့အသက်မှာ ဆယ်နှစ်လောက်ပဲ ရှိသေး၏။ ခိုကိုးရာမဲ့ဖြစ်၏။ စိတ်ကောင်းရှိသူတို့၏ ပေးစာကမ်းစာဖြင့် အသက်ရှင် ရပ်တည်နေရသော ပေစုတ်စုတ် မိဘမဲ့လေး ဖြစ်၏။ နမ့်ခမ်းနှင့် ဆယ့်နှစ်မိုင်ဝေးသည့် 'ဆယ်လမ့်ရွာ'မှာ နေသည်။ သူ့မှာ ဆီးအိမ်ကျောက်တည်သည့် ဝေဒနာခံစားနေရ၏။ မှတ်မိသည့်အရွယ်မှစ၍ နာကျင်ကိုက်ခဲမှုကို ခံစားနေခဲ့ရ၏။

ကျွန်တော်၏ ခွဲစိတ်ကုသမှုစွမ်းရည်က 'ဆယ်လမ့်'သို့ ရောက်ရှိသွားသည့်အခါ သူ့ဝေဒနာကို ခွဲစိတ်ခဲ့ရန် ဆုံးဖြတ်လိုက်သည်။ ထိုခေတ်က လမ်းပန်းဆက်သွယ်ရေးက မကောင်း။ သူ့ကို ပို့ပေးမည့်သူကလည်းမရှိ။ အားအင်ကုန်ခမ်းသည်အထိ သူ လမ်းလျှောက်လာခဲ့သည်။ ဆေးရုံ ဝရန်တာထိ လေးဖက်ထောက်ပြီး တက်လာခဲ့ရသည်။

ထိုအချိန်က သင့်လျော်သော ခွဲစိတ်ခန်းက မရှိ။ အလင်းရောင်က အားနည်းနှင့်...။ ခွဲစိတ်ကိရိယာများကလည်း စွန့်ပစ်ခြင်းတောင်းထဲက အခြေအနေနှင့် လွယ်ကူစွာ ခွဲစိတ်ခဲ့ရသည်တော့ မဟုတ်ခဲ့။ စိတ်တိုင်းကျ ခွဲစိတ်ကုသမှု မဟုတ်ပေမယ့် 'အိုက်စိုင်း' ၏ နာကျင်ကိုက်ခဲ ဝေဒနာက ပျောက်ကင်းသွား၏။

ခွဲစိတ်ဒဏ်ရာများ ကျက်သွားသည့်အခါ အိုက်စိုင်းက မပြန်တော့။ ဝေဒနာကို ပျောက်ကင်းအောင် ကုသပေးသည်မို့ သူ မပေးဆပ်ရဘဲ ပြန်မသွားချင် ကျွန်တော်ကလည်း ဆေးဖိုးကျေအောင်ဆိုပြီး အလကား မခိုင်းချင်။ ဤကလေးငယ်လေးကို ကျွန်တော် ခိုင်းရက်ပါမည်လား..။ ကျွန်တော် စဉ်းစားကြည့်သည်။ သူ၏ ကူညီချင်သည့် စိတ်ဓာတ်ကို တန်ဖိုးထားလေးစားသည်။ တစ်ခုခု ပြန်လုပ်ပေးချင်စိတ်ကို လေးစားသောအားဖြင့် ပေါ့ပေါ့ပါးပါး အလုပ်လေးတွေ ပေးလုပ်သည်။ သစ်ရွက်ခြောက်တွေကို ထွန်ခြစ်နှင့် ဆွဲယူစေခြင်းပင်။ ဆေးရုံစားဖိုဆောင်က သူ့ကို ထမင်းကျွေးသည်။

"အိုက်စိုင်း" သည် သူ့အလုပ်ကို သူ မကြာခင် တွေ့ရှိသွားတော့သည်။

မီးဖိုချောင်ကို ဒိုင်ခံဆေးကြောတော့သည်။ သူနာပြုများ ထမင်းစားခန်းလည်း ပါ၏။ အာလူး အခွံနွှာသည်။ ထမင်းချက်ကို ဟင်းရွက်ဟင်းသီးများ သင်ပေးသည်။ မီးဖိုဆောင်တာဝန်ကျသူများနှင့် ဈေးလိုက်သည်။ ဈေးခြင်းအလေးကြီးကို တံပိုးလျှိုပြီး ထမ်းပေးသည်။ ခွဲစိတ်ခန်းမှ သွေးစွန်းအဝတ်များကို လျှော်ပေးသည်။ ဆေးရုံအိပ်ရာခင်းများကို ယူပြီး ဆေးရုံဝင်းမြောက်ဘက်မှာ ရှိသည့် စမ်းချောင်းလေးထဲတွင် လက်ရိုက်တုတ်နှင့် ရိုက်လျှော်သည်။

ကျောင်းဖွင့်ချိန် ရောက်သောအခါ သူ့ကို ကျွန်တော် မျက်စိကျနေပြီ ဖြစ်သည်။ ဉာဏ်ကောင်းပုံလည်း ရသည်မို့ သူ့ကို ကျွန်တော် ကျောင်းနေဖို့ပြော၏။ သူက လက်မခံ။ သူသည် ဆေးရုံအလုပ်များလုပ်ရင်း သူ့ကိုယ်သူ အသုံးဝင်သည့်လူဟု သူခံစားနေပုံရ၏။ အမှန်တကယ်လည်း သူ၏ လုပ်ကိုင်ဆောင်ရွက်ပေးမှုက အရာရောက်ပါသည်။ ကျောင်းသွားတက်နေလျှင် ကျွန်တော့်ဆီက ချစ်ခင်နှစ်သက်မှုကို ဤမျှလောက် ရလိမ့်မည်မဟုတ်ဟု ထင်မှတ်ထားပုံရ၏။ ယခုလို လုပ်ကိုင်နေခြင်းက သူ့ကိုယ်သူ ယုံကြည်မှုရှိနေပုံရ၏။

ထိုအခါ ကျွန်တော်က သူ့ကို ဖွတ်နားချရတော့၏။ သူ လုပ်ပေးနေသည်က သူ့ကို လုပ်ပေးရသည်ထက် ပိုနေပြီ။ သူ့ကို လစာယူခိုင်းရတော့သည်။ တစ်လလုံး ဒေါ်လာ အတင်းယူခိုင်းရ၏။

ထိုအချိန်က ရွှေလီမြစ်အတွင်းမှ ကျောက်တုံးများဖြင့် ဆေးရုံတည်ဆောက်ခဲ့ပြီး ဖြစ်သည်။ ရေလောင်းအိမ်သာလည်း တပ်ဆင်ထား၏။ လူနာများမှာ မသုံးတတ်။ အဝပိတ်ပြီး မကြာခဏ ပြဿနာတက်သည်။ ဘယ်ကူလီမှလည်း အိမ်သာအဝ ပိတ်နေသည်ကို မလုပ်ချင်ကြ။ သူနာပြုများကိုလည်း မခိုင်းချင်။ ကိုယ်တိုင်လုပ်ရတော့သည်။ စီနီယာ သူနာပြုနှစ်ယောက်က ကူညီသည်။ "အိုက်စိုင်း" လည်း ပါသည်။ အားလုံးမှာ ညစ်ပတ်နံစော်ကုန်တော့သည်။ နောင်တွင် "အိုက်စိုင်း"သည် တစ်ယောက်တည်း လုပ်တတ်သွားတော့၏။

ဂျပန်ခေတ်တစ်လျှောက်လုံး သူနှင့် ကျွန်တော် အဆက်သွယ် ပြတ်သွားတော့သည်။ 'အိုက်လွန်း'က အိန္ဒိယမှာ ဆေးပညာသင်တာ ပြီးဆုံးသွား၏။ 'အီလု'သည်လည်း ဝန်ထမ်းအဖြစ် ဆေးရုံ ပြန်ရောက်လာ၏။ 'အိုက်စိုင်း'လည်း ပြန်ပါလာ၏။

သူ့ကို အဝတ်စား ဝတ်ခိုင်းရသည်။ သို့သော် အလုပ်ကို အကြောင်းပြပြီး ထုတ်မဝတ်။ ရှမ်းဘောင်းဘီနွမ်းနွမ်း၊ ရှပ်အင်္ကျီနွမ်းနွမ်းနှင့်သာ...။

'အိုက်စိုင်း'သည် ဗမာစကား လည်လည်ဝယ်ဝယ် တတ်လာသည်။ သူနာပြုများက ဟုတ်တာရော မဟုတ်တာရော သင်ပေးတတ်ကြသည်။

အနေကြာလာသည့်အခါ "အင်မလီ"ကပါ 'အိုက်စိုင်း'ကို နေရာပေးလာသည်။ တဲလေးထဲတွင် မနေခိုင်းတော့ဘဲ စတိုခန်းထဲမှာ အခန်းဖွဲ့ပြီး နေစေသည်။ ဤသို့ နေခွင့်ရသည်ကို သူ့ကို ဂုဏ်ပြုချီးမြှောက်သည်ဟု ထင်ပြီး ပျော်နေသည်။ 'အိုက်စိုင်း'တွင် ရွှေတိုငွေစလေးများ စုမိလာ၏။ အိပ်ရာလေး သော့ခတ်သိမ်းထား၏။

တရုတ်ပြည်တွင် ကွန်မြူနစ်များ အာဏာရကတည်းက တရုတ်ထဲမှ ရှမ်းများသည် နယ်စပ်ကို ပြောင်းရွှေ့လာကြသည်။ ဗမာဘက်ချမ်းရွာများတွင် ပြေးလာသူ အများအပြား ရှိကြသည်။ ထိုအထဲတွင် ရာဇဝတ်မှု မကင်းသူများလည်း ပါလာသည်။ သူတို့သည် တစ်မိုင်မျှသာ ဝေးသည့် ရှမ်းရွာတွင် နေထိုင်ကြသည်။

"အိုက်စိုင်း"၏ ရွှေတိုငွေစလေးများကို မျက်စိကျသူ လူနှစ်ယောက်သည် 'အိုက်စိုင်း'ကို အကွက်ကောင်း ချောင်းတော့သည်။

တစ်ခုသော လင်းအားကြီးအချိန်တွင် 'အိုက်စိုင်း'၏ အိပ်ရာထဲသို့ ဝင်လာပြီး ရိုင်ဖယ်သေနတ်ဖြင့် ချိန်ပြီး ပစ္စည်းတောင်း၏။ တစ်ယောက်က အပြင်မှာ စောင့်၏။ အိပ်ရာထဲမှ "အိုက်စိုင်း"က သေနတ်ပြောင်းဝကို ကန်ထုတ်လိုက်သည်။ လုံးထွေးသတ်ပုတ်ရင်း လှေခါးရင်းဘက် ကျလာသည်။ 'အိုက်စိုင်း' အော်သံကြောင့် သင်တန်းသူများ လန့်နိုးပြီး ဝိုင်းအော်ကြသည်။

အခြားသူများ အကူညီမရောက်မီ သေနတ်သံ ကြားလိုက်ရပြီး ဓားပြမှာ ထွက်ပြေးသွားကြ၏။ ဖမ်းမိလျှင် သူနာပြုများလက်ချက်နှင့်ပင် တစ်စစီ ဖြစ်သွားနိုင်၏။ 'အိုက်စိုင်း' အတွက် ကြေကွဲရသည်မှာ ကျွန်တော် တစ်ဦးတည်းမဟုတ်။ ဓားပြလက်ချက်နှင့် 'အိုက်စိုင်း' ကွယ်လွန်သွား၏။

***

၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ၏ နောက်ဆုံးရက်များကာလ ဖြစ်၏။ တနင်္ဂနွေ၏ အေးစက်စက်ညခင်းပိုင်း စောစောလေးဖြစ်၏။ ဆေးရုံမီးများ လင်းပြီ။ အနွေးဓာတ်ရရန် မီးလင်းဖိုရှေ့မှာ ခြေလက်ဆန့်ရင်း ထိုင်နေသည်။

အနောက်ဘက် တံခါးမကြီးဆီမှ တဖြန်းဖြန်း ကန်ပုတ်သံ ကြားရ၏။ ကျွန်တော်က ဗမာလို ပြောလိုက်သည်။ အရေးပေါ်ကိစ္စ လာခေါ်သည်ဟု ထင်၏။

"တံခါးဖွင့်ထားတယ်၊ ဝင်လာခဲ့လေ..."

ဧည့်သည်က လမ်းလျှောက်ဝင်လာပြီး မီးဖိုနှင့် ထမင်းစားခန်းကို ဖြတ်လာ၏။ စာကြည့်မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်တော့ ကင်မရာတွေ လွယ်ထားသည့် အမေရိကန်တစ်ယောက် ဖြစ်နေ၏။

"ဘုရားရေ ခင်ဗျား ရောက်အောင် လာခဲ့တယ်ပေါ့။ အစိုးရက တကယ့်ကို ဒီကိုလာဖို့ ခွင့်ပြုတယ်ပေါ့"

"ဟုတ်တယ်၊ သူတို့ ခွင့်ပြုလိုက်တယ်၊ ကျွန်တော်က 'ပိ(တ်)ကယ်လစ်ရှာ' ပါ၊ ကျောက်မီးသွေးတွင်း အလုပ်သမား မဂ္ဂဇင်းအတွက် ဆရာ့ကို လာတွေ့တာပါ"

"ဆရာဝန်ဆီးဂရေ့(စ်)နဲ့ပတ်သက်ပြီး ဆောင်းပါးရေးမှာကို အစိုးရက ဒီအထိလာဖို့ ခွင့်ပြုတယ်ပေါ့လေ" ဟု ကျွန်တော်က အံ့သြတကြီး ပြောမိ၏။

"အားလုံးတော့ အဆင်ပြေပြေ ချောချောမွေ့မွေ့တော့ မဟုတ်ဘူး၊ ဗမာပြည်ထဲမှာ ဆယ်ရက် ဗီဇာရတယ်၊ ပြည်နယ်အစိုးရက ပြောတယ်၊ ဆယ်ရက်နဲ့တော့ လုံလောက်မှာ မဟုတ်ဘူး၊ သူတို့ရဲ့ ထောက်ခံချက်နဲ့တစ်ဆင့် ပြည်ထောင်စုအစိုးရဆီ ထပ်ပြီး တင်ပြတယ်၊ ရက် ၂၀ နေခွင့် ရသွားတယ်၊ ခင်ဗျားနဲ့ အချိန်ပိုရသွားတာပေါ့လေ၊ ကျွန်တော် သိရသလောက်တော့ ထရန်စစ်ဗီဇာကို ရက်တိုးပေးလေ့ မရှိဘူးတဲ့၊ ကျွန်တော့်ကျမှ တိုးပေးတာ၊ ကျွန်တော် ခင်ဗျားဆီ သွားမှာဆိုတာလည်း သိနေတယ်လေ...."

တနင်္ဂနွေ ညနေခင်း ဆုတောင်းဝတ်ပြုပွဲကို "ပိ(တ်)"က စတင် ဓာတ်ပုံရိုက်ယူပါတော့သည်။ သူနာပြုများ၊ ကျောင်းသားကျောင်းသူများကို ကျွန်တော် မိတ်ဆက်ပေးသည်။ အချိန်တိုအတွင်း ပရိသတ်နှင့် တစ်သားတည်း ဖြစ်သွားတော့၏။ ဆုတောင်းပွဲ စ,ဆုံးကို လွတ်လပ်စွာ တဖျတ်ဖျတ်နှင့် ဓာတ်ပုံရိုက်ယူတော့သည်။

၁၉၅၄ ခုနှစ်၊ မေလထဲမှာဖြစ်သည်။ ကျွန်တော်သည် ဆွေးနွေးညှိနှိုင်းချက်များကို ကြည့်ရှု စစ်ဆေးနေချိန် ဖြစ်သည်။ ဒေသအုပ်ချုပ်ရေးမှူးက ရုံးခန်းထဲ ဝင်လာသည်။

"ယခင် သမ္မတကြီးဟောင်း စဝ်ရွှေသိုက်နှင့် မဟာဒေဝီရယ်၊ အမေရိကန် သံအမတ်ကြီးနှင့် သူ့ဇနီးရယ်၊ မနက်ဖြန် နမ့်ခမ်းကို ရောက်ရှိလာပါလိမ့်မယ်၊ ဆရာက ညှော့ခံကြိုဆိုရေးမှာ ပါဝင်ပေးနိုင်ပါသလား ခင်ဗျာ"

"ခင်ဗျား ဆိုလိုတာက အမေရိကန် သံအမတ်ကြီးကိုယ်တိုင် လာမှာလို့ ပြောတာလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘုရားရေ ...... ကျွန်တော်များ နားကြားမှားသွားသလားလို့ပါ"

"မမှားပါဘူး ခင်ဗျာ့"

"ကျွန်တော်ကိုယ်တိုင် ကြိုဆိုညှော့ခံရမှာပေါ့ဗျာ၊ ကျွန်တော်တို့က ဘယ်လို

ကူညီရမယ် ဆိုတာသာ ပြောပြပါ ခင်ဗျာ"

ကျွန်တော့်ဆေးရုံမှတစ်ဆင့် အမေရိကန်၊ လွစ္စဗီး(လ်)ဆေးရုံသင်တန်းသို့ သူနာပြုသုံးလေးဦး ပို့လွှတ်ဖူးသည်။ ယခု သူတို့ကို ဧည့်ခံရေး အကူညီ တောင်းရပေမည်။ သူတို့ကို ဦးဆောင်ပြီး သူနာပြုများ ဧည့်ခံရေးအဖွဲ့ ဖွဲ့ခိုင်းရတော့သည်။ အိပ်ခန်းကျယ်ကြီးကို သမ္မတပောင်းနှင့် သူ့၏ ကတော်အတွက်။ နောက်တစ်ခန်းကို သံအမတ်နှင့် သူ၏ကတော်၊ ထမင်းစားခန်းထဲမှာ ခုတင်အသေးတစ်လုံးကို ကျွန်တော့်အတွက် ပြင်ခိုင်းရတော့သည်။

ကျွန်တော်တို့၏ ဂုဏ်သရေရှိ လူကြီးမင်းများအတွက် ဒေါက်တာ'အိုက်လွန်း' နှင့် တိုင်ပင်ရသည်။ ကျောင်းအုပ်ဆရာမကြီး 'အယ်လာ'က ပျော်ပွဲရွှင်ပွဲနှင့် ပန်းစည်းဆက်ခြင်းကို အစီအစဉ်ကို တာဝန်ယူ ဆောင်ရွက်သည်။ သူနာပြုအုပ် ဆရာမကြီးနှစ်ယောက်က ဆေးရုံဆောင်၊ သူနာပြုနေအိမ်နှင့် သင်တန်းကျောင်းဆောင်ကို ကြည့်ပျော်ရှုပျော်ဖြစ်အောင် ရှိမရှိကို ချက်ချင်း စတင်စစ်ဆေးကြသည်။

နောက်နေ့မနက်တွင် ဒေါက်တာ'အိုက်လွန်း'က မြို့ထဲမှ ပြန်လာပြီး ပြောသည်။ အစိုးရအာဏာပိုင်များထံမှ ခွင့်ပြုချက် ရရှိခဲ့ပြီဖြစ်ကြောင်း ပြောပြသည်မှာ အလံလွှင့်ထူရေးကိစ္စ ဖြစ်၏။ ဆေးရုံအလံတိုင်တွင် နိုင်ငံတော်အလံတိုင် လွှင့်ထူခွင့်ပြုသည်။ ထို့ပြင် အမေရိကန် အလံကိုလည်း သီးခြားတိုင်ဖြင့် တစ်ဆင့်နိမ့် လွှင့်ထူခွင့်ရှိသည်။

ကျွန်တော်တို့၏ ဧည့်သည်တော်များသည် ညအိပ်တည်းခိုမည်မို့ ဂုဏ်ပြုညစာကို စီစဉ်ထားပြီး ဖြစ်သည်။ ဒေါက်တာ'အိုက်လွန်း' ၏အိမ်မှာ ဖြစ်သည်။

ဆေးရုံကို လှည့်လှည်ကြည့်ကြည့်ရန် အချိန်အနည်းငယ် ရရှိကြသည်။ မဟာဒေဝီက ဗမာအမျိုးသမီး တစ်ယောက်ကို အထူးဂရုစိုက် ကြည့်ရှုပေးသည်။ ထိုအမျိုးသမီးမှာ တရုတ်ကူမင်တန် တပ်များ၏ ကျည်ဆန်ကြောင့် ဒူးနှင့်တင်ပါးမှာ ဒဏ်ရာရသည်။ တင်ပါးဆုံရိုးကို ကျွန်တော်က ခွဲစိတ်ကုသပေးထားသည်။ ဆေးရုံမှာ တစ်နှစ်ရှိပြီ ဖြစ်သည်။ မိသားစုနှင့် ဆက်သွယ်ပေးပြီး သူမ ဘယ်မှာရောက်နေသည်ကို သိရှိစေမည်ဖြစ်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားသည်။

သံအမတ်ကတော် စိတ်ထိခိုက်သည့် အမျိုးသမီးမှာလည်း ဗမာအမျိုးသမီး ဖြစ်သည်။ ကွန်မြူနစ်ကြီးစိုးသည့် ဗမာပြည်ဒေသထဲမှ ဖြစ်သည်။ နမ့်ခမ်းနှင့် မိုင်နှစ်ရာ့ငါးဆယ်ကျော်ဝေးသည့် အနောက်တောင်ဘက်မှ ဖြစ်သည်။ နာတာရှည် ရောဂါသည် ဖြစ်၏။ လမ်းစရိတ်မရှိသဖြင့် နားကပ်ကို ရောင်းပြီး လာရသည်။ သံအမတ်ကတော်က လက်ဆောင်အဖြစ် ရောင်းခဲ့ရသည့် နားကပ်မျိုး

အစားပြန်ဝယ်ပေးလိုက်သည်။

ညနေပိုင်းတွင် စားပွဲကြီးများခင်း၍ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ အထက်တန်းအရာရှိများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် သမ္မတဟောင်း စဝ်ရွှေသိုက်နှင့် ရှေးဟောင်းနှောင်းဖြစ်များကို တရင်းတနှီး စကားဆိုဖြစ်သည်။

သံအမတ်ကြီးက မထွက်ခွာမီ ကျွန်တော့်ကို ပြောသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အလံအောက်မှာ ဝင့်ကြွားစွာ လွင့်နေသည့် အမေရိကန်အလံကို ဓာတ်ပုံရိုက်ယူခဲ့သည်။ အထူးသဖြင့် ကွန်မြူနစ် တရုတ်ပြည်နှင့် အတည့်တိုင်းလျှင် တစ်မိုင်သာဝေးသည့် နေရာမှာ လွင့်နေသည့်အလံကို ဓာတ်ပုံရိုက်ခြင်းဖြစ်သည်။ ဗမာပြည်အတွက် အလုပ်အကျွေးပြုနေသည်ကို သဘောကျသည်။ ထောင့်ပေါင်းစုံက အန္တရာယ် ရှိသော်လည်း အမေရိကန်နှင့် မြန်မာနိုင်ငံသည် ယှဉ်တွဲ၍ အနာဂတ်မှာ ဆောင်ရွက်ကြရမည်ဆိုသည်ကို ပြောကြားသွားပါသေးသည်။

ကျွန်တော့်အဖို့မှာ ဤအလံတော်နှစ်ခုနှင့်ပတ်သက်၍ ပိုကောင်းသော နိမိတ်များ စွဲထင် ကျန်ရစ်နေပါ၏။ ဗမာပြည်ထဲမှာရှိနေသ၍ အမေရိကန်အလံသည် မြန်မာနိုင်ငံတော်၏ အလံတော်အောက်တွင် ရှိနေရမည်ဖြစ်သည်။ မြန်မာလူမျိုးသည် အရာရာတွင် ပထမဖြစ်ရပေမည်။ ဤနေရာရောက်ရှိနေသည့် ဧည့်သည်တော်များသည် အမေရိကန်အလံတော် လွှင့်မြူးနေသည်ကို အလှတစ်ပါးအဖြစ် မြင်တွေ့နေရသည်။ မြန်မာနိုင်ငံတော် အလံအောက်မှာ တည်ငြိမ်လှပသော အလှသည် ပို၍ လှပနေ၏။

အမေရိကသည် ချမ်းသာကြွယ်ဝမှု၊ ကျွမ်းကျင်မှုတို့ကို ငြိမ်းအေးစွာ၊ အကျိုးရှိစွာ မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးနေသည်။ ဗမာပြည်က သူ့လမ်းကိုသူ ဦးဆောင်သွား နေသည်။ အခက်အခဲ ဒုက္ခကြားမှ သင်ခန်းစာယူနေသည်။ တိုင်းပြည်၏ အချုပ်အချာအာဏာကို ပြည်တွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ဝင့်ထည်အောင် ကြိုးနေသည်။ အမေရိကသည် ဗမာပြည်ကို လမ်းပြလျက်ရှိသည်။ သိပ်မကြာမီအချိန်အတွင်းမှာ ဗမာပြည်က တစ်ဖန် အမေရိကားကို အချို့သော သင်ခန်းစာများကို သင်ကြားပေးနိုင် ပေလိမ့်မည်။ ယခုပင် ခြေလှမ်းစနေပြီဖြစ်၏။

နောက်ထပ် ငါးနာရီမျှအကြာ ကျွန်တော်သည် ဆေးရုံမှ လမ်းလျှောက်ထွက်ခဲ့သည်။ နယ်စပ်ဒေသကို တာဝန် စတင်ယူရသည့် ပူပူနွေးနွေး ချင်းအမျိုးသား တပ်ရင်းမှူး၊ ဗိုလ်မှူးကြီးနှင့် တွေ့သည်။

"ကျွန်တော်တို့ နောက်များမှာလည်း တွေ့ကြသေးတာပေါ့ ဗိုလ်မှူးကြီး၊ အခုချိန်ကစပြီး ကျွန်တော်တို့အလုပ်တွေဟာလည်း အံဝင်ခွင်ကျ ရှိသွားပါပြီ"

"ဆရာဝန်ကြီးရ၊ ကျွန်တော်လည်း ခင်ဗျားနဲ့အတူ ရှိနေမှာပါ" ဟု ဗိုလ်မှူးကြီးက ပြန်ပြောပါတော့သည်။

Whisper Of Words